www.burmeseclassic.com

# မိန်းကလေး

အနမ်းခက်ဆစ်

BURMESE CLASSIC .com



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

# မိန်းကလေး

အနယ်မ်းခက်ဆစ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

'မိမုန်း'

ခတ်ထန်မာကြောသောခေါ်သံ နားထဲ ဒိုင်းခနဲ ဝင်ဆောင့်လျှင် မီးပူတိုက်နေတဲ့ 'မုန်းမရ' လက်ကလေး တန့်သွား၏။

ကျောပြင်လည်း မတ်ခနဲ ဖြစ်ကာ 'ရှင်' လို့ထူးပေမယ့် အသံက ထွက်မလာ။ မိမုန်းလို့ ဖိခေါ်တဲ့အသံက လှည့်မကြည့်ဘဲ မမ'ရန့်သွေး' ဖြစ်မှန်း'မုန်းမရ' သိလိုက်ပြီး

'ဟဲ့ မိမုန်း၊ ငါခေါ်နေတာ မကြားဘူးလား'

'ကြား ကြားပါတယ် မမသွေး'

ကြောက်ရွံ့ရိုးကျိုးနေသော'မုန်းမရ'အသံထစ်ငေါ့စွာ ခုန့်ထွက်လာသည်။ ပြောလည်းပြောရင်း လျှပ်စစ်မီးပူကိုထောင်ကာ တစ်ဆက်တည်း လှည့်ကြည့်ပြီးသား ဖြစ်သည်။

ခေတ်မီအလှပြင်ပစ္စည်းအကူအညီနှင့် ချောညက်နေသလို မာန



www.burmeseclassic.com

www.burmeseclassic.com



လည်းကြီးသော မမသွေး မျက်နှာက နိုင်ထက်စီးနင်းဖြစ်နေပါသည်။

လက်တစ်ဖက်ခါးထောက်ပြီး 'မုန်းမရ' ကို မျက်မုန်းကြိုးစွာ ငုံ့ကြည့်၍

'ကြားရင်ဘာလို့မထူးတာလဲ၊ ဘာအချိုးချိုးချင်လို့လဲ ပြောစမ်း မိမုန်း'

'မုန်းမရ' မျက်လွှာချကာ ခေါင်းကိုပါ ငုံ့ချလျက်သားဖြစ်သွားသည်။ ဘာအချိုးမှမချိုးပါဘူး မမသွေးရယ်။ ခေါ်သံကိုကြားသည်နှင့် ရင်ထဲက ထူးမိပါတယ်။

ကြောက်ရွံ့စိတ်နဲ့ သိမ်ငယ်စိတ်အစဉ်ကြီးစိုးနေတဲ့ 'မုန်းမရ' ရင်ထဲမှာ 'မိမုန်း' လို့ ဖိနှိပ်ခေါ်သံကြားလိုက်တိုင်း တင်းပုတ်ချည်းနဲ့ အထုခံရသလို ကျဉ်သွားစမြဲဖြစ်သည်။

'ဟဲ့ မေးနေတယ်လေ မိမုန်း'

မမသွေးအသံပိုကျယ်လာသည်။

ကြမ်းခင်းပေါ် မိန်းမထိုင်လေးထိုင်နေတဲ့ မုန်းမရ။ မဝံ့မရဲဖြစ်ကာ လက်ချောင်းအချင်းချင်းပွတ်နေရင်း တစ်ခုခုပြန်ပြောဖို့ ဆွံ့အနေသည်။

ထူးပါတယ်၊ မီးပူတိုက်ရင်း အလုပ်ထဲအာရုံနစ်နေလို့ပါ မမသွေးရယ်လို့ ပြန်ပြောရင်လည်း အပြစ်ဖြစ်ဦးမည်။

မပြောဘဲ ခေါင်းငုံ့နေတော့လည်း ဘာအချိုးချိုးသလဲတဲ့။

'သမီး ဘာဖြစ်နေတာလဲ ဒီဟာမနဲ့'

သမီးအသံကြားသည်နှင့် ဒေါ်ဆွေဆွေမြင့် မီးပူတိုက်နေသည့် အခန်းထဲ ကြော့ကြော့ထန်ထန် ဝင်လာသည်။ 'မုန်းမရ' ကို ဒီဟာမလို့





နာမ်စားသုံးကာ မေးထိုးရင်း တစ်ဆက်တည်းမေးသည်က သမီးချင်း မစာနာစွာပဲဖြစ်သည်။

'ဘာဖြစ်ရမှာလဲ မာမီ ၊ မာမီဟာမ သမီးခေါ်နေတာကိုမထူးဘူးလေ ၊ဘာအချိုးချိုးနေတာလဲ မာမီ မေးဦး၊ တောက် သမီး လုပ်လိုက်ရ လက်လွန်သွားမယ်'

မိခင်ရောက်လာတော့ ရန့်သွေး တအားတက်သွားသည်။

တောက်တွေဘာတွေခတ်ရင်း ငုတ်တုတ်ထိုင်နေရှာတဲ့ 'မုန်းမရ' ခေါင်းမှဆံပင်ကို လက်တစ်ဖက်နဲ့ တစ်ချက်ဆုပ်ကိုင် ဆောင့်တွန်းသည်။

ဒီလောက်ကတော့ 'မုန်းမရ' တို့ တစ်နေ့ဆယ်ကြိမ်မက ခံရသူမို့ ရိုးနေပါပြီ။ ဆောင့်တွန်းတဲ့အရှိန်နဲ့ ကိုယ်ယိုင်မသွားအောင် ထိန်း၍ တစ်ခုခုမပြောမိအောင် နှုတ်ခမ်းကို တင်းတင်းလေးစေ့လိုက်မိသည်။

'ဟွန်း ဒီဟာမကို ဘာဖြစ်လို့ အရေးတယူခေါ်နေရတာလဲ သမီး'

ဒေါ်ဆွေဆွေမြင့် သမီးကို ဟန်ချီကာ မေးသည်။

ရန့်သွေး ကိုယ်ကို မတ်မတ်လေးဆန့်ကာ မျက်နှာကိုမဲ့ပြီး

'ခိုင်းစရာရှိလို့ပေါ့ မာမီ'

'အမလေး ခိုင်းစရာရှိတာများ ခိုင်းပစ်လိုက်၊ ဒီဟာမနဲ့ ဖက်ပြိုင်ပြောနေရလောက်အောင် သမီးနဲ့ ဒီဟာမ အဆင့်ချင်းတူလို့လား'

'ဟင်း'

အဆင့်ချင်းတူလို့လားတဲ့။ မေးရက်လေခြင်းဆိုတဲ့စိတ်နဲ့ ဝမ်းနည်းစွာပဲ ဒေါ်ဆွေဆွေမြင့်ကို မုန်းမရ ကြည့်ဖြစ်ပါ၏။

တကယ်ဆိုမမ 'ရန့်သွေး' နဲ့ 'မုန်းမရ' က ဖအေတူ ညီအစ်မ



www.burmeseclassic.com

www.burmeseclassic.com



အရင်းခေါက်ခေါက်ချည်းပါ။ ဒယ်ဒီ ဦးစိုးမြိုင်နဲ့ မာမီ ဒေါ်သီသီသက်က 'မုန်းမရ'ကို မွေးခဲ့တာပါ။

မမရန့်သွေးကို ဒယ်ဒီ ဦးစိုးမြိုင်နဲ့ ဒေါ်ဆွေဆွေမြင့်က ဖွားခဲ့တာလေ။

အသက်ချင်းက တစ်နှစ်လောက်ပဲ ကွာပါသည်။

အဖေတူ သွေးအရင်းချည်းဖြစ်တာသိလျက် အဆင့်ချင်းတူလို့လားဟု မေးချရဲတဲ့ ဒေါ်ဆွေဆွေမြင့် ရင်ထဲက အနက်ရောင်အစွန်းကို 'မုန်းမရ' တုံ့ပြန်နိုင်တဲ့ခွန်အားမရှိတာ အမှန်ပါ။

'ဟဲ့ ၊ဘာမော့ကြည့်တာလဲ မိမုန်း၊ ညည်း ငါ့ကို မကျေနပ်ဘူးလား'

လက်ညှိုးငေါက်ငေါက်ထိုးမေးလျှင်‚ 'မုန်းမရ' တံတွေးမျိုကာ ခေါင်းအသာရမ်းလိုက်သည်။

'အေး ညည်းမကျေနပ်ရင် လဲသေလိုက် မိမုန်း၊ ညည်း တစ်ယောက် သေသွားရင် ဟောဒီ ရတနာမြိုင်စံအိမ် ပိုပြီးကျက်သရေရှိသွားမယ် သိရဲ့လား'

မျက်ခုံးပါးပါး ၊မျက်အိမ်ကျယ်ကျယ် ၊နှာတံပေါ်ပေါ်၊ နှုတ်ခမ်းလေးမသိမသာပြုံ့ရုံကလွဲပြီး မျက်နှာအစိတ်အပိုင်းအသီးသီးလှသလို။ ကာလာကို အဝတ်အစားဒီဇိုင်းနဲ့ လိုက်ဖက်အောင်ခြယ်တတ်တဲ့ ဒေါ်ဆွေဆွေမြင့်။

မျက်နှာက မဲ့ရွဲ့ရှုတ်ချတဲ့အမူအရာနဲ့ လိုက်ဖက်အောင်အထားအသိုမှန်မှန် ပြုမူလှုပ်ရှားသွားသည်က မလိုမုန်းတီးခြင်းတွေနဲ့ဖြစ်သည်။

'ညည်း မြန်မြန်သေလေ အေးလေပဲ၊ အဲ မသေခင်တော့





ငါတို့ခိုင်းသမျှ စေသမျှကို လုပ်သွားဦး၊ သမီး ဒီဟာမကို ဘာခိုင်းဖို့လဲ၊ မြန်မြန်ခိုင်း၊ ဒီဟာမနဲ့ မျက်နှာချင်းဆိုင်ရတာ ကျက်သရေယုတ်လွန်းတယ် ဟွန်း'

ဒေါ်ဆွေဆွေမြင့် လက်တစ်ဖက်ကို ခါးပေါ်အရှိန်ဝါနဲ့ထောက်သည်။ မျက်နှာကိုခါမတတ်၊ သမီးဘက်လှည့်ပြီး အမိန့်ပေးသလိုပြောသည်။

သမီးကလည်း အမေတူသမီး ပီသပေသည်။

'ဟုတ်တယ် ဟုတ်တယ် ဟမီပြောသလိုပဲ ညည်းနဲ့မျက်နှာချင်းဆိုင်ရတာ ကျက်သရေယုတ်လွန်းတယ်၊ ဒီည ငါ ပါတီသွားစရာရှိတယ် မိမုန်း၊ ပါတီမှာ ဝတ်မယ့်ဝတ်စုံ နင်သိတယ် မဟုတ်လား၊ နေ့ခင်းက ဒဂုံစင်တာက ဝယ်လာတာ၊ အဲဒီဝတ်စုံကို ခုချက်ချင်း မီးပူတိုက် ၊အဝတ်ချိတ်မှာ အသင့်ချိတ်ထား၊ ကြားတယ်နော်'

ခိုင်းနေကျ လုပ်နေကျအတိုင်းပါပဲ။

မုန်းမရ ချက်ချင်းခေါင်းညိတ်နာခံရတာ ရိုးနေပါပြီ။

'ဟုတ် ဟုတ်ကဲ့ မမသွေး'

ဒေါ်ဆွေဆွေမြင့်နဲ့ မမသွေး ကျေနပ်စေဖို့ မုန်းမရ ဟုတ်ကဲ့လိုက်ရသည်။

ခေါင်းမညိတ်လို့မှ မရတာလေ။

ခေါင်းညိတ်တာတောင် ဒေါ်ဆွေဆွေမြင့် ဘဝင်မကျနိုင်သေးပါ။

'ဟွန်း မိမုန်း နော် ညည်း ကြပ်ကြပ်သတိထား၊ အချိုးပြောင်းဖို့မစဉ်းစားနဲ့၊ ညည်းအချိုးပြောင်းတာနဲ့ ပေါ်ဒီလို ဖြန်းခနဲ့မြည်အောင် ပါးရိုက်ပြီးဆိုတာမှတ် ဖြန်း'



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်း ပြောရင်း 'မုန်းမရ'ဘယ်ဘက်ပါးပြင်နုနုကို တကယ်ရိုက်ချတဲ့ ဒေါ်ဆွေဆွေမြင့်။

မုန်းမရ ပါးပြင်လေးတစ်ဖက် ရှဲ့သွားမတတ်ပါဘဲ။

မိခင်လုပ်သူ နမူနာရိုက်ပြလိုက်တော့ သမီးလုပ်သူ မျက်နှာက ကျေနပ်အားရဖြစ်သွားသည်။

'ကောင်းတယ်၊ ညည်း မာမီလက်ဝါးနဲ့ပဲတန်တယ်၊ ငါ့လက်ဝါးနဲ့ မတန်သေးဘူး၊ ငါလက်ဝါးယားတဲ့နေ့ ညည်းပါးရုပ်ပျက်ပြီးတာမှတ် ဟင့်'

ဒေါ်ဆွေဆွေမြင့် လက်ဖဝါးကြောင့် ပူကြိမ်းသွားတဲ့ပါးပြင်ကို မုန်းမရ လက်ဖဝါးလေးနဲ့အသာပွတ်နေလျှင်၊ ရန့်သွေး မျက်နှာကိုမဲ့၊ လက်ဖဝါးထောင်ပြ၍ ပြောပြန်သည်။

'ကဲ သမီး သွား၊ ပြင်ဆင်ချေတော့၊ ဟဲ့ မိမုန်း ခိုင်းတာကိုမြန်မြန်လုပ်ချေ'

ဒေါ်ဆွေဆွေမြင့် သမီးနဲ့'မုန်းမရ'ကို တစ်ဆက်တည်းပြောသည်။ ပြောတဲ့လေသံချင်းက မတူ။

မမသွေးကို ပြောတဲ့လေသံက ပျော့ပြောင်းနူးညံ့လှသည်။

မုန်းမရကို ပြောတဲ့လေသံက မမသွေးကို ပြောတဲ့အသံနဲ့ ဆန့်ကျင်ဘက်။

ဆန့်ကျင်ဘက်ဖြစ်လွန်းတဲ့ ဒေါ်ဆွေဆွေမြင့်အသံကို ကြားရဖန်များလာတော့ 'မုန်းမရ'ရင်မှာ ထုံနေပါပြီ။

သားအမိနှစ်ယောက် မျက်နှာထားနဲ့ 'မုန်းမရ'ရှေ့က ကြော့ကြော့လေးလှည့်ထွက်သွားလျှင် ဘယ်အချိန်ကတည်းက လျှို့ဝှက်စွာ ခိုတွဲနေမှန်းမသိတဲ့ မျက်ရည်တွေ။





တိုးစိမ့်ကော့ညွတ်သော မျက်တောင်များကြားမှ ပေါက်ခနဲ့ကြွေသက်လျှင် ပါးပြင်နှစ်ဖက်မှာ ဝမ်းနည်းမြစ်နှစ်သွယ်ဖြစ်ထွန်းသွားသည်။

ရက်စက်လိုက်တာလို့ ဘယ်သူ့ကို ပြောရမလဲ။

ဒယ်ဒီကိုလား။

ဒေါ်ဆွေဆွေမြင့်ကိုလား။

မမရန့်သွေးကိုလား။

ဒါမှမဟုတ်

ရတနာမြို့င်စံအိမ်မှာ 'မုန်းမရ' ဆိုတဲ့ သူမ လူဖြစ်လာတဲ့ ကံကြမ္မာကိုလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

'ရတနာမြိုင်စံအိမ်'

နာမည်နဲ့လိုက်အောင် ရတနာတွေမြိုင်ထတဲ့ စံအိမ်ကြီး။ စီးပွားဥစ္စာ ထိန်းသိမ်းလို့မနိုင်အောင် လျှံနေတယ်လို့ပြောလို့ရတယ်လေ။

ရတနာမြိုင်စံအိမ်က အစဉ်အဆက်စိတ်နှလုံးချမ်းမြေ့ဖွယ်ဖြစ်ခဲ့သော်လည်း 'စိုးမြိုင်'လက်ထက်ရောက်မှ အရာရာဟာ ဖေါက်လွဲဖေါက်ပြန် ဖြစ်ကုန်သည်။

ရတနာမြိုင်စံအိမ်ရဲ့အရှင်သခင်က ဒေါ်သီရိထက်။

ဒေါ်သီရိထက်ရဲ့တစ်ဦးတည်းသော သားက စိုးမြိုင်။

သားလေး 'စိုးမြိုင်'က တစ်ဦးတည်းသောသားဖြစ်သလို သုံးနှစ်သားအရွယ်ကတည်းက ဖတဆိုးလေးဖြစ်ခဲ့ရရှာသည်။

ထို့ကြောင့် သီရိထက်က သားကို အချစ်ပိုသလို အလိုလိုက်အကြိုက်ဆောင်ခဲ့သည်။ ဘယ်လောက်သုံးသုံး ၊ဘယ်လောက်ဖြုန်းဖြုန်း





'ဒေါ်သီရိထက်'မျက်နှာမညိုးခဲ့ပါ။

မအေကတစ်ဆို သားကနှစ်ဖြစ်ခဲ့သော်လည်း ဒေါ်သီရိထက်မငြိုငြင်ခြင်းပေ။

သားက မအေကိုဘယ်လောက်ပဲ ကန့်လန့်တိုက်ပစေ မအေနှလုံးသား ပြုံးနေခဲ့သည်။ ဘာဖြစ်လို့လဲဆိုရင် မိခင်တို့ရဲ့ထုံးစံအတိုင်း သားကို ချစ်လွန်းလို့ပဲ ဟု ရိုးရိုးချည်းဖြေမည် ဖြစ်သည်။

သားက လုပ်ငန်းစီးပွားကို စိတ်မဝင်စားပေ။ အပျော်အပါးနှင့် အသုံးအဖြုန်းမက်တာသိလျက်၊ တစ်စက်ကလေးမှအပြစ်မဆိုဘဲ ဖြည့်ဆည်းပေးခဲ့သည်။

သို့သော်လည်း သားနဲ့လက်ထပ်မယ့်မိန်းကလေးက သားလိုပဲ အပျော်အပါးမက်၊ အသုံးကြီးတဲ့သူဖြစ်လာမှာ ဒေါ်သီရိထက် အစိုးရိမ်ဆုံးပါ။

ရတနာမြိုင်စံအိမ်ပိုင် စီးပွားရေးလုပ်ငန်းတွေကို မျက်နှာလွှဲရအောင်အားကိုးရသူ၊ စီးပွားရေးလာဘ်ရှိသူ၊ စီးပွားရေးကိုချုပ်ကိုင် ထိန်းသိမ်းနိုင်တဲ့အရည်အချင်းရှိသူ သူမ၏အတွင်းရေးမှူးမလေး'သီသီသက်'နဲ့ သားကိုရစေချင်သည်။

ခက်တာက 'သီသီ'ကို သားစိတ်ဝင်တစားမရှိခြင်းပဲ။

အနိုင်းအစေသဘောမျိုးသာ ဆက်ဆံသည်။

သီသီက မိမဲ့ဖမဲ့ တစ်ကောင်ကြွက်သမား။ သူမ လုပ်ငန်းကို စွမ်းစွမ်းတမံ လုပ်ပေးနေတာ စေတနာရင်းနဲ့မှန်း ဒေါ်သီရိထက် သိသည်။

ဒါကြောင့်လည်း သားနဲ့ရစေချင်သည်။

သီသီနဲ့သား ရသွားရင် ရတနာမြိုင်စံအိမ်က မြေးမြစ်လက်



www.burmeseclassic.com

www.burmeseclassic.com



ထက်အထိ စီးပွားဥစ္စာရတနာတွေမြိုင်နေမှာ သေချာသည်။

သီသီ အရည်အချင်းကို ဒေါ်သီရိထက် ယုံသည်။

သီသီက ယဉ်ယဉ်လေးနဲ့ချောသလို၊ လုပ်ငန်းကိစ္စတွေကိုင်တွယ်ရာမှာ တိကျသေသပ်သည်။ အတိမ်းအစောင်းကလေးမှမရှိအောင်စီစဉ်အုပ်ချုပ်နိုင်စွမ်းသည်။ သီသီအစွမ်းအစတွေကြောင့် ရတနာမြိုင်စံအိမ်ရဲ့စီးပွားဥစ္စာ ဒီရေအလားတိုးတက်လာတယ်ဆိုလည်း မမှားနိုင်ပေ။

သူမ မရှိတဲ့နောက်ပိုင်းလည်း ရတနာမြိုင်စံအိမ်ဟာ စီးပွားတိုးတက်နေတာကိုပဲ ဒေါ်သီရိထက် လိုလားသည်။

ထို့ကြောင့် သားကို ဒေါ်သီရိထက် အတင်းအကျပ် နားချသည်။ မျက်ရည်ကျပြသည်။ အသနားခံတောင်းပန်သည်။ နောက်ဆုံးဒေါ်သီရိထက် မစားမသောက်ဆန္ဒပြပြီး အိပ်ရာထဲ ဘုန်းဘုန်းလဲသွားမှ ခေါင်းညိတ်သည့်သား။

မိခင်ဆန္ဒအတိုင်း 'သီသီ' ကို ခေါင်းညိတ်လက်ခံခဲ့ပေမယ့် သီသီအပေါ် ခါးသီးတာလည်းမဟုတ်၊ ချစ်မြတ်နိုးတာလည်း မမည်။ ဖနီးမယားရယ်လို့ ကြင်နာယုယဖို့လည်း စိတ်မဝင်စား။

မိခင်ဆန္ဒအတိုင်း ပေါင်းနေပေမယ့် အိမ်ထောင်ရေးအပေါ် ရင်ခုန်ပျော်ဝင်ခြင်းမရှိမှန်း ဒေါ်သီရိထက် သိနေသည်။

သီသီက သားအပေါ် လင်သားအဖြစ် မြတ်မြတ်နိုးနိုးရှိပါသည်။ ကိုစိုး ဆန္ဒအတိုင်းနေချင်သလိုနေ၊ ပေါင်းချင်းသလိုပေါင်း၊ ချစ်မိတဲ့စိတ်နဲ့ နားလည်လိုက်လျောခဲ့သည်ချည်းဖြစ်သည်။

ယောက္ခမအလိုကျ ရတနာမြိုင်စံအိမ်ရဲ့ စီးပွားရေးလုပ်ငန်းကို ဦးစီးလုပ်ကိုင်ရင်း လင်ယောက်ျားလက်ဖြန့်တောင်းသမျှ ကြည်ဖြူ





ရက်ရောစွာ ပေးကမ်းလျက် ပေါင်းလာခဲ့သည်။

အိမ်ထောင်သက် သုံးနှစ်ပြည့်သည့်အထိ သားသမီးလည်း မထွန်းကားပေ။ အကယ်၍ သီသီနဲ့သားသမီးရခဲ့မယ်ဆိုရင် သားစိတ်က အိမ်ထောင်ရေးအပေါ်ပို၍ ခင်တွယ်လာမယ်လို့ ဒေါ်သီရိထက် ထင်သည်။

ဒေါ်သီရိထက် ကိုယ်တိုင်ကလည်း မြေးသား၊ မြေးမနဲ့ရတနာမြိုင်စံအိမ်မှာ စည်စည်ကားကားနေချင်သည်။ ယောက္ခမဆန္ဒအတိုင်း သီသီကလည်း သားသမီးကို ရူးမတတ်လိုချင်ရှာသည်။

ဆရာဝန်တွေဘာတွေနဲ့ တိုင်ပင်ဆွေးနွေးရတာမောမတတ်။ နတ်တွေမေး၊ ဗေဒင်တွေတွက်၊ ကလေးဆုပန်တာနဲ့ ပျာယာခတ်နေတဲ့ ချွေးမအဖြစ်ကို သနားလည်းသနားလှသည်။

သားကတော့ အမြင်မကြည်စွာနဲ့ပဲပြောသည်။

'မင်းနဲ့ဘာယ်လောက်ပေါင်းပေါင်း ဘာထူးလာမှာမို့လဲ အလကားမိန်းမ' လို့

ချွေးမကို အပြစ်မြင်တဲ့စကားလုံးမျိုးနဲ့ရှောင်ကြဉ်ခဲ့သည်။

သီသီခမျာ ဘာမှပြန်မပြောဘဲ မျက်နှာလေးငယ်ကာ တိတ်တဆိတ်မျက်ရည်ကျသည်ကို ဒေါ်သီရိထက် ဆယ်ကြိမ်မကမြင်ခဲ့ရသည်။

ချွေးမကို သမီးလိုချစ်တဲ့စိတ်နဲ့သားကို ချော့မော့ဖျောင်းဖျသည်က အကြိမ်ကြိမ်။

'သားရယ် သားသမီးရတာ မရတာ ကံပဲကွယ် မရတာကို အပြစ်မြင်နေလို့ရမလား၊ တချို့ဆို ဆယ်နှစ်ဆယ့်ငါးနှစ်ကြာမှ ရတတ်တာမျိုးလည်းရှိတယ်၊ အခုမှ သားတို့က သုံးနှစ်လောက်ပဲရှိသေးတာ၊ သီသီလည်း ဆရာဝန်တွေ ဘာတွေနဲ့ တိုင်ပင်ပြီး သားသမီးရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေပါတယ်ကွယ်၊ သားလည်း သီသီလိုပဲ ဆရာဝန်နဲ့တိုင်ပင် ဆွေးနွေးပြီး ကြိုးစားကြည့်မှပေါ့ကွယ်'

'တိုင်ပင်ပြီးပြီ သားဘက်က ဘာချွတ်ယွင်းချက်မှမရှိဘူး၊ အမေ့ ချွေးမဘက်က ရလမ်းမမြင်တာ၊ ဒီမိန်းမနဲ့ပေါင်းနေလို့ ဘာထူးမှာလဲ၊ အဲဒါကြောင့် ကွာပစ်လိုက်မယ် အမေ'

'ဟဲ့ သား'

ဒေါ်သီရိထက် ထိတ်ထိတ်ပြာပြာဖြစ်သွားသည်။သားပါးစပ်ကိုလည်း ကမန်းကတမ်းပိတ်ပစ်ရင်း ခေါင်းရမ်းကာ တစ်ဆက်တည်း ပြောသည်။

'အိုး မကွာရဘူး၊ အမေ ခွင့်မလွှတ်ဘူးနော်သား ၊ သားသမီး မရတိုင်း မယားကို ကွာပစ်မယ်ဆိုတာ လင်ကောင်းမဟုတ်ဘူး သား၊ သီသီဘက်က ချွတ်ယွင်းတာ မှန်ပေမယ့် တစ်ချိန်ချိန်မှာ သားသမီး ရနိုင်တယ်လို့ ဆရာဝန်ပြောထားတယ်လေ'

'အလကား၊ အဲဒီစကားလုံးနဲ့ အမေ့ကို သီသီ မျှားထားတာ'

'အိုး ဘာပဲဖြစ်ဖြစ် သီသီကို ကွာတဲ့နေ့ သားကို အမေ အမွေဖြတ်စွန့်တဲ့နေ့ပဲ'

ဒေါ်သီရိထက် သားအပေါ် ထိုသို့ ကြွေးကြော်ပြတ်သားပြခဲ့သည်။ သားက အံတင်းတင်းကြိတ်ရုံကလွဲပြီး မိခင်ကို လွန်ဆန်ဖို့ခဲ့ယဉ်း သွားသည်။

အမေက အမွေဖြတ်စွန့်လွှတ်ရင် ဘာမှမလုပ်တတ်မကိုင်တတ် တဲ့သူ။ ဘဝလမ်းပေါ်မှာ မတ်တပ်သေသွားနိုင်တာ စိုးမြိုင် သိသည်။

ထိုအသိကြောင့် ဇနီးကို မကွာရှင်းဘဲ မိခင်အလိုအတိုင်း





ဆက်လက်ပေါင်းသင်းခဲ့သည်က ကျေနပ်လို့တော့မဟုတ်ပါ။

တစ်နေ့

ထိုနေ့ကို ဒေါ်သီရိထက် လုံးဝမမေ့ပါ။

■ ■ ■

ဆံပင်တိုတို ကာလာခြယ်မျက်နှာနဲ့ ခေတ်ရှေ့ပြေး ဆယ်ကျော် သက်မိန်းကလေးကို စိုးမြိုင် ကိုယ်တိုင် ရတနာမြိုင်စံအိမ်ထဲ ရဲရဲတင်း တင်းခေါ်သွင်းလာတဲ့အဖြစ်။

မိန်းကလေးရဲ့ မူယာမာယာမျက်နှာထားက မြင်မြင်ချင်း ဒေါ်သီရိထက် မျက်မုန်းကြိုးမိသည်။ ထိုမိန်းကလေးကို သားကချစ်သတဲ့ မြတ်နိုးသတဲ့။ ဒါကြောင့် မအေ မသိအောင် တိတ်တိတ်လက်ထပ်ပေါင်း သင်းခဲ့တာ။ /

ခုဆို ကိုယ်ဝန်နဲ့ ဘာနဲ့တဲ့။ ပြောင်ချည်းခေါ်လာတဲ့အဖြစ်။ ဒေါ်သီရိထက် သားကို ခွင့်မလွှတ်နိုင်ပါ။

'ဘုရားရေ အမေ လက်မခံဘူး သား၊ ဒီကိစ္စကို အမေလုံးဝ သဘောမတူဘူး၊ မအေ မသိအောင်လက်ထပ်ခဲ့ရုံမက ကလေးပဲရရ ၊ ကိုယ်ဝန်ပဲရှိရှိ ၊သားတာဝန် သားယူ၊ ဒီရတနာမြိုင်စံအိမ်ပေါ် လုံးဝခြေ မချနဲ့ ဒါ အမေ့အမိန့်'

စိုးမြိုင် မျက်စိမျက်နှာပျက်သွားသလို ၊ မယားငယ်ငယ်ချောချော မျက်နှာလည်း အကျည်းတန်သလို မဲ့ရွဲ့သွားသည်။

'အို အန်တီ လက်မခံရင်ရတယ်လေ၊ အန်တီသားလိုချင်နေတဲ့ 'ဆွေ'ဗိုက်ထဲက ကလေးကို ဖျက်ချရုံပဲ'

ထိုမိန်းကလေး ကတ်ကတ်လန်ပြန်ပက်တော့ စိုးမြိုင် မခံချိမခံ



www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်သွားသည်။

'ဆွေ ဆွေ ဆွေ ကိုကို ရင်သွေးကို ဖျက်စရာမလိုဘူးနော်'

'မဖျက်စေချင်ရင် ကိုကိုအမေ ကိုကိုပြော၊ ကိုကိုရဲ့ဦးဦးဖျားဖျားရင်သွေးက ရတနာမြို့င်စံအိမ်ထဲ ဝင်ခွင့်ရမှလေ'

မျက်နှာကိုမော့ပြီး ပြောတဲ့ ဆွေဆွေမြင့်ကို ဒေါ်သီရိထက် မျက်စောင်းနက်နဲ့ စိုက်ကြည့်ပစ်သည်။

'အဟွန်း'

'အမေ'

'အမေ'

ခေါ်သံနှစ်သံက တစ်ပြိုင်နက်။

သားက မျက်နှာချိုသွေးပြီး ခေါ်ကာ အနားကပ်လာသလို သီသီကလည်း ခေါ်ရင်း အပါးတိုးလာသည်။

ကိုစိုးခြေပုန်းခုတ်နေတဲ့ကိစ္စ သီသီသိတာကြာခဲ့ပါပြီ။အပျော်အပျက်ကိစ္စတွေကို သီသီစကားထဲထည့်မပြောခဲ့ပေမယ့် ဆွေဆွေမြင့်နဲ့ ငြိတဲ့ကိစ္စစကားဟဖို့ ချိန်တာနဲ့ ကိုစိုးက အပြတ်ကြော်ငြာခဲ့သည်။

'ဒီမှာ သီသီ မင်းဆီက မရနိုင်တဲ့ ရတနာကို တခြားမိန်းမသီက ကိုယ်ရအောင်ယူမှာပဲ၊ မင်းမကျေနပ်ရင်လဲသေလိုက်၊ ကိုယ်နဲ့ဆွေ ငြိနေတဲ့ကိစ္စ အမေ သိအောင်အတို့အထောင်လုပ်ရင် မင်းကို ကိုယ် ဘယ်တော့မှ ပေါင်းတော့မှာမဟုတ်ဘူး၊ အေး မင်းနဲ့ပေါင်းစေချင်ရင် ဆွေနဲ့ငြိတဲ့ကိစ္စ လုံးဝမပြောနဲ့၊ ပါစပ်ပိတ်နေ ရှင်းတယ်နော် မင်းကို ပြောထားရက်နဲ့ အမေသိအောင်ပြောလို့ကတော့'





ကိုစိုးစကားတွေကြောင့် သီသီမျက်လုံးစုံမှိတ်ကာ နှုတ်ပိတ်နေခဲ့တာ ခုချိန်ထိပါ။

အမေရှေ့ရောက်အောင် ကိုစိုး ခေါ်လာပြီးဆိုတော့ သီသီဘာ တတ်နိုင်မလဲ။ အမေ့သီသီဘက်က မားမားမတ်မတ်ရပ်တည်ပေးမှန်း သိပေမယ့် သီသီ အခွင့်အရေးမယူချင်ဘူး။

'ငစိုး နင်ကော နင့်မယားငယ်ကော ခုချက်ချင်း ထွက်သွား'

ဒေါ်သီရိထက် လက်ညှိုးထိုးကာ ပြတ်ပြတ်သားသားနှင်ထုတ်၏။

'အမေ'

သီသီ ဖျတ်ခနဲ အသိဝင်လာကာ ယောက္ခမ လက်မောင်းကို အားကိုးတကြီးဆုပ်ကိုင်ပြီး အသနားခံသလို ခေါ်သည်။ဒေါ်သီရိထက် မျက်နှာကို မော့ထားတာ ဘယ်တော့မှ ချတော့မယ်မထင်။

'ကိုကို အမေကို ကိုကိုပိုင်တယ်ဆို'ဆိုတဲ့ အသံတိတ် ခုနဲ့သော မျက်ဝန်းနှင့်ဆွေဆွေမြင့် ကြည့်လျှင် စိုးမြိုင် မျက်နှာပြာသွားသည်။

အမေ ဒီလောက်ပြတ်သားမယ်လို့ မထင်ပေ။ 'ဆွေ'ဝမ်းထဲမှာ မြေးဦးလေးရှိတာသိရင် အမေအသည်းနှလုံးကို ဆွဲယူနိုင်မယ်လို့ ထင်ခဲ့သည်။

ခုတော့ အမေ့အမိန့်ကြောင့် အမေနဲ့ရင်သွေးကို ဆုံးရှုံးရတော့ မလို ဖြစ်လာသည်။ ဆွေဆွေက 'သူ'ဆုပ်ကိုင်ထားတဲ့လက်ကို ပြတ်ပြတ် သားသားဖြုတ်ချသည်။

အမေက မလျော့သောစိတ်နဲ့ အမိန့်ချသည်။

ထိုအခါ စိုးမြိုင် ဘာလုပ်လို့ လုပ်ရမှန်းမသိအောင် ပျာယာခတ်



www.burmeseclassic.com

www.burmeseclassic.com



လျှင် သီသီက 'အမေ'ကို ခေါ်ပြီး တည်တည်ငြိမ်ငြိမ်ပဲပြောသည်။

'အမေရယ် သီသီ ချွတ်ယွင်းချက်ရှိလို့ ကိုစိုး'က 'ဆွေ'နဲ့ညား တာလေ၊ အမေ သားလိုချင်တဲ့ကလေးကို သီသီမှ မွေးပေးမနိုင်ဘဲ၊ မွေးပေးနိုင်တဲ့'ဆွေ'ကို ကိုစိုးယူတာ ကိုစိုး အပြစ်မရှိပါဘူး။ သီသီကအမေ့ ချွေးမဖြစ်သလို ၊'ဆွေ'လည်း အမေ့ချွေးမပါပဲ၊ ပြီးတော့'ဆွေ့'မှာ အမေ့ မြေးဦးလေးရှိနေပြီးလေ၊ ကိုစိုးကလည်း ကလေးလိုချင်နေတယ် 'ဆွေ'ကို အမေ လက်ခံမှ ကိုစိုးလိုချင်တဲ့ရင်သွေးလေးရမှာလေ၊ အမေ ငြင်းလိုက်လို့ 'ဆွေ'က ကိုစိုး ရင်သွေးကို ဖျက်လိုက်ရင်'

အလို။

ဒေါ်သီရိထက် ချွေးမကြီးကို မယုံနိုင်အောင် တအံ့တသြငေး ကြည့်ဖြစ်သွားသည်။

လင်တစ်ယောက်လုံး မယားငယ်ခေါ်တင်လာတာကို မနာ ကြည်းတဲ့အပြင် မယားငယ်ကို လက်ခံဖို့ လင်ဘက်ကရပ်ပြီး ယောက္ခမကို ဖျောင်းဖျနေတဲ့အဖြစ်။

မအံ့သြဘဲ နေနိုင်ရိုးလား။

'ဟုတ်သားပဲ အမေ၊ ဒီတစ်ခါ သားကိုနားလည်ပေးပါ နော် အမေ'

သားကလည်း ငိုမဲ့မဲ့မျက်နှာနဲ့ မအေ ရင်ခွင်ထဲ တိုးဝင်ပြီး ချွဲနွဲ့တောင်းဆိုနေသလောက် ချွေးမအငယ်က အပိုင်တွက်ထားတဲ့ မျက်နှာ နဲ့ ခပ်မော့မော့။

ဒီလိုမျက်နှာထားကို ဒေါ်သီရိထက် မကြိုက်တာ။

တကယ်ဆို ဒင်းမျက်နှာက ယောက္ခမနဲ့ သီသီရှေ့ အောက်ချ



ထားရမှာလေ။အခုတော့ ပြောင်ပြောင်ပဲ မော့ကာ။

ရတနာမြိုင်စံအိမ်က လက်မခံရင် ရင်သွေးကို ဖျက်ပစ်မယ်လို့ ပြောရဲတဲ့သတ္တိက မိန်းမကောင်းလေးမှ ဟုတ်ရဲ့လား။

သားက တောင်းပန်းသည်။ ချွေးမကြီးက ဖျောင်းဖျတော့ မြေးဦးဆိုတဲ့စိတ်သွင်းကာ ဒေါသမာနလျှော့ချပြီး အမိန့်ကို ဒေါ်သီရိထက် ပြန်ရုပ်သိမ်းခဲ့တဲ့အဖြစ်။

. ဒါတောင် ဒင်းက သီသီကို ကျေးဇူးမတင်တဲ့အပြင်။

'ဆွေတို့က မြူနေတာမဟုတ်ဘူး၊ ချွတ်ယွင်းနေတာမဟုတ်ဘူး ဒါကြောင့် ယောက္ခမနဲ့ လင်ကို မျက်နှာလို မျက်နှာရ မလုပ်ဘူး၊ ရှက် တတ်ရင် ဒင်းတောင် ရတနာမြိုင်စံအိမ်က ဆင်သွားရမှာလေ၊ ပတ်ကျိ ကောင်လို တွယ်ပြီးနေတာအံ့ပေါ့ အရှက်ကို မဲ့တဲ့ဟာမ'လို့

တည့်တည့်တစ်မျိုး၊ စောင်းပါးရိပ်ခြေတစ်မျိုး မဲ့ရွဲ့ပြောနေတာ ဒေါ်သီရိထက် နားနဲ့မဆံ့ကြားရသည်။

သီသီက အကြောင်းကြောင်းကြောင့် သည်းခံသလို မကြား ချင်ဟန်လည်းဆောင်ကာ လှည့်ထွက်သွားသည်။ ပြဿနာမတက်အောင် သူမဆင်ခြေနေနိုင်ပေမယ့် ဒေါ်သီရိထက် မနေနိုင်ပါ။

မိုက်ကြီး တကားကားနဲ့ စက္ကန့်တိုင်း သီသီကို မာန်စောင်နေ တဲ့ ဆွေဆွေမြင့်ကို ဒေါ်သီရိထက် မျက်စေ့စပါးမွေး ဆူးသည်၊ ပိုဆိုးသည် က သီသီနဲ့သား ဆက်လက်ပေါင်းသင်းမှာကို မလိုလားတဲ့ အတ္တစိတ် ကို ပိုမုန်းသည်။

လောလောဆယ်မှာ သားမက်မောတဲ့ သူမ မြေးဦးလေး ဒင်း ဗိုက်ထဲက ထွက်မလာသေးလို့ အံတကြိတ်ကြိတ်တင်းခံနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သားက နားလည်ခွင့်လွှတ်နိုင်စွမ်းတဲ့ သီသီအပေါ်အရင်လို မဟုတ်တော့ပါ။ ညှာညှာတာတာရှိကာ သီသီနဲ့အတူ အလုပ်ကိစ္စတွေကို တွဲလုပ်လာခဲ့သည်။

ထိုအခါ မယားငယ်က တစ်စခန်းထသည်။

ဗိုက်ထဲက ကလေးအကောင်းလိုချင်ရင် သီသီ အပါးမကပ်ပါနဲ့တဲ့လေ။ ဒေါ်သီရိထက် ခါးခါးသီးသီး ရှိုင်းရှိုင်းစိုင်းစိုင်း ပြောချချင်တာပါးစပ်ကို ယားနေသည်။ ရှိစေတော့။

ကလေးအပြင်ရောက်လာမှ သိရော့မယ်။

သားကလည်း မယားငယ် တစ်ခွန်းဆိုတစ်ခွန်း။ သီသီကတော့ ဘာမှမပြောရှာဘူး။ တကယ် သနားကရုဏာဖြစ်ဖို့ကောင်းတဲ့ ချွေးမ။

ဒါကြောင့် သားကိုပဲ တိုးတိုးတိတ်တိတ်ကြိတ်ကာ ပြောရသည်။

'သား ။ သားကို မိဆွေနဲ့ပတ်သက်ပြီး အမေ ဘာမှမပြောချင်ဘူး၊ ဒါပေမဲ့ သီသီကိုတော့ အမေ လက်ထပ်ပေးထားတဲ့အတွက် မယားမှတ်မှတ်ပေါင်းပါ သားရယ်၊ သားဆန္ဒကိုအမေလိုက်လျောသလို အမေ့ဆန္ဒကို သားလိုက်လျောပါကွယ်၊ သီသီလေးက ဒီကနေ့အထိ သားအပေါ် အမေ့အပေါ် မေတ္တာမပျက်ခဲ့ဘူးလေ၊ ဟုတ်တယ်နော် သား'

စိုးမြိုင် ခေါင်းတဆတ်ဆတ်ညိတ်သည်က သီသီ မေတ္တာထုကို နားလည်နေလို့ပဲဖြစ်သည်။

သူ့စိတ်ကိုယ်၌ကလည်း ဆွေဆွေရဲ့အတ္တတွေကို မနှစ်မြို့ပေမယ့် သူလိုချင်တဲ့ ရင်သွေးအတွက် သည်းခံမျိုသိပ်ရင်း သီသီအပေါ်လျှို့ဝှက်စွာ ချစ်စိတ်ဝင်လာခဲ့သည်။





ဒီလိုနဲ့ ဆွေဆွေ သမီးလေး မွေးခဲ့သည်။

သားက သည်းသည်းလှုပ်ဖြစ်နေသမျှ ဒေါ်သီရိထက်က မြေးလိုပဲ အသိအမှတ်ပြုသည်။ မြေးဦးရယ်လို့လည်း ရူးနေအောင် မချစ်ပါ။ သီသီကတော့ သမီးလေးသဖွယ် တယုတယ ချစ်ရှာပါသည်။

မြေးဦးလေး 'ရန့်သွေး' ဆယ့်တစ်လပြည့်တဲ့နေ့။

ထိုနေ့က ဒေါ်သီရိထက် နှလုံးသားမှ လှိုက်လှိုက်လှဲလှဲကြည်နူးဝမ်းမြောက်ရတဲ့နေ့။

■ ■ ■

သီသီမှာ ကိုယ်ဝန်ရှိနေပြီတဲ့။

သီသီမျက်ရည်ကျမတတ် ဝမ်းသာအားရ ပြောလျှင် ဒေါ်သီရိထက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ အံ့လည်းဩသည်။ မယုံနိုင်အောင်လည်း ဖြစ်သွားသည်။

သားမျက်နှာမှာလည်း လမင်းကြီးသာလို့။ သီသီကို တကယ်မြတ်မြတ်နိုးနိုးချစ်သွားပြီးဆိုတာ သားမျက်ဝန်းထဲမှာ အတိုင်းသားမြင်လိုက်ရသည်။

ဒေါ်သီရိထက် ၊ဤးစိုးမြိုင်နဲ့သီသီသက်တို့ ဝမ်းသာမြူးတူးနေသလောက် ဆွေဆွေမြင့်က အံတကြိတ်ကြိတ်နဲ့ ကြိတ်မနိုင် ခဲမရဒေါသက ရေပန်းလို ဖွာထွက်နေသည်။

သူမ တားနေဆီးနေရက်နဲ့ ဒင်းက မယားကြီးနဲ့နှစ်ပါးသွားကနေတဲ့အဖြစ်။

ပိပိရိရိဆောင်တော်ကူးနေတဲ့ ဒင်းလက်ချက်က ခုမှ ဗူးပေါ်သလို ပေါ်လာပြီ။ ငါဘာလုပ်ရမလဲ စဉ်းစားစမ်း မိဆွေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီဟာမက မွေးလာရင် ၊ဟိုဟာမကြီးက သည်းသည်းလှုပ်လှုပ်ဖြစ်မှာ။ 'ဒင်း'ကလည်း မယားကြီးအပေါ် မေတ္တာမိုးတွေပို့ရွာမှာ . . . ။

မြေးချင်း ၊ချွေးမချင်းအတူတူ။

တန်းတူမဆက်ဆံတဲ့ အဘွားကြီးကို ဆွေဆွေ အီးရွံ့သလိုရွံ့သည်။ ရွံ့ရှာနေမှန်းလည်း ဒေါ်သီရိထက် သိသည်။

သိပေမယ့် မသိဟန်ဆောင်ကာ ။သီသီဆီက မြေးကိုပဲ မျှော်လင့်ခဲ့သည်။ သီသီမွေးပေးတဲ့မြေးမလေးက မြေဦးမလေးနဲ့ဘာမှမဆိုင်ပေ။

အသာအရေနဲ့ ခန္ဓာအစိတ်အပိုင်းအသီးသီးက ချစ်စရာကောင်းလှသည်။ ဖူးဖူးလေးဆူကြွနေတဲ့ နှုတ်ခမ်းလေးကိုပဲကြည့် ပန်းနုရောင်နှင်းဆီးဖူးလေးချထားသလို။

မျက်တောင်ကလေးကအစ 'ရန့်သွေး'လို ရှည်ရှည်ကော့ကော့ မဟုတ်ဘူး။ တိုတိုလေးနဲ့ကော့နေတာက မျက်လုံးလေးကို ပိုလှစေသည်။

အို ဒါမှ မြေးအစစ်လို့ ဒေါ်သီရိထက် ဟစ်ကြွေးခဲ့သည်။

ဆွေဆွေ မုန်းတီးနေမှန်းသိလျက် မြေးလေးကို 'မုန်းမရ'ဟူ၍ တမင်ပဲ ကင်ပွန်းတပ်ခဲ့သည်။ ဟုတ်တယ်၊ ဆွေဆွေ ဘယ်လိုမှ 'မုန်းမရ' အောင် 'မုန်းမရ'လို့ ဒေါ်သီရိထက်ကိုယ်တိုင် အမည်ပေးကာ ၊အသိုင်းအဝိုင်းကြားထဲ ကြီးကျယ်ခမ်းနားစွာ ပွဲထုတ်ပေးခဲ့သည်။ ချစ်စနိုးစိတ်ကြောင့် 'မရလေး'ကို တဖွဖွခေါ်မိတဲ့အထိ အသည်းပိုခဲ့သည်။

ဒါပေမဲ့ မြေးမ'မရလေး'အဖြစ်က ကံဆိုးရှာပါသည်။

'မရလေး'နှစ်နှစ်အရွယ်လောက်မှာပေါ့။ စက်ရုံမှာ ပေါက်ကွဲ



မှုဖြစ်ပြီး သီသီ အပြင်းထန် ဒဏ်ရာရသည်။ ထိုဒဏ်ရာနဲ့ပဲ ရက်မခြားဆုံးပါးသွားသည်လေ။

သီသီဆုံးပါးသွားသည်က လက်မောင်းတင်မက အသည်းနှလုံးပါ ပြုတ်ကျသလို ဒေါ်သီရိထက် ခံစားရသည်။ ဆွေဆွေက ကြိတ်ပြီးလက်ခမောင်းခတ်ကာ တစ်မယားသေတော့ အေးတာပေါ့လို့ လင်ကိုရွဲ့သည်။

အခု သီသီမရှိတော့ ဆွေဆွေသည်သာ တစ်မယားတည်းမင်းမူခွင့်ရသွားသည်။ စီးပွားလုပ်ငန်းထဲ သားကိုယ်တိုင်ဝင်ရတော့ ပိုဆိုးသည်။

သူမကိုယ်တိုင်က 'မရလေး'ကို ဆွေဆွေလက်ထဲမထားရက်တာရယ်။ ကျန်းမာရေးကြောင့်ရယ် ပေါင်းပြီး လုပ်ငန်းတွေထဲ ဝင်မထိန်းနိုင်တော့ အဆိုးဆုံးဖြစ်သည်။

သားက လုပ်ငန်းမကျွမ်းကျင်သလို မယားက အသုံးအဖြုန်းကြီးသည်။ ဆွေမျိုးတွေကို ကယ်မရင်း သူဌေးမကြီးလို မင်းမူနေတဲ့ဆွေဆွေရဲ့စရိုက်က ကြာလေ ပိုဆိုးလေဖြစ်ခဲ့သည်။

မယားကိုဆုံးမ မနိုင်တဲ့သားက အပြင်မှာ အပျော်ရှာ ၊ သောက်ရင်းစားရင်းနှင့် အချိန်ဖြုန်းနေတော့ မယားက လုပ်ငန်းတွေကိုပါ ဝင်ရောက်ခြယ်လှယ်လာသည်။

စီးပွားရေးကျသလို သားကိုလည်း အဖတ်ဆယ်မရတော့ပေ။ ဒီလိုနဲ့ 'မရလေး' ဆယ့်သုံးနှစ် တင်းတင်းပြည့်တဲ့နေ့မှာ အသည်းကင်ဆာနဲ့ သူမ'သားလေး'ဆုံးပါးရှာသည်။

'မရလေး'ကို ဘွားအေကပဲ မအေလိုဖအေလို ဖွားအေလိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြီး တယုတယ မွေးခဲ့ရသည်။ ဒါကိုပဲ ဆွေဆွေနဲ့မြေးမကြီး ရန့်သွေးက အမုန်းတွေပွားကြသည်။

ဖအေသေတာ ဒင်းကိုမွေးမိလို့ဟု အကြီးမက စွပ်စွဲသည်။

မရလေးကို ညီမလေးဆိုပြီး ချစ်ဖို့နေနေသာသာ ဘွားအေကွယ်ရာမှာ အနိုင်ကျင့်ကာ ရိုက်ပုတ် ဆက်ဆံတတ်သည်။

'မရလေး'က မအေတူသမီးပီပီ သည်းခံကာ ၊ဘွားအေမျက်စိအောက်မှာပဲ တတ်နိုင်သမျှနေရင်း မိဆွေနဲ့ရန့်သွေးကို ရှောင်ရှာပါသည်။

ဘယ်လောက်ရှောင်နိုင်မှာလဲကွယ်။

ဘွားအေ မရှိရင် ဒီမြေးမလေးတော့ ဒုက္ခရောက်တော့မယ်ဆိုတာ ဗေဒင် မေးစရာမလိုပေ။ ဒါကိုပဲ တွေးမြင်မိရင်း ဒေါ်သီရိထက် နှလုံးသားပူလောင်ရသည်။

ဒါကြောင့် 'မိဆွေ'နဲ့'ရန့်သွေး'ကို ရတနာမြိုင်စံအိမ်ထဲကနှင်ထုတ်ဖို့ ထိုက်တန်တဲ့ငွေကြေးစည်းစိမ်ပေးသော်လည်း ဒင်းက လက်မခံ။

မယားကြီးလည်းသေ ၊လင်လည်းဆုံး ၊မကြာခင် ယောက္ခမလည်း တမလွန်ရောက်သွားရင် 'ရတနာမြိုင်စံအိမ်'နဲ့ စည်းစိမ်ဥစ္စာအားလုံး မိမိလက်ခုပ်ထဲရောက်မှာကို ဒေါ်ဆွေဆွေမြင့် သိသည်။

အဘွားကြီးသေရင် 'မုန်းမရ'ဆိုတဲ့ကလေးမကို လက်ညှိုးနဲ့လက်မကြားထည့်ပြီး ပွတ်ထားလို့ရသည်။ အဘွားကြီး သေရင်ပြီးပြီလေ။

ထိုအတွေးနဲ့ ရတနာမြိုင်စံအိမ်မှာ မျက်နှာပြောင်စွာအမြစ်တွယ်နေခဲ့တဲ့ ဒေါ်ဆွေဆွေမြင့်။ ဒေါ်သီရိထက် ရိပ်မိသော်လည်း ပြတ်ပြတ်သားသား နှင်ချလို့မရခဲ့ပါ။





ဒီလိုနဲ့ပဲစိတ်သောကကြားထဲမှာ 'မရလေး'ကိုမွေးမြူလာခဲ့သည်။

စီးပွားရေးကကျ ၊လုပ်ငန်းတွေ မလည်ပတ်နိုင် ၊ကိုယ်တိုင်လည်းဦးမစီးနိုင်တဲ့အခြေအနေဆိုးမှာ မိဆွေ ကလယ်ဖန်ထိုးသမျှ မလှုပ်သာ မလှုးသာ ခံနေရသည်။ ဒီကြားထဲ ကျန်းမာရေးလည်း ချွတ်ယွင်းလာသည်။

လူကြီးရောဂါလား ဘာလားမသိ။

မစားနိုင်မသောက်နိုင်ဖြစ်ကာ အိပ်ရာထဲ ဘုန်းဘုန်းလဲတဲ့ဘွားအေ။ ထိုအခါ ရတနာမြိုင်စံအိမ်၏ အစစအရာရာသည် ဒေါ်ဆွေဆွေမြင့် လက်ခုပ်ထဲက ရေဖြစ်ကုန်သည်။

အိပ်ယာထဲ လဲရှာတဲ့ ဘွားဘွားကို ဆေးကောင်းဝါးကောင်းနဲ့ကုသော်လည်း ထိုးတက်မလာတဲ့အပြင် ကိုယ်တစ်ခြမ်းလေထိသွားတော့ ပိုဆိုးတော့သည်။

စကားတောင် ဟဟမပြောနိုင်ရှာတဲ့ ဘွားဘွားကို ဒေါ်ဆွေဆွေမြင့် ဥပေက္ခာပြုထားလိုက်သည်။ ဆေးကုဖို့ဝေးစွ။

မုန်းမရ မှာသာ မိဆွေခိုင်းသမျှလုပ်ရင်း ၊ ကျောင်းသွားရင်း ဒယ်ဒီ တိတ်တဆိတ်ပေးသွားတဲ့ အတွင်းပစ္စည်းတွေထုခွဲရောင်းချပြီး ဆေးကောင်းတွေ ခိုးကျွေးရင်း ဘွားဘွားသက်သာအောင် 'မုန်းမရ' ကြိုးစား ကုသော်လည်း အရာမထင်။

ဆယ်တန်းအောင်စာရင်းမထွက်ခင် တစ်ရက်အလိုမှာ'မုန်းမရ' ကို ထားသွားသည်။ ထိုအခါ မုန်းမရ ဘဝက အားကိုးရာမဲ့ဖြစ်ကာ ရတနာမြိုင်စံအိမ်မှာ 'ကျွန်'သာသာအဆင့်သို့ ထိုးကျသွားသည်။

ဘွားဘွားဆုံးပါးသွားလို့ ဝမ်းနည်းကြေကွဲရသလို ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်စာရင်းတွင် ဂုဏ်ထူးသုံးဘာသာနဲ့အောင်သော်လည်း ဝမ်းသာလုံးမစို့ခဲ့ရပေ။

'ညည်း ဆယ်တန်းကို ဂုဏ်ထူးဘယ်နှစ်ခုနဲ့ အောင်အောင်၊ ကျောင်းတက်စရာမလိုဘူး။ အို အဝေးသင်တောင်မတက်ရဘူးမှတ် ညည်းနဲ့ထိုက်တန်တာ ငါနိုင်းတာလုပ်ဖို့ပဲ၊ ဒီနေ့ကစပြီး ညည်းဟာ ရတနာမြိုင်စံအိမ်ရဲ့ ကျွန်တစ်ယောက်လို့သာ မှတ်လိုက်တော့'

မာမီဆွေချမှတ်တဲ့ အမိန့်အတိုင်း ကျောင်းတက်ခွင့်မရသလို စံအိမ်တစ်ခုလုံးက အလုပ်မှန်သမျှ ဖယ်ဆက်သလို လုပ်ရတဲ့ဘဝက တကယ့်အိမ်ဖော်အတိုင်းပါပဲ။

မမရန့်သွေး ဝေယျာဝစ္စမှန်သမျှ ဒိုင်ခံလုပ်ရသလို ၊ချက်ရေးပြုတ်ရေး ၊လျှော်ဖွတ်နှင့်သန့်ရှင်းရေးအဆုံး'မုန်းမရ'တစ်ဦးတည်း ဒိုင်ခံလုပ်နေရသည်။ ယားရင်တောင် ကုတ်မဲ့အချိန်မရှိဘူး။ တကယ်ပါ။ မမနဲ့ မာမီဆွေက အိမ်ကြီးရှင်ပီပီကြော့ကြော့မော့မော့ စိုးစံကာ ၊လုပ်ငန်းတွေရော အတွင်းပစ္စည်းတွေကိုပါ အပိုင်သိမ်း မင်းမူနေတဲ့အဖြစ်။

အားကိုးရာမရှိ ၊ဆွေမျိုးမရှိ ၊သူငယ်ချင်းအပေါင်းအသင်းမရှိနဲ့ ရတနာမြိုင်စံအိမ်ထဲမှာ ကျွန်ဘဝနစ်နေတဲ့ 'မုန်းမရ' လူဖြစ်ရတဲ့ကံကြမ္မာကိုက ရက်စက်လွန်းတယ် ထင်ပါတယ်။

'မိဆွေ'လို့ နှိမ့်နှိမ့်ချချ ဘွားဘွားခေါ်တာကို တစ်သက်လုံးနာကြည်းခဲ့တဲ့ မာမီဆွေ။

ဘွားဘွားဆုံးသည်နှင့် 'မုန်းမရ'ကို အရင်လို 'မရလေး'လို့ မခေါ်တော့ဘဲ 'မိမုန်း'ဟု လက်စားချေသလို ဖိခေါ်သည်။

ထိုခေါ်သံကြားတိုင်း'မုန်းမရ'အသွေးအသားထဲက ကျင်ခနဲ



ခံစားခဲ့ရတာ ဘွားဘွား ဆုံးပြီးကတည်းကပါ။

တစ်ခုခုလုပ်နိုင်းလို့ မသေချာတာ ဘာညာဖြစ်လာရင်၊ ရိုက်မောင်းပုတ်မောင်းနဲ့ 'မုန်းမရ'ကို ကိုယ်ထိလက်ရောက်ပြုကြတာတွေလည်းအကြိမ်ရေများခဲ့ပြီ။

မိုက်ခေါက်နဲ့တင်ပါးကို ဆွဲလိမ်တတ်တဲ့မာမီဆွေ လက်ဆက အညိုအမဲစွဲသည်အထိ။ ပါးရိုက်တာက အညင်သာဆုံးလို့ပြောလို့ရတယ်။ တကယ်ပါ။

ထွက်ပေါက်မဲ့အောင် စံအိမ်သော့ခတ်ပြီး စေခိုင်းခံနေရတဲ့ 'မုန်းမရ'ဘဝက ရတနာမြိုင်စံအိမ်ရဲ့ ရာသက်ပန်ကျွန်စာရင်းနှင့်မခြားတော့ပေ။

ကူကယ်ရာမဲ့တဲ့ဘဝနှင့် ရတနာမြိုင်စံအိမ်မှာ ကျွန်အဖြစ်နေရတာ ရှိုးနေပါပြီ။

ခုဆို ဘွားဘွားဆုံးတာ နှစ်နှစ်ခွဲတင်းတင်းပြည့်လို့ နှစ်ရက်ပင်ကွန်းပြီးလေ။ 'မုန်းမရ'ကိုချစ်တဲ့ မာမီရယ် ၊ဒယ်ဒီရယ် ၊ဘွားဘွားရယ်။

အားလုံးက 'မုန်းမရ'ဆီ ပြန်မလာနိုင်တဲ့ လမ်းပေါ်မှာ။

အတ္တနဲ့ အငြိုးကြီးသော မာမီဆွေနဲ့ မမတို့ အမုန်းတွေ၊ ငဲ့ညှာစာနာခြင်းမရှိတဲ့မျက်ဝန်းနဲ့ လက်ညှိုးတွေ နောက်မှာ'မုန်းမရ'အဖြစ်က ချောင်ထိုးခံနေရတဲ့ဘဝ။

သေချာတာက ရတနာမြိုင်စံအိမ်ဟာ 'မုန်းမရ'ရဲ့ ကြေကွဲမျက်ရည်မြုပ်နှံရာလား။

ပြောပါ ဘွားဘွားရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

'ဟင်'

မျက်ရည်ကြည်တို့ ပြည့်ဝိုင်းအိုင်ထွန်းလာတဲ့အခါ 'မုန်းမရ' မျက်ဝန်းပြာခန့်ဖြစ်သွားသည်။ လှုံကျလုလုဖြစ်နေတဲ့ မျက်ရည်တွေသုတ်လိုက် အဝတ်တွေတစ်ထည်ပြီး တစ်ထည်မီးပူတိုက်လိုက်နဲ့။

ထိုစဉ်

အဝတ်သစ်မီးကျွမ်း ညှော်နံ့သင်းခနဲ ထောင်ထလာလျှင်

မျက်ရည်တို့ကြောင့် ပြာသွားတဲ့ မုန်းမရ မျက်လုံးပြူးခနဲ ဝိုင်းသွားသည်။ လက်နှစ်ဖက်နဲ့ မျက်ရည် ကမန်းကတန်းသုတ်ပြီး တိုက်လက်စမီးပူဖယ်ကြည့်တော့

'မမ'ပါတီသွားရင် ဝတ်မယ်ဆိုတဲ့ အင်္ကျီ ရင်ဘတ်အောက်နားမှာ မီးကျွမ်းကွက်ကြီး။ နှုတ်မှလည်း ဟင်းခနဲ အာမေဍိတ်သံထွက်ကာ။

'မုန်းမရ'မျက်ဝန်းပြူးတောက်လျက်သားနဲ့ ဘာမှမမြင်အောင်

ဗျူး၁၇၄ပ



အမှောင်ကျသွားသည်။

သွားပြီ။ ပြဿနာ အကြီးကြီးတက်မှာ သေချာလေပြီ။

ဖက်စိမ်းဖျော့ရောင် အင်္ကျီမှာ ငွေမင်ရောင်အလွှားပါးလေးတစ်ထပ်အလှဆင်ထားတဲ့ တန်ဖိုးကြီးအင်္ကျီ။

မီးပူတစ်ပြားကျွမ်းကွက်ကြီးက မြင်မကောင်း ၊ရှုမကောင်းပေ။ တခြားအင်္ကျီတစ်ထည်တလေဆို တော်သေးရဲ့။

ခုတော့

အင်္ကျီလေးကို ကိုင်ကြည့်ရင်း 'မုန်းမရ'ဘာလုပ်ရမလဲ မသိဖြစ်သွားသည်။ အင်္ကျီကိုဖြန့်ကြည့်လိုက် ထောင်ထားတဲ့မီးပူကို ကြည့်လိုက်နှင့်။

'မုန်းမရ'သေချာဂရုစိုက် တိုက်ရဲ့သားနဲ့။ ဘာဖြစ်လို့ မီးကျွမ်းရတာလဲ။ 'မုန်းမရ'လူဖြစ်ခွင့်ရတဲ့ အတိတ်ဘဝကို ပြန်ခံစားမိလို့လား။

ဘွားဘွားရယ် 'မရလေး'ဘယ်လိုရင်ဆိုင်ရမလဲ ဟင်။ အားကိုးရာ ကူကယ်ရာရှာချင်တဲ့စိတ်နှင့်အတူ မျက်ရည်ဝိုင်းလာသည်။

ပြိုကျတော့မတတ် လှုံနေတဲ့မျက်ရည်တွေက မီးကျွမ်းကွက်ကိုပြန်ကြည့်လျှင် မျက်ရည်တို့ ဝေါခနဲ ပြိုကျလာသည်။

'မိမုန်း'

'အမေ့'

အခန်းတံခါးဖွင့်ဝင်လာပြီး ခေါ်သံဘွားခနဲ ကြားရ၏။ထိုအခါ မုန်းမရ ထိတ်ထိတ်လန့်လန့်လေး ဖြစ်သွားသည်။

ကိုင်ထားတဲ့အင်္ကျီကို ကိုယ်နောက်ဘက်သို့ ကမန်းကတန်းဝှက်မိ၏။

ဗျူး၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား။

ရန့်သွေး မျက်မှောင်ကြုတ်ကြည့်၏။ ခေါ်လိုက်တာနဲ့ လန့်လန့်ဖြန့်ဖြန့်မော့ကြည့်ပြီး အင်္ကျီကို နောက်ဘက်ဝှက်လိုက်တာ ဘာသဘောလဲ၊

ဒီဟာမ 'သွေး'အင်္ကျီကို တစ်ခုခုလုပ်လိုက်ပြီ ထင်တယ်။

'ဟိတ် ပြစမ်း။ ငါ့အင်္ကျီကို နင်ဘာလုပ်လိုက်ပြီးလဲ မိမုန်း'

မုန်းမရ အားကိုးတကြီးမော့ကြည့်ရင်း ကတုန်ကယင် ခေါင်းရမ်းပြီး

'ဟို ဘာ ဘာမှ မလုပ်ပါဘူး ဟီး'

အစ်အစ်အောက်အောက်ပြောရင်း ကြောက်စိတ်တွေဝင်ကာ 'မုန်းမရ'ဟီးခနဲ ငိုချလိုက်သည်။ ထိုအခါ တစ်ခုခုဆိုတာ 'သွေး'နားလည်သွားသည်။ လက်တစ်ဖက်ဆန့်ထွက်လာကာ 'မရ'ကို မမသွေး လက်ညှိုးထိုးလေပြီး

'ဟင်း မိမုန်း၊ နင် နင် ငါ့အင်္ကျီကို လုပ်လိုက်ပြီး မဟုတ်လား ပြစမ်း ပြစမ်း'

'ဟီး မရ တမင်လုပ်တာ မဟုတ်ပါဘူး၊ သူ့ဘာသူ မီးကျွမ်းသွားတာ '

'ဘာ'

ရန့်သွေး ဒေါသ ဆောင့်တက်လာသည်။

'မီးကျွမ်းသွားတာ ဟုတ်လား မိမုန်း'

မီးဟုန်းဟုန်းတောက်တဲ့မျက်ဝန်းနဲ့ မမသွေးပြောရင်း 'မရ' လက်ထဲကအင်္ကျီကိုဆွဲယူသည်။ မုန်းမရ လွှတ်မပေးသော်လည်း အင်္ကျီ





က မမ လက်ထဲပါသွားသည်။

မုန်းမရ ခြေဖျားလက်ဖျားလေးတွေ တုန်ယင်သည်အထိ၊ ကြောက်စိတ်တို့ဖြစ်ကာ မျက်ရည်တသောသော ခြွေနေမိသည်။

မီးပူတိုက်တဲ့စားပွဲဝိုင်းပေါ်ထောင်ထားတဲ့ လျှပ်စစ်မီးပူကတော့ 'မုန်းမရ'တမင်လုပ်တာမဟုတ်မှန်း သိနေမှာသေချာသည်။

'ကြည့်စမ်း ကြည့်စမ်း ငါ့အင်္ကျီကို နင် နင် ဘာအငြိုးနဲ့ လုပ်လိုက်တာနဲ့လဲ မိမုန်း၊ နင် တမင် သက်သက်လုပ်ချလိုက်တာ မဟုတ်လား ဟင်၊ ဒီအင်္ကျီ ဘယ်လောက်တန်တယ်ထင်လို့လဲ ကျွန်စုတ်မရဲ့၊ မာမီ မာမို့ဟာမ ဘာလုပ်လိုက်လဲ လာကြည့်ဦး၊ ဒီမှာ 'သွေး' အင်္ကျီပျက်စီးသွားပြီ'

မုန်းမရကိုလည်း လက်ညှိုးငေါက်ငေါက်ထိုးရင်း မာမီ့ဆွေကိုလည်း အားကိုးတကြီးချွဲချွဲကျိုကျို အော်တိုင်တဲ့ မမ အသံ၊ ရှူးရှူးဝါးဝါး တစ်ဆက်တည်းထွက်လာသည်။

မမအသံနောက်မှ ခြေလှမ်းကြဲနဲ့ လှမ်းဝင်လာတဲ့ မာမီ။ ထဘီခတ်သံနှင့်အတူ အခန်းထဲ မာမီ ဘွားခနဲ ဝင်လာသည်။

'ဘယ်လို သမီးအင်္ကျီကို ဖျက်ဆီးလိုက်တယ် ဟုတ်လား သမီး '

'ဟုတ်တယ် ဒီမှာကြည့် '

ရင်ဘတ်ကို ဖိရင်း ဒေါ်ဆွေဆွေမြင့် အံ့အားသင့်သွားသည်။

ငွေမင်ရောင်လွှာပါးလေးအလှဆင်ထားတဲ့ အပေါ်အင်္ကျီက မီးကျွမ်းကာ အကျည်းတန်နေတဲ့အဖြစ်။

ဒီဟာမ တမင်လုပ်လိုက်တာပဲ ဖြစ်မယ် ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



'တောက်'ခတ်ရင်း မုန်းမရရှေ့တိုးလာတဲ့ မာမီ။

လက်တစ်ဖက်ပါ အသင့်မြှောက်ဝင်လာတာ အားနဲ့အင်နဲ့ ရိုက်ချပြီး ဆုံးမရမယ်ဆိုတဲ့ နိုင်ထက်စီးနင်းစိတ်နဲ့ ဖြစ်သည်။

'နေဦး မာမီ၊ မာမီ့ဟာမ သမီးကို သက်သက်ကြောချင်တာ၊ သမီးရှိုးနဲ့အပြင်ထွက်တာကို ကြိုတ်ပြီး မနာလိုဖြစ်နေတာလေ၊ ပါးရိုက်ဆုံးမရုံနဲ့ မတန်ဘူး မာမီ'

ရန့်သွေး မာမီလက်ကို ချက်ချင်းတားလိုက်သည်။

ဒေါ်ဆွေဆွေမြင့် သမီးအလိုကျ ခေါင်းညိတ်နောက်ဆုတ်ကာ လက်ကို ပြန်ချ၍ ကိုယ်ကို့ မတ်၏။

'ဟုတ်တယ် မာမီတို့အရိပ်မှာနေပြီး မာမီတို့ ခိုင်းတာလုပ်နေတဲ့ဟာမ ဒီလိုကြောတာ မာမီ မခံနိုင်ဘူး၊ ဒီမိန်းမလုပ်ရပ်နဲ့တန်အောင် ဆုံးမစမ်း သွေး'

ဒေါ်ဆွေဆွေမြင့်လက်တစ်ဖက်ခါးထောက်လျက် လက်ညှိုးထိုးအမိန့်ချသည်။ ရန့်သွေး မျက်နှာမော့ကာ 'မုန်းမရ'ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ဆွဲယူသည်။

'မမ'

မုန်းမရ အားကိုတကြီး ခေါ်သည်။

'မရ တမင်လုပ်တာမဟုတ်ပါဘူး မမရယ်၊ အဝတ်ထုတွေကို မီးပြင်းပြင်းနဲ့တိုက်နေခဲ့တာလေ၊ မမ ဒီအင်္ကျီလေးတိုက်ခိုင်းတာနဲ့ တယုတယတိုက်ပေးတာပါ၊ အင်္ကျီက ပါးနေတော့ မီးပူထိတာနဲ့ ရုတ်တရက်ကပ်ပြီး အသားကျွမ်းသွားတာပါ မမရယ် မရ တောင်းပန်ပါတယ်။ နော်၊ နောက်ဒီလိုမဖြစ်စေရပါဘူး၊ ညီမလေးကို သနားပါနော် မမ





ဟင့် ဟင့် ဟင့်'

'ဟွန်း ညီမလေးတဲ့ အနှိချင်စရာကောင်းလိုက်တာ ဟား ဟား ဟား သနားရမယ် ဟုတ်လား'

မျက်ဝန်းရဲရဲကြီးနှင့် စူးစူးကြည့်ကာမေးလျှင် မုန်းမရ ခေါင်းမညိတ်ရဲအောင် ကြောက်ဒူးတုန်သွားသည်။

မုန်းမရ မျက်နှာကို စေ့စေ့ကြည့်မိတိုင်း 'ရန့်သွေး'မကျေမနပ်ဖြစ်ခဲ့ရတာ ကိုယ်တိုင်သိသည်။

ဘာအကူအညီအခြယ်အသတွေမှ လုပ်စရာမလိုပေ။ မျက်နှာအစိတ်အပိုင်းတစ်ခုချင်းကအစ လှနေသည်က မကျေနပ်နိုင်ဆုံးပဲ။

မျက်ခုံးတန်းလေးက ညို့စိမ်းကာ တန်းတန်းလေးဖြစ်ပြီးမှ အဖျားလေးညွှတ်သွားသည်က ခဲဆွဲစရာမလိုဘဲ ပုံပေါ်နေသည်။ ပိုးသားမျှင်လို လက်ဖြာနေတဲ့ မျက်တောင်တိုတိုလေးကအစ လင်းလက်နေသည်။

သွေး မျက်တောင်ရှည်ကြီးများကော့ ညွှတ်နေပေမယ့် ယှဉ်ကြည့်ရင် မိမုန်း မျက်တောင်က ဆွဲအားပါလျက်။

ဖြောင့်စင်းပေါ်လွင် လှတဲ့နှာတံကိုပဲကြည့်မလား။

ဘာဆေးရောင်မှ မတင်ရတဲ့နှုတ်ခမ်းဖူးဖူးလေးက ပန်းနုဖျော့ဖျော့ရောင်နှင်းဆီငုံအသွေးလို စိုအိဖူးကြွနေပြန်သည်။

ပါးပြင်နုနုလေးက သွေးကြောစိမ်းကလေးများ ယှက်ဖြာကာ ဘာအမှုအဖိန့်အစက်အပြောက်မှ မရှိဘဲ မွတ်မွတ်ညက်ညက်ချောလျက်။

ဘယ်အချိန်ကြည့်ကြည့် ပါးနှစ်ဖက်က ဖြူနုစိမ်းလဲ့ကြည်မြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ယျှ ညီမတော်က အော်ရဂျင်နယ်အတိုင်းလုတာနော်၊ အထူး
သဖြင့် ပါးနှစ်ဖက်လေး ပါးမို့မို့က စိမ်းမြပြီး အိနေတာပဲ ၊ယျှလို အဖု
အဖိန့်တွေနဲ့ အကျည်းတန်မနေဘူး'

ဟု ဝက်ခြံမပျောက်တမ်းထွက်နေတတ်တဲ့'သွေး'ပါးပြင်ကို ရှုတ်
ချပြီး အားမနာတမ်းပြောချတဲ့ သူငယ်ချင်းတွေ။

သူငယ်ချင်းတွေပြောတိုင်း 'သွေး'ရင်မှာ မျက်ရှုခဲ့သည်။

ဒီဟာမပါးပြင်က 'သွေး'လို အဖိုးတန်ခရင်မ်တွေ ဘာတွေ
မလိမ်းဘဲ ဘာကြောင့်မြင်တာနဲ့ စိတ်ညွတ်အောင် ဆွဲဆောင်နိုင်ရတာလဲ။
တကယ်ဆို ဒီလိုမဖြစ်သင့်ဘူး။

'သွေး'ပါးပြင်က ပိုလှ ၊ပိုန ၊ပိုအိကာ ပိုရှုံဆွဲအားပါရမယ်လေ။

အိမ်ဖေါ်ထက် နိမ့်နိမ့်ကျကျနေရ ၊စားရတဲ့ 'မိမုန်း'ပါးပြင်က
'သွေး'ပါးပြင်ထက် အဆတစ်ရာသာနေတဲ့အဖြစ်။

သူငယ်ချင်းတွေ ပြောတိုင်း 'သွေး'ခံရပေါင်းများခဲ့ပြီ။

ဒီပါးပြင်ကို မြင်လေ'သွေး'ဒေါသက ဆောင့်တက်လာလေ။

အခုလည်း သနားပါလို့ ပြောနေတဲ့စကားလုံးနောက်မှာ ပါးမို့
နှစ်ဖက်က သွေးရောင်စုံကာ စို့အိနေပြန်သည်။

ဟင့်အင်း ဒီပါးပြင်ကို 'သွေး'မုန်းမယ်။ အဲဒီပါးအကျည်း
တန်းနေမှ 'သွေး'ကျေနပ်နိုင်မယ်။

ပြီးတော့ 'သွေး'ရဲ့အဖိုးတန်အင်္ကျီဖျက်ဆီးသလို အဲဒီပါးပြင်
နုနုလှလှကိုလည်း တန်ပြန်ဖျက်ဆီးရမယ်။

ဟုတ်တယ်။

'သွေး'နှုတ်ခမ်းကို ဖိကိုက်ကာ စားပွဲခုံမှာထောင်ထားတဲ့ မီးပူ





ဆီ မျက်လုံးရောက်သည်။ မီးပူကိုင်းကို ဆက်ခနဲ့ ကောက်ကိုင်၏။

'မမ'

မမ မျက်ဝန်းထဲက အရောင်တောက်ပနေတဲ့အငြိုးတွေကို
မုန်းမရ ဖတ်တတ်နေပါသည်။မုန်းမရ အထိတ်တလန့် ခေါ်ရင်းခြေတစ်
လှမ်းနောက်ဆုတ်၏။

"တောက် မိမုန်း။ ငါ့အင်္ကျီဖျက်ဆီးတဲ့အတွက် နင့်မျက်နှာလည်း
ဖျက်စီးစေရမယ်"

'အို'

မုန်းမရ ယောင်ယောင်ရမ်းရမ်းနှင့် ပါးနှစ်ဖက်ကို လက်ဖဝါးနဲ့
ဖိအုပ်လိုက်မိသည်။ ခေါ်ဆွေဆွေမြင့်က သမီးဘာလုပ်လုပ် လုပ်ပစေဆိုတဲ့
မျက်နှာနဲ့ မဲ့မဲ့ရွဲ့ရွဲ့ကြည့်၏။

'မအိုနဲ့ လာစမ်း'

'မမရယ် မရ တောင်းပန်ပါတယ်၊ နောက်ဒီလို မဖြစ်စေရ
ပါဘူး'

'ဘာ နောက်မဖြစ်စေရဘူး ဟုတ်လား၊ ခုဖြစ်သွားပြီးလေ၊
ဒီအင်္ကျီဘယ်လောက်တန်တယ်ထင်လို့လဲ။ ညည်းကို ငါလက်နဲ့လုပ်ရမှ
ကျေနပ်မယ် လာစမ်း ဟဲ့ မိမုန်း'

မီးပူချည်းတကိုင်ကိုင်နဲ့ မုန်းမရရှေ့ပြောရင်း တိုးလာနေတဲ့
မမသွေး။

မီးပလပ်ကြိုးတပ်လျက်တန်းလန်းနဲ့ ကိုင်ထားတဲ့ မီးပူအရှိန်က
နည်းတဲ့အပူလား။ ဒီအပူနဲ့ ဒင်းပါးကိုကပ်ရမှ။

စိတ်ထဲ ထောင်းခနဲ့ထလာတဲ့ တုန်ပြန်ချင်စိတ်အတိုင်း ရှေ့တိုး



www.burmeseclassic.com

www.burmeseclassic.com



ရင်း မုန်းမရလက်ကို ဆွဲဖယ်သည်။ မုန်းမရ လက်တခါခါနဲ့ ငြင်းကာ အသနားခံနေသည်က 'သွေး'ရင်မှာ ပို၍ အမြင်ကပ်လာသည်။

မုန်းမရ ကြောက်လန့်လန့်ရှောင်ပတ်ကာ မာမီ့ခွေကို အားကိုးတကြီး ဝင်ဖက် အကူအညီတောင်းတော့မှ ပိုဆိုးသွားသည်။

မာမီ့ခွေ မုန်းတီးစွာ တွန်းထုတ်လျှင် မုန်းမရ ကိုယ်က'မမသွေ့' ရှေ့တည့်တည့်ရောက်၏။

မုန်းမရ လက်နှစ်ဖက်လုံးကို ပူးတွဲဆုပ်ကိုင်လျက်

'ညဉ်း' 'ငါ့'အကြောင်းသိစေရမယ် မိမုန်း။ တစ်သက်လုံး ငါ့လက်ချက်ကို 'နင်'မမေ့ရအောင် တံဆိပ်ကပ်ပေးမယ် ဟောဒီမှာကြည့်'

မီးပူချည်းကို ကိုင်မြှောက်လျက်သားနဲ့ ခြိမ်းခြောက်တာလည်း မဟုတ်သလို ၊ မုန်းမရ အသားဆိုင်တွေ တဆတ်ဆတ်တုန်ကာ

'မမ မမ မရ တောင်းပန်'

မရ စကားမဆုံးခင် ဖျက်ခနဲ လုပ်လိုက်တဲ့'သွေး'ရဲ့အပြုအမူ မျက်စိတမှိတ်ထက်မြန်ဆန်သွား၏။

'အား'

ခနဲဆိုတဲ့ လန့်ဖြန့်တဲ့အော်သံပြတ်နောက်မှာ မုန်းမရ ဘယ်ဘက်ပါးပြင်နုနု ပူလောင်ကျွမ်းရှသွားကာ။

ရှုပ်ခနဲ အပူဓါတ်အလိုက်ခံလိုက်ရတဲ့နောက်'မုန်းမရ'ဆိုတဲ့ ကြမ္မာဆိုးမလေး။

ကမ္ဘာလောကကြီးထဲက ရုတ်ချည်းလွင့်ထွက်သွားသည့်အလား။

■ ■ ■



## အခန်း (၄)

'အား ကျွတ် ကျွတ်'

စူးရှပြက်နာကျင်လွန်းသောကြောင့် တကျွတ်ကျွတ်နဲ့ စုပ်သက်ရင်း'မုန်းမရ'အသိဝင်လာပါသည်။ ကြိမ်းစပ်မှိုမောက်နေတဲ့ မျက်လွှာဖွင့်ကြည့်မိလျှင် မုန်းမရ ကိုယ်လုံးနွဲ့လျလျလေးက ခေါက်လျက်ပုံထားတဲ့ မီးပူတိုက်ပြီးသော အဝတ်ပုံတွေကြားမှာ လဲကျနေရှာသည်။

မီးပူဖြင့် ဖျတ်ခနဲ အကပ်ခံရလျှင် ဓာတ်လိုက်ခံရသလိုဖြစ်ကာ ပါးပြင်မှတစ်ဆင့် တစ်ကိုယ်လုံးရှိ အသွေးအသားတွေဆီ လျှပ်တစ်ပြက်ကူးဆက်သွားသည်။

ထိုအခါ 'မုန်းမရ'ကောင်းစွာ အသိဝင်လာသည်။

ထိုအခါ'မုန်းမရ'ကိုယ် 'မုန်းမရ'ထိန်းချုပ်နိုင်ဖို့တွေ ဘာတွေ မသိတော့ပါ။ ဝုန်းခနဲပြိုကျသွားသည်က ကြိုးဖြတ်ချခံရတဲ့အရုပ်ကလေးနှယ်။ ခွေခေါက်ပုံကျသွားသည်က အချိန်တွေ ဘယ်လောက်ကြာသွားသည်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



မုန်းမရ အသိဝင်လာချိန်မှာ စံအိမ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်နေပြီ။ ညဦးမီးပူတိုက်စဉ်က မုန်းမရ ကိုယ်တိုင်တပ်ဖွင့်ထားတဲ့ မီးဝါဝါလေးသာ သစ္စာရှိရှိ လင်းလျက်ရှိသည်။

လက်တစ်ဖက်က ဘယ်ဘက်ပါးပြင်ကို စမ်းတဝါးဝါးတို့ထိ ကိုင်ကြည့်မိလျှင် နာကျင်မျက်ရည်ကြည်တို့ ဝေါခနဲ ပြိုကျလာသည်။

တကယ်ဆို 'မုန်းမရ'ကို မီးပူနဲ့ကပ်ရတဲ့အထိ တုန့်ပြန်ဖို့ထိုက်တန်သလား မမရယ်။ မမအကျီကြ ဘယ်နှစ်သိန်းတန်တာဖို့လဲကွယ်။

ဘယ်နှစ်သိန်းပဲ တန်တန်၊ အဖေတူညီမအရင်း ခေါက်ခေါက်ဆိုတဲ့ သွေးသားတောင်စပ်မှုရှိတာကို ထောက်ထားဖို့ကောင်းပါသည်။

ခုတော့ နီရဲရောင်ကိုင်းနေတဲ့ပါးပြင်မှာ အပူရှေအိတ်တွေ ထကြွကာ ပါးတစ်ပြင်လုံး မြင်မရဲအောင် အကျည်းတန်နေတဲ့အဖြစ်။

ဒီဝဋ်ကြွေးကို 'မုန်းမရ'သက်ထက်ဆုံးခံရမလား။

သူတို့သားမိနိုင်းတာလုပ်၊ ကျွေးတာစား၊ ရိုက်သလိုခံနေတဲ့ 'မုန်းမရ'အပေါ် ဘာဖြစ်လို့များ တစ်စထက်တစ်စ ရက်စက်ရတာလဲဟင်။

ဒါတင်မက ခြေသံတရှပ်ရှပ်နဲ့ 'မုန်းမရ'ရှေ့ခြေစုံလာရပ်ကာ ခါးထောက် အမိန့်ပေးတဲ့'မာမီဆွေ'။

'ဒီမှာ ငါ့သမီး အဖိုးတန်အကျီကို ဖျက်ဆီးသလို တစ်ချိန်ချိန်မှာ ငါ့သမီးဘဝကိုလည်း ညည်းဖျက်ဆီးမှာသေချာတယ်၊ ဒါကြောင့် ညည်းကို ဒီစံအိမ်မှာ နေခွင့်မပေးတော့ဘူး'

'မာမီဆွေ'

မုန်းမရ နာနာကျင်ကျင်မော့ကြည့်ပြီး ခေါ်သည်၊ ဒေါ်ဆွေဆွေမြင့် မျက်နှာမီးရောင်အောက် ပို၍မာန်ရှိန်တောက်သွား၏။





ဒီလောက် ဖိနှိပ်နေရက်ကြားထဲက သမီးအကျီကို တမင်မီးပူနဲ့ကပ်လိုက်တဲ့ မိမုန်း။ ဒင်းက တစ်ချိန်ချိန်မှာ ငါ့သမီးဘဝကို ထိပါးလာနိုင်သည်။ ပြီးတော့ ဟောဒီရတနာမြိုင်စံအိမ်ကို လုယူနိုင်သည်။ ဒင်း လုလို့မရအောင် ဒေါ်ဆွေဆွေမြင့် ကာကွယ်ဖို့ မောင်းတင်ထားတဲ့အတိုင်း ပြောချ၏။

'ဟွန်း ညည်းက 'ရတနာမြိုင်စံအိမ်နဲ့တန်တဲ့ မိန်းမဟုတ်ဘူး ခုချက်ချင်းထွက်သွား'

'ဘုရားရေ'

မုန်းမရ ပါးပြင်ပေါ် မျက်ရည်များအရှိန်နဲ့ ပြိုကျကုန်သည်။

'မရ မရက ဒီစံအိမ်ကထွက်သွားရမယ် ဟုတ်လား မာမီဆွေ မရက 'ရတနာမြိုင်စံအိမ်'ရဲ့ မြေးတစ်ယောက်ပါ မာမီရယ်'

'မုန်းမရ'ကြောက်ရွံ့သံအက်အက်လေးနှင့် ခပ်တိုးတိုးပဲ နာနာကျင်ကျင် ပြောချမိသွားသည်။

'ဘာပြောတယ် မိမုန်း၊ ရတနာမြိုင်စံအိမ်ရဲ့မြေး ဟုတ်လား၊ ဟား ဟား ဟား နဲ့ အော်ရယ်လိုက်ချင်တယ်၊ ရတနာမြိုင်စံအိမ်ရဲ့မြေးဦးက ငါပဲ၊ ဒီစံအိမ်ကို ငါပိုင်တယ်၊ ရော့ ဒီမှာ ညည်းအထုပ်'

မာမီနောက်က ဝင်လာတဲ့ မမသွေး အပြုံးမပြယ်စွာ ပြောသည်။ ပြီးတော့ မုန်းမရ အဝတ်တချို့ထည့်ထားဟန်တူတဲ့ လက်ဆွဲအိတ်အဟောင်းတစ်လုံး မုန်းမရရှေ့ ဘုတ်ခနဲ ပစ်ချပေးသည်။ မမသွေး ပြောတာက ဒီအဝတ်ထုတ်ယူပြီး ရတနာမြိုင်စံအိမ်ထဲက ထွက်သွားဆိုတဲ့သဘော။ သွေးချင်းတူလျက် ထိုမျှထိ ရက်စက်တတ်နေပြီလား မမရယ်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် 'ရော့' ဝုန်းဆိုပြီး ပစ်ချတဲ့ တစ်စုံတစ်ရာ ချွင်ခနဲ ကျသံနောက်မှာ မုန်းမရ အငမ်းမရ ကောက်ယူမိသွားသည်။

ပြုံးရွှင်သော ဒယ်ဒီနဲ့မာမီရဲ့ပေါင်နှစ်ဖက်ပေါ်ခွထိုင်၍ မိဘနှစ်ပါးနောက်မှာ ပြုံးပြုံးချည်းရပ်နေတဲ့ ဘွားဘွားကို အချစ်ကြီးစွာ မော့ကြည့်နေသည့် 'မုန်းမရ'ဓါတ်ပုံ။

မှတ်မှတ်ရရပြောရရင် မုန်းမရ တစ်နှစ်ကျော်အရွယ် မာမီ မဆုံးခင်လေးမှာ မိသားစုစုံစုံညီညီရိုက်ထားသော ဓါတ်ပုံ။

ထိုဓါတ်ပုံကို ဘွားဘွားက ဧည့်ခန်းထဲ ချိတ်ထားခဲ့သည်။ ထိုဓါတ်ပုံမြင်တိုင်း ဒေါ်ဆွေဆွေမြင့်က အံကြိတ်ကြိတ်ရှိခဲ့သည်။ ဘွားဘွားဆုံးသည်နှင့် ထိုဓါတ်ပုံ နန်းကျသွားသည်။

မာမီဆွေ ဖြုတ်ချပြီး ဘယ်ဂျောင်မှာသွားထိုးထားသည်မသိ။ မုန်းမရ ထိုဓါတ်ပုံကို တိတ်တိတ်ကြိတ်ရှာခဲ့ပေမယ့်မတွေ့။ ခုတော့ မမသွေး ဘယ်က ထုတ်လာပြီး ပစ်ချပေးသည်မသိ။

ကျသွားတဲ့အရှိန်နဲ့ အပေါ်မှန်ချပ်အက်ကြောင်းလိုက်ကုန်သည်။ မုန်းမရကို ချစ်ကြသူများရဲ့ ပုံရိပ်တွေ။

ထိုပုံလေး ပြန်တွေ့ရသော မုန်းမရ ပါးပေါ်မှ ဝေဒနာကိုပင်မေ့သွားမတတ် ခံစားရရှာသည်။ ဓါတ်ပုံကိုလက်နှစ်ဖက်နဲ့ တယုတယပွေ့ယူကာ ရင်မှာအပ်မိသည်။

'သွားတော့ မိမုန်း။ ညဉ့်း ဒီစံအိမ်မှာ လုံးဝမနေနဲ့တော့၊ ဒီစံအိမ်ဟာ ငါနဲ့ငါ့သမီးပဲပိုင်ခွင့်ရှိတယ်၊ ပိုင်ထိုက်တယ်၊ ရှင်းတယ်နော်၊ ညည်းအဖြစ်နဲ့ ညည်းနှင်ထုတ်ခံရတာ ထွက်သွားတော့'

မိထွေး ပီသပါသည်လို့ 'မုန်းမရ'မစွပ်စွဲချင်ပါဘူး။ ဆယ်တန်း





အောင်လို့ ကျောင်းတက်ခွင့်မရတဲ့ဘဝ။ အဖြစ်နဲ့မထိုက်တန်စွာ ဒဏ်ခတ်ခံရတဲ့ဘဝ။

ဒီဘဝထဲက ထွက်သွားလို့ 'မုန်းမရ'ဘယ်တုန်းကမှ စိတ်မကူးခဲ့ပါ။ ဘာကြောင့်လဲဆိုတော့ ဒီစံအိမ်မှာ မုန်းမရကို ချစ်ခဲ့တဲ့သူတွေရဲ့အငွေ့အသက်တွေ ကျန်ခဲ့တယ်ဆိုတဲ့အသိ။

ထိုအသိနဲ့ထိုအငွေ့အသက်တွေ ရှူရှိုက်ပြီး နှစ်သိမ့်နေနိုင်ခဲ့လို့ပါကွယ်။

'မိမုန်းမ'မြန်မြန်သွားလေ ဘာလဲ၊ နောက်ပါးတစ်ဖက်မှာ တံဆိပ်ထင်သွားချင်လို့လား'

မမသွေးရှေ့ထိုးလာပြီးမုန်းမရ ပခုံးကို တွန်းပစ်ရင်းထပ်ပြော၏။

ညီမတော်လျက် တိရစ္ဆာန်လောက်တောင် တန်ဖိုးမထားတဲ့ 'မုန်းမရ'ကို မမသွေးတောင် ဒီလိုဆက်ဆံရင် မာမီဆွေ့က ဒီထက်ပိုနေမှာလေ။

နှင်ထုတ်လာတော့လည်း ဘယ်တုန်းကမှ ခေါင်းခါငြင်းဆန်မရခဲ့တဲ့ 'မုန်းမရ'မျက်ရည်ကျရင်း ခေါင်းညိတ်ရသည့်အဖြစ်။

ရတနာမြိုင်စံအိမ်က 'မုန်းမရ'နဲ့ မထိုက်တန်ဘူးတဲ့လား မာမီဆွေ။

ကူကယ်အားကိုးရာမဲ့ဖြစ်နေတဲ့ 'မုန်းမရ'ဆိုတဲ့ ကလေးမ ဘာတတ်နိုင်မှာလဲ။

'ထွက်သွား'ဆိုတဲ့ မာမီဆွေ အမိန့်အတိုင်းပါလေ။ အဝတ်အိတ်လေးထဲ ဘောင်ကွပ်ထားတဲ့ ဓါတ်ပုံကို တယုတယထည့်လျက် ကျောခိုင်းခဲ့ရသည်က 'ရတနာမြိုင်စံအိမ်'ကို မတွယ်တာလို့ မဟုတ်ပါဘူးကွယ်။

■ ■ ■



www.burmeseclassic.com

## အခန်း (၃)

ညက ဆိတ်ဆိတ်လေး ငြိမ်နေဆဲ။

မှောင်နေသည့် ညလယ်ကာလက ရလာသည့် ဝေဒနာကို နှမ်သိမ့်ပေးသယောင်ပွေ့ဖက်နေဟန်ရှိသည်။ ကြယ်ပန်း ခင်ကြဲကြဲ ပန်ဆင်ထားတဲ့ ကောင်းကင်မျက်နှာပြင်က တစ်မျိုးတစ်ဖုံ မော့ကြည့်၍ ကောင်းနေသလို။

နွေဦးရဲ့ လေချိုနုနုက ပျို့မျှစ်သန့်စင်စွာသိမ်သိမ်မွေ့မွေ့ဆော့ မြူးနေတော့၏။ ထိုအခါ မုန်းမရ ခြေလှမ်းတွေကို ဖွဖွရွရွလေးသယ်ဆောင် သွားနေသလို ထင်ရသည်။

ဝိုးတဝါး ညအမှောင်ထဲမှာ မုန်းမရ ခြေလှမ်းတွေ ဦးတည်ရာမဲ့ နေပါသည်။သို့သော်လည်း မရပ်မနား ရွေ့နေဆဲဖြစ်သည်။

ညလယ်လွန်သောအချိန် အဝတ်အိတ်လေးတစ်လုံးနှင့် မိန်း ကလေးတစ်ယောက်တည်း။

ဗျူး၈၁၆ပ



အန္တရာယ်တွေ ဘာတွေကိုလည်း မမှုနိုင်တော့ပါ။

လမ်းမြင်သမျှ လျှောက်သွားနေမိသည်။ တချို့လမ်းတွေ မီး လင်းနေသလို တချို့လမ်းတွေက မှောင်ပျပျရှိပြီး၊ တချို့လမ်းတွေက ပိန်းပိတ်အောင် နက်နေသည်။

မှောင်ပဲမှောင်မှောင် လင်းပဲလင်းလင်း မုန်းမရ ခြေလှမ်းတွေ မရပ်နားသေး။ ခြေလှမ်းတွေနဲ့အတူ မုန်းမရ မျက်ရည်တွေပါ ရောပြွမ်း နေသည်။

ကားတွေ ပြတ်တောင်း ပြတ်တောင်း သွားနေကြသည်။ ထိုကား တွေက 'မုန်းမရ'လိုပဲ ဝေဒနာတွေ သယ်ဆောင်သွားနေတာလား။

ဝေဒနာနဲ့ သွားနေတာဆိုရင်'မုန်းမရ'လိုပဲ ဘဝတူပေါ့နော်။

လောကကြီးမှာ ဝေဒနာခံစားရတာက'မုန်းမရ'တစ်ဦးတည်း မဟုတ်တူးပေါ့။

အဲသလိုပဲ ဖော့တွေးလိုက်ချင်သည်။

ဟုတ်တယ်လေ။

ဒီလိုနဲ့ 'မုန်းမရ'ခြေလှမ်းတွေဟာ လမ်းပေါင်းမြောက်များစွာပေါ် တရှပ်ရှပ်သွားနေရင်း မကြာခင် ရောင်နီပျိုးလေးလင်းလာမယ့် အာရုံဦး ကို လည်တဆန့်ဆန့်ငေးမျှော်နေရတဲ့ဘဝ။

အာရုံဦးကို ကြိုဆိုခွင့်ရပါ့မလား။

ထိုသို့တွေးမိရုံရှိသေး။

လမ်းကြားတစ်ခုထဲ ချိုးဝင်လိုက်လျှင် အမှောင်မှာ ပုန်းနေရှာတဲ့ ကျောက်ခဲတစ်လုံးကို ခလုတ်တိုက်ပြီး မုန်းမရ ပစ်လဲကျသွားသည်။

'အား'လို့ နာကျင်စွာအော်လိုက်သံ ရင်ထဲမှာပဲ မြည်ဟည်းသွား

ဗျူး၈၁၆ပ

www.burmeseclassic.com



သွားသည်။

ကံဆိုးမ သွားရာမိုးလိုက်လို့ရွာ ဆိုတဲ့စကားပုံက မုန်းမရအတွက် ရည်ရွယ်ခဲ့တာလား။ မိုးမရွာပေမယ့် ခလုတ်တိုက်လဲကျတဲ့အဖြစ်။

လက်ထဲကအထုပ်ကို ကျစ်ကျစ်ဆုပ်ကိုင်ရုန်းထလျှင် စူးစူးရဲရဲ လင်းဖြာလာတဲ့ကားမီးရောင်ကြောင့် မုန်းမရ မျက်လုံး ရှတ်တရက် ဘာကိုမှ မမြင်ရတော့ပေ။

ကြောက်အားလန့်အားနဲ့ 'မုန်းမရ'ရုန်းထပြီး ကမူရှုးထိုး ထပြေးလျှင် ပလက်ဖောင်းဘေးမှာ အရိပ်ရအောင် စိုက်ထားသည့်အပင်နှင့် ဝင်ဆောင့်မိကာ မုန်းမရ အာရုံတစ်ခုလုံး ကြယ်တွေလတွေပေါ်ကုန်သည်။

မုန်းမရ ကိုယ်ကိုလည်း မထိန်းနိုင်တော့ပါ။

ပြိုကျသွားတဲ့ ကိုယ်က ပလပ်ဖောင်းပေါ် ဆောင့်ချခံရသလိုဖြစ်ကာ နာကြင် မူးမိုက်သွားတာပဲ နောက်ဆုံး သိလိုက်ရသည်။

'မုန်းမရ'ကံတရားက ဘယ်လောက်ထိ ဆိုးဦးမှာလဲ။

■ ■ ■

'အမေ့'

မွေ့ရာနုနုပေါ် နောက်ကြောတစ်ပြင်လုံးအိအိလေးထိလာ၏။ ထိုအခါ 'မုန်းမရ'အသိဝင်လာသလို မျက်ဝန်းထဲမှာလည်း ဘွားခနဲ မြင်လိုက်တဲ့ ယောကျ်ားမျက်နှာတစ်ခု။ 'အမေ့'လို့ မုန်းမရ လန့်လန့်ဖြန့်ဖြန့်အော်မိသွားသည်။

မုန်းမရ အော်သံနောက်မှာ ထိုမျက်နှာပေါ်မှ ထူထဲတဲ့ မျက်ခုံးနှစ်ဖက်ကြုတ်သွားသည်။ မုန်းမရကို စူးစိုက်ကြည့်နေတဲ့ မျက်ဝန်းနက်က စူးစိုက်ကြည့်နေဆဲ။





အကြည့်ချင်းအဆုံမှာ မုန်းမရ ကြောက်ရွံ့ကာ အသက်မဲ့သလို ငြိမ်ခနဲဖြစ်သွားသည်။ မကြောက်ဘဲနေနိုင်ရိုးလား။

ကြည့်ပါဦး။

တသသမွှေးထားတာမဟုတ်တဲ့ အမွှေးနက်တို့က နှုတ်ခမ်းပေါ် နသယ်အောက်မှ မေးဖျားအထိ ပြာကျကာ လက်မဝက်နီးပါး ရှည်လျဖြစ်နေသည်။

မေးဖျားအောက်က လည်စလုတ်ချွန်ချွန်။

ဖွံ့ဖြိုးတောင့်တင်းသော ကိုယ်ပေါ်မှာ လည်ပင်းဗွီပုံလော်လာမပါ ကပ်ချပ်နေတဲ့အနီရင့်ရောင် တီရှပ်နဲ့ဂျင်းဘောင်ဘီအနက်ဝတ်ထားသည်။ မီးချောင်းအလင်းရောင်အောက်မှာ ထိုလူက ပြည့်တင်းတောင်မတ်ကာ ကျားကျားလျားလျားရှိနေပါသည်။ •

အသက်ကလည်း မုန်းမရထက် ဆယ်နှစ်မကကြီးတဲ့ လူကြီး။

မွေ့ရာပေါ်ပက်လက်ကလေးဖြစ်နေတဲ့ မုန်းမရတစ်ကိုယ်လုံးကို ခြေဖွန်းခေါင်းဖျား စူးစူးရဲရဲကြည့်နေတဲ့ နောက်မှာ မုန်းမရ ကြောက်ရွံ့ကာ ဟီးခနဲ ငိုချလိုက်သည်။

မုန်းမရ ငိုချသံနောက်မှာ 'လူကြီး' မျက်မှောင်ကို ကြုတ်ကြည့်ပြီး

'ညဉ်းကို ငါဘာမှမလုပ်ရသေးဘူး၊ ဘာဖြစ်လို့ငိုတာလဲကွ'

ငိုရှိုက်ကြောင့် တလှုပ်လှုပ်ဖြစ်နေတဲ့'မုန်းမရ'နှုတ်ခမ်းတစ်စုံကို တည့်တည့်ကြည့်၍ မာတာလည်းမဟုတ် ၊ပျော့တာလည်းမဟုတ်တဲ့ အသံတည်နဲ့စမေးသည်။ မုန်းမရ နှုတ်ခမ်းလေးပို၍ လှုပ်ကြွတုန်ခါသွားပြီး။



www.burmeseclassic.com

www.burmeseclassic.com



'ကြောက် ကြောက်ပါတယ်၊ 'မရ'ကို သနားပါနော် သနားပါ ဟင့် ဟင့် မရ ကြောက်လို့ပါ'

'ကြောက်ချင်ရင် နောက်မှကြောက်၊ အခု အဲဒီအတိုင်း ပက်လက်ကလေးနေ ကြားတယ်နော်'

'ဟီး ဟင့် ဟင့် ဟင့်'

မုန်းမရ မျက်လုံးစုံမှိတ်ကာ ကူကယ်ရာမဲ့ ငိုချင်းချမိတော့၏။

ယောကျာ်းရင့်မာကြီးရှေ့မှာ မလှုပ်ရဲအောင် တစ်ကိုယ်လုံး ကြောက်တုန်နေရာရှာတဲ့ မုန်းမရ။ ရှေ့ဆက် ဘယ်လို အဆိုးတရားတွေ ခံစားရမှာလဲ။

မွေ့ရာအိအိပေါ် ပက်လက်ကလေးဖြစ်နေတဲ့ မုန်းမရ ကိုယ်က 'သူ'အကြည့်အောက်မှာ အသက်မဲ့သလို ငြိမ်နေရသည်က 'သူ'စကားလုံးတွေအတိုင်း။

သူ့အသံ ၊သူ့စကားတွေက မုန်းမရကို ဘယ်လိုလုပ်ပစ်မယ်ဆိုတဲ့စိတ်ရိုင်းနဲ့ မဟုတ်မှန်းသိသာပေမယ့် ဘယ်အခြေအနေကိုမှ မုန်းမရ မယုံရဲပါ။

မုန်းမရ ကြောက်လန့်စိတ်နဲ့ အဆက်မပြတ် ငိုနေလျှင်

'ကျစ် ညည်းပါးစပ် ပိတ်ထားစမ်းပါကွာ'

စိတ်မရှည်သလို ပြောတဲ့ သူ့အသံ။

'မုန်းမရ'နားထဲ တိုးဝင်လာပြန်သည်။ ပြီးတော့ အိတ်တစ်လုံးရဲ့ ဇစ်ဆွဲဖွင့်သံ ကြားရသည်။

မုန်းမရ ငိုနေရက်နဲ့ မျက်လွှာ ကမန်းကတန်းဖွင့်ကြည့်၏။ မုန်းမရ ခြေရင်းမှ အနက်ရောင်အိတ်ကို ဆွဲဖွင့်တဲ့သူ ။ အိတ်အတွင်းမှ





ညှစ်ဆေးတောက်တစ်တောက်ယူလာသည်။

မုန်းမရ ပက်လက်ဖြစ်နေရှာတဲ့ မွေ့ရာအလယ်မှာ ထိုလူကြီး ခပ်ရဲရဲထိုင်ချသည်။

ကိုယ်ကိုကိုင်းကာ ခေါင်းအုံးပေါ်က မုန်းမရမျက်နှာကို မေးဖျားဆွဲယူတဲ့လူကြီးလက်ကို ပုတ်ချရင်း ကိုယ်ကိုလည်း မွေ့ရာပေါ်မှ ရုန်းထ မိသွားသည်။

'ဟော့ ညည်းဘာဖြစ်တာလဲ'

'မရကို ဘာမှမလုပ်ပါနဲ့နော် မရ တောင်းပန်ပါတယ်၊ ရှိခိုးပါတယ် ဟင့် ဟင့်'

မုန်းမရ လက်အုပ်လေးချီကာ ငိုသံသည်းသည်းနဲ့ မျက်လွှာချတောင်းပန်ရှာသည်။ မုန်းမရ ဒီထက်ဆိုးဝါးတဲ့ ကံကြမ္မာကို ရင်မဆိုင်ရဲတော့ပါ။

သူ မျက်လွှာမေးချကာ ခေါင်းတစ်ချက်ရမ်းရင်း 'မုန်းမရ' ကို စိုက်ကြည့်သည်။ ရင်အုံရှေ့ချီပင့်ထားတဲ့ လက်အုပ်လေးကိုဖယ်ချပြီး

'ဒီမှာ ညည်းလို အရွယ်လေးမလောက်မလားမိန်းမကို ငါဘာလုပ်ရမှာလဲ၊ ဝါသနာ မပါဘူးကွ'

'ဗို ဟင့်'

'ဘာမှ ဗိုတွေ ဟင့်တွေ လုပ်မနေနဲ့၊ မွေ့ရာပေါ်ပြန်လှဲ၊ ညည်းပါးပေါ်မှာ အပူလောင်ကွက်ကြီးမဟုတ်လား။ ဆေးထည့်ပေးဖို့'

လိုရင်းတိုရှင်းပြောသလို သူ့လက်ကလည်း မုန်းမရ ပခုံးတစ်ဖက်ကို ဖွဖွကိုင်တွန်း၍ ကိုယ်ကို မွေ့ရာပေါ် လဲလျောင်းသွားအောင်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းမရ ဘာမှမတတ်နိုင်တော့ပါ။

ငိုရုံပဲပေါ့။

မုန်းမရ မျက်နှာကို ပိုင်ပိုင်နိုင်နိုင်ဆွဲယူသည်။ပူလောင်နာကြ တာတွေ မပျောက်သေးတဲ့ ဘယ်ဘက်ပါးပြင်ထက်မှ ပူလောင်ကွက်ဂ ကြည့်ပြီး

'ဒီ ဒဏ်ရာက ဘာဖြစ်တာလဲ'

'ပါးပေါ်တက်ပြီး ပူလောင်တာ အံ့ပါ့ကွာ' တဲ့။

တစ်ကိုယ်တည်း ပြောလည်းပြောရင်း ညှစ်ဆေးထောင့်မှ ဆေ တွေညှစ်ထုတ်သည်။ အလျားလိုက်ထွက်လာတဲ့ အဖြူရောင်ဆေးသားဂ ရေပူအိတ်တွေပေါ်တင်ပြီး လက်ညှိုးလေးနဲ့ တစ်ပြင်လုံးဆီ ဖွဖွလိမ်းပေ ၏။

ဆေးအထိမှာ အပူလောင်နေရာက အေးခနဲ့ အေးခနဲ့ ဖြ သွားသည်။

အပူကွက်ကို ဆေးလိမ်းပေးပြီးတော့ ထိုလူကြီး ခုတင်ပေါ်မှ ထွက်သွားသည်။ အခန်းပြင်ထွက်သွားပြီး ချက်ချင်းပြန်ဝင်လာသည်

အငွေ့ထောင်းထောင်းထနေတဲ့ ရေနွေးဇလုံးတစ်လုံးနဲ့ ပုဝ ဖြူတစ်ထည်ကိုင်လာသည်။

မွေ့ရာခြေရင်းမှာ ထိုင်ချပြီး ခလုတ်တိုက်လဲလို့ရတဲ့ ဒဏ်ရ ကို ရေနွေးဝတ်နဲ့ သန့်စင်ဆေးကြောပေးသည်။

အရက်ပျံနဲ့ဒုတိယအကြိမ်သန့်၍ ဆေးထည့်ကာ ခြေမကွဲရ မှာ ပတ်တီးစည်းပေးပြန်သည်။

ကျားကျားလျားလျားနဲ့ ကြမ်းတမ်းသလိုရှိတဲ့ လူကြီးရဲ့ အပြ



အမူအထိအတွေက နူးညံ့ညင်သာပေသည်။

ထိုအခါ မုန်းမရ ငိုတာတွေ အလိုလိုရပ်သွားကာ အံ့ဩစိတ် တို့နဲ့ ငေးခနဲဖြစ်သွားသည်။ လူကြီးကို ကြည့်နေရင်း မုန်းမရ အသားတွေ နွေးလာသည်။ နှုတ်ခမ်းတွေရဲလာသည်။ ဒဏ်ရာတွေက ခုမှ နာကျင်ကိုက် ခဲစပြုလာသည်။

သစ်ပင်နဲ့ဆောင့်မိတဲ့ နဖူးက ယောင်ထလာသည်။ နဖူးက ဒဏ်ရာကို ရေနွေးဝတ်ခပ်ပူပူလေးနဲ့ ဖိတို့ပေးလျှင် အရောင်လျော့စ ပြုလာသည်။

ဆေးအိတ်ထဲက ဆေးရည်ပုလင်း သေးသေးနှစ်ပုလင်းထုတ် သည်။ ပုလင်းထဲက ဆေးရည်ကြည်ကို ဆေးထိုးပြွန်ထဲဆုပ်ယူသည်။ ထို့နောက် ပြွန်ထိပ်မှာ ဆေးအပ်တပ်ပြီး

'တင်ပါးမှာ ထိုးမယ် ဘေးစောင်းလိုက်'

လူကြီးနှုတ်ခမ်းလေး လှုပ်ရုံပြောသည်။ မုန်းမရ နာခံစွာပဲ ညာဘက်ဘေးစောင်းလျှင် မုန်းမရ ကိုယ်လုံး သွယ်သွယ်လေးက မွေ့ရာ ပေါ်အလျားလိုက်ဆန့်တန်းသွားသည်။

ခါးမှာ ဝတ်ထားတဲ့ ချည်ထဘီလေးက တင်မှာကပ်ချပ်နေပါ သည်။

တင်းပါးဖုံးသည်အထိ ရှည်သောအညှံ့စားရှပ်အင်္ကျီ အဟောင်း က ထဘီပေါ်မှာ တင်ပါးထိုးနေသည်။ လူကြီးလက်က အင်္ကျီစကိုဆွဲလှန် လိုက်ပြီး ထဘီပေါ်ရောက်လျှင် လက်တစ်ချက်တွန့်လျက် တန့်သွားသည်။ တစ်ပြိုင်နက်တည်း အကြည့်ချင်းလည်း ဆုံသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား အကြည့်တွေထဲ မျောသလိုဖြစ်ကာ။

မိနစ်ဝက်နီးပါးဆုံသွားတဲ့အကြည့်ကို 'မုန်းမရ' မျက်လွှာချပြီး ဦးစွာလွှဲပစ်သည်။ ခါးမှထဘီကို ချုတ်ဖို့ တွန့်ဆိုင်းသွားတဲ့ လူကြီးလက်ထက် အရင် မုန်းမရ ကိုယ်တိုင်ဘဲ အောက်အတွင်းခံဘောင်းဘီပါအောင် ထဘီ ဖွဖွလေးလျှောချ၏။

ဖန်မီးချောင်းအလင်းရောင်အောက်မှာ စိမ်းမြရောင်လင်းနေတဲ့ တင်ပါးဖွေးဖွေးလေး ပေါ်သွားသည်။

ထိုနောက် ဆေးထိုးအပ်အသင့်ကိုင်ထားတဲ့ လူကြီးလက်ချောင်းတွေ တုံ့ဆိုင်းမနေတော့ပါ။

အရက်ပျံဆွတ်ထားတဲ့ ဂွမ်းဖတ်နဲ့ တင်းပါးကို တစ်ချက်ဆွဲပွတ်၏။ မုန်းမရ တင်ပါး အေးခနဲဖြစ်ကာ သွေးကြောစိမ်းလေး ပေါ်ကြွလာသည်နှင့်။

'ထိုးမယ်နော် နည်းနည်းစူးပြီးအောင့်မယ်၊ မရုန်းမိအောင် သတိထား'

'ဟုတ်'

မုန်းမရ ခေါင်းညိတ်လို့ပင် မပြီးသေး စူးခနဲ သွေးကြောထဲ ပြေးဝင်သွားတဲ့အပ်။ ဆေးဝင်သွားတဲ့အရှိန်ကိုလည်း သိနေသည်။ 'မုန်းမရ' ငြိမ်သက်သက်ပဲ ခံလိုက်သည်က ဒီလောက်လေး နာကျင်စူးရှတာက မှုစရာမှ မဟုတ်ဘူးလေ။

ဖွဲ့ရှဲ့ရိုက်နှက်တာက ဒီထက်အဆအထောင်အသောင်း နာကျင်စူးရှခဲ့တယ်။ ဆေးထိုးအပ်လောက်ကတော့ မုန်းမရ ဏှာခြေမပျက်ခံနိုင်ပါသည်။





သို့သော်

တင်ပါးထဲက ဆေးထိုးအပ်ထုတ်ပြီးသည်နှင့် လူကြီးလက်ဖဝါးက တင်ပါးပေါ် အုပ်ကျလာသည်။ ဆေးဝင်သွားလို့အောင့်တက်လာတဲ့ တင်ပါးကို ခပ်ဖိဖိလေး လေးငါးချက် ပွတ်ချေပေးလျှင် မုန်းမရ ရင်မှာ တလှပ်လှပ်ဖြစ်ကုန်၏။

တစ်ကိုယ်လုံးလည်း နွေးဖိုကာ အလိုလို ရှက်ရိပ်ပြေးတက်လာလျှင် မျက်နှာနှင့်နှုတ်ခမ်းက ပန်းနုရောင်စိုလဲ့လေပြီ။

လူကြီးမျက်နှာက အရောင်ပြောင်းမသွား။

တပ်ပါးကို ပွတ်ချေပေးပြီးသည်နှင့် လူကြီးလက်ဖဝါးပြန်ရုပ်သည်။ ထဘီစကို ခါးပေါ်ဆွဲတင်ပေး၍ အင်္ကျီစကိုလည်း တင်ပါးဖုံးအောင် တစ်ဆက်တည်းဆွဲချပေးသည်က မြန်ဆန်သေသပ်နေပါသည်။

'ဆေးသောက်ရမယ်ကွ၊ ကိတ်မုန့်စား ၊ စားပြီး အိုဗာတင်းနဲ့ သောက်ဦး'

မုန်းမရ မငြင်းတော့ပါ။

တစ်ညလုံး ဦးတည်ရာမဲ့ လျှောက်သွားနေတဲ့အဖြစ်က ဗိုက်ဆာကာ အူလိမ်မတက်ဖြစ်နေမှန်းအခုမှ သတိထားမိသည်။

စားသောက်စရာမြင်တော့ ပိုဆာလာသည်။

ဟန်တွေပန်တွေမဆောင်နိုင်တော့ပါ။ ထိုလူကြီး ထိုင်ကြည့်နေတာ သိလျက် ခုတင်မှာ မှီထိုင်ရင်း ကိတ်မုန့်စားကာ ၊ ဆေးကို အိုဗာတင်းနဲ့ မျောသောက်လိုက်သည်။

ပြောသမျှ လုပ်သမျှ နာခံတဲ့ မုန်းမရ အပြုအမူကို လူကြီးကျေနပ်သွားဟန်တူသည်။ လူကြီးမျက်ဝန်း ရိပ်ခနဲ ကြည်လင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ အိပ်တော့'

'ဟုတ်'

မုန်းမရ သိုးငယ်လေးလို ခေါင်းညိတ်ကာ မွေ့ရာပေါ် ကိုယ်လုံးလေးကို အဖြောင့်အတိုင်း လှဲချသည်။ ခြေရင်းက ခြုံစောင်ကို လူကြီးကိုယ်တိုင်ဆွဲယူပေးပြီး ရင်ဘက်အထိ ခြုံပေးပြန်သည်။

'ဒီမှာ ပြောဦးမယ် နားထောင်၊ ဒီတိုက်ထဲမှာ မင်းနဲ့ငါ နှစ်ယောက်တည်း'

'ရှင်'

'ညည်းအခန်း ဂျက်ချမအိပ်နဲ့'

'ရှင်'

တရှင်ရှင်နဲ့ ဖြစ်နေတဲ့ မုန်းမရ မျက်ဝန်းတောက်တောက်လေးကို လူကြီးမတ်မတ်ရပ်နေရာမှ ငုံ့ကြည့်၍ ပြောစရာရှိတာကို ပြောချ၏။

'ဂျက်ချအိပ်ရင်လည်း ဒီအခန်းသော့ ငါ့လက်ထဲမှာရှိတယ်'

အဲဒီနောက် သောက်ဆေးလေးလုံး ဘာတာကိတ်အသေးတစ်လုံးနဲ့ အိုဗာတင်းပူပူတစ်ခွက်ယူလာပေးသည်။

မုန်းမရ ခေါင်းက ခေါင်းအုံးပေါ် ကြွမတတ်ဖြစ်သွားသည်။ ဒီလူကြီး စကားလုံးတွေက နားလည်ရခက်လှသည်။

တစ်တိုက်လုံးမှာ နှစ်ယောက်တည်းရှိတယ်လည်း ပြောတယ်။ အခန်းလည်း ဂျက်မချနဲ့။ အခန်းသော့ လူကြီးလက်ထဲရှိတယ်တဲ့။

ဘာဆိုလိုတာလဲ။

'ညည်း ဘာမဆိုဖြစ်နေရင် ငါသိမှာ မဟုတ်ဘူး။ ဒါကြောင့်ပြော





တာ၊ ဂျက်ချအိပ်လည်း အပိုပဲ၊ နားလည်လား'

'မုန်းမရ' သက်မချကာ ခေါင်းဆတ်လိုက်သည်။

'ကဲ အခန်းမီး ပိတ်မယ် အိပ်တော့'

ပြောလည်း ပြောရင်း မီးခလုတ်ကိုလည်း တစ်ဆက်တည်း ပိတ်ချ၏။ အခန်း မြူးမှိုန်ခနဲ မှောင်သွားလျှင် လူကြီးခြေသံလှမ်းသံကြားရသည်။

ထိုခြေသံက မုန်းမရ ခုတင်နဲ့ လျပ်တိုက်ဝေးကာ ။အခန်းတံခါးစေ့ပိတ်သွားတဲ့နောက် လုံးဝပျောက်ကွယ်သွားတော့သည်။

လူကြီးရယ်။

ရှင် ဘယ်လိုလူလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

'ချပ် ချပ် ချပ်'

သာယာနာပျော်ဖွယ်ကောင်းသော နာရီခေါက်သံ မတိုးမကျယ်
နားထဲစီးဝင်လာလျှင် 'မုန်းမရ'နိုးလာသည်။

စေ့ပိတ်ထားတဲ့ မျက်လွှာမဖွင့်သေး။နားထဲဝင်လာတဲ့ နာရီ
ခေါက်သံ ကြားတဲ့အတိုင်း ရင်ထဲမှာ တစ် နှစ် ရေတွက်မှတ်သားမိ

တစ်ဆယ်။

ဆယ့်တစ်။

ဆယ့်တစ်ချက်တိတိမြည်သံကြားရပြီးနောက် တိတ်ကျသွား
သည်။ ဒါဆိုဆယ့်တစ်နာရီထိုးပြီးပေါ့။ ဆယ့်တစ်နာရီဆိုတဲ့ အသိ
မုန်းမရ ကုန်းရုန်းထလျှင် နာကျင်မှုက ဟိုမှ ဒီမှခံစားလိုက်ရသည်။

ပါးပြင်မှာ ရေပူအိတ်တွေဖိကပ်နေပေမယ့် ပူကြိမ်းနေသေး
သည်။ ခြေမနဲ့ နဖူးက ဒဏ်ရာလည်း ဆစ်ခနဲ ဆစ်ခနဲ နာနေသေးသည်

ဆေးရှိန်ကုန်ပြီ ထင်တယ်။





နာကြင်ပူကြိမ်းတာကို ကျိတ်မှိတ်ခံရင်း မွေ့ရာထက်မှ လူးလဲထလျှင် ဦးစွာမြင်ရသည်က အဖေပိုးစာရွက်ရှည်တစ်ရွက်။ အဖြူရောင်စာရွက်ပေါ် မင်ပြာနဲ့ရေးထားတဲ့ စာလုံးဝိုင်းလေးတွေ။

ဘာများပါလိမ့်။

သိချင်စိတ်နဲ့ ကမန်းကတန်း ဖတ်သည်။

ညည်းနိုးပြီပေါ့ အေး နိုးမှပဲ ဒီစာမြင်မယ်။ ညည်းနိုးရင် ဘာဘာညာညာ စိတ်မကူးနဲ့ ဟိုဒီထွက်သွားဖို့လည်း မတွေးနဲ့ လောလောဆယ် ငါပြောမယ် ခြေရင်းဘက်အခန်းက ရေချိုးခန်းနဲ့အိမ်သာ နိုးတာနဲ့ ခြေလက်သန့်စင် ဒဏ်ရာတွေ ရေမထိစေနဲ့ ကြားလား။

ပြီးရင် ခေါင်းရင်းက စားပွဲပေါ်မှာ စားစရာတင်ထားတယ်။ ဗိုက်ဝအောင်စား ၊ စားပြီးရင် စားပွဲပေါ်မှာ ပလပ်စတစ်အကြည်လေးထဲ ထည့်ထုပ်ထားတဲ့ ဆေးခြောက်လုံးရှိတယ်။ အဲဒီဆေးသောက် ၊သောက်ပြီးရင် အိပ်ရာပေါ်ငြိမ်ငြိမ်လေးနေ။ ငါပြောတဲ့အတိုင်းနေ။ ငါစိတ်အနှောင့်မယှက်ဖြစ်အောင် မလုပ်နဲ့ ကြားတယ်နော်။

အေး။ ဒါပဲ။

စာဖတ်ပြီး 'မုန်းမရ' နှုတ်ခမ်းလေး တွန့်ခနဲဖြစ်ကာ။

'ဟွန်း။ လူကြီး'ကလို့လည်း ရင်ထဲမှာ နှစ်လိုသလို ၊ရွတ်မိသွားသည်။

လူကြီးက ဘယ်သူလည်း ၊ဘာမှမပြောသလို ၊မုန်းမရကိုလည်း ဘာမှမမေးဘူး။ ပြောချင်တာပြောတဲ့ လူကြီး။

စာရေးပြီးပြောတာက ဘေးနားမှာ တကယ်ပြောနေသလိုပဲ။

မာမာပြတ်ပြတ်ချည်း မဟုတ်သလို တာဝန်ကျေပြောတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်းမတူ။ ပါးလုပ်တဲ့နှုတ်ခမ်းကို တွန့်ပြီး ခပ်တိုးတိုးပြောသော်လည်း ရှင်းသည်။ တိကျသည်။ ခိုင်မာနေသည်။

ပြောပုံဆိုပုံက 'မုန်းမရ' စိတ်ထဲ တစ်ခါတစ်ခါ မရှင်းတာတွေ နားမလည်တာတွေနဲ့ဖြစ်သည်။

ညကပဲကြည့် ပြောတဲ့စကားလုံးတွေက တစ်မျိုးချည်း။

စာထဲကစကားလုံးတွေက စကားပြောနေတဲ့အတိုင်းပဲ။

ဘာပဲဖြစ်ဖြစ်။

လောလောဆယ် 'လူကြီး'က 'မုန်းမရ'အတွက် ကြမ္မာမဆိုးစေသေးပါ။ အလုံခြုံဆုံး အရိပ်ဆိုရင် ပိုမှန်မယ်ထင်တယ်၊ လူကြီးအရိပ်မှာ 'မုန်မရ'ရှိနေမှ မုန်းမရ ဒဏ်ရာလည်းပျောက်မယ်။ စားဖို့သောက်ဖို့လည်း ရမယ်လေ။

'မုန်းမရ'ဆီမှာ ပိုက်ဆံတစ်ကျပ်မှ မရှိဘူး။ ပိုက်ဆံမရှိ ဘာမရှိ ဟိုဒီလျှောက်သွားနေတာထက် 'လူကြီး'အရိပ်မှာခိုလှုံတာ. အကောင်းဆုံးပဲ။

'ဟုတ်တယ်'လို့ မုန်းမရ အဆိုကို 'မုန်းမရ'ထောက်ခံလိုက်သည်။

ကျေနပ်နော် လူကြီး။

စာထဲကအတိုင်း 'မုန်းမရ'တစ်သွေးမသိမ်း လိုက်နာကာ။

ခုတင်ပေါ်က ဆင်းပြီး ခြေရင်းခန်းက ရေချိုးခန်းနဲ့အိမ်သာဝင်သည်။ အရင်ဆုံး ကိုယ်လက်သန့်စင်လိုက်သည်။

ပြီးရင် ခေါက်ဆွဲခြောက်ထုပ် ၊မုန့်ပုံး ၊ကိတ်မုန့် ၊ကော်ဖီနှင့် ရေနွေးအပြည့်ရှိတဲ့ ဓါတ်ဘူးရှိရာ ခေါင်းရင်းစားပွဲရှေ့သွားသည်။ စိတ်





ကြိုက် စားသောက်လို့ရအောင် လူကြီး အဆင့်သင့်ထားပေးတဲ့အတိုင်း မုန်းမရ တစ်ဝတစ်ပြဲ စားသောက်ပစ်သည်။

မုန်းမရ တစ်ယောက်တည်းဆိုတော့ ဘာမှအားနာစရာမလို။ ဟီး။

လူကြီးတော့ ပြောမှာပဲ အစားပုတ်တယ်လို့။

ပြောပစေ။

လူကြီး စားခိုင်းတဲ့အတိုင်းစားတယ်။ သောက်တယ်လို့ ပြန်ပြောလိုက်မှာပေါ့။

နောက်ဆုံးမှ ဆေးထုပ်လေးကို ယူသည်။ ဆေးခြောက်လုံးက အရောင်မတူသလို အရွယ်အစားလည်းမတူ။သောက်ခိုင်းတဲ့အတိုင်း ကော်ဖီနဲ့မျောသောက်လိုက်သည်။

ဆေးသောက်ပြီးရင် အိပ်ရာပေါ်ငြိမ်နေတဲ့။

အဲဒါကိုတော့ ဆန့်ကျင်ချင်သည်။

အိပ်ရေးဝပြီးဆိုတော့ အိပ်ရာပေါ် မနေချင်တာအမှန်။

ဒဏ်ရာတွေက စူးတဲ့နေရာစူး။ နာနာကျင်ကျင်ဖြစ်နေတဲ့နေရာက နာကျင်ကျင်ပေမယ့် 'မုန်းမရ' ခံနိုင်ပါသည်။

ဆေးလည်း သောက်ပြီးဆိုတော့ မကြာခင် သက်သာလာမှာသေချာသည်။ လောလောဆယ် ဖုန်နံ့တွေရနေတဲ့ ဟောဒီအခန်းလေးကို အရင်ရှင်းလိုက်သည်။

ဒီအခန်းလေးက တစ်ယောက်တည်းနေဖို့ ကျယ်လွန်းသည်။ ခုတင်နဲ့မွေ့ရာက မိသားစုတစ်စု အိပ်လို့ရတဲ့အထိ ကြီးလှသည်။

အခန်းနံရံမှာ ခေတ်မှီဗီရိုတွေက လေးငါးလုံး ၊အဲယားကွန်း



www.burmeseclassic.com

www.burmeseclassic.com



လည်း တပ်ထားသေးသည်။ လူမနေတာကြာပြီ ထင်တယ်။ အောက်နံ့နဲ့ ဖုန်နံ့တွေ သင်းနေသည်။

အခန်းလယ်ရှိ စားပွဲဝိုင်းပေါ်မှာ ပန်းအိုးတွေ ဘာတွေရှိပေမယ့် ပန်းတွေကြွေကျကာ ခြောက်သွေ့နေပြီး အခန်းထောင့်နံရံမှာလည်း မှိုင်းအိမ်တချို့ ဖုန်ခါတဲ့ ကြက်မွှေးတံမြက်စည်းကလည်း ဗီရိုရှေ့မှာ ကန့်လန့်ကျလျက်။

ပါးကေးကြမ်းခင်းက ဖုန်ရောင်နဲ့မှိန်နေသည်။

လောလောဆယ် ဒီအခန်းကို မုန်းမရ သန့်ရှင်းရေးလုပ်ပစ်လိုက်သည်။

လူကြီး သိလို့ဆူချင်ဆူပစေ။

အခန်းသန့်ရှင်းအောင် လုပ်ပြီးမှ လူကြီးပြောတဲ့အတိုင်းအိပ်ရာပေါ် လဲလျောင်းအနားယူကာ နေလိုက်၏။

စာတစ်စောင်နဲ့ 'မုန်းမရ'ကို ထားခဲ့ပြီး လူကြီးက ဘယ်သွားနေတာလဲ။

လူကြီးအကြောင်းတွေးရင်း 'မုန်းမရ'မျက်လွှာစင်းကျသွားကာ မေ့ခနဲ အိပ်ပျော်သည်က ဆေးရှိန်ကြောင့်လား။

ဒါမှမဟုတ်

ပင်ပန်းသွားတဲ့ အရှိန်ကြောင့်လား။

ဘာကြောင့်မှန်း 'မုန်းမရ' ခွဲခွဲခြားခြား မသိတော့ပါ။

ပြန်လည် အိပ်ပျော်သွားသည်က နစ်နစ်မြိုက်မြိုက် ဖြစ်တော့သည်။

■ ■ ■



## အခန်း (၇)

နီဝါရောင်မှိုင်းအိလျက် တိမ်ဆိုင်တွေအလွှာလိုက် တောက်ရှန်းနေသည့်တစ်ခုသော ဆည်းဆာပျို့ ညနေခင်း။ ထိုညနေခင်းလေးက ရင်ဖိုလွယ်သော ဆယ်ကျော်သက်ကောင်မလေးတို့၏ နှလုံးသားကို သရိုးသရီဖြစ်စေဖို့ ရွရွလေးမှုန်းခြယ်လျက်ရှိသည်။

'မုန်းမရ'အလိုလိုနိုးလာချိန်က နေလုံးဝင်လုနေပြီ။

တိမ်သားတွေနီမောင်းဝါကျင်ကာ တောက်ပသောအလင်းရောင်များဖြန့်ကျက်နမ်းရှိုက်ထားတဲ့ ညနေခင်းက ရှုမဝအောင်လှနေပါသည်။

မုန်းမရ အိပ်ရာပေါ်ကဆင်းကာ အဖြူနုရောင် လိုက်ကာအိအိကြီးကို လက်ချောင်းလေးနဲ့ တယုတယဖယ်ကြည့်သည်။

မြင်ကွင်းက လှပါဘိ။

ခြံဝင်းကျယ်ကြီးက ညနေဆည်းဆာရောင်အောက်မှာ ငြိမ်သက်လျက်ရှိသည်။ မုန်းမရ ရှိနေတဲ့အခန်းက တိုက်ကြီးရဲ့ဒုတိယထပ် ဖြစ်ဟန်



www.burmeseclassic.com

www.burmeseclassic.com



တူသည်။

အပေါ်မော့ကြည့်သလို အောက်လည်းငုံ့ကြည့်တော့ အပေါ် တစ်ထပ်နဲ့ မြေညီထပ်ရှိနေသည်။

တိုက်ရှေ့မျက်နှာစာမှာ ရောင်စုံရွက်လှပန်းခင်းနဲ့ ကားဝင်လမ်း ကြောင်း ဖော်ထားတဲ့ ရောင်စုံနှင်းဆီတစ်ခင်း။။

ရွက်လှပန်းခင်းဘေးမှာ အလှစိုက်ထားတဲ့ မြက်ခင်းစိမ်း။ ထိုဘေးကျကျမှာ ရှည်လျားပေမယ့် အသည်းပုံဖော်ထားသော ရေကူးကန် ရှိသည်။

ကန်ထဲက ရေတွေက စိမ်းမြကြည်လဲ့ကာ ဘောင်ဘင်ခတ်လှုပ် ရှားနေသည်။ ကန်ထဲကရေက ငြိမ်မနေဘဲ ဘာကြောင့်လှုပ်နေပါလိမ့်။

စူးစမ်းချင်စိတ်နဲ့ လှုပ်ရှားနေတဲ့ကန်ရေပြင်ကို ငေးကြည့်စဉ် ရေကန်အလယ်မှ ဘွားခနဲ ပုံလာတဲ့ပုံရိပ်။

ရေမှုန်ရေပန်းဖွားတွေကြားမှ 'လူကြီး'မှန်းသိသွားလျှင် 'မုန်းမ ရ' နှုတ်ခမ်းလွှာလေး ဟသွားသည်။

လူကြီးက စိတ်ကြိုက်ရေကူးရင်း ရေငုံ့နေတာဖြစ်မယ်။

ဒါကြောင့် ကန်ရေလှုပ်နေတာကိုး။

တိမ်ရောင်တောက်ပနေတဲ့ အလင်းအောက်မှာ ရေကန်ထဲက 'လူကြီး'ပုံစံက ထင်းနေသည်။

ရေကူးဘောင်းဘီအနီရဲရဲလေးကလွဲပြီး လူကြီးတစ်ကိုယ်လုံးက ရေထဲမှာပေမယ့် ဖွေးခနဲ ဖြစ်နေသည်။ တစ်ကိုယ်လုံးဆန့်ပြီး ပက်လက် ကူးနေတဲ့လူကြီး။

ဟွန်း။





မုန်းမရ နှုတ်သစ်လေးတွန့်မဲ့သွားသည်။

ရင်အုပ်ကျယ်ကျယ် ပခုံးဖြောင့်ဖြောင့် အရပ်ကြီးကလည်းရှည် ကိုယ်လုံးကလည်း တောင့်တင်းကျစ်လစ်နေသလို။

ရင်ဘတ်မှာလည်း အမွှေးရိုင်းတွေနဲ့

တော်တော်အမွှေးသန်တဲ့လူကြီး ....။

ရေကူးကန်ထဲက ဖြောင့်မတ်မတ်ချည်းတက်လာတဲ့အခါ ရေ တွေ တစ်တောက်တောက်ကျနေသလို တစ်ကိုယ်လုံးက အတိုင်းသား။

ခြေသလုံးမွှေးတွေပါ ရေစိုကပ်ကာ အသားပေါ်မှာစင်းကျနေ သည်။

လူကြီးပုံစံက မုန်းမရ ချောင်းကြည့်နေတာလဲ သိဟန်မတူ။

ရေကန်ထဲက ဒီအတိုင်းတက်လာသည်၊ ကန်ဘောင်ပေါ်ရောက် မှ လက်တန်းပေါ်တင်ထားတဲ့ အဖြူရောင်မွှေးပွသဘက်ဆွဲယူပြီး ခါးမှာ ပတ်သည်။ နောက်တစ်ထည်နဲ့ ခေါင်းနဲ့ကိုယ်ကို ပွတ်သုတ်ရင်း တိုက်ထဲဝင် လာသည်။

ဒီပုံစံကြီးနဲ့ မုန်းမရ အခန်းထဲဝင်မလာပါနဲ့ လူကြီးရယ်။

မုန်းမရ အခန်းတံခါးနားကပ်ရပ်ကာ ငြိမ်သက်နေမိသည်။

မုန်းမရ ဆုတောင်းပြည့်ပါသည်။

လူကြီးခြေသံရှပ်ရှပ်က အပေါ်ထပ်လှေကားထစ်တွေဆီနင်းပြီး တက်သွားမှန်းသိသာသည်။ လူကြီးက အပေါ်ဆုံးထပ်မှာနေတယ်ဖြစ်မယ်၊

တော်ပါသေးရဲ့။

မုန်းမရ သက်မလေးချရင်း ခုတင်ခေါင်းရင်းမှာ ခြေတွဲလောင်း ချထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက် လူကြီးဘာညွှန်ကြားဦးမလဲ။ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေရင်း စောင့်ကြည့်နေရတဲ့ မုန်းမရ။

နာရီဝက်လောက်ကြာတော့ 'မုန်းမရ' အခန်းဆီ ရွှေ့လာတဲ့ လူကြီး ခြေသံကြားရသည်။ မုန်းမရကိုယ်လေးမတ်ကာ မျက်ဝန်းဝိုင်းနဲ့ အခန်းတံခါးဆီ ငဲ့ကြည့်၏။ လက်တစ်လုံးလောက်ဟနေတဲ့ ကျွန်းတံခါး တွန်းဖွင့်ပြီး မုန်းမရအခန်းထဲ ဝင်လာတဲ့လူကြီး။

'နိုးတာကြာပြီလား'

'ခုပဲ'

'ငါလာတုန်းက ဝင်ကြည့်တာ အိပ်နေတာတွေ့လို့'

မုန်းမရ ရင်ထဲ လိုက်ခနဲ ဖြစ်သွားသည်။ လူကြီးက ဘယ်အချိန်က ပြန်ရောက်ပါလိမ့်နော်။ အိပ်ပျော်နေတဲ့ မုန်းမရကိုယ် မရ အပြစ်တင်မိသည်။ အပြင်ကုတ်အင်္ကျီအနက်ထဲ လက်တစ်ဖက် နှိုက်ကာ မုန်းမရရှေ့ ကိုယ်မတ်မတ်လျှောက်လာရင်း မေးသည်။

'အိပ်ရေးဝရဲ့လား'

မုန်းမရ ခေါင်းညိတ်လိုက်သည်။

အလယ်ခွဲဖြီးထားတဲ့ရေစိုဆံပင်က လူကြီးပခုံးထက် ကုတ်အဖြူ ပေါ်မှာ အဖျားကော့စင်းကျနေသည်။ မျက်နှာပေါ်က အမွှေးအမျှင်တွေက ရှိနေဆဲ။

ကုတ်အင်္ကျီကို ရင်ဘတ်ဟဝတ်ထားပေမယ့် အထဲမှာ အနက်ရောင်စွယ်တာ တစ်ထပ်ဝတ်ထားလို့ တော်သေးသည်။ စတိုင်ဘောင်းဘီ ပွပွနဲ့ လူကြီးအသွင်ကို အနီးကပ်မြင်လျှင် မုန်းမရ ရင်မှာ လှုပ်ရှားသလို ဖြစ်သည်။



လူကြီးကတော့ တည်တည်ငြိမ်ငြိမ်ပါဘဲ။ မုန်းမရရှေ့တည့်တည့် ခြေစုံရပ်သည်။

ပြီး ပါးပေါ်မှာ အဖေးတက်နေတဲ့ ဒဏ်ရာ။ အရောင်လျော့ကျသွားတဲ့ နဖူးနဲ့ ပတ်တီးစည်းထားဆဲဖြစ်တဲ့ ခြေမကို အလှည့်ကျကြည့်သည်။

ထို့နောက်

စင်းချထားတဲ့ 'မုန်းမရ' မျက်လွှာကို တည်တည်ငုံ့ကြည့်ရင်း

'သက်သာရဲ့လား'

'ဟုတ်'

'ပါးက ဒဏ်ရာကို ဆေးထည့်ရမယ် မျက်နှာမော့'

မုန်းမရ ခေါင်းအသာဆတ်ကာ မျက်နှာလေးမော့၍ ဒဏ်ရာရှိတဲ့ ပါးပြင်ကို လူကြီးဘက်လှည့်ပေးလိုက်သည်။

ကုတ်အင်္ကျီထဲ လျှိုထားတဲ့ လူကြီး လက်တစ်ဖက်ထွက်လာလျှင် ဆေးဘူးဝိုင်းတစ်ဘူး တစ်ပါတည်း ပါလာသည်။

ဘူးဝိုင်းကို လူကြီးကိုယ်တိုင်ဖွင့်ကာ ရေကြည်လိုဆေးရည်ကို ဂွမ်းဖတ်လေးနဲ့တို့၍ ဒဏ်ရာအနှံ့ရွှဲရွှဲလိမ်းပေးသည်။

ဆေးရည်ကြောင့် ဒဏ်ရာက မသိမသာပူစပ်သည်။

'ပါးပေါ် ဒဏ်ရာရတာကလည်း အပူလောင်တာတဲ့ ဆန်းတယ်နော် ဘာဖြစ်လို့လဲ' ဟု

ခနဲ့သံမျိုး မဟုတ်တဲ့အသံနဲ့ ဆေးရည်လိမ်းပေးရင်း မေးသည်။ ထိုအခါ မီးပူနဲ့ ရှပ်ခနဲ ကပ်ထည့်လိုက်တဲ့ မမသွေး အပြုအမူကို မြင်လျှင် ဝမ်းနည်းမျက်ရည်စိမ့်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးရိပ်မိဟန်တူသည်။

'မပြောချင် မပြောနဲ့ အတင်းမမေးဘူး'

မုန်းမရ ရင်မှာဝမ်းနည်းစိတ်လေး ပြယ်ကျသွားသလို ခံစားရသည်။ ဒီအကြောင်းတွေ ဘယ်သူ့မှ မပြောချင်တာအမှန်ပါ။ အတင်းမမေးဘူးလို့ ပိတ်ပြောတဲ့လူကြီးကို ကျေးဇူးတင်စွာ မော့ကြည့်သည်။

'ညည်း ဗိုက်ဆာနေပြီ မဟုတ်လား'

ဆေးရည်ထည့်ကာ လက်စသတ်ရင်း 'လူကြီး' မေးသည်။

'ဘာ ဘာဖြစ်လို့လဲဟင်'

' ဟ ထမင်းဟင်းချက်တဲ့သူမှ မရှိတာ၊ နေ့တိုင်း ငါအပြင်မှာ စားနေကျကွ 'ညည်း' လိုက်ခဲ့ ဟုတ်ပလား'

'အင်း မ မလိုက်တော့ဘူး'

'ဘာ'

လူကြီးဆေးဘူးအဖုံးပုံးနေရင်း 'ဘာ' ခနဲ အော်သည်။ မုန်းမရ ဘဝက ကိုယ့်အကြောင်းနဲ့ကိုယ့်မို့

'ဟို ဟိုလေ အပြင်မထွက်ပါရစေနဲ့'

'ဘာဖြစ်လို့'

'မမသွေးတို့တွေ့သွားရင် ပြဿနာရှာဦးမှာစိုးလို့ 'ဟု အသံမထွက်အောင် ရင်ထဲမှာပဲ ပြောမိသည်။

မမသွေးက ညနေတိုင်း အပြင်ထွက်ကာ ညနေစာကို သူငယ်ချင်းတွေနဲ့ ဟိုဆိုင် ဒီဆိုင်သွားစားနေကျ။

မတော်တဆ တွေ့သွားရင် ကြမ်းမှာဆိုးလာမှာ သေချာသည်။ ဒါကြောင့်မို့ပါ လူကြီးရယ်လို့ ပြောပြရမှာလည်း အားနာလှသည်။





လူကြီးကလည်း ဘာဖြစ်လို့လဲမေးပြီးမှ ကြုတ်တွန့်ထားတဲ့ မျက်ခုံးတန်းကို ဖြေချဆန့်တန်းလိုက်ပြီး

'ဆောရီး မမေးတော့ဘူး ညည်းလည်း ဘာမှမပြောနဲ့တော့၊ ငါအပြင်ထွက်စားမယ်၊ ညဦးအတွက် ဝယ်လာပေးမယ်၊ ဘာစားမလဲ၊ ကြေးအိုးသောက်မလား၊ အကင်တွေဘာတွေကော စားမလား'

'ထမင်းပဲ စားမယ်'

'အိုကေ'

ဆေးဗူးအဖုံးကို အသေအချာပိတ်၍ စားပွဲပေါ်တင်ပြီး ပေါ့ပေါ့ပါးပါးပြောတဲ့လူကြီး။ အသံမတိုးမကျယ်နဲ့ အိုကေလို့ ပြောတာနားဝင်ပီယံ ရှိလှသည်။ ပြီးတော့ တစ်ဆက်တည်းပြောသည်။

'ဒဏ်ရာကို လုံးဝ ရေပေးမထိနဲ့နော်'

အဲဒါကိုတော့ အသေအချာ ပြောသည်။ မုန်းမရလည်း အငလေးတယူ ခေါင်းညိတ်ပါသည်။

'ကဲ လာခဲ့'

တိုတိုပြတ်ပြတ်ပြောရင်း ထွက်သွားတဲ့ လူကြီး။ ဘယ်လိုနားလည်ရမှန်းမသိပေမယ့် မုန်းမရ ပြန်မမေးတော့ပါ။

ကုတ်အင်္ကျီထဲ လက်နှစ်ဖက်လုံးလျှိုထည့်ပြီး မတ်မတ်ကြွကြွ လျှောက်ထွက်လာတဲ့ ခြေလှမ်းကြဲနောက် မုန်းမရ၊ သွက်သွက်ကလေး ပါခဲ့ရသည်။

စတီးလက်ရန်းပါတဲ့ ကွန်ကရစ်လှေကားအလယ်မှ လူကြီးဆင်းသွားတဲ့ အတိုင်း မုန်းမရ လိုက်ဆင်းခဲ့သည်။ အောက်ထပ်အခန်းထဲရောက်တော့ လူကြီး တစ်ချက်လှည့်ကြည့်၏



www.burmeseclassic.com

www.burmeseclassic.com



မုန်းမရ ပါလာတာသိတော့ ကျေနပ်သွားဟန်နှင့် မျက်လွှာမေး ချကြည့်သည်။

ထို့နောက် အကြည့်ရုပ်ပြီး ခြေလှမ်းဆက်ရွေ့ကာ ခေတ်မှီ ပရိဘောဂတွေနဲ့ ကြွားကြွားဝါးဝါးရှိလှတဲ့ညစာခန်းအလယ်ရှိ လေးထောင့် မှန်စားပွဲရှေ့ လူကြီးရပ်လိုက်သည်။

စားပွဲပေါ်က ငွေရောင်အနားကွပ်ပါတဲ့ ပန်းအိုးကိုပင့်၍ နေရာ ရွှေ့သည်။ ပန်းအိုးထဲ ပန်းတစ်ပွင့်မှထိုမထားပေမယ့် ပန်းအိုးကိုခါးလယ် မှ ကိုင်၍ လက်ဖဝါးပေါ် သွန်မှောက်လိုက်သည်။

ထိုအခါ သော့တံတစ်ချောင်းတည်းပါတဲ့ သော့တွဲက လူကြီး လက်ဖဝါးအလယ်မှာ။

'ရော့ ခြံတံခါးသွားဖွင့်၊ နိုင်းတာမဟုတ်ဘူးနော်၊ ငါ ကားထုတ် ရဦးမယ်'

တစ်ဆက်တည်းပြောရင်း မုန်းမရ လက်ထဲ သော့တွဲထည့်ပေး သည်။မုန်းမရ ခေါင်းညိတ်၍ သော့တွဲကို ဆုပ်ကိုင်လိုက်သည်။

ညစာခန်းမှန်တံခါးဆီ လူကြီးလျှောက်သွားပြီး ကိုယ်တိုင်တံခါး ဖွင့်ပေးလျှင် မုန်းမရ ကိုယ်လေးယို့၍ လူကြီးရှေ့မှ ပေါ်တီကို အောက် ထွက်ခဲ့သည်။ လူကြီးလည်း မုန်းမရ နောက်ကလိုက်ထွက်ကာ တိုက်၏ ဘယ်ဘက်ဆီ လမ်းခွဲထွက်သွားသည်။

မုန်းမရက ကားဝင်လမ်းအတိုင်း ခြံထဲဆင်းသည်။

ညနေမှောင်ရီရီမှာ စတီးပိုက်တိုင်တွေနဲ့ ဘောင်ခတ်ထားတဲ့ စတီးပန်းတံခါးက ဖိတ်ဖိတ်လက်နေသည်။

ခြံဝင်းသော့ငွေရောင်ကို ဆုပ်ကိုင်ထားတဲ့ သော့တံထည့်ပြီး





လှည့်ဖွင့်သည်နှင့် သော့ကလောက်က ဂျောက်ခနဲ ပွင့်သည်။

သော့ဖွင့်သံနဲ့အတူ ကားစက်သံကြားရလေသည်။ တံခါးနှစ်ချပ် လုံးကို ဆွဲဖွင့်ပြီးမှ လူကြီးဘက် မုန်းမရ ကြည့်သည်။

တိုက်ကြီးရဲ့ဘယ်ဘက်ဂိုထောင်ထဲမှ ထွက်လာတဲ့ကားက တိုက်ရှေ့ပေါ်တီကိုအောက်မှတစ်ဆင့် ကားဝင်းလမ်းဆီ လျှောခနဲ လှိမ့် ထွက်လာသည်။ ခဲစိမ်းရောင်ဖိတ်ဖိတ်တောက်နေတဲ့ ပရာဒိုကား သစ်ကြီး။ အဲဒီကားမျိုး မမသွေးနဲ့မာမီဆွေ ကိုယ်တိုင်မောင်းချင်သလို ပိုင်ချင် တာလည်း ငမ်းငမ်းတက်။ ဒယ်ဒီမဆုံးခင်က သားအမိနှစ်ယောက် ပူဆာ နေတာမုန်း မရ နားနဲ့ဆက်ဆက်ကြားရသည်။ ဒီလိုကားရရင် မမသွေးနဲ့မာမီဆွေ ဘယ်လောက်တောင် သွေးနာထင် ရောက်နေမလဲ မသိဘူး။ ဒယ်ဒီ ဝယ်မပေးဘူးပြောတော့ သားမိနှစ်ယောက် ကက်ကက် လန် ရန်ဖြစ်သည်။ ဒယ်ဒီကိုဘာညာနဲ့ ရင့်ရင့်သီးသီး ပြောသည်။ ထိုအဖြစ်ကိုကြည့်ပြီး ဘွားဘွား သက်ပြင်းတချချနဲ့ အတန်တန် ခေါင်းရမ်း သည်။ မုန်းမရ ကတော့ ဆူပူဆဲဆိုခံရတဲ့ ဒယ်ဒီ၊ သက်ပြင်း ချနေရှာတဲ့ ဘွားဘွားကို သနားမိသည်။

'ဟေ့ ဘာငေးနေတာလဲ'

လူကြီးအသံပေါ်လာမှ မုန်းမရ အသိဝင်လာသည်။ မုန်းမရ ကြည့်လိုက်တော့ လူကြီးမောင်းတဲ့ကားက ခြံပြင်ရောက်နေပြီ။

ခြံပြင်မှာ ကားရပ်ပြီး ကားပေါ်ကဆင်းလာရင်း လူကြီး ပြောခြင်း။

'ဘာ ဘာမှ မငေးပါဘူး'

မုန်းမရ ထစ်ငေါ့စွာ ဖြေရှင်းသလို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'မငေးရင် ခြံတံခါးသော့ခတ်'

'ဟုတ်'

မှန်းမရ ကမန်းကတန်းတံခါးဆွဲစေ့ပိတ်ပြီး သော့ခတ်လိုက်သည်။သော့ခတ်ပြီးသည်နှင့်

'သော့ပြန်ပေး'ဟု

တောင်းလျှင် မှန်းမရ မျက်လုံးလေး ဝိုင်းသွားသည်။

'ရှင်'

လို့အသံထွက်သွားသလို လူကြီးကို မော့ကြည့်မိသွားသည်။ ဘာသဘောနဲ့ သော့တောင်းတာလဲ။

စတီးတန်းကြားမှ မှန်းမရကို ငုံ့ကြည့်ရင်းသော့ပြန်တောင်းတဲ့ လူကြီးကို မော့ကြည့်မိသွားသည်။

လူကြီးနှင့် အကြည့်ချင်း ဒိုင်းခနဲ ဆုံသည်။

'ပေးလေ သော့'

'မှန်းမရ'ကိုမယုံလို့လား။ လူကြီးမျက်ဝန်းက မယုံလို့လည်း မဟုတ်ပြန်။ ဒို တောင်းတော့လည်း ပေးရုံပေါ့။

မှန်းမရ နှုတ်ခမ်းစူ၍ စတီးတန်းကြားမှ သော့တွဲကမ်းပေးလိုက်သည်။ လှမ်းအယူမှာ လူကြီးနဲ့ လက်ချောင်းလေးချင်းထိခတ်သွားတော့ မှန်းမရ ပါးမို့မို့လေးက ဆည်းဆာနေခြည်ဆမ်းထားသလို အရောင်ပြောင်းသွားသည်။

လူကြီးမျက်နှာကပင် ကိုယ်အရောင်အတိုင်းပဲ။ နှုတ်ခမ်းလေးလှုပ်ပြီး ခပ်တိုးတိုးပြောသည်။

'ခြံထဲမှာပဲ စောင့်နေ ငါအခုပြန်လာမယ်'





ဒါပဲပြောပြီး သော့တွဲကို ကုတ်အင်္ကျီအိတ်ထဲထည့်၍ ကားပေါ်ပြန်တက်သည်။ မှန်းမရ ခေါင်းညိတ်ဖို့မေ့နေသယောင်နဲ့ စတီးတိုင်ဆုပ်ကိုင်လျက် လူကြီးကိုပဲ ငေးနေမိသည်။ လူကြီးချက်ချင်းပဲ ကားကို လျောခနဲ မောင်းထွက်သွားသည်။

ဟွန်း

ရှင်သဘောထားကို ဘယ်လိုနားလည်ရမလဲ လူကြီးရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

အမှောင်နုနုအရောင်က ညဦးအချိန်မှာ ဝိုးတဝါး လှပနေ၏

တခြားခြံတွေမှာ မီးလင်းနေပြီး ဖြစ်ပေမယ့် လူကြီးခြံထဲမှာ မီးထွန်းမထားပေ။

တိုက်ထဲမှာတော့ အခန်းတချို့ မီးလင်းနေပေမယ့် လိုက်ကာ စရှည်တွေကြောင့် အလင်းရောင်အပြင်ကို ဖြာကျမနေသည်က ငြိမ်ငြိမ် ဆိတ်ဆိတ်အိပ်မောကျနေသည့်နှယ်။

ထိုအခါ သဘာဝအတိုင်းဖြန့်ခြုံထားတဲ့ မှောင်ရိပ်ပျိုးပြ ညဦးမှာ လူကြီးခြံဝင်းထဲမှ အရာရာက မပီမပြင်။

မြက်ခင်းစိမ်းက အမှောင်ရိပ်ကြောင့် စိမ်းနက်နက်အရောင် မှောင်အိနေသည်။ ရောင်စုံနှင်းဆီပင်တွေနဲ့ ရွက်လှပင်တို့က ပင်ကိုယ် အရောင်ပေါ်မှာ အနက်နုနုဖဲပဝါဖြန့်ခင်းထားသလို ကြည့်ရတာ တစ်မျိုး ကောင်းနေသည်။





ထိုစဉ် စူးရှရှလင်းလာတဲ့ မီးရောင်နဲ့အတူ လျှောခနဲ ကားထိုး ရပ်သံ။ကားရပ်သံကြောင့် လူကြီးအကြောင်း တွေးရခက်ခက်ဖြစ်နေတဲ့ မုန်းမရ ဆက်မတွေးတော့ပါ။

အတွေးစကို ဖြတ်တောက်ပစ်၏။

နှင်းဆီးပန်းပင်တန်းနားမှာ လူကြီးပြန်အလာကိုထိုင်စောင့် နေရာမှ၊ ချက်ချင်းထပြီး တံခါးဆီ လျှောက်လာသည်။

ကားပေါ်က ဆင်းလာတဲ့ လူကြီးလက်ထဲမှာ ဖော့ဘူးနဲ့ ထမင်း ဟင်းထည့်ထားတဲ့ လက်ဆွဲအိတ်နဲ့အတူ တစ်ဖက်လက်မှလည်း သစ်သီး သုံးလေးမျိုးထည့်ထားတဲ့ အိတ်တစ်လုံးပါသေးသည်။

'ရော့ သေချာယူ'

တံခါးကို လက်မြှောက်ကျော်ပြီး အထဲက 'မုန်းမရ'ကို ကမ်း ပေးတဲ့လူကြီး။ မုန်းမရ လှမ်းယူလိုက်သည်။

'ဖြည်းဖြည်း လွတ်ကျကုန်မယ်'

'ရပါတယ် လွတ်လိုက်တော့'

စားစရာအိတ်ကို လက်နှစ်ဖက်နဲ့ မျှဆွဲလိုက်သည်။ မုန်းမရလက် ထဲ စားစရာအိမ်တွေ ပိုင်ပိုင်နိုင်နိုင်ရောက်မှ လူကြီးလက်ပြန်ရုပ်သည်။

'စားပြီး ဆေးသောက်နော်'

'ဟုတ် ဆေးကော'

'ဟာ ဟုတ်ပါရဲ့ မေ့တော့မလို့ နေဦး'

လူကြီးပြောရင်းနဲ့ ကုတ်အင်္ကျီအိတ်ထဲ လက်နှိုက်သည်၊ လက် ပြန်ထုတ်လိုက်တော့ ဆေးထုတ် သုံးထုပ်ပါလာသည်။

'ဒီမှာ ပန်းရောင်ဆေးပြားပါတဲ့အထုပ်ကို အိပ်ခါနီးသောက်



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့နှစ်ထုပ်က မနက်နဲ့ နေ့လည်အတွက် ဆေးသောက်ခါနီးတိုင်း အစားစား ဟုတ်ပြီလား'

'ဟုတ်ကဲ့'

ဆေးထုပ် သေချာပြပြီး ပြောကာ ပေးသည်။မုန်းမရ ခေါင်း ညိတ်လိုက်သည်။

'ကဲ တိုက်ထဲဝင်တော့'

'မုန့်မရ'ဆေးနဲ့စားစရာအထုပ် ကလေးများလက်နှစ်ဖက်နဲ့ အပြည့်ဆွဲကာ လှူကြီးကို ကျောခိုင်းပြီး တိုက်ထဲဝင်ခဲ့သည်။

မုန်းမရ တိုက်ထဲရောက်မှ 'လှူကြီး'ကားထွက်သွားမှန်းသိသည်။

လှူကြီးသဘောထားကို ဘယ်လိုနားလည်ရမှန်းမသိပေ။

ဒါပေမဲ့ နေစရာ စားစရာနဲ့ ဒဏ်ရာကုသပေးနေတဲ့ လှူကြီး ရဲ့စေတနာက အံ့သြဖွယ်။

တစ်ခါမှ မမြင်မတွေ့ဖူးဘဲနဲ့ ကံကြမ္မာဆိုးနေရှာနေတဲ့ မိန်း ကလေးကို မမေးမမြန်းဘဲ တိုက်ကြီးပေါ်တင်ထားသည်က နည်းတဲ့ စေတနာလား။

ကျေးဇူးတင်လိုက်တာလို့ ပြောရုံနဲ့လုံလောက်မယ်မထင်ဘူး။ လှူကြီးရယ် နော်။

'တီ တီ တီ'

ဆေးသောက်ပြီး အိပ်မလို့ ခေါင်းအုံးပေါ်ခေါင်းချရုံရှိသေးသည်။ ခေါင်းရင်းစားပွဲပေါ်ရှိ တယ်လီဖုန်း ထမြည်သည်။

ဖုန်းသံကြောင့် မုန်းမရ ခပ်တွေတွေ ဖြစ်ရသည်။ နာရီကိုလှမ်း ကြည့်တော့ ည ဆယ့်တစ်နာရီ။





လှူကြီး ပြန်မလာသေးပါ။

ပြန်လာတဲ့အထိ စောင့်နေလို့ လှူကြီးပြောမသွားတဲ့အတွက် မုန်းမရ ဆက်မစောင့်တော့ပါ။ အိပ်ကလည်း ငိုက်လာတာမို့ အိပ်တော့ မလိုလေ။ ဖုန်းမြည်လာလို့ ဆက်ခနဲ့ထပေမယ့် မကိုင်ဖြစ်သေးပါ။

ဖုန်းက မကိုင်မချင်း မြည်နေဆဲ။

လှူကြီးဆီ အသိတစ်ယောက်ယောက်ဆက်တာဖြစ်မယ်။ လှူကြီးမှ မရှိတာ၊ မုန်းမရ ကိုင်လိုက်လို့ တစ်ခုခုဖြစ်လာရင်ခက်ရချည်ရဲ့။

'တီ တီ တီ'

ဖုန်းက အဆက်မပြတ်မြည်ပြန်သည်။

လှူကြီးပဲ မုန်းမရဆီ ဆက်တာလား။ ထိုအတွေးဝင်လာတာ ကြောင့် 'မုန်းမရ'လက်ချောင်းကလေးများနှင့် အနီရောင်ဖုန်းခွက်လေးကို ဖွဖွလေး ကောက်ကိုင်ကာ နားနားကပ်လျှင်

'ဟေ့ ကောင်မလေး ဘာလို့ ဖုန်းမကိုင်တာလဲ'

လှူကြီးအသံ ဒိုင်းခနဲ့ပြေးဝင်လာသည်။

'ဟို ဟို လေ'

'ကဲ ဟိုလေး ဘာလေး မပြောနဲ့တော့ ညည်းဆေးသောက်ပြီး ပလား'

'သောက်ပြီးပြီး အိပ်တော့မလို့'

'အေး အခန်းလော့ခ်ချအိပ်၊ တစ်တိုက်လုံးမှာ ညည်း တစ် ယောက်တည်း'

'ရှင်'

မုန်းမရ မျက်လုံးလေး ပြူးခနဲ့ဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



'မနေရဲဘူးလား'

'နေ နေရဲပါတယ်'

'မှန်းမရ' မသိမသာကြောက်စိတ်ဝင်ပေမယ့် ရဲဆေးတင်ကာ ပြောမိသွားသည်။ တစ်တိုက်လုံးမှာ မှန်းမရ တစ်ယောက်တည်းတဲ့။

ဒါဆို လူကြီး ဒီညပြန်မလာဘူးဆိုတဲ့သဘောလား။

'အေး နေမရဲလည်း ရဲအောင်နေ ငါ့တိုက်မှာ 'ညည်း'အတွက် ဘာမှအန္တရာယ်မရှိဘူး ကြားလား အခန်းတံခါးလော့ခ်ချပြီးမှအိပ်နော်'

'ဟုတ် လော့ခ်ချထားပါတယ်'

'အေး အဲဒါဆိုပြီးရော '

'ဒါနဲ့'

'မှန်းမရ'လူကြီးစကားသံဆုံးသည်နှင့် ဆိုလိုက်သည်။ ရှေ့ဆက် ဘာပြောရမှန်း မသိအောင် မှန်းမရ စကားစပြတ်သွားပြန်သည်။

'ဟေ့ ဘာလဲ ပြောလေ'

လူကြီးစိတ်မရှည်သလို တစ်ဆက်တည်းမေးလျှင် မှန်းမရ တံတွေးတစ်ချက်မျိုချပြီး

'ဟိုလေ ဒီည ပြန်မလာဘူးလား'

'ဘာလို့မေးတာလဲ'

'သိချင်လို့'

မှန်းမရ ခပ်တိုးတိုးမေးလိုက်သည်။ လူကြီး ဘယ်လိုနားလည် သည်မသိ။

'အောင်မာ စပ်စုလှချည်လား'

'စပ်စုတာမဟုတ်ပါဘူး သိချင်တာပါ'





မှန်းမရ အသံလေး ပိုတိုးသွားသည်။ လူကြီးပြောချင်မှန်းမသိ၊ မပြောချင်းမှန်းမသိဘူး။ မှန်းမရ သိချင်တာက အရိုးခံစိတ်နဲ့ပါ။

'မှန်းမရ'ရှိနေလို့ လူကြီးအိမ်မပြန်တာဆိုရင် မှန်းမရ အားနာ ပါသည်။ 'မှန်းမရ'ကြောင့် လူကြီး အပြင်မှာ ဖြစ်သလိုနေတာမျိုး မဖြစ် စေချင်ပါ။

ဒါကြောင့် သိချင်တဲ့အတိုင်း လွတ်ခနဲ့ မေးမိခြင်း။ လူကြီးက ချက်ချင်းမဖြေ။ ဖုန်းလည်း မချသေး။ လူကြီးဖုန်းကိုင်လျက် ငြိမ်နေဟန်တူ သည်။

မှန်းမရ မေးမိပြီးမှ အားနားကာ မျက်တောင်လေးပုတ်ခတ် လုပ်ရင်း

'ဟိုလေ သိချင်တာပါ မပြောချင်လည်း မပြောပါနဲ့နော်'

'ကျွတ် ညည်းက သိပ်စပ်စုတာပဲ၊ ဒီမှာ ငါက အလုပ်နဲ့ကွ၊ နိုက်ဂျူတီကွာ၊ နောက်နေ့ ဆယ့်နှစ်နာရီအထိ ရှင်းလား'

'ဘယ်လို နိုက်ဂျူတီ'

'ဟုတ်တယ်လေ အဲဒါကြောင့် ညည်းကို မနက်နဲ့နေ့လယ် အတွက် သောက်ဆေးပေးခဲ့တာ ဘာဖြစ်လို့လဲ'

'ဒါဆို ဆရာဝန်ပေါ့ ဟုတ်လား'

မှန်းမရ တအံ့တဩ မေးမိသွားသည်။

'အောင်မာ ရန်းကု ထင်နေလား'

လူကြီးမေးသံအဆုံးမှာ မှန်းမရ ခေါင်းအလိုလိုရမ်းသွားသည်။ ဟင်အင်း မထင်ပါဘူး လို့ ရင်ထဲမှာ ပြောမိသွားသည်။ လူကြီး က ဆရာဝန်ဖြစ်မှန်းသိရတော့ မှန်းမရ မျက်လုံးဝိုင်း ရွှန်းလဲ့တောက်ပ



www.burmeseclassic.com

www.burmeseclassic.com



သွားတာ ဝမ်းသာအားရဖြစ်တဲ့ စိတ်ကလေးနဲ့ပါ။

ကြည့်စမ်း။ လူကြီးက ဆရာဝန်တဲ့။ ဒါကြောင့် မုန်းမရကို ဘာမှမမေးမြန်းဘဲ ဒဏ်ရာမြင်တာနဲ့ ဆေးကုသနိုင်တာပေါ့။

မုန်းမရက ဘာမှမပြောရဲလို့သာ။ ထိုစဉ်က လူကြီးပြောသမျှ နားထောင်ပြီး ၊ လူကြီးပြုသမျှ ငြိမ်ခံနေခဲ့တာလေ။

ခုမှ ဆရာဝန်တဲ့။ 'ငါ' ဆရာဝန်ပဲလို့ ပြောရမှာကို စေးနည်းတဲ့လူကြီး။

ရှေ့မှာရှိလျှင် မျက်စောင်းထိုးလိုက်ချင်တယ်။ အခုလည်း ဝမ်းသာမျက်စောင်းထိုးရင်း ဖုန်းခွက်ကို တစ်ဖက်နားပြောင်းကိုင်၍ အားတက်သရောပြောမိသွားသည်။

'ကျေးဇူးပဲနော်'

'ဘာအခုမှ ကျေးဇူးလဲ မတင်နဲ့၊ ညည်းကျေးဇူးတင်တာခံဖို့ မဟုတ်ဘူးကွ၊ အခုဆေးသောက်ပြီးရင် အိပ်တော့၊ ကျန်တဲ့နှစ်ခွက်စာကို မနက်နဲ့နေ့လယ်သောက် ကြားလား။ ငါပြန်လာမှ နေ့လယ်စာဝယ်လာမယ်၊ ထမင်းဟင်းပဲ မဟုတ်လား၊ တခြား ဘာစားမလဲပြော'

တောက်လျှောက်ပြောချတဲ့ လူကြီးစကားသံနောက်မှ မုန်းမရ ရင်ထဲ ကြည်နူးသလိုလို ဝမ်းသာသလိုလို ဖြစ်သွားသည်။

လူကြီးက သိပ်အလိုက်သိတာပဲ။

'ဟော့ ကောင်မလေး ပြောလေ ဒီမှာ ဂျူတီနဲ့ကွ အချိန်ဖြုန်းနေလို့မရဘူး မြန်မြန်ပြော ဘာစားချင်သေးလဲ'

'လူကြီး ဝယ်လာတာပဲ စားမယ်'

'ဘာ ဘာ လူကြီး ဟုတ်လား'





လူကြီးအသံ ဟုန်းခနဲ ကျယ်ထွက်လာသည်။ လူကြီးလို့ ခေါ်မိတာကို အဆန်းချည်းလို့ခံစားရဟန်တူသည်။ တအံ့တဩနဲ့ ထပ်ဆင့်မေးပြန်သည်။

'ဟော့ ကောင်မလေး ပြန်ပြောစမ်း ငါ့ကို ဘယ်လိုခေါ်လိုက်တယ် လူကြီးဟုတ်လား'

'မုန်းမရ' နှုတ်ခမ်းလေးစေ့ကာ ပြုံးလျက် ပခုံးတွန့်မိသွားသည်။ လူကြီးကို မြင်ကတည်းက 'မုန်းမရ' ရင်ထဲမှာ လူကြီးလို့ ကမ္ပည်းတပ်ခဲ့သည်။

ရင်ထဲက ကမ္ပည်းတပ်ထားမိတဲ့အတိုင်း လူကြီးလို့ လွတ်ခနဲ့ ထွက်သွားတာလေ။ လူကြီးမေးပုံက မဟုတ်တာကြောင့် မုန်းမရ ပြုံးမိသွားခြင်း။

'ခြော် အေး ဟုတ်တာပေါ့၊ ငါက ညည်းထက်ကြီးတာကိုး တော်သေးတာပေါ့ကွ အဘိုးကြီးလို့မခေါ်လိုက်တာ ဟား ဟား ဟား'

လူကြီး ဘယ်လို နားလည်သည်မသိ ၊မျက်နှာပေါ်မှာ အမွှေးမျှင်တွေ လက်နဲ့ဖွဖွပွတ်ကာ သူ့ဘာသူပြောရင်း သဘောတကျရယ်ပြန်သည်။ လူကြီးရယ်သံက မုန်းမရ ရင်ကို ပို၍ကြည်နူးသွားသလို ရင်းနှီးသလိုပင် ဖြစ်သွားသည်။

'လူကြီးက ဘာရယ်တာလဲ'

'သဘောကျလို့'

ရယ်သံ တစ်ဝက်နဲ့ လူကြီး ပြောပြန်သည်။ မုန်းမရ ပြုံးနေရာမှ မျက်မှောင်တစ်ချက်ကြုတ်ပြီး

'ဟိုလေ လူကြီးက အဖိုးကြီးနဲ့မှမတူ။ လူကြီးနဲ့တူတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



လူကြီးလို့မခေါ်စေချင်ရင် အစကတည်းက ဒေါက်တာလို့ပြောပါလား။ ဒေါက်တာလို့ခေါ်မှာပေါ့။ ပြီးတော့ လူကြီးက လူကြီးနာမည်လည်းမပြောဘူး'

'ကဲ ကဲ မယ်မင်းကြီးမလေး ညည်းခေါ်ချင်သလိုခေါ်ပြီးမှ ငါ့ကိုအပြစ်တင်ချင်နေတယ် မဟုတ်လား အပြစ်လည်း မတင်နဲ့ ညည်းခေါ်ချင်သလို လူကြီးလို့ပဲ ခေါ်စေဗျာ'

'တကယ်လား ဟင်'

'မယုံရင် ပြန်ခေါ်ကြည့်'

'မုန်းမရ' ပခုံးနှစ်ဖက်စုံပင့်ပြီး

'လူကြီး'လို့ ပီပီသသရှင်းရှင်းချည်းခေါ်ချလိုက်သည်။ ထိုအခါ 'ဗျာ'လို့ လူကြီးထူးသံက သဘောကျ ကျေနပ်ဖွယ်အတိနှင့်။

အို၊ မုန်းမရ ရင်ထဲမှာ ကြည်နူးခြင်းနဲ့ ရင်နိုးခြင်း မကျေနပ်တဲ့အသံမျိုးနဲ့လည်းခံစားမှု အပိုင်းအစလေးများ ရောနှောပေါင်းယှက်ကာ မြူးရွှင်သွားပါသည်။

'ကဲ ကောင်မလေး အိပ်တော့နော် ရဲရဲအိပ် တစ်ခုခု ဘာညာဆိုရင် ငါ့ဆီ ချက်ချင်းဖုန်းဆက် ဟုတ်ပလား'

'ဟုတ် လူကြီး ဖုန်းနံပါတ်က'

'ဩော် အေး သေချာမှတ် ၀၉၄၉၈၀၅၇၁၀ နောက်တစ်ခုရှိသေးတယ်။ ၀၉၈၀၂၁၁၃၇ မှတ်မိလား'

'အင်း'

မုန်းမရ ချက်ချင်းပြန်ရွတ်ပြ၏။ ဒီတော့မှ လူကြီးစိတ်အေးသွားဟန်တူသည်။

ဗျူးစာပေ



'မှတ်မိရင် ပြီးရော ဒါပဲ ဖုန်းချလိုက်မယ်'

ပြောပြီးတာနဲ့ ချက်ချင်း ဖုန်းချထားတဲ့ လူကြီး။ မုန်းမရ မိနစ်ဝက်လောက်ကြာမှ ဖုန်းခွက် အသာချသည်။

ထိုအခါ မုန်းမရ မျက်ဝန်းမှာ လူကြီး မျက်နှာလေး တော်ရုံနဲ့ ပျောက်မသွားပေ။ပခုံးထိရှည်နေတဲ့ ဆံပင်တွေကို နောက်မှာ စည်းထားတဲ့ လူကြီးမျက်နှာမှာ အမွှေးအမျှင်လွှမ်းကာ အရိုင်းဆန်နေသည့်မှာ ဆရာဝန်ဆိုတဲ့ ဂုဏ်နဲ့မညီဟု ထင်သည်။

သို့သော် ရူးရူးရှရှစိုက်ကြည့်တတ်တဲ့ အကြည့်က တည်တည်ငြိမ်ငြိမ်ရှိသည်။ပြောပုံဆိုပုံလေးနက်သည်။ အပိုအလို မရှိစကား ပြောတတ်ပြီး အချိန်ဖြုန်းတဲ့ အပိုစကားတွေမပါသည်က တည်ကြည်ရိုးသားမှု တစ်မျိုးဖြစ်သည်။ လှုပ်ရှားပြုမူတာ သွက်လက်သေသပ်သလို၊ နူးညံ့သိမ်မွေ့မှန်းသိသာလှသည်။

ဘယ်သူ့ကို ဖြစ်ဖြစ်၊ အထင်သေးနှိမ့်ချပြီး ကြည့်ပစ်လိုက်မယ်ဆိုတဲ့သေးသိမ်သော စိတ်ထားမျိုးမပါပေ။ အထူးသဖြင့် 'မုန်းမရ'အဖြစ်ကလက်တွေ့။ တကယ်ဆို ဘယ်ကမှန်း ဘယ်သူမှန်းမသိတဲ့ မိန်းကလေး။ ညအချိန်မတော်ချည်း ပြီးတော့ ဒဏ်ရာနဲ့။

'မုန်းမရ'ကို ဘယ်သူက တာဝန်ယူမတဲ့လဲ။ခုတော့ လူကြီးက အစစအရာရာ တာဝန်ယူဖြည့်ဆည်းပေးသည်။

အဲဒါကြောင့်လည်း မြင့်မြတ်ပါတယ်။ စေတနာပါတယ်လို့ အသံကောင်းဟစ်ကြွေးမနေတဲ့ ယောက်ျားပီသတဲ့စရိုက်နှယ်၊ 'မုန်းမရ' တကယ်လေးစားရပြီ လူကြီးရယ်။

■ ■ ■

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

'ကျွဲ'ခနဲ ခြံဝမှာ လှူကြီးကား ထိုးရပ်လာသည်။

ရွက်လှပန်းခြံချုံဘေးက ခုံတန်းမှ ထိုင်စောင့်နေမိတဲ့ မုန်း

ချက်ချင်းထသွားပြီး တံခါးနောက်ရပ်သည်။

လှူကြီးကားပေါ်ကဆင်းဖို့ တံခါးဖွင့်ပြီးမှ မဆင်းတော့ပေ

ကုတ်အင်္ကျီထဲက ခြံသော့ထုတ်ယူပြီး မုန်းမရ ဆီရောက်အော

မြှောက်ပစ်ပေးသည်။ မုန်းမရ ဆီးဖမ်းလိုက်တော့ လှူကြီးနှုတ်ခမ်း

ချင်ချင် ဖြစ်သွားသည်။

ဒီလောက်တော့ မိအောင်ဖမ်းတတ်ပါတယ် လှူကြီးရဲ့။

လက်ထဲရောက်နေတဲ့သော့ နဲ့သော့ခလောက်ဖွင့်ကာ တံ

နှစ်ချပ်လုံး ဆွဲဖွင့်ပေးလိုက်သည်။ လှူကြီးကား ခြံထဲ လျှောခနဲ မောင်း

သွားသည်။

မုန်းမရ ခြံသော့ပြန်ခတ်သည်။ သော့တွဲကျစ်ကျစ်ဆုပ်ကို

တိုက်ဆီ သွက်သွက်ကလေး လျှောက်ခဲ့သည်။ လှူကြီး ကားကိုထော





အရောက်မောင်းသွင်းသည်။ ကားပေါ်ကဆင်းပြီး အဆင့်သင့်စားသောက်နိုင်တဲ့ စားစရာပစ္စည်းထည့်ထားတဲ့ လက်ဆွဲအိတ်လေးလုံးကို လက်နှစ်ဖက်နဲ့မျှဆွဲလာသည်။

လှူကြီးလက်တစ်ဖက်က အိတ်နှစ်လုံးကို မုန်းမရ ကူဆွဲမယ်လုပ်တော့ လှူကြီးအလိုက်သင့် ကမ်းပေးသည်။

အိတ်ဆွဲယူရန် ခြံသော့ကမ်းပေးတဲ့ မုန်းမရ မျက်နှာကိုတစ်ချက်စိုက်ကြည့်သည်။ ပြီးတော့ ပါးပေါ်မှဒဏ်ရာ စစ်ဆေးသလိုကြည့်ပြီး

'ဒဏ်ရာက အနားဖေးတွေ ခြောက်နေပြီးကွ နည်းနည်းတော့ ယားကျိကျိဖြစ်နေမယ် ကုတ်မဖဲ့နဲ့ လျှောက်မခွာနဲ့နော်'

'ဟုတ်'

သတိပေးသလိုပြောပြီး 'မုန်းမရ'ခေါင်းညိတ်မှ သော့ပြန်ယူပြီး ကုတ်အင်္ကျီထဲထည့်သည်။ ပြီးတော့'မုန်းမရ'ရှေ့မှလျှောက်ကာ ညေ့ခန်းမှန်တံခါးကိုယ်တိုင် တွန်းဖွင့်ပြီး ဦးဆုံးဝင်သည်။

'ဟာ ဒါတွေ ဘယ်သူလုပ်တာလဲ ညည်းလား'

ညေ့ခန်းထဲဝင်မိသည်နှင့် ညေ့ခန်းတစ်ခုလုံးပြောင်းလဲနေတာမြင်တော့ လှူကြီးလှည့်ကြည့်ပြီး တအံ့တသြ မေးသည်။

'မုန်းမရ'နှုတ်ခမ်းလေးစေ့ကာ ခေါင်းညိတ်လိုက်သည်။

လှူကြီးညေ့ခန်းက အုံ့မှိုင်းမှိုင်းချည်းဖြစ်နေတာလေ။ အပြည့်ချထားတဲ့လိုက်ကာစတွေကို အခန်းထောင့်ဘက် ဝိုက်ဝိုက်လေးချိတ်လိုက်တော့ မှန်တံခါးက ဝင်လာတဲ့အလင်းကြောင့် ညေ့ခန်းတစ်ခုလုံးလင်းနေသည်။

ဖုန်တွေလည်းကျင်း၊ ဆိုဖါအဝါရောင်တွေကိုခါ ဖရိုဖရဲဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာပေါ်က ဖာနားတပ်ကျောမှီဖုံးတွေကို သပ်သပ်ရပ်ရပ်လုပ်။

ညှော့ခန်းထောင့်ရှိ ရေမလဲတာကြာပြီဖြစ်တဲ့ အလှမွေးငါးက
ကြီးကိုလည်း ရေအသစ်လဲပြု။ ညှော့ခန်းစားပွဲနဲ့ဗီမ်ခံပစ္စည်းတွေရှေ့က
ပန်းအိုးတွေမှာ ခြံထဲကနှင်းဆီးရောင်စုံနဲ့ကျောက်ခက်ပန်း ရောကာအလ
ထိုးထားသည်။

ညှော့ခန်းတစ်ခုလုံးက အရင်လိုမှိုင်းမှောင်ပြီး အောက်သိုးသ
မဟုတ်ပေ။လင်းချင်းသန့်ရှင်ကာ နှင်းဆီးရနံ့တို့သင့်ပျံ့ဝေဆာနေသည
က ၊ မျက်စိတဝင်အေးသွားသလို ပင်ပန်းသမျှတွေပါ လျှောကျကုန်သည

'လူကြီးမဆူရဘူးနော် 'မရ' အလုပ်မရှိတော့ ရှုပ်တာတွေ
ထားလိုက်တာ လူကြီး မပြောဘဲ လျှောက်လုပ်ရလားလို့ အပြစ်မပြော
'မရ' ဒီလောက်တော့ လုပ်ပေးပါရစေ'

လူကြီးမျက်ခုံးနှစ်ခုစုံပင့်ကာ မုန်းမရကို ပြုံးပြုံးချည်းကြည့်သည
အပြစ်တင်မှာကြောက်နေတဲ့ ကလေးကို မျက်လွှာချပြောနေတဲ့ ကေ
မလေး။

ဆူချင်စရာ တစ်စက်မှ မရှိပါ။ လုပ်တတ်ကိုင်တတ်သားပဲ
စိတ်ထဲက ချီးကျူးမိတာအမှန်။

'အေး လုပ်ချင်သလိုလုပ် ငါမနိုင်းဘူးနော်'

'သိပါတယ် လူကြီးတိုက်တစ်လုံးက ရှုပ်ပွနေရော'

'ဟုတ်တယ်ကွ ငါ့တပည့် အမြဲလာရှင်းပေးနေကျ ဒီကေ
ရွာပြန်တာ တစ်လကျော်ပြီး ပြန်မရောက်သေးဘူးကွ ဒီကောင်လာ
နိုင်းမလို့ဥစ္စာ ခွေးမသား ရွာပြန်တာ မိဘကို သတိရတာမဟုတ်
မိန်းမသွားခိုးတာတဲ့'

ဗျူး၀၇၁၉ပ



မုန်းမရ ပြုံးမိသွားသည်။ တပည့်လုပ်သူကို စိတ်တိုင်းမကျတဲ့ လူကြီးမျက်နှာချက်ချင်းတင်းသွားသည်။ တပည့်က မိန်းမသွားခိုးသတဲ့။ ဒါဆို လူကြီးမှာ မိန်းမရှိဟန် မတူ။ ဆရာတောင်မယူသေးဘဲ တပည့်က အရင်ယူတယ်ဆိုတော့ ခံပြင်းတာလည်း ပါသည်။

' ငါစိတ်ဆိုးပြီး ပြန်မခေါ်ဘူး ဒီကောင် ကြောက်ပြီး ပြန်မလာဘူး အဲဒါနဲ့ ငါ့တိုက်က နင်မြင်တဲ့အတိုင်းပဲ'

'ဟုတ်တယ် လူကြီး အခန်းဆို ပိုတောင်ရှုပ်သေး၊ မြွေခိုမှာတောင်စိုးရတယ်'

' ဘာ ဘယ်လို ငါ့အခန်း ဟာ ညည်း သွားရှင်းလိုက်ပလား။ ညဦး တော်တော်ရဲတာပဲ၊ ကောင်မလေး ညည်းနဲ့ခက်တယ်၊ နေဦး ငါ သွားကြည့်ဦးမယ် ရော့''

လူကြီးအခန်းပါရှင်းထားတယ်ပြောလိုက် လူကြီးမျက်နှာ ရဲခနဲ ဖြစ်သွားသည်။ လူကြီးညစ်ပတ်မှန်း မုန်းမရ သိသွားလို့ ရှက်သွားတာလည်း ဖြစ်နိုင်သည်။

ဆွဲထားတဲ့ စားစရာအိတ် မုန်းမရကို ထိုးပေးပြီး အပေါ်ဆုံးထပ် သွက်သွက်ကလေး ရှောင်ထွက်သွားတဲ့လူကြီး။

မုန်းမရ ပခုံးနှစ်ဖက်တွန့်ကာ မြိန်မြိန်လေး ပြုံးမိသွားသည်။

လူကြီးအိပ်ခန်းက ခေတ်မှီအသုံးအဆောင် တန်ဖိုးကြီးကြီး အဆင့်မြင့်မြင့် ပစ္စည်းတွေနဲ့ဖြစ်သည်။ သို့သော် မွေ့ရာပေါ်က အဝါပွင့် တွေပါတဲ့ အိပ်ရာအဖုံးက ကြေတွန့်ကာ ၊ ခေါင်းအုံးနဲ့စောင်က နေရာတကျမရှိ။

ဖက်လုံးက ကြမ်းခင်းအောက်ကျ၏။ ခြုံစောင် ခုတင်ပေါ်မှ

ဗျူး၀၇၃၉ပ

www.burmeseclassic.com

www.burmeseclassic.com



တွဲလောင်း။ခုတင်ဘောင်ခေါင်းရင်မှာဆို မွေးပွသဘက် တွေဖြစ်သလို တင်ထားသလို။ ချုပ်ထားတဲ့စွပ်ကျယ်တွေလည်း ငြိတချို့၊ အောက်ကျ တချို့။

ခုတင်ခြေရင်းမှာ ပိုဆိုးသေးသည်။ ရေလဲသဘက် သုံးလေး ထည်ပုံလျက် ။ချုတ်ချထားတဲ့အတိုင်းရှိနေတဲ့ စကိုင်ဘောင်းဘီရှည်တွေနဲ့ အတွင်းဝတ်ဘောင်းဘီတွေ။

ဝတ်ပြီး ချွတ်ထားတာမို့ ချွေးနံ့တွေ ဘာတွေနဲ့ အနံ့အသက် မကောင်းလှပေ။

အပေါ်အင်္ကျီတွေလည်း ဆွဲချွတ်ပြီး အခန်းထောင့်မှ ဒီအတိုင်း ပစ်ချထားသည်။ မလျှော်မဖွတ်ရသေးတဲ့ အဝတ်ပုံကလည်း တောင်လိုပုံ ကာ။ နံရံကပ် ကျွန်းဗီရိုကပွင့် တချို့ဟာ တစ်ချို့ဘီရိုထဲက အဝတ် တွေက ဖရိုဖရဲ။ ဝတ်ချင်တာဆွဲဝတ်။ မဝတ်ချင်လို့ပြန်ထိုးထည့်ထားလို့ မီးပူတိုက်ပြီးသားတွေတောင် ကြေပလေနေသည်။

အိုး ပြောမယ်ဆို အများကြီး။

တီဗီနဲ့ ကွန်ပျူတာစားပွဲမှာဆိုလည်း သောက်လက်စ ကော်ဖီ ခွက်တွေ မဆေးရသေးတဲ့အအေးခွက်။

စားပွဲဝိုင်းပေါ်ရှိ ဆေးလိပ်ခွက်ထဲမှာ သောက်ပြီးသား စီး ကရက်တွေ ၊ ဆေးလိပ်ဘူးအသစ်တွေရော။ ဖောက်ထားတာရောရှိသည်။ တစ်ထွာလောက်ရှိတဲ့ဂက်စ်မီးခြစ်၊ အရက်ခွက်၊ အရက်ပုလင်း ၊ဘီယာဘူး။

အိုး စုံနေတာပဲ။

စားပွဲဝိုင်းအောက်ကျနေတဲ့ စားစရာထည့်လာတဲ့ ဖော့ဘူးမှာ ပုရွက်ဆိတ်တွေပါ အုံခဲနေသည်။





မှန်တင်ခုံမှာဆိုလည်း အဖုံးတန်ယောက်ျားသုံး အလှပစ္စည်းတွေ ဖရိုဖရဲ။ လဲကျလိုကျ ၊ ယိုင်လိုယိုင် ၊ ခေါင်းလိမ်းဆီဘူးက အဖုံးပွင့်လို့ပွင့်

စာအုပ်ဗီရိုထဲက စာအုပ်တွေ ကိုးလို့ကန့်လန့်ယိုင်ကျလဲကျ။ ဖွင့်ဖတ်ကာ မှောက်ချထားတဲ့အတိုင်း စားပွဲပေါ်ရှိသလို ။ အိပ်ရာပေါ် မှာလဲ ဖတ်လက်စ စာအုပ်ဆယ်အုပ်မက။ စာအုပ်တွေကလည်း အထူ ကြီးတွေ။

ကြမ်းခင်းကလည်း သဲတရှရှ၊ တစ်ခန်းလုံးက အရှုးဝင်မွှေထား သလို မူးနောက်ဖွယ်အတိ။ အနံ့အသက်ကလည်း မကောင်း။ ပြတင်း ပေါက်တံခါးတွေ ဘာတွေမဖွင့်တော့ လေကောင်း လေသန့်လည်းမဝင်။

ဟွန်း။ ဆရာဝန်မို့လို့သာပေါ့။

မူးနောက်အောင် ရှုပ်ပွနေတဲ့အခန်းမှာ လူကြီး နေလိုက်တာ။ အံ့ဩစရာချည်း။ တပည့်ကို စိတ်ဆိုးလို့ ခေါ်မခိုင်းလည်း တခြားလူ ခေါ်ခိုင်းပေါ့။ လူကြီးအခန်းရှင်းလိုက်ရတာ ဖတ်ဖတ်မောတယ်။

'မုန်းမရ'ရှင်းပေးထားတယ်ပြောလိုက်တော့ မျက်နှာကြီးက ရှက်နေသေးတယ်။ အပြင်ပန်းကြည့်တော့ ကျားကျားလျားလျားနဲ့ စမတ် ကျနေတဲ့လူကြီး။

အတွင်းမှာတော့ ရှုပ်ရှုပ်ပွပွ။

အတွင်းမှာမပြောနဲ့ လူကြီးမျက်နှာပေါ်မှာလည်း အမွှေးဗလပွ နဲ့ ရှုပ်နေတာပဲ။ ဖြစ်နိုင်ရင် မျက်နှာပေါ်က အမွှေးတွေပါ ဆွဲရိတ်ပေး လိုက်ချင်တယ် တကယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အခန်းတံခါးတွန်းဖွင့်လိုက်သည်နှင့် သင်းပျံ့သော မွှေးရနံ့သ
ပွေ့ဖက်လို့ ကြိုဆိုနေပါသည်။

ပန်းအိုးထိုးစိုက်ထားသော ရောင်စုံနှင်းဆီပန်းတို့နှင့် မွှေ့ရာမှ
ဖြန့်ပက်ထားသည့်အမွှေးရနံ့တို့ကို ရောချ၍ နှစ်သက်စွာ တစ်ချိုက်ရှူသည်

ရှူပြီးသည်နှင့် တစ်ခန်းလုံးဝေ့ကြည့်သည်။ အရာရာစနစ်တက
သပ်သပ်ရပ်ရပ် ရှင်းလင်းနေလေပြီ။ စာအုပ်စင် ၊ မှန်တင်ခုံကအ
အခန်းထောင့်က အဝတ်ညစ် အပုံလိုက်ကြီးလည်း မရှိတော့ပါ။

မွှေးရနံ့သင်းနေတဲ့အိပ်ရာက ထိုးအိပ်ပစ်ချင်စရာကောင်းမ
ဆွဲဆောင်နေပါသည်။ ခေါင်းအုံးဖက်လုံး၊ ခြုံစောင်က သူနေရာနဲ့သ
ခေါင်းရင်းခြေရင်း မှန်နေသည်။ ဖွင့်ထားတဲ့ အဲယားကွန်းကလည်း မြ
လေးအေးနေသဖြင့် လုပ်ငန်းခွင်မှာ ပင်ပန်းလာသမျှ အမောအားလ
ပြေသွားစေသည်။

ဒီနေရာမှာ တပည့်ဖိုးထောင်ထက် ကောင်မလေး လက်သ





ပါသည်။ သေသေသပ်သပ်ရှင်းလင်းထားတဲ့ ကောင်မလေးကို ကြိတ်ပြီး
ချီးကျူးမိသွားသည်။

မင်းလေး တော်တယ်ကွ။

ဒီကောင်မလေး ။ လူ့ကငယ်ပေမယ့် လုပ်တတ်ကိုင်တတ်သား
ပဲ။

သပ်ရပ်သန့်ရှင်းပြီး မွှေးနံ့သင်းအီနေတဲ့အခန်းထဲက ပြန်ထွက်
ဖို့ 'သူ'တကယ်မေ့သွား၏။ ကိုယ်ပေါ်က ကုတ်အင်္ကျီချွတ်ကာ ခုတင်ခေါင်း
ရင်းဘောင်ပေါ် ပစ်တင်လိုက်သည်။

စတိုင်ဘောင်ဘီနဲ့ တီရှပ်လက်ပြတ်ကို ချွတ်မလဲတော့။

အပွင့်ဝါလေးများဖြန့်ခင်းထားသလို အဆင်လှသောဖဲမွေ့ရာ
ပေါ်သို့ 'သူ'ကိုယ်ကို လှဲချ၏။

ခေါင်းအုံးနဲ့ခေါင်းကြား လက်ဖဝါးနှစ်ဖက်လျှိုထည့်ကာ။

အနားတွန့်တွေပါတဲ့ အဝါရောင်နုနုဇာခြင်ထောင်အမိုးကို စိုက်
ကြည့်ရင်း ကောင်မလေးမျက်နှာ ဘွားခနဲထင်ပေါ်လာသည်။

အဖြောင့်တွေအကောက်တွေ အစွယ်တွေအချွန်တွေနဲ့ ခေတ်မီ
လှပအောင် အမျိုးမျိုးပုံသွင်းထားကြတဲ့ဆံပင်ဖက်ရှင်အစုံကို ခုခေတ်
မိန်းကလေးတွေ ခေါင်းမှာ မရိုးတန်းမြင်နေရတဲ့ သူ့မျက်ဝန်းထဲမှာ
ဘာမှပြင်ဆင်မထားသော ဆံပင်က နဂိုအတိုင်း၊ ဖြောင့်စင်းမဲနက်လျက်
တင်းပါးပေါ်ဝဲကျနေတဲ့ ကောင်မလေးဆံပင်က ရိုးရိုးယဉ်ယဉ်လှနေသလို
ခံစားရသည်။

မျက်နှာပုံလေးက ဘဲဥပုံမကျတကျ သွယ်ဝန်းဝန်း။

ဖြူသောအသားအရည်က အရိပ်ထဲ နေရဖန်များလို့ စိမ်းမြ



www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်နေသည်။ သို့သော် အဝတ်အစားတွေက အဖိုးမတန်သလို ဟောင်းလည်းဟောင်းလှသည်။ အိမ်ဖေါ်လေလား။ အိမ်ဖြေးမလေးလား။

ဒါပေမဲ့ ပါးပေါ်က အပူလောင်ဒဏ်ရာကြီးက ပါးတစ်ခြမ်းပြည့်လှမတတ် ရှေ့အိတ်တွေထက်ကာ အကျည်းတန်လှသည်။ ထိုဒဏ်ရာက၊ နှိပ်စက်လို့ ရတာမှန်း သိသာနေသည်။

ဒဏ်ရာနဲ့မို့ သနားစိတ်နဲ့ ဟိုကောင်တွေ လက်ထဲက ဒီကောင်မလေးကို 'သူ'အရယူခဲ့တဲ့အဖြစ်။

ပြန်တွေးကြည့်ရင် ခုချက်ချင်း ဖြစ်ပျက်ခဲ့သလို မြင်ယောင်လာသည်။

ထိုညက 'သူ'အတော်ပင်ပန်းခဲ့သည်။

အရေးပေါ်ခွဲစိတ်ရတဲ့ လူနာချည်း။ သူကိုယ်တိုင် ဒိုင်ခံခွဲစိတ်ခဲ့ရသည်။ သူကလည်း ဝါသနာပါသည်မို့ ခွဲခန်းထဲမှာ မထွက်တမ်းနေခဲ့သည်။

ခွဲစိတ်အကူနဲ့ လက်ထောက်တွေရှိပေမယ့် လူနာရှင်တွေကိုယ်တိုင်က 'သူ'ခွဲစိတ်မှဆိုတဲ့ အစွဲလေးတွေရှိတော့ လူနာရှင်အလိုကျ ကိုယ်တိုင်ပဲ ခွဲပေးရသည်။

သူပိုင်တဲ့ဆေးရုံဆိုတော့ အစစအရာရာ'သူ'ပဲ ဦးဆောင်မှလူနာရှင်တွေ သဘောတွေသည်။ သူကလည်း ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ပေးရမှ အားရသည်။ဒါကြောင့်မို့ထင်သည် 'သူ'ဆေးရုံဖွင့်ပြီး မကြာခင်ပဲ နာမည်ရလာသည်။

တခြားပုဂ္ဂလိကဆေးရုံတွေ မနာလိုဖြစ်သည်အထိ 'သူ့'ဆေးရုံးနာမည်ကြီးခဲ့သည်။ ဆေးရုံက နာမည်ကြီးလာလေ'သူ'ပို ဂရုစိုက်ရ





လေ။

လူနာရှင်တွေရဲ့ သဘောထားကို ပိုအလေးထားရလေဖြစ်သည်။

အုပ်ချုပ်ရေးစီမံခန့်ခွဲရေး ၊ဘာရေးညာရေးမှန်သမျှ အသေးစိတ်စိစစ်ရသည်။ ညွှန်ကြားရသည်။ ဒါကြောင့် ကိုယ်တိုက်မှာကိုယ်မအိပ်ရတဲ့ညပေါင်းများသလို အပန်းဖြေမနေနိုင်တဲ့နေ့ပေါင်းလည်း များခဲ့သည်။

ရေကူးရုံနဲ့အဝတ်လဲချိန်ပဲ တိုက်ထဲဝင်မိတဲ့အထိ။

ဖိုးထောင် ရွာပြန်သွားတော့ ပိုဆိုးသည်။နေ့စာညစာကို အပြင်ဆိုင်က အော်ဒါမှာပြီး ဆေးရုံမှာပဲ စား ၊ဆေးရုံမှာပဲ အိပ်ရသည်။ညမအိပ်ရအောင် အလုပ်များတဲ့ညတွေလည်းရှိသည်။

အလုပ်တွေ ဖိစီးလွန်းတော့ လူကမခံနိုင်။ လူနာရှင်တွေအလိုကျခွဲစိတ်ပြီးခဲ့ပြီး။ လူနာတွေလည်း စိတ်ချရတဲ့အနေအထား ဖြစ်တာကြောင့် တာဝန်ကျသူလက်ထဲ ထားခဲ့ရသည်။ ဆေးရုံထဲက 'သူ'ထွက်လာချိန်က ညနှစ်ချက်တီး။

ကိုယ့်အိပ်ရာမှာကိုယ် ဇိမ်နဲ့အိပ်ပစ်လိုက်မယ်ဆိုတဲ့ အတွေးနဲ့ပါ။

သွားရိုးသွားစဉ်လမ်းအတိုင်းဆို ခရီးရှည်နေသည်။ထို့ကြောင့်ဖြတ်လမ်းကနေ ကားကိုမောင်းလာခဲ့သည်။ လမ်းမကြီးပေါ်မှ လမ်းသွယ်ထဲကွေ့ကာ တစ်လမ်းပြီးတစ်လမ်းဖြတ်ကျော်ခဲ့သည်။ နောက်ဟိုဘက်လမ်းနှစ်ကွေ့ကျော်ရင် သူ့တိုက်ကို ရောက်ပြီလေ။

ပထမလမ်းထဲကွေ့ချလျှင်'သူ့'ကားမီးအလင်းရောက်မှာ ဘွားခနဲ မြင်လိုက်ရသည့်မြင်ကွင်းတစ်ခု။

သူ့မျက်လုံးအစုံ ပြူးကျယ်သွားသည်။

ပလက်ဖောင်းပေါ်မှာ ပုံလျက်ငြိမ်သက်နေတဲ့ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ၊ ကောင်မလေးအပါးဝိုင်းအုံနေတဲ့ ကောင်လေးသုံးယောက်ပြီးတော့ ရှေ့မီးနှစ်လုံးဖွင့်ထားတဲ့ ကောရိုရာကားတစ်စီး။ ကောင်လေးတွေကားပဲ ဖြစ်ရမယ်။

ဘာကြောင့်မှန်းမသိ သူ့ကားချက်ချင်း ရပ်ပစ်လိုက်သည်။

ကားမီးအားလုံးငြိမ်းပြီး ကားပေါ်မှ သွက်သွက်ဆင်းခဲ့သည်။

ကောင်လေးတွေက သူတို့အာရုံနဲ့သူတို့မို့ 'သူ' လှမ်းလာနေသည်ကို ရိပ်စားမိပုံမရနေသာသာ ငြိမ်သက်နေတဲ့ ကောင်မလေးတစ်ကိုယ်လုံးကို သွားရည်ကျသလို ခေါက်တုန့်ခေါက်ပြန် ကြည့်ကြသည်။

'ကောင်မလေးကအသန့်ထဲကပဲကွ၊ ငါတို့မသွားရင်ကောင်းမယ်'

အရပ်မြင့်မြင့်ဂျင်းဘောင်းဘီ ၊ ဂျင်းကုတ်အင်္ကျီအပြင်ထုတ်ဝတ်ထားတဲ့ ကောင်လေး ဦးစွာပြောသည်။ ပြောသံကိုက မရိုးသား။

'ဟ ဒီပုံချည်းမသွားလို့ ဘာလုပ်မလဲ။ အချောင်ပြုစု နေရဦးမယ်။ ကြည့်ဦး ပုံစံကိုက အိမ်ပြေးလား ဘာလား။ ပါးမှာ ဒဏ်ရာချည်းနဲ့၊ ကားမီးထိုးလိုက်တာနဲ့ လန့်ဖြန့်လဲကျသွားတာ ရောဂါဘာညာရှိနေလို့ဖြစ်မယ် အာရုံမရပါဘူးကွာ'

တီရှပ်လက်ရှည်အဖြူနဲ့အနက်အစင်းကြားဝတ်ထားတဲ့ ကောင်လေး နှာခေါင်းရှုတ်ပြောလျှင် အဖြူစွတ်စွတ်တီရှပ်လက်တိုဝတ်ထားတဲ့ အရပ်ခပ်နိမ့်နိမ့် ၊ ကိုယ်လုံးဖိုင့်ဖိုင့်ကောင်လေး အကြံပိုင်ပိုင်ပြောသည်က

'ဒေတာ မင်းညှံ့ပါကွာ'

'ဘာလဲ ပစ်ထရစ် ငါ ဘာညံ့လို့လဲ'

အဖြူအနက်အစင်းကြား ဝတ်ထားတဲ့ကောင်လေး ခပ်ဆတ်ဆတ်မေး၏။ ခပ်ဖိုင့်ဖိုင့်ကောင်လေး မျက်ခုံးနှစ်ဖက်ပြိုင်ပင့်သည်။





တစ်ဆက်တည်း ပခုံးကို ပုတ်ခါရင်း သွားရည်တမြမြပြော၏။

'ဒီမှာ ဒေတာ ဒီဟာမလေးက အချောင်ပဲလေ နည်းနည်းပါးပါးဆေးဖိုးအကုန်ခံလိုက်ရင် ငါတို့ကောင်တွေအတွက် ဗီလင်ပဲ၊ ပုံစံကနေစရာ နားစရာမရှိလို့ လမ်းပေါ်လျှောက်သွားနေတဲ့ အသန့်လေး၊ ဒါလေးကိုမှ ငါတို့မဖန်နိုင်ရင် သူများဖန်သွားလိမ့်မယ်'

'ပက်ထရစ်အကြံ 'ငါ' ပေါက်တယ် ဒေတာ၊ ဒီဟာမလေးကို ထမင်းကျွေးထားရုံနဲ့ ဟီး ဟီး၊ မင်းရဲ့ 'စင်တီ' နဲ့ 'အယ်လီ' တို့လို ခြူးမခင်းရဘဲ စိတ်ကြိုက်မွေ့လို့ရမယ်၊ ငါတိုက်ခန်းအလွတ်ရှိတာပဲကွ၊ အဲဒီအထဲထည့်ထားလိုက်ရင် ဒီဟာမလေးကို ငါတို့သုံးယောက် အချိန်မရွေးသုံးလို့ရမယ်လေကွာ၊ ကဲကောင်းလို့ ဒီပွင့်နဲ့လာတိုးကာ၊ အချိန်မဆွဲနဲ့ဘူး၊ ခုချက်ချင်း မ, မယ်ကွာ'

'ကဲ သဘောကွာ သဘော'

အရပ်မြင့်မြင့်နဲ့ ကောင်လေး မေးဖျားကို လက်ညှိုးနဲ့လက်မဖြင့် ပွတ်ဆွဲကာ သွားရည်တမြမြနှင့်ပြော၏။ ဒေတာ သဘောပေါက်သွားသည်။ သုံးယောက်သားမျက်လုံးက အမဲရတော့မယ့်ဆိုတဲ့ အသိနဲ့တောက်ပြောင်လင်းဖြာသွားသည်။ ထို့နောက် တစ်ဆက်တည်း ကောင်မလေးကိုတကယ်မသွားရင် ပွေ့ချီမလို့ လုပ်စဉ်

သူ့အသိတရားက ငြိမ်းသက်မနေနိုင်တော့ပါ။

'ဟိတ် ထားလိုက်စမ်း'

သူ့အသံကျယ်နဲ့ မာပြတ်ပြတ် ဟန့်တားလိုက်သည်။ အမှောင်ထဲက ရုတ်တရက်ထွက်လာတဲ့အသံ။ ကောင်းလေးသုံးယောက် ဆတ်ခနဲမော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကြဲကြီးနဲ့ ပက်ထရစ်တို့ဆီ ဦးတည်လာတဲ့လူ၊ ကားမီးအလင်းရောင်ထဲ ရောက်လာတဲ့လူကြီး

'ဟင်'ခနဲ ဖြစ်သွားပြီးမှ အခြေအနေကိုတော့ သဘောပေါက်သွားသည်။

ကောင်လေးသုံးယောက် အမဲအလုခံရတော့မှန်း ဒက်ခနဲ သိသွားတဲ့မျက်လုံးနဲ့လန့်သလိုပြူးကြည့်သည်၊ စိတ်ဆတ်တဲ့ ပက်ထရစ်ကဘော်ဒီဖြောင့်ကာ အရပ်မြင့်ပြီး ကိုယ်လုံးကိုယ်ဖန်တောင့်တင်း နေတဲ့ 'သူ့'ကို မလိုတမာ မော့ကြည့်လျက်

'တောက် ခင်ဗျား ဘာလာရှုပ်တာလဲ၊ ဝေစုခွဲမလို့လား'

'ဝေစုတော့မရဘူး လက်သီးပဲရမယ်'

အရပ်မြင့်မြင့်နဲ့ချန်ချန်ဆိုတဲ့ ကောင်လေးပါ လက်သီးပြရင်းတစ်ဆက်တည်းပြောလျှင် ဒေတာလည်း ရန်သူကို ပြိုပစ်အသင့်အနေအထားဖြစ်သွားသည်။

ကျစ်‌ ....။

လမ်းပေါ်က လူငယ်တွေနဲ့ဖက်ပြိုင်ပြီး ပြဿနာမဖြစ်လိုတာ သူ့ဆန္ဒပါ။

ဒါပေမဲ့ ကောင်လေးတွေပုံစံက ပြဿနာဖြစ်မှ ပြီးမယ့်ပုံပေါ်လွင်နေသည်၊ ထို့ကြောင့် သူခြေနှစ်ဖက်ခွရပ်ရင်း ဝိုင်းလာတဲ့ကောင်းလေးသုံးယောက်ကို မမှုသလို ကြည့်သည်။

'ဝေစု မလိုချင်ဘူး၊ ဘာပဲဖြစ်ဖြစ်အပြည့်ရမှယူမယ်'

'ဘာပြောတယ်'

ချန်ချန်မေးရင်း လက်သီးချိန်၍ ရှေ့တိုးလာသည်၊ ဆံပင်တွေထဲ

ဗျူး၁၇၄ပ



လက်ချောင်းတွေ ထိုးထည့်ကာ အေးအေးဆေးဆေးဟန်နဲ့ အမြင်သစ်တစ်ချက်ဖွသည်။ ပွထလာတဲ့ဆံပင်တွေကို လက်နဲ့ပြန်ဖိနေရင်း ရှေ့ရောက်လာတဲ့ ချန်ချန်ကို စူးစူးရဲရဲစိုက်ကြည့်လျက်

'ဟုတ်တယ် ဒီကောင်မလေးကို ငါလိုချင်တယ် မင်းတို့လိုပဲ အချောင်ရရင် မ,သွားမယ်'

'ခင်ဗျားချည်း ဖြတ်ခုတ်လို့ရမလား'

ဒေတာ အံတင်းတင်းကြိတ်လျက်မေးသည်။ သူဟက်ခနဲ့ ရယ်ကာ

'ရတယ် ဖြတ်ခုတ်ဖို့ မဟုတ်ဘူး၊ မင်းတို့ရှေ့တင် မ,သွားမယ်'

'ရမယ် ထင်လား ဟား ဟား'

ပက်ထရစ် ရယ်ပစ်ရင်း ဒေတာတို့ကို မျက်စပစ်သည်၊ ဝိုင်းသမမယ်ဆိုတဲ့ အထာနဲ့၊ ဒီလောက်ကတော့ သူမမှု ။ ဒီအထာတွေကို 'သူ' နပ်ပြီးသား။

'ရတယ်လေကွာ မယုံရင်ကြည့်'

သူမိုက်မိုက်ကန်းကန်း အမူအရာနဲ့စိန်ခေါ်သလိုပြောရင်း ပုံကျနေတဲ့ ကောင်မလေးဆီ ရွေ့သွားသည်။

စားခွက်လာလုတဲ့ ဒီလူကြီးလက်ထဲ ဦးထားတဲ့ ကောင်မလေးကို အပါမခံနိုင်ပါ။

သူတို့သုံးယောက်ဆန္ဒက ညှိစရာမလိုပါ။ တစ်သွေးတစ်သားတည်းဟု ဆိုရလောက်အောင်ပင်။ ကောင်မလေးကို ဖြတ်ခုတ်မယ့် ဘဲကြီးလက်ထဲအရောက်မခံနိုင်။

'ကြည့်တယ်ကွ'

ဗျူး၁၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



သုံးလုံးတည်းသောစကားကိုဆုံးအောင် မပြောရသေးမီ အလစ်ထိုးချလိုက်တဲ့ ဒေတာ လက်သီး ရိပ်ခနဲ ဝင်လာသည်။

အမြဲတမ်းဖျတ်လတ်လျင်မြန်လှတဲ့သူ အလစ်သုတ်ခံဖို့မရှိပါ။ မျက်နှာဆီ ပြေးဝင်လာတဲ့ ပက်ထရစ် လက်သီးချက်ကို လွတ်ရုံကလေး ငုံ့ရှောင်ပေးလိုက်သည်။

ထို့နောက် မျက်နှာရှေ့မှ ဖြတ်ပြေးသွားသည့်လက်သီးကို ဖတ်ခနဲ ဖမ်းဆုပ်၍ ကျစ်ကျစ်ဆုပ်ထားတဲ့ သူ့ညာလက်သီးနဲ့မျက်နှာတစ်ခြမ်း စောင်းသွားအောင် အားနဲ့ထိုးချလိုက်သည်။

'အွတ်'

ပက်ထရစ်ပါးစပ်ထဲက သွေးစတွေဖြာထွက်သွားသည်။နောက်ကပြေးကန်တဲ့ချန်ချန်ကို လှည့်မကြည့်ပါ။ ခြေတစ်လှမ်း နောက်ဆုတ်ရှောင်ပေးလိုက်လျှင် ကန်ချက်က ပက်ထရစ်ကို မြန်ထိသွားသောကြောင့် ပက်ထရစ် လမ်းမပေါ် ကွေးကောက်လူးလိမ့်သွား၏။

ချန်ချန်မှာလည်း ကိုယ့်လူကိုယ်ချမိသွားတော့ မျက်လုံးပြူးသွားသည်။ လက်စလက်နပြောင်တဲ့ လူကြီးကြောင့် ဒေတာ ရှေ့မတိုးရဲတော့။

ပက်ထရစ် ခံရတာကို မြင်ပြီးလန့်သွားသည်။

မျက်လုံးပြူးနေသည့်ချန်ချန်ကို လူကြီး အားမနာတမ်းလက်ပြန်အုပ်ထည့်လိုက်သည်။ ချန်ချန် တစ်ပတ်လည်ပြီး ဒေတာရှေ့ ဖရိုဖရဲ လွင့်ကျသည်။

'ဝုန်း'

ဒေတာကြောက်ကြောက်ရွံ့ရွံ့ဖြစ်ကာ။ မျက်လုံးရဲရဲချည်းနဲ့ဖိုက်





ထည့်ဖို့လှည့်လာတဲ့ လူကြီးရှေ့မှ သွေးရူးသွေးတန်ဖြစ်ကာ တစ်ချိုးတည်း နောက်လှည့် လစ်ပြေး၏။ ဗီဒီယိုထဲမှာလို အခြေအနေမဟန်လို့ ဘော်ဒါတွေကို လက်ဆွဲပြီးမှ ပြေးထွက်နိုင်လောက်အောင် အချိန်မရ။

ပြေးနိုင်မှာ လွတ်မယ်ဆိုတာသိနှင့်သည်နှင့် သူငယ်ချင်းရော ဘာရော လှည့်မဆွဲတော့ပါ။

' ဟော့ကောင် ဝေစုလာယူဦး'

ပြေးထွက်သွားတဲ့ဒေတာနောက် လူကြီးအသံ ဟိန်းခနဲ့ကပ်ပါလာသည်။ ဒီလူကြီးပေးမယ့်ဝေစုက ကောင်မလေးမဟုတ်မှန်း ဒေတာ သိသည်။

လက်သီးဝေစုတော့ မလိုချင်ဘူး။ ကောင်မလေးမရရင် နေပစေ ဆိုတဲ့လက်လျှော့စိတ်နဲ့ အမှောင်ကျနေတဲ့ ကားနောက်ဘက် ပတ်ရှောင်ကာ လူကြီးမမြင်အောင် ဒေတာ ဝပ်ချလိုက်သည်။

'တောက်'

ယောကျ်ားချင်းသုံးယောက်တစ်ယောက်ဖြစ်လျက် မယှဉ်နိုင်တဲ့အဖြစ်။ တောက်ခေတ်ရင်း 'ဒေတာ'သူကိုယ်သူ အားမရဖြစ်ကာ။ လူကြီးကို အမှောင်ထဲ လက်သီးပြမိသွားသည်။

နာကျင်ဆုပ်သပ်နေတဲ့ ချန်ချန်နဲ့ ပက်ထရစ် ရှေ့တင် ကောင်မလေးကို ဆတ်ခနဲ ပွေ့မသွားတဲ့ လူကြီး။

ဘာမှမတုန့်ပြန်နိုင်တော့ပါ။ စားရကံကြုံမှ အလုခံရတဲ့အဖြစ်။ လူကြီးအတော်လှမ်းလှမ်းရောက်သွားမှ သုံးယောက်စလုံး တစ်ယောက်ကို တစ်ယောက်ထူမရင်း တက်တခေတ်ခေတ်နဲ့ မကျေမနပ်ကြည့်ရုံပဲ အကျိုးပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်တွေ နောက်ဆိုတယ်တော့မှ ဝေစုခွဲမယူနဲ့ ဘာမ လိုချင်ရင် 'အပြည့်ယူလိုက် ငါ့လိုပေါ့ ဟုတ်ပြီနော်'

ထိုသုံးယောက်ရှေ့က အောင်ပွဲခံလျက် ဟစ်ကြွေးခဲ့တဲ့ 'သူ' အသံသူ့ပြန်ကြားဟောင်လာသည်။

ကောင်မလေး နှင်က ဘာမှမသိရှာဘူးနော်။ မသိတာပဲကော တယ်။ဒဏ်ရာနဲ့ လန့်ဖြန့်တာတွေကြောင့် ရှောခ့်ရသွားကာ သတိလ နေတဲ့အဖြစ်။ ဟိုသုံးယောက်လက်ထဲရောက်သွားရင်'ဒင်း'လေး ဘာဖြ သွားမလဲ။ တွေးရင်း ရင်မှာ မောလျသွားသည်။

ဒီကောင်လေးတွေ ဘာကြောင့်အချောင်စိတ်နဲ့ ပွင်ဆင်ဖို့စိ တူကိုယ်ဖြစ်ရတာလဲ။ တကယ်ဆို လမ်းပေါ်မှာ ဒဏ်ရာရလို့ လဲနေ ဝေဒနာသည်ကို မကူညီရင်တောင် စိတ်ရိုင်းနဲ့ ဘာမဆိုမပြုသင့်ဘူး

ခုတော့ ပျော်မြူးဖို့အတွက် ရတဲ့အခွင့်အရေးကို ဆုပ်ကိုင်တ ဆူနေတဲ့ စရိုက်ပျက်လေးတွေနဲ့ မိန်းကလေးတစ်ယောက်ကို ဝေစုခွဲ လို့တဲ့။

ကြားရတာနားထဲ အဆိပ်တက်သလိုခံစားရသည်။

သူကတော့ ဝေစုမယူဘူး။ အပြည့်ယူမယ်လို့ မိုက်မိုက်ရိုင်းရိုင်း ပြောခဲ့သည်။ ပြောပြီးမှ ကိုယ့်ပါးစပ်ကိုယ် ပိတ်ရိုက်ချင်သည်။ မပြောမဖြစ် ပြောရတာပဲလို့ တစ်ချစ်လျှော့ကာ သက်မချသည်။

ဘာပဲဖြစ် စရိုက်မသန့်တဲ့ ကောင်လေးသုံးယောက်လက်ထဲ ကောင်မလေးကို 'သူ' အပိုင်မ,လာနိုင်သည်။

သူသာ ဒီလမ်းချိုးထဲ ကားဖြတ်မောင်းမလာရင် ညည်း နနဖတ်ဖတ်လေး သွားပြီးပေါ့ကွ။



## အခန်း (၁၁)

'လူကြီး'

အဝေးမှလွင့်လာသလို ခေါ်သံတိုးတိုးဖျော့ဖျော့ကြားရသည်။ ဇာခြင်ထောင်အမိုးပေါ်မှ ကောင်မလေးပုံရိပ် တဖြည်းဖြည်း ဝေးလွင့်သလို ဖြစ်သည်။

သူ မျက်တောင်တစ်ချက် ပုတ်ခတ်ရင်း မွှေးရနံ့ကို တလုံးတခဲ တည်း ရှိုက်ရှူလိုက်သည်။ ဒင်းလေးက'သူ'ကိုမြင်မြင်ခြင်းလန့်သတဲ့။

'သူ့'မှာ ဒေါသထွက်ရမလို ရယ်ချရမလို

တကယ်ကြောက်သင့်တဲ့ ကောင်လေးတွေကို ကြောက်ရမှန်း မသိတဲ့နဲ့ သူ့ကိုမှ မဆင်မခြင် ကြောက်သတဲ့။ အဲဒါပဲ မိန်းကလေးအဖြစ် က ခက်လှသည်။

သူ့ခမျာအနားယူ အိပ်စက်ချင်ပေမယ့် ဒင်းလေးကို မပြုပြင်ဘဲ တယုတယပြုစုပေးခဲ့တဲ့အဖြစ်။ ဒါတင်မက မိန်းကလေးတစ်ယောက်က ညအချိန်မတော် သူတစ်ကိုယ်တည်းနေတဲ့.တိုက်ထဲခေါ်သွင်းလာတာ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတက်လာမှာလည်း စိုးရသည်။

ဒါပေမဲ့ သူ့ကိုယ်သူ လိပ်ပြာသန့်သည်။

ပြဿနာဖြစ်လည်း မတတ်နိုင်ဘူး။ ရှင်းရုံပဲလို့ သဘောပေါ
လျက် ကုသစရာရှိတာကို စိတ်ရှည်လက်ရှည် ကုသပေးခဲ့သည်။

တစ်ခုတော့ ကံကောင်းသည်။ ကောင်မလေး သူ့ကိုကြော
ပေမယ့် သူပြောသမျှနာခံတာလေးကို သူ့ရင်ထဲကျေနပ်သလိုရှိသည်

ဒါတင်မက ရှုပ်ထွေးပွထနေတဲ့သူ့အခန်းကို ဒီကောင်မလေ
ရှင်းပစ်လိုက်တယ် ဆိုတယ်အသိက သူ့သွေးကို နွေးခနဲ ဖြစ်စေသည်

ရှက်သလိုလို မျက်နှာချင်းမဆိုင်ရဲသလိုလိုနဲ့ 'သူ့'စိ
လှုပ်ရှားသွားသည်။ မွှေးရနံ့ပါသင်းထုံနေတော့ ကြည်နူးစမ်းရေလေ
စီးဆင်းလာသလို။

ထိုခံစားချက်မျိုး 'သူ' တစ်ခါမှမခံစားဖူးပါ။

'သူ' မိန်းကလေးတွေနဲ့ မစိမ်းလှပါ။ ဆေးရုံမှာဆိုမိန်းကလေ
တွေနဲ့ထိတွေ့ဆက်ဆံရသည်။ သူငယ်ချင်းလုပ်ဖော်ကိုင်ဖက်ဆိုလည်
မိန်းကလေးတွေသာ များသည်။

တစ်ခါမှ 'သူ' ဒီလိုမခံစားဖူးပါ။

ဘာအခြေအနေ ၊ ဘာဂုဏ်ဒြပ်မှမရှိတဲ့ လမ်းပေါ်ကဝေဒန
သည်မလေးနဲ့မှစိတ်နှလုံးသားက လေတိုးခံရတဲ့သစ်ရွက်လို လှုပ်လှု
ရှားရှားဖြစ်ကာ။

ရိုးမှရိုးရဲ့လား။ သူ့ကိုယ်သူ ပြန်မေးရမလိုဖြစ်၏။

'ယူ့ခေါင်းထဲမှာအလုပ်တာဝန် လူနာနဲ့ ယူ့ဆေးရုံ' တစ်စထ
တစ်စတိုးတက်ဖို့ဆိုတဲ့ဇောပဲရှိတယ်၊ အာရုံခံစားချက်မရှိတဲ့ စက်ရုပ်လို





နှလုံးသားမရှိဘူး ဟုတ်တယ် ယူက သစ်ငုတ်တိုလိုပဲ နှလုံးသားမရှိ
တဲ့လူ့စက်ရုပ်ကြီး' လို့ လရိပ်ချို ရူရူစောင့်စောင့်ပြောရသည်အထိ
'သူ့'နှလုံးသားက သစ်ငုတ်တိုလို ခံစားချက်မဲ့နေခဲ့သည်။

'သူ' စိတ်အာရုံညွတ်ပျောင်းသွားစေဖို့ 'လရိပ်ချို' ရဲ့အလှအပနဲ့
ဂုဏ်ရှိန်တွေ မလွှမ်းမိုးနိုင်တာ 'လရိပ်ချို' သိသည်။ သိသိချည်းနဲ့ သူ့အပါး
စိတ်ရှည်လက်ရှည်ယစ်ဝဲကာ 'သူ့' နှလုံးသားကို တဲအီအီခြူနေတဲ့ 'လရိပ်ချို'
ကို အလုပ်သဘောကလွဲပြီး စကားတစ်ခွန်းမှ အပိုမပြောတဲ့ သူ။

ကောင်မလေးနဲ့မှ လှုပ်လှုပ်ရှားရှား ခံစားလာရတာ ဆန်း
သည်။

အသက်ချင်းလည်းမတူ။ အရွယ်ချင်းလည်း မတူ။ ဂုဏ်ချင်း
လည်းမညီ။

အင်း ခက်တော့ခက်နေပြီ။

'လူကြီး'

ခေါ်သံပိုကျယ်ကာ နားထဲ ဒိုင်းခနဲ ဆောင့်ဝင်သည်။ သူ့တစ်
ကိုယ်လုံးဆတ်ခနဲတုန်သွားကာ အသံပြေးဝင်သည့်ဘက် ငဲ့ကြည့်သည်။

တစ်ဝက်ဟနေတဲ့ ကျွန်းတံခါးကို ကိုင်လျက် အခန်းအဝင်အဝ
မှာ ဖြောင့်ဖြောင့်ရပ်နေတဲ့ကောင်မလေး။

သူ့မျက်မှောင်တစ်ချက် ကုတ်ကြည့်သည်။

အနက်ရောင်ဆွတ်တာနွမ်းလေးနဲ့ အဖြူခံမှာအနက်ပွင့်မကြဲတ
ကြဲလေးပါတဲ့တစ်ပတ်ရစ်ထဘီကို ခြေမျက်စေ့တိုက်ဝတ်ထားသည်။
ပါးပေါ်က ဒဏ်ရာကို ဖယ်လိုက်ရင် ဖြူဝင်းစိမ်းမြတဲ့အသား ၊မျက်နှာ
လည်တိုင်၊ရင် ၊ခါး ၊တင်၊ ပေါင်တံနဲ့ ခြေဖျားလက်ဖျားတွေကအစ



www.burmeseclassic.com

www.burmeseclassic.com



ပကာတိအတိုင်း ပုံလောင်းထားသလိုဖြစ်သည်။

'သူ'စိုက်ကြည့်ဖြစ်သွားတော့ ကောင်မလေးနှုတ်ခမ်းနှစ်လွှာက နှင်းဆီငုံလို စူဖူးသွားပြီး

'ဘာကြည့်နေတာလဲ လူကြီးရဲ့၊ ထမင်းစားမယ်လေ ဘာကြောင်နေတာလဲ၊ ဘာလဲ အခန်းရှင်းပေးထားလို့ စိတ်ဆိုးနေတာလား'

ကောင်မလေး စကားလုံးတွေနောက်မှာ 'သူ' အသိဝင်လာသည်။ ခေါင်းအောက်လျှိုထားတဲ့ လက်နှစ်ဖက်ဆွဲဖြုတ်ကာ အိပ်ရာပေါ်မှ ရုန်းထရင်း ပခုံးတစ်ချက်တွန့်သည်။

ကောင်မလေးနှုတ်ခမ်းစူမပြယ်သေးဘဲ မျက်နှာလေးပါနွဲ့ခါလျက်ပြောပြန်သည်။

'စိတ်ဆိုးချင် ဆိုးပေါ့ 'မရ'ကတော့ ရှုပ်နေတာမြင်ရင် ရှင်းပေးမှာပဲ'

တီတီတာတာလေးပြောပုံကိုက ကလေးဆန်စွာချစ်စရာကောင်းလှသည်။ သူ မထိတရိပြုံး၍

'ညည်း ပင်ပန်းမှာပေါ့ ကွ'

'အောင်မာ ဒီလောက်က အပျော့ပဲ'

'ကြည့်ကြသေးတာပေါ့'

'တကယ်ပြောတာ လူကြီးခွင့်ပြုရင် စားသောက်ဖို့ပါ ကိုယ်တိုင်ချက်ပေးမယ်လေ 'မရ'ကောင်းကောင်းချက်တတ်တယ်'

'သူ'မျက်ခုံးနှစ်ဖက်ပင့်တွန့်လျက် စိုက်ကြည့်သည်။

'အပိုတွေလုပ်မနေပါနဲ့ ဖိုးထောင်လာရင် အားလုံး အဆင်ပြေသွားမှာပါကွာ၊ ညည်းလေးပဲ ငါ့ကို ပြဿနာ မရှာရင်ပြီးပြီ'





'ဘာ ပြဿနာမရှာရင်'

နားမလည်သလို 'သူ့'ကို မော့ကြည့်ရင်း ကောင်မလေး တအံ့တသြ မေးသည်။ 'သူ'ခေါင်းတစ်ချက်ဆတ်သည်။ ခြေလှမ်းတွေက 'မုန်းမရ'ရှေ့ ရွှေ့လာရင်းပြောသည်။

'ဟုတ်တယ် ကွ ညည်းကို ငါ ဒီတိုက်ထဲထည့်ထားတာဆိုတော့ 'နှင့်'နဲ့ သက်ဆိုင်တဲ့သူတွေ သိလို့ ပြဿနာရှာရင်'

သူစကားဆုံးအောင်မပြောရသေးခင်း မုန်းမရ ခေါင်းရမ်းပြီး

'ဘယ်သူမှ ပြဿနာမရှာပါဘူး၊ ပြဿနာရှာမယ့်သူလည်းမရှိပါဘူး၊ လူကြီးတိုက်ထဲမှာနေရတာ နတ်ပြည်ရောက်သလိုပဲ၊ တကယ်ပြောတာ 'မရ'က အားကိုးရာမဲ့ပါ လူကြီးရယ် ၊ လူကြီး နှင်ထုတ်ရင်သာ'

အသံနိမ့်နိမ့်လေးနဲ့ ဝမ်းနည်းအစ်စို့သလို ကောင်မလေးပြောလျှင် 'သူ'ရင်မှာ နင့်ခနဲ ဖြစ်သွားသည်။ကြင်နာတဲ့လက်ချောင်းလေးနဲ့ မုန်းမရ ခေါင်းကို ဖွဖွအုပ်ကိုင်မလို့ လုပ်ပြီးမှ လက်ကို ပြန်ရုပ်လိုက်သည်။ ကိုယ်ရိပ်အောက်ခိုနေတဲ့ မိန်းကလေးအပေါ် သူ စောင့်စည်းရမည်။ သူ့စိတ်သူထိန်းလျက်

'ညည်း အတွက် ဒီနေရာက နတ်ပြည်ဆိုရင် ပြီးတာပဲ'

'တကယ်လား ဟင်'

မုန်းမရ မျက်ဝန်းမှာ ကြည်လဲ့တဲ့မျက်ရည်များ ယစ်ဝိုင်းသွားသည်အထိ ဝမ်းသာသွားသည်။ လူကြီး ငုံ့ကြည့်၍ ခေါင်းညိတ်လျှင် မုန်းမရ တအားပျော်သွားသည်။

'လာ လူကြီး ထမင်းပွဲပြင်ထားပြီးလေ၊ လူကြီး ဆင်းမလာသေးလို့ စောင့်နေတာ၊ လူကြီးက မွေ့ရာပေါ်ဖိမ်ခံနေတာကိုး ၊ စားပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



အိပ်လေ ဟုတ်ပြီလား လော'

တီတီဘာဘာလေး ပြောတဲ့စကားလုံးတွေက 'သူ့'နှလုံးသားကို ယိမ်းယိုင်စေသည်။ ဒါတင်မက 'သူ့'လက်တစ်ဖက်ကို ရင်းရင်းနှီးနှီးဆွဲ ယူလျှင် 'သူ'ကိုယ်သူ စိတ်မထိန်းနိုင်ဖြစ်မှာ စိုးရိမ်သွားသည်။

အစ်ကိုကြီးကို ချွဲနွဲ့တဲ့ ညီမအငယ်ဆုံးလေးလို မုန်းမရ ပြုမူ လိုက်ပေမယ့် 'သူ'က သွေးသားရင်းချာ အစ်ကိုကြီးမှ မဟုတ်ဘဲ။

'ကဲ ညည်းရှေ့က သွား'

မုန်းမရ လက်ကို မသိမသာဖယ်ချရင်း ဣန္ဒြေမပျက် သူပြော လိုက်ရသည်။

မုန်းမရ နာခံစွာ သူ့ရှေ့က သွက်သွက်ကလေး ထွက်သွား သည်။

သက်မအကြိမ်ကြိမ်ချရသူက 'သူ'။ သက်မချရင်း ခေါင်းထဲ လက်ချောင်းတွေ စုံထိုးထည့်ရင်းဆံပင်တွေ ဖွပစ်လိုက်သည်။

မုန်းမရဆိုတဲ့ ကလေးမကြောင့် 'သူ့'နှလုံးသားဈာန်လျော သွားနိုင်သည်။

ဈာန်လျောလို့မဖြစ်ဘူး 'အမြင်သစ်'။

'သူ'ကိုယ်သူ အနိုကတ်ပြုပြီး လှုပ်ရှားနေတဲ့စိတ်ကို မောင်း ထုတ်ပစ်၏။ ပြီးမှ လေးလံတဲ့ခြေလှမ်းနဲ့ အောက်ဆုံးထပ် ထမင်းစား ခန်းဆီ။

■ ■ ■



## အခန်း (၁၂)

သူ့ဘဝ ၊သူ့အသိတရားနဲ့သူ့နှလုံးသားမှာ ခိုင်မာတဲ့ကြိုးတစ် ချောင်းငြိခဲ့သည်။ ထိုကြိုးက အဖေရဲ့ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာကြိုးပါ။

ထိုကြိုးကို ဖေဖေကိုယ်တိုင် ဖြတ်တောက်ပစ်ခဲ့သည်။

ပြန်ဆက်ဖို့ 'သူ'ဘက်ကအကြိမ်ကြိမ်ကြိုးစားပေမယ့် အဖေ လုံးဝအဆက်မခံ။

'ပြောရင်း ပြောတဲ့အတိုင်း လုပ်တပ်တာ ငါ့ဝါဒ ၊ ငါ့ကတိ ကြိုးပျက်ဆီးသွားအောင် မင်း ငြင်းပစ်ကတည်းက မင်းကို ငါ့သားအဖြစ် ခံစားလို့မရတော့ဘူး အမြင်၊ နောက်ဘယ်တော့မှ 'ငါ့'ကို မဆက်သွယ် နဲ့၊ မင်းဆက်သွယ်တဲ့နေ့ ငါကိုယ်ငါ သတ်သေတဲ့နေ့ပဲ၊ ငါသေတာမြင်ချင် ရင် နောက်တစ်ခါ မင်း ငါ့ကိုဖုန်းတစ်ချက် ထပ်ဆက်ကြည့် ငါပြောထား တဲ့စကားတစ်လုံးမှ မယွင်းစေရဘူး၊ လက်တွေ့သိချင်ရင် စိန်လိုက်ကွ'

အဖေ နာနာကြည်းကြည်း 'သူ့'ကို စိန်ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့အတိုင်း သေပစ်ဖို့ ဝန်မလေးတဲ့ အဖေစိတ်ကို 'သူ'သိသည်။ ဒါဆိုဒါပဲ။

အဖေပြောရင် 'သူ'နာခံသည်။ အဖေက ဒါလုပ်ဆို သူလုပ်သည်။ သူတစ်သက် 'အဖေ့'စကား ငြင်းပယ်ခဲ့တာ တစ်ခါမှ မရှိခဲ့ပေ။ ဒီတစ်ခါတည်းသာ။

အဖေဆန္ဒကို မဖြည့်ဆည်းပေးနိုင်တဲ့ 'သူ့'ကို အဖေနာကြည်းနေခဲ့သည်။ ထိုဆန္ဒကို သူ မဖြည့်ဆည်းနိုင်သော်လည်း ဖေဖေအသက်ကို အဆုံးရှုံးမခံနိုင်ပါ။

အဖေ ဖြတ်တောက်ထားတဲ့အတိုင်း 'သူ'နေခဲ့သည်။

သူ့ဘက်က ဦးစွာ အဖေကို မဆက်သွယ်ရဲတာ ဆယ်စုနှစ်ပြည့်ခါနီးပြီ။

အရင်တုန်းကဆို အဖေကို အလွမ်းပြေခိုးကြည့်လို့ရသေးသည်။ နောက်ပိုင်း ဖေဖေ ခြေရာပျောက်သွားလိုက်တာ။ ဘယ်သွားတယ် ဘာညာသတင်းအစအနတောင် မရတော့ပေ။

အဖေက အဲသလောက်တောင် 'သူ'ကို ပြတ်သားခဲ့သည်။

အဲဒီကတည်းက နှောင်ဖွဲ့ထားတဲ့ မေတ္တာကြိုးက အဖေကြောင့် အပိုင်းပိုင်းပြတ်ကာ သူ့ဘဝမှာ နှောင်ဖွဲ့တွယ်တာစရာ ဘာညာ ဘာမှ မရှိတော့ပေ။ 'သူ'ဘဝတိုးတက်အောင်မြင်ဖို့ နှစ်ဆယ့်လေးနာရီ ပတ်လုံး စိတ်နှစ်ကာ 'သူ'ကြိုးစားထူထောင်ပြီးနေခဲ့သည်။

သူ့နှလုံးသားက သူ့အလုပ်။ ဘာကြိုးမှ အနှောင်ဖွဲ့မခံ။

နှောင်ဖွဲ့တာခံဖို့လည်း 'သူ့'နှလုံးသားက မတောင့်တခဲ့ပါ။

ခုတော့ ထောင့်ငါးရာကြိုးအစကို 'သူ့'နှလုံးသားက ရှာတွေ့နေ

ဗျူး၈၁၃၄ပ



လေပြီ။

ခက်တယ် မှန်းမရ ရယ်။

မင်းလေးကြောင့် ခက်တယ်။

အစတုန်းက သူ့ရဲ့ 'ပါရမီ'စံအိမ်က ဖိုးထောင်နဲ့ဆရာတပည့် နှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ်။ ဖိုးထောင် မရှိတော့ ပိုတိတ်ဆိတ်သွားသည်။

ညည်းလေးကြောင့် ပါရမီစံအိမ်က ဆွဲလွှဲလှုပ်ခတ်သံလို ချိုသာသော စကားသံနဲ့ ဝေဆာသက်ဝင်နေသည်။

သူကိုယ်တိုင်က ထိုအသံလေးကို စွဲလန်းလာသည်။

'လူကြီးနော် လူကြီးရဲ့ ပါရမီစံအိမ်တစ်ခုလုံးရှင်းနေပြီ၊ လူကြီးကိုယ်လည်း လူကြီးရှင်းဦး'

'ဘာရှင်းရမှာလဲ'

'အိုး လူကြီး ဘာသာ လူကြီးသိပေါ့'

မျက်စောင်းထိုးရင်း ပြောတဲ့'မှန်းမရ'ကို 'သူ'မျက်ခုံးနှစ်ဖက်ပင့်လျက်သားနဲ့ နားမလည်သလိုကြည့်သည်။ မျက်စောင်းလေး မပြယ်သေး။'သူ့'ပန်ကန်ထဲ ပုဇွန်ထုပ်ချဉ်စပ်ကြော်ခပ်ထည့်ပေးရင်း မှန်းမရ ဆက်ပြောသည်။

'လူကြီးက သိပ်ညစ်ပတ်တာပဲ'

'ဟ ငါပုံမှန် ရေချိုးတယ်ကွ'

'ရေချိုးရုံနဲ့ ပြီးသလား။ လူကြီးမျက်နှာ လူကြီးမှန်ထဲ ကြည့်ဦး'

သူ သဘောပေါက်သလို ဖြစ်သွားသည်။ ထမင်းပန်ကန်မှာ အသင့်ရှိတဲ့ ဖွန်းခက်ရင်းကို ကိုင်မလိုလုပ်ပြီးမှ မကိုင်ဖြစ်။

ဗျူး၈၁၃၄မ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်ကို လက်ခုံနဲ့ဖွဖွလေး ပွတ်မိသွားသည်။

စိမ်းနက်သန်စွမ်းနေတဲ့ အမွေးတွေက မျက်နှာပြင်မှာ ကြမ်းရှကာ တောထနေသည်။ ကြဲကြဲဖန်ဖန်ပြောတတ်တဲ့ မုန်းမရ။

သူ့နှုတ်ခမ်းအစုံ မပွင့်တပွင့်ပြုံးမိသွားသည်။

'ဘာပြုံးတာလဲ မယုံရင် မုန်ကြည့်လေ၊ တောထဲက လူရိုင်းလိုပဲ လုပ်တာက ဆရာဝန်၊ လူပုံစံက တောပုန်းလိုလို ဘာလိုလို'

မျက်စောင်းနှုနှုထိုးရင်း ပြောလိုက်တဲ့ မုန်းမရ စကားနောက်မှာ 'သူ'မျက်နှာမော့ကာ သွားအားလုံးပေါ်အောင် ရယ်လိုက်မိသည်။

ထိုအခါ မုန်းမရ မျက်စောင်းနုနုက မရင့်တရင့်ဖြစ်ကာ။

'တော်ပြီး မပြောတော့ဘူး လူကြီးသဘော 'မရ'ဗိုက်ဆာနေပြီ စားတော့မယ် လူကြီး အရင်စားလေ'

မုန်းမရ စကားဖြတ်ပြီး ထမင်းစားဖို့ပြောသည်။

ဒီစကားလုံးတွေက 'သူ့'ဗိုက်ပင်ပြည့်လုမတတ် တကယ်ပါ။ ညည်းလေးဆာနေမှန်းသိနေတာကြောင့် 'သူ'အချိန်မဆွဲတော့ပါ။

ဇွန်းခက်ရင်း ချက်ချင်းကိုင်သည်။ ထမင်းချည်းသက်သက်တစ်ဇွန်းအရင် ခပ်စားလိုက်ပြီး

'ကဲ နင်လည်းစားတော့'

'သူ' ဦးစွာ စစားပြီးပြောမှ မုန်းမရ ခေါင်းငုံ့ပြီး ထမင်းခပ်စားသည်။

အလိုက်သိတာလား။ လူကြီးမို့ အလေးထားတာလား။ ဘာလားတော့မသိပါ။ သူ့ရင်မှာ နှစ်မြို့က်ပျော်ဝင်သွားသည်။

'ကဲ မင်း သဘောပါကွာ'လို့





ထမင်းစားနေရင်း'သူ'ပြောတော့ မုန်းမရ မျက်နှာလေးက မျက်နှာချင်းဆိုင်ဖြစ်နေတဲ့ 'သူ'မျက်နှာကို တစ်ချက်ကြည့်သည်။

မျက်လုံးချင်းအဆုံမှာ 'သူ'ပြုံး၍

'တကယ်ပါကွာ ယုံ'

'ဟွန်း မဟုတ်လို့ကတော့ '

မုန်းမရ ဆက်မပြောတော့ပါ။ အကြည့်ချက်ချင်းလွှဲ၍ ဝက်သားချိုချဉ်ကြော်ပန်းကန်ကို ကြည့်သည်။

လူကြီးက ဘာမှန်းမသိဘူး။

မရက စေတနာနဲ့ပြောတဲ့ဥစ္စာ။

'ပြောလေ ၊မဟုတ်ရင် ဘာလုပ်ချင်လဲ'

အရွဲ့တိုက်တဲ့စကားလုံးဖြစ်ပေမယ့် ပြုံးပြုံးလေးမေးဆတ်မေးတဲ့လူကြီး။ ဝက်သားချိုချဉ်ကြော်တစ်ဇွန်းခပ်ယူရင်း မုန်းမရ မျက်စောင်းရင့်ရင့်ထိုးပစ်လိုက်၏။

စိုက်ကြည့်ရင်းပြုံးနေတဲ့မျက်နှာကို ဒေါသထွက်ဖို့ အခက်သား။

'လူကြီးနော်'

မုန်းမရ ဒီလောက်ပဲ ပြောတတ်တော့သည်။

ဟန့်တားသလိုလို ပြုစုသလိုလို 'လူကြီးနော်'လို့ ဆိုသံလေးက နားထဲမှ ပျားရည်လောင်းချလိုက်သလို ချိုမြသွားသည်။

'သူ'ဘာမှ ဆက်မပြောတော့ပါ။

မျက်လွှာချရင်း ထမင်းငုံ့စားနေတဲ့ ကောင်မလေးကို ဘာမှမပြောရက်တော့ပေ။ သူ့ခမျာ အတော်ဆာနေရှာပေါ့။

'သူ'လည်း ဆာနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆာဆာနဲ့ တိတ်တိတ်ဆိတ်ဆိတ်စားနေရပေမယ့် 'သူ့'ရင်ထဲတာထပ်ထပ် ခုန်ကာ ဖွန်းခက်ရင်းသံ၊ ထမင်းလုပ်ဝါးသံနဲ့အပြိုင် 'သူ့'ရင်ခုန်သံမြိုင်ဆိုင်နေပါသည်။

■ ■ ■

## အခန်း (၁၃)

'ဟော့ ယူ ဟိုမှာကြည့်စမ်း'

'ဘာလဲးဟာ ဒီမှာအလုပ်ရှုပ်နေတာနဲ့ ဘာကြည့်နိုင်းပြန်ပလဲ အပြာရောင် ရယ်'

လရိပ်ချို လူနာမှတ်တမ်းတွေစစ်ဆေးနေရာမှ မော့မကြည့်ဘဲ ပြောသည်။အပြာရောင်အားမလိုအားမရဖြစ်ကာ 'လရိပ်ချို'မျက်နှာကို ဆွဲယူလျက်။

'ကြည့်စမ်းပါ ယူ့ လူကို'

မကြည့်လို့မရအောင် ပြုလာတော့ အပြာရောင်လက်ကိုဖယ်ရင်း လရိပ်ချိုကြည့်လိုက်ရသည်။

'ဟင်း အမြင်သစ်'ဟု လရိပ်ချိုနှုတ်က လွတ်ခနဲ ထွက်သွားတာ တအံ့တဩ။ ဟုတ်ပါတယ်။

ပုံစံပြောင်းသွားသည့် 'အမြင်သစ်'။

အံ့ဩဖို့ကောင်းပါသည်။

မျ၊း ၁၃၉၀

www.burmeseclassic.com

www.burmeseclassic.com



အားလုံးမျက်လုံးထဲမှာ အံ့သြရိပ်နဲ့ လက်တို့ပြောရလောက်အောင်ဖြစ်လာသည်။ ငေးလည်းငေးကုန်ကြသည်။

ပခုံးတိုက်ထိရှည်နေပြီဖြစ်တဲ့ ဆံပင်ရှိုင်းတွေကို မောဒန်ဘွိုင်းပုံစံသထားသည်။ဆံပင်အားလုံးတိုသွားသလို နဖူး ၊နားရွက်နဲ့ ဂုတ်သားပေါ်အချောင်းလိုက် စင်းကြနေသည်။

နယ်ထိပ်ကဆံပင် တချို့ကလည်း လေမွှေထားသလို ယိုင်လိုယိုင် ၊လှဲလိုလှဲနဲ့ ဝေ့ဝေ့ယိုင်ယိုင်ဖြစ်ကာ ဒီဇိုင်းဆန်းနေသည်။

ပင်ကိုယ်ဆံပင်က အနက်ရောင် မှိုင်းမှိုင်းပါ။

ခုတော့ မဟော်ဂနီရောင် ဖျော့ဖျော့ ကာလာပြောင်းနေသလို အကောင်းစားဂျယ်အစွမ်းကြောင့် တောက်ပနေသည်။

မျက်နှာပေါ်မှာ အမွေးရိုင်းတွေလည်းမရှိတော့ပါ။ဆိုင်မှာသ,လာပုံရသည်။မွေးငုတ်အရိပ်ကလေးတွေကအစ နသယ်စပ်မှမေးဖျားအထိ နှစ်ဖက်စလုံး စိမ်းမြမြလေးဖြစ်နေပါသည်။

အစဉ်အမြဲ ကုတ်အင်္ကျီနဲ့သာ ဖြစ်ပေမယ့်

ခုတော့

ကော်လာပါတဲ့ တီရှပ် ပန်းနုရောင်လက်တိုနဲ့စတိုင်ပင်အနက် တွဲဝတ်လျက်။ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်လျှိုပြီး ကြွကြွမတ်မတ် လျှောက်လာခဲ့တဲ့ စတိုင်က သစ်နေသည်။

'ယူ့ လူတော့ ထူးနေပြီ ဟ'

ဘေးချင်းယှဉ်ထိုင်နေတဲ့ လရိပ်ချိုကို ပခုံးချင်းဖွဖွတိုက်ပြီးအပြာရောင်စ,သည်။

မစွတ်ခင်က ညွတ်နေတဲ့ 'လရိပ်ချို'ရင်ထဲ ဒိန်းခနဲ ဖြစ်သည်။





'ဘာ ထူးတာလဲ အပြာ'

'ဟ လူဆိုတာ အချစ်စိတ်စတင်လာရင် ကိုယ့်ကိုယ်ကိုယ် လှအောင် ဂရုစိုက်လာတယ်လေ၊ အခုတလော ယူ့လူအလှပြင်လာပြီးလေ၊ ဖိုးထောင်ကို စိတ်ဆိုးလို့ အရိုင်းဆန်နေတဲ့ ပုံစံမဟုတ်သလို ၊ဖိုးထောင်ရှိစဉ်ကတည်းက စမတ်ကျတာမျိုးလည်းမဟုတ်ဘူး ၊ နုပျိုအောင်တမင်သ,ထားတာ၊ မဟုတ်မှလွဲရော လရိပ်ကို'

လို့စကားတစ်ဝက်ဖြတ်၍ မျက်စလေးနဲ့အပြာဒဲ့ပြောတော့ လရိပ်ချို

မျက်နှာ ပန်းနုရောင်လှိုင်းရိပ်လေးပြေးဆော့သွားသည်။

'အပြာ နော် မဟုတ်က ဟုတ်က ' လို့

မလုံမလဲ ပြောမိသွားသည်။ ရင်ထဲမှာတော့ ကြိတ်ပြီးကြည်နူးမြူးကြွသွားတာအမှန်။

' အံ့မယ် အကြောင်းသိချင်း ရှက်နေပြန်ပြီ'

အကြောင်းသိချင်းမို့ အပြာရောင် အားမနာတမ်း ပြောတော့ လရိပ်ချို ရှက်သလို ဖြစ်သွားသည်။အပြာရောင်နှင့်ပြိုင်မပြောတော့ပါ။

နားနေခန်းမထဲက လုပ်ဖော်ကိုင်ဖက်အားလုံးတို့က လရိပ်ချိုကို မနာလိုသလို နာလိုသလိုလိုနဲ့ ဂရုတစိုက်ကြည့်လာကြသည်။ ဒါကြောင့် လရိပ်ချို ဣန္ဒြေဆယ်လိုက်ရသည်။ လှမ်းဝင်လာတဲ့ အမြင်သစ်ဆီက အကြည့်လွဲသည်။

အားလုံးသော အလုပ်စားပွဲတွေရှေ့မှ ဖြတ်လျှောက်သွားတဲ့ အမြင်သစ်ကိုယ်ပေါ်မှ ပျံ့မွှေးလာတဲ့ Ferrari (ဖာရာရီ) ရေမွှေးနံ့ကို လရိပ်ချို နှစ်သက်စွာ ရှူရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီဖိုင်းလန်းနေတယ်ဟ၊ တို့ Boss မရှိးတော့ဘူးထင်တယ်'

သီးသန့်အခန်းထဲ အမြင့်သစ် လျှောက်သွားသည်နှင့်ဟိုဘက်စားပွဲမှ ခင်မာလင်း၊ မတိုးမကျယ်ပြောသည်။

'ဖြစ်နိုင်တယ်ဟ ကိုမြင့်က အရင်လိုမဟုတ်တော့ဘူး ဒီဖိုင်လန်းသလို အချိန်မှန် စံအိမ်ပြန်တယ်'

'ဟဲ့ ဖိုးထောင် ပြန်ရောက်နေလို့ဖြစ်မှာပေါ့'

ချစ်ချစ်ဆွေနဲ့မာမာမင်း လည်းထင်မြင်ချက်ပေးသည်။ အပြာရောင်က ထိုထင်မြင်ချက်ကို မထောက်ခံတဲ့ မျက်နှာပေးနဲ့ လရိပ်ချိုနားကပ်ကာ တိုးတိုးပြောသည်။

'ဖိုးထောင်ကြောင့် လုံးဝမဖြစ်နိုင်ဘူး၊ အချစ်ကြောင့်ပဲ၊ အပြာထင်ရင် လုံးဝမလွဲဘူး မယုံရင် လရိပ် စောင့်ကြည့်'

လရိပ်ချို နှလုံးသားလေး တဒိတ်ဒိတ်ခုန်သွားသည်။

ခေတ်ပညာတတ် ဆရာဝန်ဆိုတဲ့ဂုဏ်တွေနဲ့ တည်ငြိမ်ရင့်ကျက်ရပေမဲ့၊ အချစ်ကြောင့်ဆိုတော့ ဣန္ဒြေလေးယိုင်နဲ့ကာ၊ တဒိတ်ဒိတ်ရင်ခုန်ရသည်သာ။

လရိပ်ချိုလည်း အချစ်ကြောင့်ရင်ခုန်လာတာ ကိုယ်တိုင်သိသည်။ အမြင့်သစ်က လရိပ်ကို ချစ်တာဆိုရင် အိုး နှလုံးသားမှာတစိမ့်စိမ့်ကြည်နူးသွားသည်။

အမြင့်သစ်ရယ် ချစ်တယ်လို့ရင်ဖွင့်ပြောလိုက်ပါတော့ကွယ်

'ကိုမြင့်'

ဝန်ထမ်းတချို့နဲ့လုပ်ဖော်ကိုင်ဖက် အားလုံးနီးပါး ရှိနှင့်နေတဲ့ညနေခင်း လက်ဖက်ရည်သောက်ခန်းထဲမှာ အမြင့်သစ် ခြေလှမ်း



ဝင်သည်နှင့် အပြာရောင်ဦးစွာခေါ်သည်။

'ကိုမြင့် ဒီမှာလာထိုင်'

ထိုင်ခုံပါ အသင့်ဆွဲထုတ်ပေးရင်း ထပ်ဆင့်ပြောသည်။ တခြားဝိုင်းတွေမှာ လူပြည့်နေတာမို့ အမြင့်သစ်ခေါ်င်းမခါ။

အားလုံးကို ပြုံးလျက်သာ ငေ့ကြည်ပြီးမှ ဆွဲပေးတဲ့ထိုင်ခုံမှာအပြာရောင်နဲ့ ဘေးချင်းကပ် ဝင်ထိုင်သည်။ ထိုအခါ 'လရိပ်ချို'နှင့်မျက်နှာချင်းဆိုင်ဖြစ်နေလို့ လရိပ်ချိုနှင့် အကြည့်ဆုံသည်။

လရိပ်ချို ရှက်ပြုံးကလေးနဲ့ အကြည့်လွှဲပြီး

'ကိုမြင့်အကြိုက် Monca (မွန်ကာ)ကော်ဖီနဲ့ဆင်းဝစ်ဒ်ရှိမုန့်မှာထားတယ်။'

ဟု မပွင့်တပွင့်ပြောသည်။ အပြာရောင်က အမြင့်သစ်ကိုမြူသော

လရိပ်ချို၏ မထိခလုပ် ထိခလုပ် အသံနဲ့ဟန်ကို သဘောကျလျက်ရှိသည်။

အမြင့်သစ်က ပုံမှန်ထက်မပို၊ ပြုံးလျှက်ပင်

' Thank You လရိပ်'

'မလိုပါဘူး ကိုမြင့်ရယ်၊ ကိုမြင့်နဲ့လရိပ်က'

ဟု လရိပ်စကား စဖြတ်တော့ တဖက်ဝိုင်းမှ မာမာမင်းတို့ဣန္ဒြေမပျက်မျက်လုံးတွေနဲ့ ကြည့်သည်။ လရိပ် မသိချင်ဟန်ဆောင်လိုက်သည်။ 'ကျေးဇူးတင်တယ် ဘာညာပြောစရာလိုတဲ့ လူမှ မဟုတ်တာ'လို့အထာလေးနဲ့ပြောချသည်။

အမြင့်သစ် အထာတွေကို အာရုံမရောက်နိုင်။ ဝန်ထမ်းကောင်လေး လာချပေးတဲ့ ကောဖီနဲ့မုန့်ဆီ အကြည့်ပို့ရင်း ကော်ဖီခွက်ကို

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းကိုင်သည်။

ကော်ဖီတစ်ငုံစုပ်သောက်ပြီးမှ

'ဟုတ်တယ်နော် 'လရိပ်' ဆောရီး နောက်ဆို ကျေးဇူးတ

တယ်လို့ မပြောတော့ဘူး ကျေနပ်လား'

သူငယ်ချင်းထက် မပိုသောလေသံနဲ့ သွက်သွက်ကလေးပြေ

သည်။လရိပ်ချိုကတော့ အမြင်သစ် ထိုမှုပြောရုံနဲ့တင် မျက်နှာအရောင်

လှလေးပြောင်းသွားသည်။ စူးစမ်းသလို အကဲခတ်ကြည့်နေကြ

မျက်ဝန်းတွေကိုလည်း ဂရုမစိုက်။

ခပ်မော့မော့ ဝေ့ကြည့်၍

'အင်းပေါ့ ၊ နောက်ဆို ကျေးဇူးတင်တယ်လို့ မပြောကြ

အမြင်သစ်နဲ့လရိပ်က စကားညီမျှနေပြီးသားလို့ ကြွေးကြေ

ဟန်နဲ့ လရိပ် ခေါင်းညိတ်ပြောခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အမြင်သစ်နဲ့လရိပ်ကို အပြာရောင် ဖြစ်

ချင်သည်။ လိုတဝက်မလိုတဝက် ရှိပေမယ့် အပြာရောင်ကတော့ လုံ

ဖြစ်သွားစေဖို့ စ,ဆွယ်သည်။

'ဒါနဲ့ ကိုမြင့်'

'အင်း ပြောလေ အပြာရောင်'

'အခုတလော ကိုမြင့် ဒီဗိုင်းတောက်ပနေရော၊ မဟုတ်မှလွဲရော

'ကိုမြင်' ချစ်သူတွေဘာတွေမြင်နေပြီးလာ ဟဲ ဟဲ'

အပြာရောင် အားမနာတမ်း စပ်စုလိုက်သည်။

အခုလိုစပ်စုရတာ လရိပ်အတွက်ဖြစ်မှန်း လရိပ်သဘောပေါက်

သည်။ ဒါကြောင့် မျှော်လင့်တဲ့မျက်ဝန်းနဲ့ အမြင်သစ်ကို မသိမသာ

ဗျူး၀၁၁၄၅



အကဲခတ် ကြည့်သည်။

အပြာရောင် စပ်စုသည်နှင့် အမြင်သစ် နှုတ်ခမ်းနှစ်လွှာ မလုံမလဲပြုံးမိသည်။ အပြာရောင် စပ်စုတတ်တာ သိသည်။ စပ်စုတတ်တဲ့အပြာရောင် စရိုက်ကို အမြင်သစ် မကြိုက်ပါ။

ဒါပေမဲ့ ဒီတစ်ခါ အပြာရောင်စပ်စုသည်က အမြင်သစ် ရင်ခွင်တံခါးကိုဆွဲဖွင့် လိုက်သလို မှန်သွားသည်။

'အင်း'လို့ ခေါင်းညိတ်လျက်သားဖြစ်သည်။

သူ မညာချင်ပါ။ သူ့ရင်ခွင်မှာ ချစ်သူရှိနှင့်နေပြီ၊ သေချာသည်။

အမြင်သစ်အပြုံးနဲ့ လရိပ်ချိုမျက်နှာချိုရှုရှုဖြစ်နေတော့အားလုံးစိတ်ဝင်တစားဖြစ်လာသည်။ ထောင့်ကျကျစားပိုင်းရှိ'ခင်မာလေး'ဘေးထိုင်နေတဲ့'သက်ထွန်း'ခေါင်းထောင်ကြည့်ပြီး။

'ကိုမြင် ဘယ်သူလဲတစ်ခါတည်းပြောဗျ'

'ဟာ မင်းကလည်း'

အမြင်သစ်အနည်းငယ်ရှက်သလိုဖြစ်ကာ ဟန့်လိုက်သည်။ ခုချိန်မှာ သူဖွင့်ပြောဖို့စောသေးသည်။

'ဟွန်း လူကြီးရှက်တော့ရယ်တဲ့၊ အဲလိုရှက်ပြီးရယ်တာကိုက ဟုတ်နေပြီ ၊ ကဲပြော အပြာတို့ထဲကပဲ မဟုတ်လား ၊ ဟီး ဟီး သိတယ်နော်'လို့

အပြာရောင်က လရိပ်ချိုနဲ့ အမြင်သစ်ကို အလှည့်ကျကြည့်ပြီး၊ သွားအားလုံးပေါ်အောင်ရယ်ရင်း ပြောသည်။

'အပြာနော်'

လရိပ် မလုံမလဲဖြစ်ကာ ထိုင်နေရာမှ ထထွက်သွားသည်က

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း။ အားလုံးမျက်ဝန်းမှာ လရိပ်ကိုလို့ ထင်သွားအောင် လမ်း ပြုလိုက်တာလား။ အပြာရောင် သဘောတွေ စွတ်ကျသွားသည်။

'တွေလား ကိုမြင်'

'ဘာလဲ ကွာ'

'လရိပ် လေ လရိပ် ဟုတ်တယ် ဟုတ်လား။

မျက်စနဲ့အတည်ပေါက်ကြည့်ပြီးမေးလျှင် အမြင်သစ်မျက်နှာ ခရမ်းချဉ်သီးရောင်လိုရဲမှည့်သွားသည်။

'ဟဲ ဘာဆိုင်လဲ အပြာရောင်'

'ဆိုင်မဆိုင်မသိဘူးကွ ကိုယ်တို့ကတော့ လရိပ်နဲ့ကိုမြင် ဆို တယ်လို့ ထင်နေတာကွ တကယ် ဟား ဟား ဟား'

သက်ထွန်းနိုင် ခနဲ့သလို ပြောချရင်း သဘောတကျ ရယ်ပြ သည်။

မျက်လုံးပေါင်းများစွာကြားမှ အမြင်သစ်ရယ်ရအခက် မဲ့အခါ ဖြစ်သည်။ မဆီမဆိုင် လရိပ်ရှိနဲ့လို့ အတတ်ပြောနေကြတာ ခက်လှသည်။

သူရင်ထဲ တွေ့တဲ့ချစ်သူ သူပဲ သိသည်။ ရှင်းပြရင် ရှုပ်ကုန်တော့ မယ်။ လရိပ်ကို မဟုတ်ဘူးလို့ ချက်ချင်းပြောချရင် လရိပ်ကို အရှက်ခွဲ သလို ဖြစ်သွားနိုင်သည်။

'ကျစ် တော်ပြီကွာ မပြောတော့ဘူး'

'အောင်မယ် ကိုမြင်မရှက်နဲ့ကွ၊ ချစ်ရင်ချစ်တယ်ပေါ့'

သက်ထွန်းက အလိုက်ကမ်းဆိုးမသိထလာရင်း အမြင်သစ် လက်ကို ပုတ်၍ ပြောပြန်သည်။ အားလုံးမျက်ဝန်းတွေက တောက်တောက် ပပ တောက်ခံသည်။



'အဆင့်ချင်း၊ဂုဏ်ချင်း၊အသက်ချင်း တူတယ်လေ ကိုမြင် ဟီး ဟီး'

အပြာရောင် အနားကပ်ပြီး တိုးတိုးလေးပြောပြန်သည်။ အမြင် သစ်ရှက်ရှက်နဲ့ပဲ ခေါင်းရမ်းကာ ကော်ဖီဝိုင်းက ထထွက်ခဲ့သည်က ချက် ချင်း။

အခန်းထဲက အသံတွေတိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး၊ မတိုးမကျယ်တစ်မျိုးနဲ့ ဆူညံစွာကျန်ရစ်ခဲ့သည်။

'ခက်ပါဘိကွာ'

'ခုတ်ရာတခြား ရှရာတခြားဆိုတာ ဒါမျိုးထင်ရဲ့'

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



ကျစ်။ ဒါဘာသဘောလဲ။ ကောင်မလေးကလည်း'အမြင်သစ်' လက်ချောင်းနဲ့တို့ထိပွတ်သပ်တာကို ကြည်ဖြူစွာခံယူနေသည်။

ထိုမြင်ကွင်းကို 'လရိပ်'မကြည့်နိုင်တော့ပါ။

အောက်နှုတ်ခမ်းသားတစ်ဝက်ကို ဆွဲကိုက်ကာ ချက်ချင်းပဲ အဆင့်မြင့်စားသောက်ဆိုင်ထဲက လှည့်ထွက်ခဲ့မိသည်။

ရင်ထဲမှ နာကျင်ဝမ်းနည်းမှုက အရစ်လိုက်၊ အရစ်လိုက် လှိမ့်ထွက်လာသည်။ ကောင်မလေးနဲ့အမြင်သစ်က ဘာလဲ။

သီးသန့်စားသောက်ခန်းထဲက ပြာလဲ့လဲ့ မီးရောင်အောက်မှာ မျက်နှာချင်းဆိုင်ထိုင်ပြီး အကြည့်ချင်းနှစ်ပါးသွားနေကြတာ ဘာကြောင့်လဲ။ ချစ်သူတွေမို့လား။

ချစ်သူဆိုရင် ဘုရားရေ. . .'။

'လရိပ်'ရင်မှာ ဒိုင်းခနဲ အရှက်သည်းသွားသည်။

လက်ဖက်ရည်သောက်ခန်းထဲမှာ ပူပူနွေးနွေးဖြစ်ခဲ့တဲ့ခေါင်းစဉ်က'အမြင်သစ်'နဲ့'လရိပ်'ကချစ်သူတွေတဲ့။

'လရိပ်'ရင်မှာ ကြိတ်ပြီး ဝမ်းသာရတာ။နှလုံးသားအရည်ပျော်မတတ်။

အားလုံးရှေ့မှာ ခေါင်းညိတ်ခဲ့ပြီးမှ'လရိပ်'ကို သစ်စိမ်းချိုးလိုက်တာလား အမြင်သစ်။ ဒီအဖြစ်ကိုလုပ်ဖော်ကိုင်ဖက်တွေသိရင် ဘယ်လောက် အရှက်ရစေမလဲ။

ဘုရား ဘုရား အမြင်သစ်။

ရှင် ရက်စက်လှချည်လားဟင်။

■ ■ ■



## အခန်း (၁၄)

'ဟင်'

ဘွားခနဲမြင်ရလျှင်'လရိပ်'မျက်ဝန်း ဟင်ခနဲဖြစ်ကာ အံ့ဩပိုင်းစက်သွားသည်။ ဟုတ်ရဲ့လားလို့ မျက်လုံးတစ်ချက်ပွတ်ပြီး သေချာကြည့်သည်။ ဟုတ်ပါ၏။ အမြင်သစ်မှ အမြင်သစ်။

ပုံသွန်းထားတဲ့ အရုပ်ကလေးတစ်ရုပ်လို ချစ်စရာ ကောင်းနေသောကောင်မလေးကို မျက်စိစားပွဲ ထိုင်ကြည့်နေတဲ့ အဖြစ်။

ကောင်မလေးက ရှက်ပြုံးလေးနဲ့ ခေါင်းငုံ့ချလိုက်သည်။

ဒါတောင် အမြင်သစ် အကြည့်က မလွှဲ။ စားပွဲပေါ်လက်နှစ်ဖက်တင်လျက် ကောင်မလေးနဲ့နီးအောင် ကိုယ်ကိုရှေ့ကိုင်းပြီး စကားတွေဆက်တိုက်ပြောသည်။

စကားပြောနေရင်း ကောင်မလေး မေးဖျားကို ဖွဖွလေးဆွဲကိုင်သလို ပါးပြင်မို့မို့ကိုလည်း လက်ချောင်းလေးနဲ့ တယုတယ ပွတ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မာမာရေ ပြောရဦးမယ်သိလား၊ ကိုမြင်က တို့ထင်သလိုမဟုတ်ဘူးဟ၊ ကောင်မလေးတစ်ယောက်နဲ့ တွဲခုတ်နေတာဟ၊ ကောင်မလေးကို အဝတ်တွေ ဝယ်ပေးတာအများကြီးပဲ၊ ကောင်မလေးက တကယ့် အချော စားထဲက ငယ်ငယ်နုနု ဖူးဖူးထွတ်ထွတ်ကလေး၊ ယူတို့ကို မြင်စေချင်လိုက်တာ၊ မယုံရင် ကိုသက်လာတဲ့အခါမေးကြည့်၊ ကိုသက်နဲ့တို့ Shopping ထွက်တုန်းကတွေ့လိုက်တာ၊ ကိုမြင် မြင်သွားမှာစိုးလို့ တို့နဲ့ ကိုသက် ရှောင်ထွက်ခဲ့ရတယ်ဟဲ့'

ဆရာဝန်များ နားနေခန်းထဲလှမ်းဝင်မလို့ခြေလှမ်းစဉ် အစ အဆုံး ကြားလိုက်ရတဲ့ ခင်မာလေး သတင်းပေးသံ။

'မာမာမင်း'က အံ့ဩစွာ ရင်ဘတ်ဖိသည်၊ ဟုတ်ရဲ့လားဆိုတဲ့ မျက်လုံးနဲ့ ခင်မာလေးကို ပြန်ကြည့်၏။ ထိုအခါ လရိပ်ခြေလှမ်း အလိုလို တန့်သွား၏။

'ဟိုနေ့ကတော့ လရိပ်နဲ့လိုလို ဖြစ်သွားတာလေ'

'လရိပ်က သိတဲ့အတိုင်း ဟုတ်နိုးနိုး သရုပ်ဆောင်သွားတာဖြစ်မယ်၊ ခုတော့ ဟိုကောင်မလေးနဲ့ လရိပ်သိရင်တော့ ဟီး ဟီး'

'မာမာမင်း'နဲ့ချစ်ချစ်ဆွေ မနာလိုတစ်ဝက် ဝင်ပြောရင်၊လုပ်ဖော်ကိုင်ဖက်အားလုံးလိုလို ရယ်ကြသည်က နားနေခန်းတစ်ခုလုံးဟိန်းသွားသည်။

'ယူတို့ မဟုတ်တမ်းတရား လျှောက်မပြောနဲ့'

အပြာရောင် သည်းမခံနိုင်၊ မျက်နှာထားဖြင့် လှမ်းပြော၏။

'မြင်တာကိုပြောပြတာပါ၊ မယုံရင် ကိုမြင် တွဲခုတ် မခုတ်လိုက် ချောင်းကြည့်လေ၊ ဟုတ်နေမှ ပါးစပ်ပိတ်မနေနဲ့'





ခင်မာလေးက အားမနာတမ်းပြောချသည်။ အပြာရောင် ဘာမှ ပြန်မပြောနိုင်တော့ပါ။ မယုံရအခက် ဖြစ်ရသည်။

လုပ်ဖော်ကိုင်ဖက်ချင်း တစ်ယောက်ကိုတစ်ယောက် ထိပါးပြောနေတဲ့စကားဝိုင်းထဲ လရိပ် ဝင်သွားရင် မျက်လုံးပေါင်းများစွာ ဘယ်လိုကြည့်ကြမလဲ။

ဘာအလိုလိုအကြည့်တွေကို မခံနိုင်ပါ။

လရိပ်ကိုယ်တိုင် မျက်စိနဲ့တပ်အပ်မြင်ခဲ့ပြီးပြီ။အခုတစ်ခါ လုပ်ဖော်ကိုင်ဖက်တွေ မြင်သူမြင် သိသူသိနဲ့။

အို ရှက်စရာကောင်းလိုက်တာ။

ရှက်မျက်ရည်တွေမျက်ဝန်းအိမ်မှာ ပြည့်လာသည်။

အချစ်နဲ့အရှက်

ဒွန်တွဲပြီး မခံစားနိုင်တဲ့ နှလုံးသား ....။

လရိပ် ခြေလှမ်းက နားနေခန်းနဲ့ ချက်ချင်းဝေးကွာသွား၏။

■ ■ ■

'လရိပ် ဘယ်လို ပြန်ပြောစမ်း၊ ရှင်ပါရမီ Ward ထဲမှာ မလုပ်တော့ဘူး ဟုတ်လား '

အပြာရောင် မယုံနိုင်ပါ။

အေးတိအေးစက်နဲ့ အံတင်းတင်းကြိတ်ထားတဲ့ လရိပ်မျက်နှာကိုကြည့်ရင်း ပန်းပုတ်ကာ မေးချသည်။

'ဘာဖြစ်လို့လဲ၊ ပြောလေ လရိပ် အပြာ့ကို မပြောရင် ဘယ်သူ့ကိုပြောမလဲ'

'ဟင့်အင်း'



www.burmeseclassic.com

www.burmeseclassic.com



လရိပ် ခေါင်းခါလိုက်သည်။ ရင်ထဲက အရှက်သည်းသော ဒဏ်ရာကို ဖောက်ထုတ်ပြနိုင်တဲ့သတ္တိ လရိပ်မှာ မရှိပါ။

အချစ်နဲ့ပတ်သက်ရင် လရိပ်နှလုံးသားက နုလွန်းသည်။

အရှက်နဲ့ပတ်သက်ရင် လရိပ်မျက်နှာချင်းဆိုင်ဖို့ ခွန်အားမဲ့လွန်းသည်။လရိပ် စိတ်ကိုလရိပ်သိသည်။ တိုးတိုးတစ်မျိုး၊ကျယ်ကျယ်တစ်မျိုး၊ ထိပါးပုတ်ခက်လာမယ့် စကားလုံးတွေကို ရင်စီးမခံရဲ . . ။

ရှက်တာပဲသိတယ်။

ဒါကြောင့် ပါရမီ Wardထဲက ထွက်ဖို့ယတိပြတ် ဆုံးဖြတ်လိုက်သည်။အပြာရောင်သိချင်စိတ်နဲ့ မရအရမေးသော်လည်း ရင်မဖွင့်ရဲအောင် လရိပ် ရှက်နေပါသည်။

ဒါကြောင့် ရင်ထဲက ဝေဒနာကိုရင်ထဲမှာပဲ မြုပ်နှံလိုက်သည်။

'လရိပ်ကိုယ်ပိုင်ဆေးခန်းပဲ ဖွင့်တော့မယ် ဒါကြောင့်'ဟု

ယုတ္တိတန်တဲ့ အဖြေမျိုးပေးလိုက်သည်။ အပြာရောင်ရင်ထဲမှာ ရှုပ်ထွေးကုန်သည်။ နားနေခန်းထဲမှာ ခင်မာလေး ပြောတဲ့စကား ကြားလို့လား။ ဒါမှမဟုတ် ကိုမြင့်တွဲခုတ်နေတာ တကယ်သိသွားလို့လား။

ဒွိဟမေးခွန်းတွေ အပြာရောင် မျက်ဝန်းထဲ ဝဲပျံသွားသည်။

'အစတည်းက မမကို ကိုယ်ပိုင်ဆေးခန်းဖွင့်ဖို့ ဒယ်ဒီစီစဉ်ပေးတာပဲ၊ မမက သူများဆီသွားလုပ်တာလေ ၊ သူများမှာ မလုပ်တဲ့ ကိုယ်ပိုင်ဖွင့်မယ်ဆို ဒယ်ဒီ ဝမ်းသာလို့ဆုံးမှာ မဟုတ်ဘူး၊ ကျွန်တော် အားပေးတယ်၊ ဖွင့်သာဖွင့်'

နားစွန်နားဖျားကြားလိုက်တဲ့စကားကို မောင်ငယ်လေး'ပတ်ထရစ်' အားရဝမ်းသာ ဝင်ပြောသည်။





ပက်ထရစ်ကို လရိပ်မျက်စောင်းထိုးလိုက်တော့ ဟဲခနဲ ရယ်ရင်း လက်ညှိုးနဲ့လက်မ ဝိုင်းပြသည်။ သုံးဖို့ပိုက်ဆံပေးတော့ဆိုတဲ့သဘော။

ပေးနေကျမို့ မငြိုငြင်ပါ။

စားပွဲပေါ်အသင့်ရှိနေတဲ့ လက်ကိုင်အိတ်ဆွဲယူဖွင့်ပြီး ထောင်တန်တစ်အုပ် ပေးလိုက်သည်။ ပိုက်ဆံရသည်နှင့် အစ်မကို ချစ်စနိုးတစ်ချက်ကြည့်၏။ လက်ချောင်းတွေကလည်း ပုံသွင်းထားတဲ့ လရိပ်ဆံပင်အလိပ်ကောက်လှလှလေးကိုဆွဲဖွပြီး လစ်ထွက်သွားသည်။

ပတ်ထရစ်အရိပ် ပျောက်သွားမှ အပြာရောင် သက်မချသည်။ ပါရမီဝဒ်ထဲက ထွက်ဖို့ပြောတဲ့ လရိပ် ရိုးရိုးမဟုတ်မှန်း အပြာရောင် အကဲခတ်မိသလိုရှိသည်။ သို့သော်လည်း ဘာမှပြန်မပြောတော့ အတန်ကြာမှပဲ လရိပ်ရှေ့မှ ထွက်ခဲ့သည်။

အပြာရောင်ကားလေး ပေါ်တီကိုအောက်က လျှော့ခနဲ မောင်းထွက်သွားသံကြားရတော့မှ လရိပ် သက်မချသည်။

လရိပ်ဆုံးဖြတ်ချက်ကို လရိပ် မမြင်တော့ပါ။

အချစ်အတွက် အရှက်ကွဲမခံနိုင်လို့ ပါရမီ Ward ထဲက တကယ်ထွက်လိုက်သည်။

တကယ်ထွက်ပြီးသော်လည်း ကိုယ်ပိုင်ဆေးခန်းဖွင့်ဖို့စိတ်မပါ။

အခန်းတံခါးပိတ် ကြေကွဲနေတဲ့ နှလုံးသားက ဝမ်းနည်းမိုးတွေသာ သည်းသည်းမည်းမည်း ရွာသွန်းနေဆဲ။

" အဲဒါကိုပဲ ပက်ထရစ် ဘယ်လိုနားလည်သည်မသိပါ"

"မမ အသည်းကွဲနေတာမဟုတ်လား၊ ဘယ်ကောင့်ကြောင့်လဲပြော၊ မမ အသည်းခွဲတဲ့ကောင်ကို ကျွန်တော်ကိုယ်တိုင်ဆုံးမမယ်၊" ဟု



www.burmeseclassic.com

www.burmeseclassic.com



မိုက်သွေးကြွကြွပြောလာသည်။

"အိုးမဟုတ်ဘူး၊ မမ အသည်းကွဲဘူး။ ဘယ်ကောင်က မမ အသည်းခွဲနိုင်မှာမို့လို့လည်း ဟင့်"

'မဟုတ်ဘူးဆိုပြီးရော ဟုတ်လို့ကတော့ မမ ကောင်ကို အရှင်မထားဘူး'

ပက်ထရစ်ယုံအောင် လရိပ် သရုပ်ဆောင်လိုက်ရသည်။ ပက်ထရစ် ယုံသွားလို့တော်သေးသည်။

နောက်ဆိုမလွယ်။

ပက်ထရစ်က ဖိုက်ဖို့ရမ်းဖို့ ဝန်မလေး။

ကိုယ့်မောင်စရိုက် ကိုယ်သိသည်။ ပက်ထရစ်ဝင်ရင် ပြဿနာ ပိုကြီးမည်။ အရှက်ပိုကွဲမည်။

ဒါကြောင့်ပါ ချစ်သူရယ်။

■ ■ ■

## အခန်း (၁၇)

"မုန်းမရ"

"ရှင်"

"လာဦး"

တစ်ခါဖူးမှ နာမည်မခေါ်ဖူးတဲ့လူကြီးက ဒီနေ့မှ မုန်းမရ နာမည် အပြည့်အစုံခေါ်တာ ထူးခြားနေသည်။

ခေါ်သံကလည်း တည်တည်ငြိမ်ငြိမ်။

မုန်းမရ အခန်းထဲက ထွက်လာတော့'အမြင်သစ်'က အလယ် ထပ်ဧည့်ခန်းထဲက စိမ်းပုတ်ရောင် ဆိုဖာဝိုင်းမှာ ဣန္ဒြေရရ ထိုင်ချလိုက် သည်။

"လူကြီးဘာပြောမလိုလဲ ဟင်"

"မေးစရာရှိတယ်"

"မေးစရာရှိတယ် ဟုတ်လား"

မုန်းမရ တိုးတိုးလေး သံယောင်လိုက်ရွတ်မိ၏။ ဣန္ဒြေချည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွဲသားနဲ့ဖြစ်နေတဲ့ လူကြီး၊ လူကြီးအမှုအရာကြောင့် မရ မထိုင် ဖြစ်သေး။ ပန်းအိုးထိုးလက်စနဲ့ ထွက်လာတာမို့ နှင်းဆီနီ တစ်ပွင့် လက်ထဲပါလာသည်။

မုန်းမရ မျက်လုံးကို မျက်နှာမော့ကာ လူကြီးစိုက်ကြည့်သည်။ လူကြီးကြည့်သမျှအကြည့်ထဲမှဒီတစ်ကြိမ်အလေးနက်ဆုံးနဲ့ အတည်တံ့ဆုံးပဲ။

'မေးမယ်ဆို မေးလေ'

'အင်'

လူကြီးစိုက်ကြည့်နေရာမှ မျက်တောင်တစ်ချက်ခတ်ပြီး ကျောပြင်ကို ဆိုဖာနောက်မှီချသည်။ လက်နှစ်ဖက်ကို ဆိုဖာလက်တန်းပေါ်တစ်ဖက် တစ်ချက်တင်သည်။

'ညည်းက တကယ်ပဲအားကိုးရာမရှိ အခြေအနေမှဲ့ဆိုတာ သေချာတယ်နော်'

'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ'

'သေချာအောင် ပြန်မေးတာ'

အပ်ကြောင်းထပ်အောင်မေးနေပြန်ပြီဆိုတဲ့အသိနဲ့ မုန်းမရ စိတ်မှာ တင်းသွားသည်။ ထို့ကြောင့် နှုတ်လေး မသိမသာဆူပြီး

'ဟွန်း လူကြီးကလည်း မရှိလို့ပေါ့ ၊မရ မှာ အားကိုးစရာ မိဘလည်းမရှိဘူး၊ အဘွားလည်းဆုံးသွားတာ သုံးနှစ်လောက်ရှိပြီးလေ၊ ဘာဖြစ်လိုလဲ လူကြီး မယုံဘူးလာဟင်'

'ဘယ်လို'

မုန်းမရ နားမရှင်းသလိုဖြစ်ကာ ၊လူကြီးရှေ့က ဆိုဖာမှာငဲ့ထိုင်





မလှို့လုပ်သည်။ သို့သော်လည်း မုန်းမရ မထိုင်ဖြစ်တော့ လူကြီး ထလာခြင်းဖြစ်သည်။

မုန်းမရ လက်ထဲက နှင်းဆီဖူးကို လူကြီး စိုက်ကြည့်ရုံနဲ့အားမရ၊ လက်ဖဝါးနုနုနှစ်ဖက်လုံးကို ပူးတွဲဆုပ်ကိုင်လေသည်။ တဆက်တည်း မုန်းမရ လက်ထဲက နှင်းဆီငုံကို ငုံ့မွှေးရင်ပြောသည်။

'နှင်ကို ငါတာဝန်ယူမယ် ' တစ်သက်လုံးအတွက်တဲ့။

'ရှင်'

မုန်းမရ ရင်မှာ ရုတ်ချည် လှိုင်းထကုန်သည်။

'လူကြီးက'

'ဟုတ်တယ် နင်ငြင်းမလို့လား ဟင်'

ဆုပ်ကိုင်ထားဆဲ 'မုန်းမရ' လက်နှစ်ဖက်ကို ဖျစ်ကိုင်ရင်း ထပ်ဆင့်မေးသည်။မုန်းမရ ခေါင်းလေးငုံ့ကျသွားသည်။

ခေါင်းညိတ်မုန်း အမြင်သစ်နားလည်လျင်

' ညည်း ငါ့ ကို'

သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်းမရှိတော့ပြီးထင်ရသည်။ ပန်းနုရောင်ပေါ်မှ အနီရောင်နှင်းဆီပွင့်လွှာအရိပ်ကလေးများ ခပ်ကြဲကြဲပါသော သုံးလွှာစကတ်လေးနှင့် အပေါ်က ကိုယ်ကျပ်ဆွယ်တာ လက်တိုနုံ့နုံ့လေး ဝတ်ထားသည့် မုန်းမရ၏ မို့မောက်သွယ်လျသော ကိုယ်လုံးလှလှလေးကို အမြင်သစ် ရင်ခွင်ကျယ်ထဲ ဆွဲသွင်းမိ၏။

အမြင်သစ် ပြောချင်တဲ့စကားပင်၊ ဆက်အပြောနိုင်အောင် ရင်ခုန်သံတွေ အတားဆီးမဲ့ကုန်သည်။

'ညည်း ငါ့ကို'



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်နဲ့ပဲ စကားရပ်တန့်ကာ ဖက်ထားရုံနဲ့ လှိုက်ဖိုနေ
အမြင်သစ်ရင်ခွင်က မငြိမ်သက်သေး သူကိုယ်တိုင် တယုတယ ဆေ
ထည့်ပေးခဲ့သော ယခုတော့ ဒဏ်ရာအရိပ်ကလေးသာ ကျန်သော မုန်းမ
ပါးပြင်နုနုကို သူ့ပါးနဲ့ အပ်ထားမိသည်အထိ နယ်လွန်သွားသည်။

'လူကြီး'

မုန်းမရ ကိုယ်လုံးလေး ပူနွေးရှိန်မြလို့သွားသည်။

လူကြီးရင်ခွင်က မုန်းမရအတွက် အားကိုးဖက်တွယ်စရာ အရိ
ကြီးပါပဲ။လူကြီးရင်ခွင်ထဲက မုန်းမရ မျက်နှာလေးမော့သည်
ရိတ်ဖယ်ထားစစိမ်းမြနေတဲ့လူကြီးပါးပြင်ကို မုန်းမရ လက်ချောင်
လေးတွေနဲ့ဖွဖွပွတ်၍

'တစ်သက်လုံးအတွက် မရ ကို တာဝန်ယူမယ် ဟုတ်လာ
စဉ်းစားပါဦး လူကြီးရယ် မရက'

မုန်းမရ ဆက်ပြောလို့မရအောင် ပွင့်ဟနေတဲ့ နှုတ်ခမ်းလွှာ
မုန်းမရလက်ထဲက နှင်းဆီဖူးလေးနဲ့ လူကြီး တေ့ပိတ်လျက်

'ညည်းမှာ ဘာဂုဏ်ဘာပိုင်ဆိုင်မှုမှ မရှိလို့ တာဝန်ယူချင်တာ

'လူကြီးရယ်'

မုန်းမရ တိုးတိုးဖွဖွရွတ်ကာ လူကြီးပခုံးပေါ် ပါးပြင်အပ်က
အားကိုးတကြီး မှီလိုက်သည်။

'ငါ့အနီးဝန်းကျင်မှာ ဂုဏ်တူ၊ ဒြပ်တူတွေအများကြီးပါ၊ ဒါပေမ
ငါ့စိတ်က အဲဒီအပေါ်မှာ မငြိဘူး၊ ဂုဏ်ဝင့်ထည်နေတဲ့ တော်ဝင်ပန်
တစ်ပွင့်ကို လှမ်းယူဖို့ထက် လမ်းပေါ်လွင့်ကျနေတဲ့ မျက်နှာငယ်ပန်
တစ်ပွင့်ကို တယုတယ ကောက်ယူချင်တယ်၊ မျက်နှာငယ်ပန်းပွင့်လေ



လန်းသွားအောင် ငါ့ဘဝနဲ့သွန်းလောင်းပြုစုချင်တယ်ကွ'

လူကြီးစကားလုံးတွေနောက်မှာ မုန်းမရတစ်ကိုယ်လုံးပွင့်ဖတ်လို
နူးညံ့သွားသည့်အလားဖြစ်၏။ ထိုအခါ 'ဘာဖြစ်လို့လဲ'ဟု မုန်းမရ မေး
တော့ လူကြီး ချက်ချင်း မဖြေ။

ဖြန့်ချထားတဲ့ မုန်းမရ ဆံနွယ်ရှည်ကို အမြင်သစ် လက်ချောင်း
တွေနဲ့ တယုတယသကာ မုန်းမရ နောက်ကျောပြင်ဆီပို့သည်။ ထို့နောက်
ရင်ခွင်ထဲမှီတွဲထားတဲ့ မုန်းမရ ကိုယ်လုံးကိုဆွဲထုတ်ကာ မျက်နှာချင်း
ဆိုင်သည်။

သွယ်ဝန်းသောမျက်နှာပေါ်က ဆွဲဆောင်မှုရှိတဲ့ မုန်းမရ မျက်ခုံး
မျက်တောင် နှာတံစသည့် အစိတ်အပိုင်းအသီးသီးကို ရင်ခုန်သံမြန်စွာပဲ
လူကြီး နစ်မျောစွာကြည့်သည်။

ပြီးမှအမြင်သစ်မျက်နှာလေးငုံ့ချလျှင် မုန်းမရမျက်နှာနှင့် ထိလု
မတတ်ဖြစ်ကာ၊ လူကြီးနှာခေါင်းမှ ဝင်သက်ထွက်သက်လေနွေးက
မုန်းမရ နှုတ်ခမ်းပါးကို လာထိသည်။

'ဘာကြောင့်လို့ထင်လဲ'

'လူကြီးပြောလေ'

'ဘာဖြစ်ရမှာလဲ ညည်းကို'

'တီ တီ တီ'

'အမြင်သစ်'ပြောမဆုံးသေးခင် ဘောင်းဘီအိတ်ထဲထည့်ထား
တဲ့ လက်ကိုင်ဖုန်းတစ်လုံး အလိုက်မသိ ထမြည်၏။

ထိုအခါ 'တောက်'ရင်ခုန်သံစည်းချက်ဗရမ်းဗတာဖြစ်ကုန်သည်။

'တီ တီ တီ'

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲခါးမှာချိတ်ထားတဲ့ နောက်ထပ်လက်ကိုင်ဖုန်းပါ ဖာ ဆက်တည်းမြည်ပြန်သည်။ ပြိုင်တူမြည်နေတဲ့ ဖုန်းသံကို အမြင်သ ကြိတ်ဆဲလိုက်သည်။

လှသွေးကြွယ်နေတဲ့ ကောင်မလေးကို မလွှတ်ချင် လွှတ်ချင် လက်လွှတ်လျက်၊ ရင်ခွင်ချင်းခွာရသည်။ ရင်ခုန်သံ ဆီးတားပိတ်ဆို့ခံရ ဖုန်းသံက လှူကြီး နှုတ်ခမ်းလွှာကြားက ထွက်လုဆဲ နှလုံးသား ဘာသ စကားမှာလိုလိုနေရင်း လည်ချောင်းတစ်လျှောက် လျှောဆင်းသွားသည်

မကိုင်မချင်းမြည်နေတဲ့ လက်ကိုင်ဖုန်းနှစ်လုံးလုံးကို 'လှူကြီး မျက်ဝန်းမှာ ဒီတစ်ကြိမ် မုန်းချင်ချင်ဖြစ်၏။ သို့သော်လည်း မုန်းမရန လှူချင်းခွာလျက် ဖုန်းနှစ်လုံးလုံးကို တစ်ပြိုင်နက်ဖွင့်ပြီး နားနားက နားထောင်လိုက်သည်။

နှစ်ဖက်လုံးက ဘာပြောသည်မသိ၊ လှူကြီးမျက်ဝန်း ပြ သက်စူးရှသွားသည်။

'အင်း ခုလာခဲ့မယ်'

ဒါပဲ ယတိပြတ်ပြောပြီး ဖုန်းပိတ်လိုက်သည်။

'ဘာတဲ့လဲဟင် အို ဆောရီး လှူကြီးကိစ္စတွေစပ်စုမိပြန်ပြီ'

မုန်းမရမေးမိပြီးမှ ချက်ချင်း ဘရိတ်အုပ်လိုက်ရသည်။

လှူကြီး သက်မချကာ၊ လက်ကိုင်ဖုန်း နှစ်လုံးလုံးကိုဘောင်း အိတ်နှစ်ဖက်ထဲ တစ်ပြိုင်နက် ထိုးထည့်သည်။

ပြီးမှ မုန်းမရ လက်ထဲက နှင်းဆီပူးကိုဆွဲယူ၍

'ညည်း သိချင်တာပြန်လာမှပြောမယ် ဆေးရုံမှာ ပြဿ ပေါ်လို့ သွားမယ်'

ဗျ။ [illegible]



ပြောရင်း ပန်းပူးလေးကို မုန်းမရရှေ့မှာပဲ ဖွဖွမွှေးပြသည်။ ပြီးတော့ ပန်းပူးကို မုန်းမရ လက်ထဲပြန်ထည့်ပေးကာချက်ချင်းလှည့်ထွက် သွားတဲ့လှူကြီး။

မုန်းမရ သက်မလေးချမိသည်။

နှလုံးသား ခံစားချက်ထက် အလုပ်တာဝန်ကို လှူကြီးက ဦးစား ပေးသတဲ့လား။

အလုပ်ကို ဦးစားပေးတယ်ဆိုလည်း မုန်းမရ ကျေနပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှင်းဆီပူးကိုမွှေးပြသွားတဲ့ လှူကြီးကြောင့် မုန်းမရ နှလုံးသားမှာ တစ်စုံတစ်ရာကိုတွေ့သွားလို့ပေါ့ . . . ။

အဲဒီတစ်စုံတစ်ရာက ဘာလဲ သိလား။

'လှူကြီး' နှုတ်ခမ်းငွေလေး ထင်ကျန်သွားတဲ့နှင်းဆီပူးကိုကြည့်ရင်း တိုးတိုးသာသာပြောမိသည်မှာ . . ။

■ ■ ■

ဗျ။ ၁၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အချစ် . . . ။

အချစ်ဆိုတာ နှလုံးအိမ်ကို တသသပွင့်သစ်လို့ခေါ်နေသော မှော်ဝင်ရာသတစ်မျိုးပါ။

အချစ်ခံစားမှုဖြစ်တည်လာသည်နှင့်စိတ်နှလုံးသားဟာ အလိုလိုနေရင်းပွင့်ဖတ်လေးလိုနူးညံ့အိစက်လာမည်။ ကိုယ်ထဲလှည့်ပတ်နေတဲ့ သွေးက ဆည်းဆာချိန် နေခြည်လိုနွေးလာမည်။ မျက်ဝန်းအကြည့်က သက်တန့်ရောင်စဉ်လို အရောင်အသွေး ဖြာဝေလာမည်။

မြင်သမျှ လှရှုရှုဖြစ်နေမည်။

သစ်ရွက်ကလေးလှုပ်တာကိုကြည့်ပြီး ကဗျာဖွဲ့ချင်ဖွဲ့မည်။

ကိုယ့်ကိုယ်ကိုယ် တသ ရှုချင်ရှုနေမည်။ အလှတွေ အစွမ်းဖူးပွင့်နေအောင် ပြင်ဆင်ခြယ်သချင် ခြယ်သနေမည်။ အလှတွေချယ်ပြီး ကိုယ့်ချစ်သူကို လည်တိုင်ဆန့်၍ မျှော်ချင်မျှော်နေမည်။

ဗျူး•၀၁၀၀



ချစ်ခွန်းတွေသီကုံးပြီး အသံတိတ်ကျူနွဲ့သီဆိုချင်သီဆိုနေပါမည်။

ဟုတ်ပါသည်။

မုန်းမရ ထိုသို့ဖြစ်နေပါပြီ . . . ။

အကျည်းတန်ဒဏ်ရာ အရိပ်ကလေးများပင်မရှိတော့တဲ့ ဖြူနုဝင်းမွတ်နေတဲ့မျက်နှာလေး ပိုလှအောင် မချယ်စဖူးကာလာတွေ ခြယ်နေပါပြီ။

ထောင့်ချိုးကလေးများပေါ်အောင် လိမ္မော်ရောင်ဖျော့ဖျော့ ဆေးဆိုးထားတဲ့ နှုတ်ခမ်းဖူးဖူးလေးပေါ်က ကာလာနဲ့တစ်တည်းကျသော လူကြီးစိတ်ကြိုက်ဝယ်ပေးထားတဲ့ ဒူးဖုံးစကတ်ကားကားလေးနှင့်။

'မုန်းမရ'တစ်ကိုယ်လုံးအလှတွေ နှတောက်ပဖူးကြွနေလေပြီ။

ပိုးသားလို နက်ပြောင်အိကျသော ဆံနွယ်ကို ဒီအတိုင်း ပဲဖြန့်ချလိုက်သည်။ ကိုယ်လေးနွဲ့တိုင်း၊ ငဲ့တိုင်းခြေလှမ်းတိုင်း ဆံနွယ်က စည်းချက်ညီညီ ယိမ်းနွဲ့ခါရမ်းနေသည်မှာ 'မုန်းမရ' ဆိုတဲ့ ကောင်မလေးကိုပို၍လှနေစေသည်။

ခုလိုဆံပင်ဖြန့်ထားတာကို လူကြီးသဘောကျမှန်း မုန်းမရ သိသည်။ ဒါကြောင့်ဆံပင်အားလုံးကို နှောင်ဖွဲ့မထားတော့ပေ။

မှန်တင်ခုံအရှေ့အလှတွေပြင်ရင်း အချစ်ဆိုတာကို စိတ်ကူးယဉ်နေတဲ့ မုန်းမရ မျက်ဝန်းအိမ်မှာ'လူကြီး'သာ မင်းမူနေသည်။

'မုန်းမရ'ဟုတ်လား။ နင့်နာမည်က'မုန်းမရ'အဆန်းပဲနော်။ အင်းမုန်းမရဘူးဆိုတဲ့ အဓိပ္ပါယ်ဖြစ်မယ်။ မုန်းမရ ဖြစ်တယ်ဆိုတော့ ချစ်လို့ပဲဖြစ်မယ်။ ချစ်ရမယ်ဆိုတဲ့အဓိပ္ပါယ် ဟားဟားဟား သဘောကျတယ်ကွာ။

ဗျူး [illegible]

www.burmeseclassic.com

www.burmeseclassic.com



'မုန်းမရ'နာမည်ကို သဘောတကျ အဓိပ္ပါယ်ဖွင့်ပြီး တဟာ ဟားဟားအော်ရယ်တဲ့လူကြီး ဟွန်း။ ထိုစဉ်က မုန်းမရ နာခေါင် ရှုတ်ကာနှုတ်ခမ်းပါတွန့်မဲ့ပစ်သည်က မကျေနပ်လို့မှမဟုတ်ဘဲ။ ကြဲကြ ဖန်ဖန် အဓိပ္ပါယ်ဖွင့်တတ်လေခြင်းလို့ အံ့ဩဟန်တစ်ဝက် ဆိုးနွဲ့ချ ဟန်တစ်ဝက်ရောပြီး ၊ တွန့်မဲ့ခြင်း ဖြစ်မှန်း မုန်းမရ ကိုယ်တိုင်သိသည်

'မုန်းမရ'ဆိုတော့'ချစ်ရမယ်'ပေါ့။

လူကြီးအသံကြားယောင်လျှင်၊ ခုန်နေတဲ့ရင်ဘတ်ကို ဖုံကြည့်ရင် မုန်းမရ နှုတ်ခမ်းသားပေါ်မှာ အပြုံးပန်းတို့ ပွင့်ချေသည်။

ထိုစဉ်ကတည်းက'အချစ်'ဆိုတဲ့ခံစားချက်ကို မုန်းမရ သတိထား တတ်စပြုလာသည်။

'ညည်း ဆယ်တန်းအောင်ထားတယ် မဟုတ်လား၊ ကျောင် ဖွင့်ရင် ညည်းလေး ကျောင်းတက်ရမယ်၊ ဂုဏ်ထူးသုံးခု ပါတာဆိုတော ဂုဏ်ထူးမပါတဲ့ ဘာသာတွေအမှတ်ကောင်းရင် ဆေးမီနိုင်တယ်ကွ ဆေးမီရင်ဆေးတက် မမီရင် စီးပွားရေးတက် ဟုတ်ပလား'

'ဟွန်း တက်ချင်ပါဘူး'

'နောက် ဘာတက်မလဲ'

မုန်းမရ မျက်နှာလေးမော့ကာ စဉ်းစားသယောင်ပြုလိုက်သည် မုန်းမရ ဖြေမှာကို စိတ်ဝင်တစားစောင့်ကြည့်နေတဲ့ လူကြီး ရွှန်းရွှန်းစားစားလေးကြည့်ပြီး ဟီးခနဲ ရယ်ချကာ။

'သူနာပြု' လုပ်မယ်လို့ ပြောလိုက်သည်။ထိုအခါ လူကြီးမျက် ကြုတ်ပေမယ့် မျက်ဝန်းအစုံတောက်ပကာ ဘာကို ဘယ်လို နားလည် သွားသည်မသိ။

ဗျူ၊ ၈၃၄ပ



'ဘာ သူနာပြု ဟုတ်လား၊ 'ညည်း' 'ငါ့'ကို ရွဲ့တာပေါ့လေ၊ ငါ့သယ်လုပ်လိုက်ရ' ဆိုပြီး မုန်းမရခေါင်းကို လက်ဖဝါးနဲ့ အုပ်ကိုင် လှုပ်ခါလေသည်။

လူကြီး ဘာဖြစ်ပါလိမ့်။ ငါ့ကို ရွဲ့တာလားတဲ့။

'ခစ်'

မုန်းမရ သဘောပေါက်စွာ ခစ်ခနဲရယ်သံထွက်သွားသည်။ 'မုန်းမရ'ဒဏ်ရာနဲ့တုန်းက လူကြီး ဆေးထိုးဆေးတိုက် ၊အစားစားဖို့အစစ အရာရာပြုစုတာလေ။

'ဘာရယ်တာလဲ ကောင်မလေး ညည်း လူကြီးကို ဒီလိုပဲပြောရ လား'

'လူကြီးဟာ လူကြီးနားလည်မှုလွဲနေတာပါ 'မရ' တကယ် သူနာပြုလုပ်ချင်တာ၊ လူကြီးကို ကူညီချင်လို့'

ဒီတော့မှ လူကြီး မျက်နှာပြုံးအီသွားသည်။ မုန်းမရ ဆံပင် တွေကို ဆွဲဖွပစ်ပြီး

'ညည်းလေး စကားသိပ်တတ်နေပါလား ဟေ့၊ အေး ညည်း သူနာပြုလုပ်မယ်ဆိုရင် ငါ နေမကောင်းဖြစ်ကြည့်လိုက်မယ်၊ ညည်းလေး လူနာကိုဘယ်လောက်စိတ်ရှည်နိုင်မလဲလို့ '

'အောင်မယ်။ လူကြီးနော် 'မရ'ကို အထင်မသေးနဲ့၊ မယုံရင် ခုချက်ချင်း လူနာလုပ်ကြည့် 'မရ'ပြုစုပြမယ် ဟွန်း'

'တကယ်လား'

'အင်းပေါ့'

'အေး တကယ်ဆိုရင် ပြီးရော၊ ငါ နေမကောင်းဖြစ်လို့ ညည်း

ဗျူ၊ ၈၃၄ပ

www.burmeseclassic.com

www.burmeseclassic.com



လေး မပြုစုလို့ကတော့ တွေ့မယ် 'လို့

ခပ်ကျိန်းကျိန်းလေးပြောကာ မုန်းမရ တစ်ကိုယ်လုံးကို သိမ်းကြုံးကြည့်ပစ်၏။

ရောင်စဉ်ကွန့်မြူးသော လူကြီး အကြည့်က မုန်းမရ ကိုယ်လုံး အနှံ့မိနစ်ပေါင်းများစွာ ကြာသွားသည်။

လူကြီး အကြည့်ဆန်းကြောင့် ထိုစဉ်က မုန်းမရ တစ်ကိုယ်လုံး သိမ့်ခနဲ တုန်သွားသလို သွေးသားတွေပါ ဘောင်ဘင်ခတ်လုမတတ်။

ထိုအကြည့်ကို ပြန်ခံစားမိတိုင်း 'မုန်းမရ' ရင်ခုန်မပြယ်နိုင် အောင်ဖြစ်ရတာက အချစ်ခံစားချက်၏ ကနဦးစေစားချက်လေးအလား။

အဲဒီအကြည့်က ကနဦးစေစားချက်ဆိုရင်၊ ထိုအဖြစ်က အချစ် ခံစားမှုရဲ့နိဒါန်းမှာတဲ့အစိတ်အပိုင်းလား။

ထို့အဖြစ် မရ နှလုံးသားမှာ ရှပ်လုံးကြွမြင်ယောင်လာလေပြီ။

■ ■ ■

ထိုညနေက ရာသီဥတု မအေးသော်လည်း 'မုန်းမရ' ရေချိုးဖို့ ပျင်းနေသည်။ ရေမချိုးဘဲ ခြေလက်သန့်စင်ပြီး အဝတ်လဲလိုက်သည်။ အဲဒါကို လူကြီးရိပ်မိဟန်တူသည်။

နှုတ်ခမ်းလေး မသိမသာပြုံးရုံနဲ့။ ရေကန်ဘက်ထွက်သွားတာ မုန်းမရ ရိပ်ခနဲ မြင်လိုက်သည်။

ဘာကြောင့် ပြုံးရတာလဲ။အဲဒါတော့ မုန်းမရ နားမလည်။ အိုး ပြုံးချင်းလို့ ပြုံးတာ 'မရ'နဲ့ မဆိုင်ပါဘူးလေ။

လူကြီးအတွက် ညနေစာ ထမင်းပိုင်းကိုပဲ အကြိတ်အနယ်ပြင် ဆင်နေသည်။ အချိန်ဘယ်လောက်ကြာသွားသည်မသိ။

ဗျူး၁၇၆ပ



'ဟေ့ ကောင်မလေး ငါ့သဘက် ယူခဲ့ပေးစမ်းပါ၊ မေ့ခဲ့လို့၊ ခါးပတ်ဖို့အတွက်ရော ၊ ကိုယ်သုတ်ဖို့ပါ မြန်မြန်ယူလာ။'

ရေကန်ဆီမှ လူကြီး အော်ပြောသံကြားရသည်။

ကျစ် သူ့ဘာသာ ယူမသွားဘဲနဲ့။

လုပ်လက်စကို ဒီအတိုင်းထားပေးခဲ့ပြီး လူကြီးအခန်းထဲက သဘက်နှစ်ထည်ကို လက်နှစ်ဖက်နဲ့ ခွဲကိုင်ခဲ့သည်။ အဖြူရောင်က ခါးပတ် သဘက်။ ဆင်ဆွယ်နုနုက ခေါင်းနဲ့ကိုယ်သုတ်ဖို့။

တစ်ခါမှတော့ လူကြီးထိုသို့ မခိုင်းဖူးပါ။

ဒီတစ်ခါ ခိုင်းတာဆိုတော့ တကယ်မေ့လို့ဖြစ်မှာပါ။

ရေကန်ဆီရောက်တော့'လူကြီး'က ရေကူးလို့ကောင်းနေဆဲ။ ကိုယ်ကို အလျားလိုက် ဖြောင့်ဖြောင့်တန်းတန်းကူးခတ်သွားပုံက လှသည်။ လှလွန်းလို့ ကြည်လဲ့သောရေထုကြား ခေါက်တုန့်ခေါက်ပြန်ကူးခတ်နေတဲ့ လူကြီးကို မုန်းမရ ငေးဖြစ်သွားသည်။

'မုန်းမရ'ငေးကြည့်နေတာသိတော့ လူကြီး ရေကူးတာရပ်၏။ ထို့နောက်ရေကန်လယ်မှ ကိုယ်တစ်ပိုင်းပေါ်၍ မုန်းမရဘက် လက်နဲ့ယက် လာသည်။

ကိုယ်ဗလာပေါ်မှာ ရွှဲရွှဲစိုနေတဲ့ ရေတွေကြောင့် လူကြီးပုံစံက ကြည့်ရတာ တစ်မျိုး ရင်ဖိုစေသည်။

မုန်းမရ သဘက်ပစ်ပေးဖို့ပြင်တော့။

'လက်တန်းမှာ တင်ထားလိုက်ဖို့ ပြောသည်။'လူကြီးပြောတဲ့ အတိုင်း ရေကန်ဘောင်ရှိ လက်တန်းနှစ်ဖက်နှစ်ချက်မှာ တစ်ဘက် တစ် ထည် ခွဲတင်ပြီး မုန်းမရ လှည့်ထွက်ခဲ့ဖို့ ခြေလှမ်းပြင်လျှင်

ဗျူး၁၃၄ပ

www.burmeseclassic.com

www.burmeseclassic.com



'နေဦး'တဲ့

မုန်းမရ ခြေလှမ်းတန့်သွားသည်။ လူကြီးကိုကြည့်တော့ လူကြီးပြုံးနေသည်။ ထိုအပြုံးထဲမှာ အကြံစည်တစ်ခုခုရှိနေတယ်လို့ မုန်းမရ ထင်သည်။

'ဒီနားလာဦး'

'အား ဘာလုပ်ဖို့လဲ'

'ဒီမှာ ရေကန်ထဲက ပန်းတစ်ပွင့်ရတယ်။ ညည်းပစ်ချထားတာမ ဟုတ်လား'

ရိုးတံမပါတဲ့ အနီရောင် နှင်းဆီတစ်ပွင့် လူကြီး လက်ဖဝါး ပေါ်မှာတွေ့ရသည်။ ဟင်အင်း လို့ မုန်းမရ ခေါင်းရမ်းလိုက်သည်။

'ဟင်အင်း ဆိုလည်းပြီးရော ရော့'

တကယ်လည်း မုန်းမရ ခူးပစ်မထားပါ။ အပင်က ပန်းဟာ ဘယ်နှယ့်ကြောင့် သူ့အလိုလိုရေကန်ထဲရောက်နေပါလိမ့်။ မုန်းမရ တအံ့ တသြလေးဖြစ်ကာ။

ကမ်းပေးတဲ့ လူကြီးလက်ဖဝါးပေါ်က ပန်းပွင့်ကို လှမ်းယူလျှင်

'အိုး'

လက်ဖဝါးပေါ်က ပန်းပွင့်ဆီရောက်လုလု မုန်းမရ လက်ဖျားကို လူကြီးအမိအရ ဆုပ်ဆွဲလိုက်လျှင် 'မုန်းမရ'ထိန်းမရဖြစ်ကာ ရေကန်ထဲ အတားအဆီးမဲ့ ဝုန်းဆိုပြုတ်ကျသွားသည်က လူကြီးကိုယ်ပေါ် အရောက် ဖြစ်သွားသည်။

မုန်းမရ လန့်လန့်ဖြန့်ဖြန့်ဖြစ်ပြီး ရှန်းကန်နေဖို့ထက် ရေထဲမှာ မို့ ကြောက်သည်။ ထို့ကြောင့် လူကြီးပုခုံးကို ဖက်တွယ်ထားမိသည်။





'ဟား ဟား ဟား'

လူကြီးသဘောကျရယ်ကာ၊မုန်းမရ ကိုယ်ကို ရေထဲလည်ပင် အထိ မြုပ်အောင်နှစ်ချ၏။

'အား လူကြီး။ လူကြီး ဘယ်လိုလုပ်တာလဲ ဖယ် လွှတ်'

'ရေကြောက်မလေး ကဲ ခုတော့ ဘာတတ်နိုင်လဲ၊ ဟား ဟား'

ကြည့်စမ်း လက်စသတ်လူကြီး တမင်ကြံစည်ထားကိုး။ မုန်းမရကို တမင်သက်သက် အကွက်ဆင်ပြီး ရေကန်ထဲဆွဲချတာ။

ခုတော့ တစ်ကိုယ်လုံးရွှဲရွှဲစိုလို့။

ဒူးဖုံးလောက်သာရှိတဲ့ ချည်သားဂါဝန်လေးက ကိုယ်မှာစိုကပ် ကာ။ 'မုန်းမရ' ကိုယ်ပေါ်က ကောက်ကြောင်းအလှတွေက အတိုင်းသား။

ဘာတတ်နိုင်သေးလဲဆိုတဲ့ မျက်ဝန်းနဲ့ မုန်းမရ ကိုယ်လုံးနွဲ့နွဲ့လေး ကို သဘောတကျကြည့်ရင်း ရယ်နေတဲ့ လူကြီး။

'ဟင်' မုန်းမရ ရှက်တာရော၊ ဒေါသထွက်တာချင်တာကော ဖြစ်ကာ မျက်နှာလေးမဲ့ကျ၏။

'သွား အကျင့်ပုတ်ချည်း'

လူကြီး လည်တိုင်ကို ဖက်တွယ်ထားတဲ့ မုန်းမရ လက်ကို ချက်ချင်းလွှတ်လိုက်သည် . . . ။

'အိုး'

ထိုအခါမှ အခြေအနေ ပိုဆိုးသွားသည်။ မုန်းမရ လက်လွှတ် လိုက်တော့ မုန်းမရကိုယ်က ရေထဲနစ်ခနဲ ကျွံဝင်သွားသည်။

ရေကူးမတတ်တဲ့ မုန်းမရ အသက်ရှူ မရတော့ပါ။ ရူးရူးဝါးဝါး ရေမွန်းသွားကာ၊ လူကြီးကို အမိလိုက်ဆွဲလျှင်လူကြီး သဘောတကျ တဝါး



www.burmeseclassic.com

www.burmeseclassic.com



ဝါးရယ်သည်။

ရယ်နေရင်း မုန်းမရ ကိုယ်ကို ဆွေ့ခနဲ ပွေ့သိုင်းကာ ကိုယ်လုံးနှစ်ခုပူးတွဲကပ်ငြိနေအောင် ဖက်ထွေးလိုက်တော့သည်။

မုန်းမရလည်း ကြောက်ကြောက်လန့်လန့်နှင့် လူကြီးခါးကို တင်းနေအောင် ဖက်တွယ်ထားမိ၏။

ကျယ်ပြန့်သောရင်ခွင်နဲ့ လူကြီး လက်ဝါးကြားမှာ မုန်းမရ ကိုယ်လုံးလေး စက္ကန့်ပေါင်းများစွာ ကပ်ငြိသွားတဲ့အဖြစ်။

ထိုအဖြစ်ကို ခံစားမိတိုင်း ရင်ခွင်ရိုင်းလေး ဗရမ်းဗတာ လှုပ်သရမ်းကား အချစ်နယ်မြေသစ်တစ်ခုကို 'မုန်းမရ' ခံစားသိရှိသွားခဲ့သည်။

မုန်းမရ နှလုံးသားမှ ချစ်စိတ်ယိုဖိတ်လာအောင် လှုံ့ဆော်နိုင်စွမ်းတဲ့ လူကြီး။

လူကြီးကို မုန်းမရ မချစ်ဘဲမနေနိုင်တော့ပြီ။ ချစ်တဲ့နှလုံးသားက နှင်းဆီပန်းလို ရဲရဲနီနေတယ်လေ။

လူကြီးက ချစ်တယ်လို့ရင်ဖွင့်လာရင် မုန်းမရ နှုတ်ခမ်းပါးထက်မှာ အဆင်သင့်ထားရှိတဲ့အချစ်ပန်းလေး ချက်ချင်းပေးလိုက်မှာမလွဲပေ။ ဟုတ်တယ်။

'ဟင့် ဟင့် ဟင့်' ။ မုန်းမရ နှလုံးသားမှ အဆီးအတားမဲ့ ရင်ခုန်သံထွက်သွားသည်အထိ တစ်သိမ့်သိမ့်ကြည်နူးလှိုက်မြူးစွာ အသံထွက်ရယ်ချမိလေသည်။

အဲဒါ အချစ် ။အချစ်ကြောင့်လေ။ ယုံနော် လူကြီး။

■ ■ ■



## အခန်း (၁၇)

'မရလေး ဘဝရှေ့ရေးအတွက် ဘွားဘွား အသေဖြောင့်မှာ မဟုတ်ဘူး။ ဘွားဘွား သေသွားရင် ရတနာမြိုင်စံအိမ်နဲ့ မရလေးရဲ့ အနာဂတ်ဘဝတွေဖြစ်ကုန်မလဲ၊ ဟိုသားမိခြယ်လှယ်သမျှ မြေးလေး လိုက်နေအောင် ခံရရှာတော့မယ်၊ အဲဒါကို တွေးမိတိုင်း ဘွားဘွားရင်မှာ မီးဟုန်းဟုန်း တောက်နေတယ် မြေးရယ်၊ မြေးကို ဘွားဘွားစိတ်မချဘူး။ တကယ်စိတ်မချဘူး၊ မြေးလေးကို စိတ်ချလက်ချထားခဲ့ဖို့ ဘယ်လိုလူ လက်ထဲအပ်ခံရမလဲဆိုတာ ဘွားဘွားစဉ်းစားလို့ မရဘူးကွယ်။ အင်း ဒုက္ခ ဒုက္ခ ရင်ထဲမှာ မီးလောင်နေသလိုပဲ။'

အိပ်ရာထဲ ဘုန်းဘုန်းလဲမသွားခင်ကတည်းက ဘွားဘွား တဖွဖွ ပြောလေ့ရှိတဲ့ စကားလုံးတွေ။

ဘယ်သူ့လက်ထဲ စိတ်ချလက်ချထားခဲ့ရမလဲတဲ့။

ဘွားဘွားရယ်။ ဘွားဘွားအသေမဖြောင့်နိုင်အောင် 'မရ' ဘဝဆိုးခဲ့ပါတယ်။ ဒါပေမဲ့ အခု 'မရ'ကံကောင်းနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



'မရ'ဘဝတစ်သက်လုံးတာန်ယူမယ့် ရင်ခွင်တစ်ခုရှိနေပြီလေ။

တမလွန်ရောက်နေတဲ့ ဘွားဘွား စိတ်ချပါတော့နော်။

မာမီဆွေ ပစ်ချပေးလို့ရခဲ့တဲ့ မိသားစုဓာတ်ပုံလေး။ ပစ်ချပေးတဲ့အရှိန်နဲ့ မှန်အက်ကြောင်း သုံးလေးကြောင်းဖြစ်ကာ အနားကွပ်ထားတဲ့ သစ်သားဘောင်လေး သံချက်ပြုတ်၍ လှုပ်စိစိဖြစ်နေပါသည်။

ချုချာနေရှာတဲ့ ဘောင်ကွပ်ထားသော မိဘားစုဓါတ်ပုံက မုန်းမရ ဘဝအတွက် အဖိုးမဖြတ်နိုင်တဲ့အမွေပုံလေးပါ။

ဓာတ်ပုံကို မုန်းမရ တယုတယကိုင်လျက်။ ဓာတ်ပုံထဲမှာ ရယ်ချတော့မတတ်ပြုံးနေရှာတဲ့ ဘွားဘွားကို စိုက်ကြည့်ရင်း တိုင်တည်မိသည်။

ဒီဓာတ်ပုံရှိလို့ ဘွားဘွားတို့ကို ကြည့်၍ရသလို ဒယ်ဒီနဲ့မာမီကိုလည်း အလွမ်းဖြေကြည့်လို့ ရတယ်လေ။

မုန်းမရ ဘဝအခုအေးချမ်းနေပါပြီ။'မရ'ကို မြတ်မြတ်နိုးနိုးတာဝန်ယူစောင့်ရှောက်မယ့် လူကြီးရှိနေပါပြီ။

ဘွားဘွား ရေ။

ရောက်ရာဘဝက ကျေနပ်ပါနော်။

ဘယ်ဘဝရောက်နေရှာမှန်းမသိတဲ့ ဘွားဘွားကို တမ်းတတိုင်တည်ရင်း 'မုန်းမရ' နှလုံးသား ဝမ်းနည်းဝမ်းသာဖြစ်ကာ ဟင့်ခနဲတစ်ချက်ရှိုက်လိုက်မိသည်။

ထိုစဉ် နောက်ကျောကို လာပုတ်ခတ်တဲ့ လူကြီးခေါ်သံ။

'မုန်းမရ'တဲ့။

မုန်းမရ တစ်ကိုယ်လုံး တုန်တက်ကာ နှုတ်ခမ်းလွှာပွင့်လျက် လန့်လန့်ဖြန့်ဖြန့် အာမေဋိတ်သံလေး ခုန်ပေါက်ထွက်သွားပါသည်။





'အမေ့' ဆိုတဲ့အသံနဲ့အတူ

'ဒုတ် ချလွမ်း' ဆိုတဲ့ သတိလက်လွှတ်လျော့ကျတဲ့အရာဝတ္ထု။ မှန်ကွဲသံတွေ တစ်ပြိုင်နက်ပေါ်လာသည်။

''ဟင်'

'မုန်းမရ'မျက်လုံးလေး တကယ်ပြူးသွား၏။ နှုတ်ခမ်းလေးပိုင်းကာ အကိုင်အတွယ်မဲ့နေပြီးဖြစ်သော မုန်းမရ လက်နှစ်ဖက်ကိုကြည့်လိုက် ကြမ်းခင်းမှာ ကျကွဲနေရှာတဲ့ ဓာတ်ပုံကို ကြည့်လိုက်နဲ့ မုန်းမရ သတိလစ်သလို ဖြစ်သွားသည်။

လွှတ်ကျတဲ့အရှိန်နဲ့ လုပ်စိဖြစ်နေတဲ့ သစ်သားဘောင် ကျွတ်ထွက်ရုံမက တစ်စစီကွာကျကာ ကွဲကြေတဲ့မှန်အပိုင်းအစတွေ ကြားမှာ မိသားစုဓာတ်ပုံကြီး အကျည်းတန်သလိုဖြစ်သွားသည်။

'ဆော ရီး ကွာ'

အမြင်သစ် စိတ်မကောင်း ဖြစ်သွားသည်။'သူ့'ကြောင့် ကောင်မလေး အမြတ်တနိုး တန်ဖိုးထားတဲ့ မိသားစုဓာတ်ပုံကြီး ပျက်စီး သွားတဲ့အဖြစ်။

'သူ့'နှလုံးသားမှ ပြောချင်ရာတွေပြောဖို့ ပြဿနာတွေ ကမန်းကတန်းရှင်းပြီး ဆေးရုံက ပြန်ပြေးလာခဲ့ခြင်းဖြစ်သည်။

'မုန်းမရ'ဓာတ်ပုံကြည့်နေတာ မြင်ရတော့ 'အမြင်သစ်'ခြေလှမ်းအခန်းဝမှ တန့်လျက်။ ကောင်မလေးကိုလည်း ဆထက်တိုး ပိုသနား၍ကရုဏာဖြစ်သွားသည်။

တကယ့်ကို အားကိုးရာမဲ့ကလေး။

ညည်းလေးကို ချစ်မြတ်နိုးတဲ့ နှလုံးသားနဲ့ တန်ဖိုးထားပေါင်းဖက်



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်လို့လည်း ရင်ထဲမှာ အဓိဋ္ဌာန်ပြီး 'မုန်းမရ'လို့ တိုးတိုးဖွဖွခေါ်လိုက်ခြင်း။

ကောင်မလေး လန့်ဖြန့်ကာ သတိလစ်သလို ကြောင်ငေးနေစဉ် သူ ရုတ်တရက်ခေါ်မိတဲ့အတွက် နောင်တလည်း ရသည်။

ထို့ကြောင့် ဆောရီးလို့ အသံထွက်တောင်းပန်လျက်။ ခြေလှမ်း တွေ ရွေ့သွားလျှင် ကောင်မလေးမျက်ဝန်းအိမ်မှ မျက်ရည်ကြည်ဥတွေ ဒလဟော ပြိုဆင်းလာသည်။

ဝမ်းနည်းသွားလား ကောင်မလေးရယ်။

အမြင်သစ် ပိုပြီး ကရုဏာသက်ကာ

'ညည်းကလည်း ငိုမနေပါနဲ့၊ ညည်းမိသားစုပုံလေး ဒီထက် ကောင်းအောင် 'ငါ'လုပ်ပေးမယ် ကွာ၊ တိတ် တော့ တိတ်'

မုန်းမရခေါင်းကို ကလေးချော့သလို ပွတ်ပေး၏။ ပါးနှစ်ဖက်ပေါ် ဒေါင်လိုက်စီးကျနေတဲ့ မျက်ရည်ကြောင်းတွေကိုလည်း လှူကြီးကြင်ကြင် နာနာ သုတ်ပေးရင်းပြောသည်။

'ညည်း ဓါတ်ပုံ 'ငါ'ဘောင်ပြန်ကွပ်ပေးမှာပါ ကျေနပ်တော့နော်'

'ရပါတယ် မရ လက်ထဲက မတော်တဆ လွတ်ကျသွားတာပါ အစကတည်းက ဘောင်ကမခိုင်ဘူး။ မာမီဆွေ ပစ်ချပေးကတည်း မှန်က အက်ကြောင်းလိုက်နေတာလေ'

'မုန်းမရ' ဖြေရှင်းသလိုပြောရင်း ဒူးလေးညွတ်ကာ ဓါတ်ပုံ ကောက်ယူဖို့ ထိုင်ချလျှင် အမြင်သစ်လည်း တစ်ပြိုင်နက် ထိုင်ချသည်

'နေဦး 'ညည်း'လက်ရှသွားမယ်'

အမြင်သစ် စိုးရိမ်တကြီးပြော၍ မှန်စကြားက ဓါတ်ပုံဆွဲထုတ်





ဖို့ရောက်လာတဲ့ မုန်းမရ လက်ကို ဖယ်ပစ်ထုတ်ပြီး ကိုယ်တိုင်ဆွဲယူပေးသည်။ ထိုအခါ

'ဟင်'

နှစ်ယောက်လုံး မျက်ဝန်းပြူးကျယ်သွားတဲ့အဖြစ်။

ဆွဲယူလိုက်တဲ့ ဓာတ်ပုံအောက်မှာ လက်နှိပ်စက်စာလုံးအပြည့် ပါသော စာချုပ်က အပြန့်အတိုင်း ဘွားခနဲ ပေါ်လာသည်။

မုန်းမရ မျက်နှာကို 'အမြင်သစ်'စေ့စေ့ကြည့်သည်။ ပြီးမှ ထိုစာချုပ်ကို အမြင်သစ် ဆွဲယူကြည့်၏။

ဒေါ်သီရိထက် ပိုင်ဆိုင်သော ရတနာမြိုင်စံအိမ် ၊ရတနာမြိုင် အထည်ချုပ်စက်ရုံ ၊ရတနာမြိုင်ချည်ထည်အရောင်းစင်တာနဲ့ ရတနာမြိုင် ပရိဘောဂကုန်တိုက်ကြီးတစ်ခုကို မုန်းမရ နာမည်နဲ့ တရားဝင်လွှဲပြောင်း ပေးထားတဲ့ စာချုပ်။

ကျစ် အမြင်သစ် မျက်ဝန်းထဲ ပြာမှောင်သွားသည်။ နည်းတဲ့ ပိုင်ဆိုင်မှုတွေလား။

ညည်းလေးပြောတော့ အားကိုးရာမဲ့ဆို၊ ဘာပိုင်ဆိုင်မှုမှမရှိတဲ့ အခြေမဲ့ အနေမဲ့ဆို၊ ငါ့ မှာတော့ သနားစိတ်နဲ့။ ကရုဏာ နှင်းတွေ ဝေခဲ့မိတာ၊ အကြင်နာမိုးတွေ သွန်းလောင်းဖြန့်ပက်ပေးချင်လောက်အောင် နှလုံးသားယိုင်ညွတ်ခဲ့ရတာ။

ခုတော့

တောက်

ငါ့ကို ညာရက်လေခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကရုဏာ ယှိုင်းတွေပြည့်နေတဲ့ 'အမြင်သစ်'မျက်ဝန်း ချက်ချင်းအရောင်ပြယ်သွား



www.burmeseclassic.com

သည်။

ပိပိရိရိ အညာခံလိုက်ရတဲ့အဖြစ်လို့ ခံစားမိကာ။ ရှက်ဖို့ ကောင်း

တာထက် ပိုရှက်မိသည်။

စာချုပ်ကို ပစ်ချရင်း ဆတ်ခနဲ ထထွက်သွားတဲ့အမြင်သစ်

'လူကြီး'

မှန်းမရ ခေါ်ပြီး ထပ်ကြပ်မကွာ လိုက်ဖို့ ခြေလှမ်းလျင် လှည့်

မကြည့်ဘဲ အမြင်သစ် အခန်းတံခါး ပိတ်လိုက်တော့၏။

'ဝုန်း'ဆိုတဲ့ ကျွန်းတံခါးပိတ်သံနောက်မှာ 'မှန်းမရ'နဲ့ 'အမြင်

သစ်' တံတိုင်းကြီး ခြားသွားသလိုဖြစ်ရသည်။

ဘာမှန်းမသိရဘဲ 'မှန်းမရ'အထင်လွဲခံရတဲ့အဖြစ် . . . ။

■ ■ ■

စာချုပ်ကို ကြည့်ရင်း 'မှန်းမရ'မျက်ဝန်းအိမ်မှ ဝမ်းနည်း

မျက်ရည်ကြည်တို့ စို့ထွက်လာသည်။

တကယ်ဆို ဒီစာချုပ် ခေါက်ပုံနောက်မှာ လျို့ဝှက်စွာရှိနေသည်

'မှန်းမရ'မသိခဲ့ရိုး အမှန်ပါ။

ဒီပိုင်ဆိုင်မှုတွေ 'မှန်းမရ'နာမည်နဲ့ ဘွားဘွား လွှဲပေးတာ

မှန်းမရ မသိခဲ့ဘူး။ ဘုရားစူးလို့ ကျိန်းပြောဝံ့ပါတယ် လူကြီးရယ်။

မာမီဆွေနဲ့ မမသွေးက ဘွားဘွားဆုံးကတည်းက ဘွားဘွားမိ

သေတ္တာဖွင့်ပြီး ရှာကြဖွေကြသည်။ ဘာတွေရှာမှန်း'မှန်းမရ'မသိပေ

မတွေ့တော့ အံတကြိတ်ကြိတ် တောက်တခေါက်ခေါက်နှင့် ကြိတ်မနိုင် ခဲမ

ပွစိပွစိ ရွတ်သည်။

'တောက် ဒီအဘွားကြီး သေတာတောင် ရတနာမြိုင်ရဲ့ပိုင်ဆိုင်





စာချုပ်တွေထားမသွားဘူး'

'မာမီကလည်း ဒီအဘွားကြီးဝှက်ထားတာဖြစ်မယ်၊ ဘယ်မှာဝှက်

ထားလဲဆိုတာ ဒီဟာမ သိမှာပဲ'

မမသွေးက မှန်းမရကို လက်ညှိုးထိုးသည်။ မာမီဆွေက

ပစ်မှတ်မြင်သလိုနှင့် မှန်းမရရှေ့ လက်တစ်ဖက်ခါး ထောက်လျက်လာ

ရပ်သည်။

'ကဲ ပြော ညည်းကို အဘွားကြီး စာချုပ်တွေအပ်သွားတယ်

မဟုတ်လား'

'ဘာမှ အပ်မသွားပါဘူး မာမီဆွေ'

'ဘာပြောတယ်'

'တကယ်ပြောတာပါ မာမီဆွေရယ်'

'အိုး ပြောတိုင်းလည်း ရမလား၊ ညည်းပဲ အဘွားကြီးကို

နေ့ညကပ်ရပ်ပြုစုနေတာလေ ၊ညည်းကိုမပေးရင် ဘယ်သူ့ကို ပေးမလဲ၊

ဒီလို့ရမလား သမီး ဒီဟာမ အခန်းထဲ ဝင်ရှာစမ်း'

မာမီဆွေ တရစပ်ပြောသလို မမသွေးကလည်း မှန်းမရ အခန်း

ထဲဝင်မွှေသည်။ ဘယ်လိုရှာရှာ မတွေ့ရတော့ သားမိနှစ်ယောက် ဒေါသ

တထောင်းထောင်းထ, သည်။

'တောက် ဒီအဘွားကြီး ကလိမ်ကျတာ၊ အေး ဒင်းကြီး

ဘယ်လောက်ပဲ ကလိမ်ကျကျ ရတနာမြိုင်စံအိမ်က 'ဆွေ'လက်ထဲမှာလေ၊

ဟား ဟား ဟား ဒင်းကြီး ဘာတတ်နိုင်လဲ၊ ဒင်းမြေးကော ဘာလုပ်လို့

ရမလဲ။ အခုတော့ ငါပိုင်ပြီး ငါဆိုင်ပြီးလေ၊ အေး ဒါပေမဲ့ 'ညည်း'

ဘယ်တော့မှ ရတနာမြိုင်စံအိမ်နဲ့ပက်သက်ပြီး အမွေစကားမပြောနဲ့

www.burmeseclassic.com



ရတနာမြိုင်စံအိမ်နဲ့ ပတ်သက်တာ မှန်သမျှ ငါတို့သားမိပဲ သက်ဆိုင်တယ် လုံးဝ ညည်းနဲ့မဆိုင်ဘူး ကြားတယ်နော်'

တကယ်လို့သာ ဟောဒီစာချုပ်တွေ မာမီဆွေမြင်ရင် ဘာတွေ ဖြစ်ကုန်မလဲ။ မုန်းမရ တကယ်မတွေးရဲတော့ပါ။

ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီလိုစီစဉ်ခဲ့တာလဲ ဘွားဘွားရယ်။ ရတနာမြိုင်စံအိမ်ရဲ့ပိုင်ဆိုင်မှု အားလုံး မုန်းမရ ခံစားခွင့်ရစေဆိုတဲ့ စိတ်နှလုံးသားနဲ့ လျှို့ဝှက်စွာ စီစဉ်ခဲ့တာလား။

စီစဉ်ခဲ့တယ်ဆိုရင်လည်း မုန်းမရကို အသိပေးခဲ့ဖို့ကောင်းတယ်

မုန်းမရ တကယ်မသိတဲ့ကိစ္စ။

ခုတော့ လူကြီးအတွက် အမြင်လွဲစရာဖြစ်နေပြီလေ။ လူကြီး ယုံအောင် မုန်းမရ ဘယ်လိုရှင်းပြရမလဲ။

ရှင်းပြခွင့်ရဖို့ နေနေသာသာ။

ထိုနေ့ကတည်းက ပါရမီစံအိမ်ကို လူကြီးပြန်မလာ။ ဖုန်းဆက်တော့လည်း မုန်းမရ မှန်းသိတာနဲ့ ဖုန်းကိုပိတ်ပစ်လိုက်တဲ့လူကြီး။

မုန်းမရ ... နှလုံးသားခံနိုင်ရည် မရှိတော့ပါ။ လူကြီးကို မျှော်ရင်း ငိုရင်းနှင့် မုန်းမရတစ်ယောက်တည်း ကြေကွဲနေရတာ ခုဆိုတစ်ပတ် တင်းတင်းပြည့်ပြီ။

နေနိုင်လွန်းတဲ့လူကြီးရယ် ...။

မုန်းမရ အသည်းကွဲနေပြီရှင့်။

■ ■ ■

အခန်း (၁၈)

'ပါရမီ ဆေးရုံ'

ခေတ်မီအပြင်အဆင်တို့နဲ့ ခန်းညားထည်ဝါနေသည့် ဆေးရုံထဲ ခြေလှမ်းဝင်စဉ် မုန်းမရ ဣန္ဒြေဆယ်လိုက်ရသည်။ မျက်ရည်တွေ ပွတ်သုတ်ရင်း သွက်သွက်ကလေး လှမ်းဝင်ခဲ့သည်။

စည့်ကြိုဝန်ထမ်းလူငယ်အပါးကပ်၍ လူကြီးနဲ့တွေ့ချင်လို ပြောတော့ မုန်းမရကို တအံ့တဩ ခေါက်တုန့်ခေါက်ပြန်ကြည့်သည်။

သူတို့ဘော့စ့်ကို မလောက်လေးမလောက်စား ကောင်မလေးက တွေ့ရလားဆိုတဲ့ မျက်ဝန်းနဲ့ပါ။ ထိုမျက်ဝန်းနဲ့ ကြည့်ပြီးမှ ဦးဆောင် ခေါ်သွားသည်။

ဆရာဝန်များ နားနေခန်းထဲကဖြတ်တော့ မုန်းမရ ခြေလှမ်းမတုံ့ မရဲဖြစ်ရသည်။ မုန်းမရကို မြင်ကြတဲ့ ဆရာဝန်မမတွေ တအံ့တဩကြည့် ကာ အချင်းချင်းလက်တို့ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုမြင် တွဲခုတ်နေတာ အဲဒီကောင်မလေးနဲ့ ဟ'

'ဟယ် ငယ်ငယ်နုနုကလေး၊ ကိုသက်နဲ့ ဈေးဝယ်ထွက်တုန်း

'ခင်မာ'တို့ တွေ့ခဲ့တာ ဒီကောင်မလေး မဟုတ်လား'

'အစစ်ပေါ့ မာမာ'

'ကိုမြင်တွဲလိုက်တာ 'စံ'ပဲဟေ့၊ ငယ်တာမှ ကြိုက်တယ်ဆိုတော

လည်း ဟင့် ဟင့် ဟင့်'

နာလိုလို့ ပြောကြတာလား၊ မနာလိုလို့ ပြောကြတာလာ

မုန်းမရ မဆန်းစစ်ချင်တော့ပါ။ ခြေလှမ်းမမှားအောင် တို့ဆိတ်ပြော

ကြတဲ့ ဆရာဝန်မမတွေရှေ့မှ ဖြတ်ကာ ဧည့်ကြိုလူငယ် ညွှန်ပြ

အခန်းရှေ့မှာ မုန်းမရ ခြေလှမ်းတန့်သွားသည်။

ဧည့်ကြိုလူငယ် လှည့်ထွက်သွားတော့ မုန်းမရ စိတ်ကို တည်ငြိ

အောင်ထိန်း၏။ပြီးမှ တံခါးလက်ကိုင်ကို ဆုပ်ကိုင်တွန်းဖွင့်လျှင် မြင်လိုက်

ရတဲ့ မြင်ကွင်းကြောင့် 'မုန်းမရ'နှလုံးသားမှာ နင့်ခနဲ ဝမ်းနည်းထိခိုက်

သွားသည်။

ကြည့်စမ်း။

ဖန်ခွက်ပိုင်းထဲ အပြည့်ထည့်ထားတဲ့ဝါကျင်ကျင်အရည်ကို တစ်

ရှိုက်တည်းမော့သောက်ကာ အသားကင်အမြည်းတစ်ပတ်ကောက်ဝါးလိုက်

တဲ့ လူကြီး။

ဘယ်လောက်တောင် သောက်ထားမုန်းမသိပါ။မျက်ဝန်း

အရောင်က ရဲတွတ်နေသည်။ မျက်နှာတွေလည်း နီကာ အမွှေးမျှင်တွေ

ထိုးထိုးထောင်ထောင်ထကာ အကျည်းတန်နေ၏။

စားပွဲပေါ် အရက်ပုလင်းနဲ့ အမြည်းပန်ကန်တွေ ရှုပ်ထွေးနေ





သည်။ မုန်းမရကြောင့် သောက်လိုက်စားလိုက်နဲ့ ဘဝကို အမှောင်ချ

ပစ်လိုက်တာလား လူကြီးရယ်။

အရက်နောက်တစ်ခွက် ထပ်ငှဲ့နေတဲ့ လူကြီးလက်က ဘာ

ကြောင့် မုန်းမသိ ကတုန်ကယင် ဖြစ်နေသည်။ မူးနေတာလားကွယ်။

'လူကြီး'

မုန်းမရ တိုးတိုးရွရွခေါ်လိုက်တော့ လူကြီးလက် တန့်သွားသည်။

မျက်လွှာပင့်လျက် တစ်ပြိုင်နက်ကြည့်သည်။

'လူကြီးရယ်'

မုန်းမရ ဝမ်းနည်းတကြီးရွတ်ရင်း လူကြီးရှေ့ ခြေလှမ်းသွား

သည်။ ထိုအခါ လူကြီးမျက်မှောင်ကုပ်လျက် 'မုန်းမရ'ကို စူးစူးရဲရဲ

ကြည့်သည်။

အကြည့်နဲ့အတူ ပုန်းခနဲ့ထ ,လျှင် ကိုင်ထားဆဲ အရက်ဖန်ခွက်

လွတ်ကျသွားသည်။

BURMESE CLASSIC .com

'ခလွမ်း'

ကျကွဲသံက မုန်းမရကို ဘွားခနဲ မြင်ရလို့ လွတ်ထွက်သွားတဲ့

'အမြင်သစ်'နှလုံးသားကို 'အမြင်သစ်'ပြန်ထိန်းဖို့ အသိဝင်လျက်။

လူကြီးကိုယ်က ထိုင်ခုံပေါ် အရုပ်ကြိုးပြတ်ကျသွားသည်။

နှုတ်ခမ်းပါးအစုံသာမက မျက်နှာပြင်တစ်ခုလုံး တင်းမာသွား

သည်။မုန်းမရဆီမှ အကြည့်ကိုလည်း ချက်ချင်းလွှဲပြီး

'သူဌေးမကြီး ဘာလာလုပ်တာလဲ တဲ့'

ခနဲ့သံ့သံ့ လူကြီး မေးသည်။

မုန်းမရ ဝမ်းနည်းလာကာ နှုတ်ခမ်းအစုံတုန်ခါလာသည်။ မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်တွေပါ အလုံးလိုက်ပြိုကျ၏။

'လူကြီးရယ်'

'အဖွန့် ညည်းက အသက်သာငယ်တာ အဆိပ်ကတော့ အပြည့်ပဲ၊ နေပါဦး ညည်း ဘာရည်ရွယ်ချက်နဲ့လဲ မုန်းမရ'

'ဟင့် လူကြီးရယ် မရက ဘာရည်ရွယ်ရမှာလဲ'မရ'မှာ တကယ် ဘာပိုင်ဆိုင်'

'တော်ကဲ ညည်းပါးစပ် ပိတ်လိုက်တော့'

အရက်ပုလင်းအပြားကို ဆုပ်ကိုင်ရင်း နာနာကြည်းကြည်း ဟန့်တား၏။မုန်းမရ ဝမ်းနည်းကြီးစွာ ဟီးခနဲ ငိုချလိုက်သည်။

အမြင်သစ် မျက်နှုတ်ခမ်းက သရော်စွာမဲ့ကျသည်။ပုလင်းအဖုံး ဖွင့်ရင်း ဖန်ခွက်အလွတ်ထဲ အရက်တစ်ခွက် အပြည့်ငှဲ့ထည့်သည်။

ခွက်အပြည့်ကိုင်၍ ဖိမ်မခံဘဲ မော့သောက်လိုက်သည်။

ဒီမျက်ရည်တွေကို အရင်တုန်းက သူ သနားခဲ့သည်။

ခုချိန်မှာ မသနားနိုင်ပါ။

အသက်ငယ်သလို အဆိပ်ပြင်းရှိမှန်း အမြင်သစ် သိသွားသည်။ နောက်တစ်ခွက်ထပ်ငှဲ့သည်။မသောက်သေးဘဲ ခွက်လိုက်ကိုင်ကာထိုင်ရာမှ ထ,သည်။

သောက်တာများလွန်းလို့ သူ့ကိုယ်က ပုံမှန်မဖြစ်တော့ပါ။

သို့သော်လည်း ခံပြင်းနေတဲ့ နှလုံးသားက ဣန္ဒြေမပျက်ထိန်းနိုင်စွမ်းသေးသည်။

'ဒီမှာ မုန်းမရ ညည်းကို ငါ'

'တော်ပါတော့ လူကြီးရယ်'



'မတော်နိုင်ဘူးကွ၊ မလောက်လေးမလောက်စား မိန်းမတစ်ယောက်ညာတာကို ခံရတာ အသည်းနှလုံးတင်မကဘူး၊ အသွေးအသားကပါ အဆိပ်တက်တယ်။ မင်းနားလည်လား၊ ညည်းမှာ အဲလောက်ပိုင်ဆိုင်မှုတွေရှိရဲ့နဲ့ 'ငါ့'ကို လိမ်ညာပြီး မြှူတာ ဘာကြောင့်လဲ၊ ငါ့မှာတော့ တော်ပြီ တော်ပြီ၊ ဒီထက်ဆက်ပြောရင် ဒီထက်အဆိပ်တက်လာမယ်။ အရှင်းဆုံးပြောမယ်၊ ညည်းပိုင်ဆိုင်မှုတွေနဲ့ ညည်း အမြန်ဆုံးထွက်သွား၊ သွားစမ်းကွာ'

ပြောရင်း မုန်းမရ လက်မောင်းကို ဆုပ်ကိုင်၍ အခန်းထဲက တွန်းပစ်သည်။

'အား'

BURMESE CLASSIC .com

အခန်းထောင့်မှာ မုန်းမရ ကိုယ်လုံးလေး ခွေခနဲ ကျသည်။ အားခနဲ နာကျင်သွားတဲ့အသံကိုလည်း အမြင်သစ် နားမဆင်။ အံတင်းတင်းကြိတ်ကာ ကျောခိုင်းလျက် အရက်တွေ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်သည်။

'မရ ကို မကြင်နာတော့ဘူးလား လူကြီးရယ် မရေလေ'

ပြောချင်တာတွေ ရင်ဘတ်ထဲမှာ မုန့်တိုင်းအမွှေခံရသလို ဖြစ်ကာ ဘယ်က ဘယ်လိုစပြီး ရှင်းပြရမှန်း မသိတော့ပါ။

လူကြီး ကျောပြင်ကို အတန်ကြာကြည့်ကာ မရ ကုန်းရုန်းထသည်။

ပြီးတော့ အားကိုးရာမဲ့ ခံစားချက်က ဝမ်းနည်းကြေကွဲတာတွေနဲ့ ရောယှက်ကာ မုန်းမရ ဟီးခနဲ ငိုချရင်း လူကြီးအခန်းထဲက ပြေးထွက်ခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်မမတို့၏ မျက်လုံးပေါင်းများစွာက မှန်းမရကို ဘယ်လို မြင်ကြမလဲ။

မြင်ချင်သလို မြင်ပါစေတော့လေ။

လူကြီးဆန္ဒအတိုင်း ပါရမီဆေးရုံထဲက မျက်ရည်စမ်းချောင်းလေး ခင်းကျင်းကာ မှန်းမရ တဟုန်ထိုး ပြေးထွက်ခဲ့မိပြီ။

ခုတ်ပုံမှန်ဘောင်လေး ကျကွဲမသွားခဲ့ရင် သိပ်ကောင်းမှာပဲကွယ်။ အားကိုးရာမဲ့လေးဆိုပြီး ရင်ခွင်ထဲ ဆွဲသွင်းကာ မရကို ကြင်နာယုယမှာ မလွဲတဲ့လူကြီး။

ခုတော့ လိမ်ညာတယ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အကြင်နာမဲ့တဲ့စကားလုံးတွေနဲ့ နှင်ထုတ်ခံရတဲ့အဖြစ်။

မရ နှလုံးသားလေး တကယ်ကွဲပြီ လူကြီးရဲ့။

■ ■ ■

'ဟင်'

ပက်ထရစ် မျက်မှောင်ကြုတ်လျက် စဉ်းစားလိုက်ရသည်။ ပက်ထရစ်ရဲ့အမိုးပွင့် ဂျစ်ကားရှေ့ကဖြတ်သွားတဲ့ကောင်မလေး။

မြင်းဖူးသလိုလို ရှိလှသည်။

စဉ်းစားလိုက်မှ မျက်လုံးထဲ ဘွားခနဲ မြင်လာသည်။ ပါးမှာ အပူလောင်ကွက်ကြီးနဲ့ အဝတ်အစားမတောက်ပြောင် ပလက်ဖောင်းပေါ်လဲနေရှာတဲ့ ဟာမလေး။

သူတို့လက်ထဲရောက်ခါနီးမှ သာသနာ့ဖျက်ကြီးဝင်ပါလို့ ပွဲပျက်ခဲ့ရသည်။

အခု ကောင်မလေးပုံစံက အရင်နဲ့ဘာမှမဆိုင်။ ပါးပေါ်မှ



ဒဏ်ရာကွက်ကြီး မရှိတော့ပါ။ ပါးပြင်နှစ်ဖက်က ဖူးနုနေသည်။ မွေးညှင်းစိမ်းကလေးတွေပင် အသားအရည်ပေါ်မှာ လန်းနေတာက ပွပွလေးလွတ်သပ်ယုယချင်စရာ။

မည်းနက်ပြောင်အိတဲ့ ဆံပင်ရှည်အထွေးကြီးကို စပရိန်သားရေကွင်း အဝါနုရောင်နဲ့စည်းပြီး ကြောပေါ်အလျားလိုက်ချထားသော်လည်းကိုယ်ဟန် လှုပ်ရှားတဲ့အတိုင်း ကောင်မလေး တင်ပါးနှစ်ဖက်အလယ်မှာ နွဲ့နွဲ့လေးလှုပ်သရမ်းနေသည့်က ပက်ထရစ်ရဲ့ ရင်ဖိုစိတ်ကို လက်ရပ်ခေါ်နေသလိုပင်။

အခွင့်သာတုန်း

တစ်ပွေချင်းဆုံတုန်း။

လက်ဦးခွင့်ရတုန်း

ခန္ဓာကိုယ်ချင်းဂဟေဆက်မိအောင် တစ်ပွဲလောက် နွဲ့လိုက်ချင်သည့်အာသီသ ယိုစိမ့်ကျလာသည်။ ထို့ကြောင့် ပက်ထရစ်တွေ ဝေမနေတော့ပါ။

ထိုကောင်မလေး ချိုးဝင်သွားတဲ့ လမ်းထဲ ဂျစ်ကားချိုးဝင်လျက်

ဝုန်း

အား

တွန်းလှည်းနဲ့ အသီးစုံရောင်းတဲ့ သစ်သားလှည်းကို ဝင်တိုက်မိတဲ့ အဖြစ်။

'တောက်'ပစ်ထရစ် ဒေါသထွက်ပါ၏။ လမ်းပေါ်အသီးတွေပျံ့ကြဲ၍ တွန်းလှည်းကြီးလဲပြိုကာ၊ ဈေးသည်လူကြီး ဖင်ထိုင်ကျနေတဲ့မြင်ကွင်းကို ဒေါသကြီးစွာ ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို သည်းသည်းမဲမဲဖြစ်နေတဲ့ သွေးသားက ပတ်ဝန်းကျင်ကို သတိလက်လွတ် ဖြစ်သွားသည့်အထိ။

တက်ခေါက်ရင်း ကိုယ့်ကိုယ့်ကို ကိုယ်တိုင်ဒေါသဖြစ်နေတဲ့ ပက်ထရစ်။ ချက်ချင်းဆိုသလို လူတွေဝိုင်းလာတော့ ပက်ထရစ် ဘာမှမတတ်နိုင်။ ကားပေါ်က ဆင်းလိုက်ရသည်။ ပက်ထရစ်က ပြုံးနာနဲ့ ငြိလျက်အလန်းလေးက လွတ်သွားပြီ။

ဒီတစ်ကြိမ်လည်း လက်လွတ်ရတာ ရင်နာလို့မဆုံးပေ။

ဒါပေမဲ့

နောက်တစ်ခါ ကြုံရင်တော့လား။

ဒင်းလေး လွတ်နိုင်ရိုးလား။

ပက်ထရစ်တဲ့။

ကြုံရင် လွဲခဲ့ပါတယ်ကွ။

■ ■ ■

မုန်းမရ ခြေလှမ်းတွေ ဦးတည်ရာမဲ့နေပါပြီ။ ရတနာမြိုင်စံအိမ်ထဲက ထွက်ခွာခဲ့စဉ်ကလို လမ်းမြင်သမျှ လျှောက်သွားနေခဲ့တာ တစ်နေ့လုံးပဲ။

လူကြီး လက်မခံတဲ့အကြောင်းအရင်းက မုန်းမရမှာ ဗိုင်ဆိုင်မှုတွေရှိလို့တဲ့။ ဘာဆိုင်လို့လဲ လူကြီးရယ်။

မုန်းမရက မဆိုင်ဘူးထင်ပေမယ့် လူကြီးက ဆိုင်တယ်လို့ထင်တာ ဘာကြောင့်လဲ။ မုန်းမရ တကယ်မသိတဲ့ ဘွားဘွားအစီအမံကို လူကြီးနားလည်ပေးရမှာပေါ့။

ခုတော့ ထွက်သွားတဲ့၊ နှင်ထုတ်ရက်လေခြင်း ဆိုတဲ့ အတွေးနဲ့



နှလုံးသားကွဲမတတ် ထိခိုက်ဝမ်းနည်းရပါသည်။

ဘွားဘွား လှို့ဝှက်စွာစီမံပေးတဲ့ စည်းစိမ်ထက် လူကြီးရင်ခွင်ကိုပဲ မုန်းမရ မက်မောပါသည်။

ပိုင်ဆိုင်မှုတွေမက်တဲ့ မာမီဆွေကို ခေါ်ပြီး စာချုပ်တွေ ပေးလိုက်တော့မယ်။ မုန်းမရမှာ ဘာမှမရှိတော့ရင် 'လူကြီး'မောင်းထုတ်တော့မှာ မဟုတ်ဘူး။

ဟုတ်တယ်။

လှုပ်တစ်ပြက်ရလာတဲ့ အတွေးနောက် 'မုန်းမရ' ခြေလှမ်းတွေ ပါသွားသည်။ရတနာမြိုင်စံအိမ်ခြံဝင်း ရှေ့ရောက်လျှင် မုန်းမရ နှလုံးသားမှာကျစ်လိုက် နူးညံ့ပျော်ဝင်သွားလိုက်နဲ့။

အိုး အားကိုးရာမရှိတဲ့ဘဝမှာ ရုပ်ဝတ္ထုပိုင်ဆိုင်မှုကို တကယ်မမက်ရဲပါဘူး။ မာမီဆွေကို ပေးပစ်မယ်လို့တဲ့ ဆုံးဖြတ်ချက်ကိုလည်း မပြင်တော့ပါ။

စေ့ပိတ်သော့ခတ်ထားတဲ့ သံပန်းတံခါးရှေ့မှာ မတ်တပ်ရပ်လျက် စံအိမ်ကို ငေးကြည့်မိသည်။ လူရိပ်လူယောင် မတွေ့ပေမယ့်

'သွား ကိုစိုးနော် မကဲနဲ့ ဟင့် ဟင့် ဟင့်'

ယောကျ်ားတစ်ယောက်နဲ့ မြူးရင်း ကြည်ကြည်နူးနူးရယ်ပြောလိုက်တဲ့အသံ။ ထိုအသံကြားရုံနဲ့ မာမီဆွေ မှန်းသိသည်။ ထိုအသိနဲ့ တစ်ပြိုင်နက် မျက်ဝန်းက အသံလာရာဘက် ငဲ့ချောင်းကြည့်လျှင်

ခြံစည်းရိုးနဲ့ကပ်လျက် ဖွန်ပန်းရုံရှေ့က ခုံတန်းမှာစုံတွဲကို ဘွားခနဲ တွေ့ရသည်။ မာမီဆွေ ဒယ်ဒီအရွယ်လူကြီးရဲ့ရင်ခွင်ထဲ နွဲ့မှိုကာ နှစ်ယောက်သား အကြည်စိုက်ပြီး ပြောကြရယ်ကြနှင့် လောကကြီးကို

www.burmeseclassic.com

www.burmeseclassic.com



မှေ့နေကြသည်။

ဒယ်ဒီ ရှိစဉ်ကတည်းက မာမီဆွေတွဲနေသည့် ထိုလူကြီးကို မှန်းမရ သိသည်။ ဒယ်ဒီလို လူချောလူလှ မဟုတ်ပေမယ့် ၊တုတ်တုတ်ခိုင်ခိုင် ၊ပြည့်ပြည့်ဖြိုးဖြိုးကိုယ်ဟန်နှင့် အိမ်ထောင်ရှိ မိန်းမတွေနဲ့သာ တွဲလေ့ရှိတဲ့ လူပျိုကြီး ဦးကျော်စွာစိုး။

ဦးကျော်စွာစိုးနဲ့ ငြိကတည်းက ဒယ်ဒီနဲ့မာမီဆွေ နေ့တိုင်းလိုလို ရန်ဖြစ်ကြသည်။ ရန်ဖြစ်တိုင်းလည်း ဒယ်ဒီကို မာမီဆွေ ပြောနေကျ စကားက

''ကိုကိုလည်း ကိုကိုစိတ်အလိုအတိုင်း တွေ့ကရာမိန်းမနဲ့ ပျော်ပါးတာပဲ ဆွေ တားလို့ရခဲ့လား။ ကိုကိုက ယောကျ်ားပဲ တွဲတယ် ပျော်တယ် ဘာဖြစ်လဲတဲ့'

'ဟုတ်တယ်လေ၊ ငါကယောကျ်ားပဲ တွဲတယ်ပျော်တယ် ဘာဖြစ်လဲ'

ဒက်ဒီခပ်ဆတ်ဆတ်ပြန်ပြော၏။ ထိုအခါ မာမီဆွေကလည်း မခေပါ။ ကိုယ်နေဟန်ကို ကြော့မော့နေအောင် စွင့်စွင့်ကြီးရပ်ကာ မျက်နှာကိုမာန်အပြည့်နဲ့ မော့ပြီး ဆိုချေသည်က

'ဟင့် ဟင့် ဟင့် ကိုကိုက ယောကျ်ားပဲဆိုပြီး တွဲသလို ဆွေလည်းမိန်းမပဲလေ ကိုစိုးနဲ့တွဲတာ ဘာဖြစ်လဲ၊ မိန်းမ ဆိုတာလည်း ကိုကိုတို့ ယောကျ်ားတွေလိုပဲ သွေးနဲ့သားနဲ့ ရှင့်'

'တောက် မိဆွေ'

'နောက်မဟုတ်လို့လား ကိုကို၊ ကိုကို လျစ်လျူရှုထားပေမယ့် ကိုစိုးက ကြင်နာတယ်လေ၊ ဒီမှာ ကိုကို ကိုကိုလို အိပ်ရာထဲလဲခါမှ



မယားကို အပါးမှာထားချင်တဲ့ ယောကျ်ားဆီမှာ ဆွေ မနေနိုင်ဘူး။ ဆွေ့ လိုအပ်ချက်အတွက် ဆွေ တွဲမယ်၊ ဒါကိုမှ ကိုကိုမကျေနပ်ဘူးဆိုရင် ကွာပေး လိုက်လေ အေး ကိုကိုဘက်က စကွာမယ်ဆိုရင်တော့ ပိုင်ဆိုင်မှုအားလုံးရမှ'

'တောက်'

အပြတ်အသတ်ရဲရဲတင်းတင်းပြောချရဲတဲ့ မာမီဆွေ။ ဒယ်ဒီမှာ ဒေါသတွေထွက် ၊ စိတ်ထောင်းကိုယ်ကြေ ဖြစ်ကာ ရောဂါတစ်ဖက် ဘာ တစ်ဖက်နဲ့ မာမီဆွေကို ပြန်ပြောမနိုင်ရှာ။

မာမီဆွေကတော့ ဟားတိုက်ရယ်မောရင်း အောင်ပွဲခံတွဲလျက်။ တစ်ခါတစ်ရံ ဟိုအကြောင်းပြ ဒီအကြောင်းပြကာ မာမီဆွေ ညပြန်မအိပ်တာတွေလည်း ရှိသည်။

ဒယ်ဒီမရှိတော့ ဦးကျော်စွာစိုးက ဘွားဘွား မရိပ်မိအောင်၊ မာမီဆွေအခန်းထဲ နေအိပ်ညအိပ်နေလေ့ရှိသည်။ မမသွေးက သိပေမယ့် ဘွားဘွားကို မပြောပါ။ 'မရ'ကိုလည်း 'ညည်းပြောကြည့်'လို့ ဗိုက်ကြော ဆွဲလိမ်ပြီး ဟန့်တားတာကြောင့် 'မရ'မပြောရဲခဲ့ပါ။

ဘွားဘွားဆုံးတော့ ပေါ်ပေါ်တင်တင်ပဲ ဦးကျော်စွာစိုး ရတနာမြိုင်စံအိမ်ပေါ် ရောက်လာသည်။ ဘွားဘွားကလည်း မရှိတော့ မာမီဆွေနဲ့ ဦးကျော်စွာစိုး လွပ်လပ်စွာ ချစ်ခွင့်ရပေမယ့် တရားဝင် လက်ထပ်ထိမ်းမြားတာလည်းမဟုတ်တဲ့ ၊ရတနာမြိုင်စံအိမ်မှာ အတူနေနေတဲ့အဖြစ်။

အခုလည်း ကြည့်ပါလား။

ဆယ်ကျော်သက်တွေလို သည်းနေ ကဲနေကြတာ။

မှန်းမရ ဘာလုပ်သင့်လဲ။ ဒက်ဒီအပေါ် သစ္စာမရှိတဲ့သူ၊ 'မရ'ကို

www.burmeseclassic.com

www.burmeseclassic.com



နိုပ်စက်အနိုင်ကျင့်နေတဲ့ မိထွေးလက်ထဲ ပိုင်ဆိုင်မှုတွေပေးပစ်ရ ဘွားဘွား မုန်းမရကို နာကြည်းသွားမလား။

မာမီဆွေနဲ့ ဦးကျော်စွာစိုးတို့ စုံတွဲကိုကြည့်ရင်း ပေးပစ်မယ်လ နိုင်နိုင်မာမာဆုံးဖြတ်ထားတဲ့ မုန်းမရ စိတ်နှလုံးက တွေခန့်ဖြစ်၏။

ဘွားဘွားနာကြည်းသွားမှာက တစ်ဖက်၊ လူကြီး လက်မ တာတစ်မျိုး။ ဒီပိုင်ဆိုင်မှုတွေနဲ့ ပတ်သက်ပြီး မုန်းမရ နှလုံးသား အသိတရားက မီးလိုပူရှောင်လာသည်။

ထိုစဉ် ကျွီခနဲ ထိုးရပ်လာတဲ့ကားသံ။

မုန်းမရ နောက်ကျောမှ ပေါ်လာသည်။မုန်းမရ လှည့်ကြည့်တော ကားပေါ်မှ မမသွေး။

'မိမုန်း' ညည်းဒီမှာ ဘာလုပ်တာလဲ ၊ညည်းကို ရတနာ မြိုင်စံအိမ်နဲ့ မပတ်သက်နဲ့လို့ ပြောထားတယ် မဟုတ်လား၊ ညည် လာရဲသေးတယ်၊ ဟွန်း ငါ့အကြောင်းသိရစိမ့်မယ်'

ရင့်ရင့်သီးသီးပြောလည်းပြောရင်း ကားပေါ်ကဆင်းလာတဲ့ ရန့်သွေး။

မုန်းမရ နှလုံးသားလေး နာကျင်သွားသည်။

အဖေတူ မောင်နှမဖြစ်လျက် မုန်းမရအပေါ် အဲသလောက် ရက်စက်နိုင်တဲ့ အစ်မ။ မုန်းမရ ဘာကိုမှ မငဲ့ချင်တော့ပါ။ အံကိုတင်းတင် ကြိတ်ကာ ရင်ဆိုင်ဖို့ 'မုန်းမရ'တစ်ကိုယ်လုံး လှည့်သည်။

ကားပေါ်က လက်ဝါးထောင်ပြီး ဆင်းလာတဲ့ မမနဲ့မျက်နှာချင် ဆိုင်သည်။ မိန်းမလှနှစ်ယောက်တင်းမာနေတဲ့ ၊အနေအထားကိုကြည့်ရင် ဘာဖြစ်မလဲဆိုတာ ကားမောင်းသူနေရာမှာ ထိုင်နေတဲ့ ဒေတာ သိသည်။





ဒါကြောင့် ကားပေါ်က ချက်ချင်းဆင်းလာပြီး ၊ချစ်သူ ရန့်သွေး လက်ဖဝါးကို ဆွဲတားလိုက်ပြီး ထိုမိန်းကလေးကို ကြည့်တော့မြင်ဖူးပါတယ် လို့ စေ့စေ့ကြည့်ဖြစ်သည်။

'မောင် ဖယ်စမ်းပါ ဒီဟာမကို လုပ်ရမှ 'သွေး'ကျေနပ်မယ်'

ဒေတာလက်ထဲကရုန်းရင်း ရန့်သွေးပြောသည်။ မမသွေးချစ်သူ က မမသွေးရှေ့ကကာရင်း မုန်းမရကို သိသလိုလို ဘာ့လိုလိုကြည့်သည် က တစ်မျိုး။

ဟွန်း မျက်မှန်ကြီးဖို့ကောင်းတဲ့ မမသွေး ရည်စား။

မုန်းမရ မျက်နှာကို ဆက်ခနဲခါကာ ထိုစုံတွဲရှေ့က ရင်ကော့ပြီး ထွက်ခဲ့သည်က မာနနဲ့ပါ။

မမသွေးရယ် ။

သွေးအရင်းကို သွေးရင်လို မဆက်ဆံမှတော့ မုန်းမရလည်း သူစိမ်းလိုဆက်ဆံဖို့ ကြိုးစားပါရစေတော့လေ။

■ ■ ■

'ကျွတ်'ခနဲစုပ်သပ် ရလောက်အောင် နှလုံးသားလန်းသွားစေ တဲ့အလှပုံရိပ်လေး။ ဖျတ်ခနဲ မြင်လိုက်ရုံနဲ့ မလိုက်ဘဲ မနေနိုင်တော့ပါ။

ထွင်းဖောက်မြင်နိုင်တဲ့မှန်ချပ်တွေ ကာရံထားတဲ့စားသောက်ခန်း ထဲက 'ချန်ချန်' ချက်ချင်းထထွက်ခဲ့သည်။

အချောအလှမြင်ရင် လိုက်ရမှ အာသာပြေတဲ့စိတ်။ ဒီမိန်းမလှ လေးကို မြင်တော့ ချန်ချန် အာသာပြင်းပြလာသည်။

လိုက်ရုံတင်မက တွဲချင်စိတ်ပါ ထ,သည်။

ဆင်ဆွယ်ရောင် ဖက်ရှင်၊ ဆံပင်ရှည်ရှည် ၊ကိုယ်လေးမတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရင်အုံလေးစွင့်စွင့်မို့မို့နဲ့ တင်ကလေးလှုပ်ကာ တစ်ပွေးတည်း လျှောက်သွား တဲ့မိန်းကလေး။

မိန်းမလှမြင်တိုင်း ရင်ခုန်တဲ့ ချန်ချန်ဗီဇ။

နှာခေါင်းလေးပွရင်း မိန်းမချောလေးအပါးကပ်လိုက်သည်။

မျက်လုံးကလည်း ဗီဇဓါတ်ကြောအတိုင်း မျက်နှာအစိတ်အပိုင်း ထက် လည်တိုင်အောက်က အမို့အမောက်လို ခပ်ရဲရဲကြည့်သည်။

ကြည့်နေရင်း အာရုံက ဒက်ခနဲ ရိပ်မိသွားသည်။ တစ်ခုသော ညက ပလက်ဖောင်းပေါ် သတိလစ်နေတဲ့ ဒဏ်ရာနဲ့ မိန်းကလေး။

ချက်ချင်းလက်တစ်ဖက်ပိတ်ရပ်ရင်းဟန့်တားလိုက်သည်။

မုန်းမရ ခြေလှမ်းတန့်ကာ တအံ့တသြမော့ကြည့်တော့ ခပ်ရဲရဲ စိုက်ကြည့်နေတဲ့ လူရွယ်၊မုန်းမရရှေ့မှာ လက်တွေဘာတွေတားပြီးပိတ်ရပ် နေပါသည်။

နှုတ်ခမ်းနဲ့မျက်လုံးကလည်း မုန်းမရကို ခပ်မြူးမြူးကြည့်ကာ ပြုံးလျက်။

'ဒီမှာ မင်းလေး ကိုယ့်ကို မမှတ်မိဘူးလား။'တဲ့

မုန်းမရ မျက်မှောင်ကြုတ်သွားသည်။ မမှတ်မိဘူးလားတဲ့

မုန်းမရ သေချာကြည့်မိသွားသည်။

အရပ်မြင့်၍ အသားဖြူသည်။ မျက်ခုံးပါးပါး မျက်ဝန်းအိမ်ကျ ကျယ်နဲ့ မေးရိုးကားသယောင်ရှိကာ၊ နှုတ်ခမ်းက ပါးပါးလေးနဲ့ ကြည့် ကောင်းသည်။

ခေတ်မီဖက်ရှင်နဲ့ မင်းသားရှုံးအောင်သ ့ထားတဲ့လူငယ်

မုန်းမရ သိဖို့နေနေသာသာ မြင်တောင်မမြင်ဖူးပါ။မုန်း





ခေါင်း

ရမ်းလျှင် ရုပ်ရှင်မင်းသားတွေလို ဆံပင်သကာ မျက်နှာမော့၍ ဟက်ခနဲ့ ရယ်သည်။ရယ်ပြီး ပြောသည်။

'မင်းကို ကိုယ်တို့ကယ်မလို့ဟာ ဟိုလူကြီး လက်ဦးသွားလို့ကွ'

'ဘာ'

'ဟုတ်တယ် အမြင်သစ်ဆိုတဲ့ လူကြီးလေ၊ ကိုယ်တို့ လက်ထဲက နေ မင်းလေးကို လုသွားတာ'တဲ့။

ဟုတ်ရဲ့လား လူကြီးကို မေးကြည့်ဦးမှ

ထိုအတွေးနဲ့ မုန်းမရ ခပ်ငေးငေးဖြစ်သွားလျှင်

BURMESE CLASSIC .com

'ဒါနဲ့ မင်းလေး အခုဘယ်မှာနေလဲ'

မေးပုံကိုက ရဲသည်။ ဘယ်မှာနေနေပေါ့။ သူနဲ့ဘာဆိုင်လဲ၊ မုန်းမရ မျက်စောင်းထိုးလိုက်တော့

'မင်း တော်တော်လှတယ် ဟင့် ဟင့် ဟင့်'

မဆီမဆိုင် မုန်းမရကိုယ်လုံးကို ရှေ့နောက်ပတ်ရင်း ဣန္ဒြေ မရတဲ့ မျက်လုံးနဲ့ ကြည့်ပြီး ပြောသည်က အန်ချင်စရာချည်း။

တမင်နှောင့်ယှက်နေမှန်း ရိပ်မိတာကြောင့် မုန်းမရခြေလှမ်း နောက်ဆုတ်သည်။

ထိုလူရွယ် တဟင့်ဟင့်ရယ်ရင်း မျက်နှာမော့ကာ၊ သူ့စကား သူအာသာခံနေစဉ် မုန်းမရ လက်တစ်ဖက်က သွက်လေသည်။

လာနေတဲ့ တက္ကစီကို တားကာ ထိုးရပ်လာတဲ့ တက္ကစီပေါ် လွှားခနဲ့ ပြေးတက်လိုက်လျှင် မုန်းမရ လွတ်လမ်းရသွားသည်။

'ချန်ချန်'သူ့ဗီလင်နဲ့သူ။ မေးဖျားကို လက်ညှိုးနဲ့ပွတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပွတ်ကာနှင့် မျက်လုံးမှေး၍အာသာခံနေစဉ်။ ကားရပ်သံ ၊ကားမော
ထွက်သံတွေကြောင့် ဖွဲကြည့်တော့ ရင်ခုန်ပြေ မိန်းမလှလေး မရှိတော့

တက္ကစီကားပေါ် ပါသွားမှန်းသိလျှင် အံတင်းတင်း ကြိတ်လိုက်သည်။

ဒီတစ်ကြိမ်လည်း လွတ်ပြန်ပြီ။

သူတို့ သူငယ်ချင်းသုံးယောက်ဆုံမိလျှင် အဖြစ်အပျက်ကိုယ်
ပြောကြသည်။ လက်မတင်လေးလွတ်သွားတဲ့ မိန်းမလှလေး အတွက်
သွားရည်ပြန်မျိုချရင်း

'ဒင်းလေး ငါတို့လက်ထဲက လွတ်နိုင်လိုးလား'လို့

အံကြိတ် တေးမှတ်သည်သာ။

■ ■ ■

အခန်း (၁၉)

'ဟာ ဟေ့ ဟေ့ တက္ကစီ နေဦးလေ ဘယ်နှယ့်သူများ ခြံထဲ ဇွတ်မောင်းဝင်တာလဲ'

ဆရာ ကားထွက်မယ်ဆိုလို့ ဖိုးထောင် ခြံတံခါးအသင့်ဖွင့်ထားသည်။

ထိုအခါ တက္ကစီကားအဖြူရောင်လေးက ဖိုးထောင် ဖွင့်ထားတဲ့ တံခါးပေါက်မှ ခြံထဲဇွတ်မောင်းဝင်သွားလျှင် ဖိုးထောင် ဗျာယီဗျာယာအော် ပြောသည်။

ခြေလှမ်းကြဲကလည်း တက္ကစီနောက် အပြေးတစ်ပိုင်းလိုက်ပါခဲ့သည်။

တက္ကစီက ဆရာ့ကားနောက်မှာ တုံ့ခနဲ ရပ်သွားသည်။

တက္ကစီကား ပေါ်တီကိုအောက်မှာ ထိုးရပ်သွားသည်နှင့်နုငယ် ချောညက်နေသော ကောင်မလေးတစ်ယောက် ကားပေါ်က သုတ်ခနဲ ဆင်းကာ တိုက်ထဲ ဒရောသောပါး ပြေးဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးဘယ်သူလဲ၊ ဘာကြောင့် ရဲရဲတင်းတင်းပြေးဝင် သွားရတာလဲ။ 'သူ'မရှိတဲ့နောက်ပိုင်း ဆရာနဲ့တစ်ခုခုပတ်သက်နေလာ

အခြေအနေသိအောင် တိုက်ထဲပြေးဝင်ကြည့်တော့

ဖိုးထောင် မျက်လုံးနှစ်စုံပြူးကျယ်သွားကာ ခြေလှမ်းတွေပါ နောက်ပြန်လှည့်မိသွားသည်။

အပေါ်ထပ်က ဆင်းလာတဲ့ ဆရာနဲ့လှေကားထစ်အလယ်မှာ ဆုံအချင်း ဆရာ့ခါးကို ပြေးဖက်ကာ ဟီးခနဲ ငိုချလိုက်တဲ့ ကောင်မလေး

သူမရှိတဲ့အတောအတွင်း ဆရာနဲ့ဒီကောင်မလေး အတိုင်း အတာတစ်ခုထိ ငြိနေပြီးမှန်း အခြေအနေကြည့်ရုံနဲ့ ဖိုးထောင် ရိပ်စားမိ သည်။

ကြောခိုင်း လှည့်ထွက်ခဲ့တော့ ပေါ်တီကိုအောက်မှာရပ်ထား တဲ့ တက္ကစီက ရှိနေဆဲ။ ဖိုးထောင်တက္ကစီသမားကို မေးတော့ တက္ကစီခ မပေးသေးလို့တဲ့။

ဖိုးထောင် ခေါင်းဆတ်ကာ အိတ်ကပ်ထဲက ထောင်တန်နှစ်ရွက် ဆွဲထုတ်ပေးလိုက်သည်။ တက္ကစီကားထွက်သွားတော့၊ ခြည့်ခံထဲလိုက်ကာစ အသစ်လဲဖို့ပြင်ဆင်နေတဲ့ သူ့ဇနီးချောက ဆရာနဲ့ကောင်မလေးကို မြင်ပြီး နားမလည်နိုင်အောင်ဖြစ်ကာ သူ့အပါးကပ်လာပြီး မျက်စနဲ့မေးသည်။

ကလေးရုပ်လေးပင်မပျောက်သေးတဲ့ ကောင်မချောလေးက ရင့် ကျက်တည်ငြိမ်ကာ ဆယ့်ငါးနှစ်နီးပါးကြီးနိုင်တဲ့ သူ့ဆရာနဲ့ ဘာလဲပေါ့။ သူ့ဇနီးချော'ဖြူဖွေး'ကို မစပ်စုနဲ့လို့ ဖိုးထောင်မျက်နှာအမူအရာနဲ့ အသံ တိတ် ပြောလိုက်ရသည်။

သူကိုယ်တိုင်လည်း ဂဃဏန ဘာမှမသိတော့'ဖြူဖွေး'နားလည်





အောင် မပြောနိုင်တာလည်း ပါသည်။

ဖြူဖွေနဲ့ဖိုးထောင် ဘာလုပ်လို့လုပ်ရမှန်းမသိပါ။

သို့သော်လည်း သူ့ဆရာနဲ့ဒီကောင်မလေး ပတ်သက်မှုကိုတော့ တကယ်သိချင်သည်။ ဒါကြောင့် နှစ်ယောက်သား ခေါင်းကလေးပူးကာ ဧည့်ခန်းနံရံနဲ့ကွယ်ပြီးချောင်းကြည့်သည်။

ပြေးဖက်ငိုယိုနေရှာတဲ့ ကောင်မလေးကို''သူ့''ဆရာ၊ တအံ့ တသြငုံ့ကြည့်ကာ ခပ်ကြောင်ကြောင်ဖြစ်သွားသည်။

''လူကြီး''

မျက်ရည်တွေနဲ့ မော့ကြည့်ရင်းခေါ်လျှင် ကောင်မလေးကို နှစ်သိမ့် ချော့မြူသိုင်းဖက်ဖို့ရောက်သွားတဲ့ သူ့ဆရာလက်က ချက်ချင်း နောက်ဆုတ်သွားသည်။

'မရ ကို၊ မောင်းမထုတ်ပါနဲ့နော်၊ ဒီမှာပဲနေပါရစေ ဟီး ဟီး ဟီး'

အမြင်သစ်မျက်လွှာပင့်၍ မျက်နှာကို ခပ်မော့မော့လေးလွှဲလိုက် သည်။ ခါးကို အားကိုးတကြီးဖက်တွယ်ထားတဲ့ လက်ချောင်းတွေက သူ့သွေးသားကို နွေးဖို့စေသည်။

ငိုပြရုံနဲ့ မာနကိုချလိုက်ရမလား။

အမြင်သစ် တွေဝေနေဆဲ ဖြစ်သည်။

'နော် လူကြီး မရ မှာ အားကိုးရာ တကယ်မရှိလို့ပါ မရ ဘဝအတွက် လုံခြုံစိတ်ချရတဲ့ ရင်ခွင်တစ်ခု လိုနေပါတယ် လူကြီးရယ်၊ 'မရ'ကို နှင်မထုတ်ပါနဲ့၊ လူကြီးအရိပ်အောက်မှာ ခိုပါရစေ ဟင့် ဟင့်'

မုန်းမရ တကယ် အားကိုးတကြီး တောင်းဆိုလိုက်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ပါရမီဆေးရုံထဲကလူကြီး မောင်းထုတ်ကတည်းက 'မုန်းမရ' နှလုံးသားလောင်းကျွမ်းရသည်။ ခြေလှမ်းတိုင်းက အရိပ်မဲ့လမ်းပေါ် ရွက်လွင့်နေကာ။

ရတနာမြိုင်စံအိမ်ဆီရောက်ခဲ့တော့လည်း မုန်းမရ ထင်သလိုဖြစ် မလာပါ။ အထူးသဖြင့် မုန်းမရ ကြုံလိုက်ရတဲ့ ယောကျ်ားရွယ်တွေ။

မမသွေး ရည်းစားနဲ့ မုန်းမရ အပါးကပ်လိုက်လာတဲ့လူရွယ်။ အကြည့်တွေက မရိုးသားသလို။ မုန်းမရကို အမဲဖျက်လိုစိတ်နဲ့လိုက်နေတဲ့ခြေလှမ်း။

မုန်းမရ တကယ်ကြောက်ကာ လွတ်လမ်းရှာရင်း ၊လူကြီးအရိပ် အောက်ပြန်လည် ဦးလှည့်ခဲ့ရတဲ့အဖြစ်။

ရှေ့ဆက်ပြီး ထိုယောကျ်ားရွယ်တွေနဲ့ ရင်ဆိုင်ရမှာ သွေးပျက် မတတ် လန့်နေမိသည်။

လမ်းပေါ်တွင် လွင့်နေရင် ထိုယောကျ်ားတွေနဲ့ တစ်ကွေ့မဟုတ် တစ်ကွေ့ဆုံနိုင်သည်။နောက်ထပ်တစ်ကြိမ်မုန်းမရ အဆုံမခံနိုင်ပါ။လုံလုံ ခြုံခြုံရှိလှတဲ့ လူကြီးအရိပ်အောက် နေချင်စိတ်က ရာနှုန်းပြည့်ရယ်ပါ။

ဒါကြောင့် ပါရမီစံအိမ်အရောက် ရရာတက္ကစီ စီးပြီးပြေးလာ သလို အားကိုးတကြီးဖက်တွယ်ကာ ငိုယိုလျက် အသနားခံ တောင်းဆို နေခြင်းလည်းဖြစ်ပါသည်။

တသွင်သွင် စီးကျနေတဲ့ မျက်ရည်များကြားမှ လူကြီးမျက်နှာကို မော့ကြည့်၏။ လူကြီးအံတင်းတင်းဖိတ်ကြိတ်ကြည့်ကာ လွဲထားတဲ့ မျက်နှာ လေးက'မုန်းမရ'တောင်းဆိုတာကို ငြင်းဆန်ဖို့အသင့်ဖြစ်နေဟန်တူသည်။

ချက်ချင်းဆိုသလို ဖက်တွယ်ထားတဲ့ မုန်းမရ လက်နှစ်ဖက်ကို





လူကြီးခါးပေါ်မှ ဖယ်ချသည်။

'ဟင့် ဟင့် လူကြီး'

မုန်းမရ ရှိုက်ငိုရင်းခေါ်လျှင် လူကြီး မမှုသလို မျက်နှာပေးနဲ့ မုန်းမရ ကိုယ်ကိုတွန်းဖယ်ပြီး၊ လေ့ခါးထစ်တွေကို ခြေသံမြည်အောင် နင်းလျက်၊ ဆင်းချသွားသည်။

မုန်းမရ ကိုယ်လုံးလေးပျော့ခွေကာ ယိုင်လျှင် လှေကား လက် တန်းစတီးပိုက်တန်းကို ဆုပ်ကိုင်ရင်း လှေကားထစ်ပေါ်ထိုင်လျက်သား ကျသွားတဲ့ မုန်းမရ။

လူကြီး နောက်ပြန်လှည့် မလှည့်ပါ။ ဧည့်ခန်းထဲ မာနနဲ့ မတ်မတ်လျှောက်ဝင်သွားပြီး

'ဖိုးထောင်' ဟု အသံမြှင့်ခေါ်သည် ။

'ရှိ ရှိပါတယ် ဆရာ။ ဆရာ ဘာခိုင်းမလို့လဲ'

နံရံနဲ့ကွယ်ထားတဲ့ ကိုယ်ကို ချက်ချင်း လူလုံးထွက်ပြရင်း ဖိုးထောင် အသံထုတ်လိုက်သည်။ မျက်တောင်မခတ်တမ်း စောင့်ကြည့် နေသည်မို့ ဖိုးထောင် အားလုံးကို ပြတ်ပြတ်ထင်ထင် မြင်ပါသည်။

ဆရာ ခြေလှမ်းတန့်သွားကာ ကြောင်တောင်တောင်လေးရပ်နေ ရှာတဲ့ဖိုးထောင်နဲ့ ဖြူဖွေးကို တစ်ချက်ကြည့်သည်။

ပြီးမှ အံကြိတ်ထားတဲ့သွားကိုဖြေကာ နှုတ်ခမ်းစေ့ ၍ပြော သည်။

'အန်ကယ်ပိုင်ကို ဖုန်းဆက် ခုချက်ချင်းလာခဲ့လို့'

'ဟုတ်'

'ဖိုးထောင်' ခေါင်းညိတ်ကာ ဖုန်းစင်နားသွားသည်။ ရှေ့နေ



www.burmeseclassic.com

www.burmeseclassic.com



ဦးပိုင်သ ဖုန်းနံပါတ် ချက်ချင်း နှိပ်သည်။ 'ဖြူဖွေး' မှာတော့ ဆရာရှေ့ လှုလုံးထွက်မပြရဲဘဲ အခြေအနေကို စောင့်ကြည့်နေရသည်။ သူမ ရင်မှာလည်း ထိတ်လှသည်။

ဆရာဆိုတဲ့ ပုဂ္ဂိုလ်က သူမကို နိုးယူတဲ့တပည့်ဖြစ်သူ ဖိုးထောင် အပေါ်အခဲမကြေ။

ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ့်ထောင်ပြုရလားဆိုပြီး ဆူသည်။ သူမကိုလည်း ဘဝင်မကျကြည့်ပြီး

'မိန်းကလေးဖြစ်ပြီး မစဉ်းစားဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့လင်ယူဖို့ပဲ စိတ်ကူးယဉ်တတ်တယ် ဟုတ်လား၊ ဟေ ယူပြီးရင် နင်တို့ဟာ နင်တို့နေကြပေါ့ကွ ဘာလို့ ငါ့ဆီပြန်လာကြလဲ၊ ဖိုးထောင် မင်းက ဘာအချိုးချိုးတာလဲ၊ မိဘကို သတိရလို့ပြန်မယ်ပြောပြီး မိန်းမခိုးပြေးတာ ဘာသဘောလဲ အေး အဲသလို အလိမ်စကားသုံးသွားတာ ငါခံပြင်းဆုံးပဲကွ၊ တောက် ငါဆက်ပြောရရင် နှစ်ယောက်စလုံး စုတ်ပြတ်သွားမယ်၊ ဒီမှာ နှစ်ယောက်စလုံးကြပ်ကြပ်သတိထား ငါ့မျက်စိနောက်အောင် ပူးကပ်ပူးကပ် လုပ်မနေကြနဲ့၊ ငါမျက်စိနောက်တဲ့နေ့ နှစ်ယောက်လုံး အထုပ်ပိုက် ပြေးဖို့သာပြင်' လို့

တပည့်ဖြစ်သူ ကိုဖိုးထောင်နဲ့အတူ ဖြူဖွေးကိုပါ '၊ ရောနှောပြီး အားမနာတမ်းပြောချတဲ့ ဆရာပါးစပ်ပေါက်ကို ဖြူဖွေး ကြောက်ပါသည်။

ကိုဖိုးထောင်ကတော့ ဆရာက သဘောကောင်းပါတယ်ဟုဆိုပြီး သူမကို တစ်ပါတည်း ခေါ်လာခြင်းဖြစ်သည်။ ဆရာကို ဖုန်းဆက်အသိပေးကတည်းက 'မလာနဲ့၊ လုံးဝမလာနဲ့ မင်းကိုငါ မမြင်ချင်းဘူးလို့' ပိတ်ပြောတဲ့ဆရာ။





အလုပ်က ဘယ်မှာမှရှာလို့မလွယ် နေစရာလည်း အဆင်မပြေတာကြောင့် ကိုဖိုးထောင်မျက်နှာလေးငယ်ကာ ဆရာတားတဲ့အတိုင်း ငြိမ်မနေဘဲ ဆရာရှေ့အသနားခံလာရပ်သည်။ ထိုသို့ ဆရာပြောတဲ့အတိုင်း ခံလိုက်တော့ နေခွင့်ပေးလိုက်တာကံကောင်း။ နောက်ဆို ရှာလယ်နေမှာလေ။ ထိုအကြောင်းကြောင်းတွေကြောင့် ဖြူဖွေး ဆရာရှေ့ လှုလုံးထွက်မပြရဲပါ။ နံရံထောင့်မှာကပ်ရပ်နေရင်း အခြေအနေကို မျက်လုံးဖွင့်နားစွင့်ကြည့်နေပါသည်။

'အန်ကယ်ပိုင် ရုံးကနေထွက်လာနေပြီ တစ်ခါတည်း ဆရာဆီ ဝင်ခဲ့မယ်၊ အခုကားပေါ်မှာတဲ့'

ဖိုးထောင် ဖုန်းချပြီး ပြောသည်။

ဆရာ ခေါင်းဆတ်ကာ ဆိုဖာပေါ်ခြေပစ်လက်ပစ်ထိုင်ချသည်။

ကောင်မလေးကတော့ ဧည့်ကားထစ်ပေါ်မှာ ပုံ့ပုံ့ကျုံ့ကျုံ့လေး ထိုင်ချလျက် တအင့်အင့်ရှိုက်ငိုနေဆဲ။

ဖိုးထောင်နဲ့ဖြူဖွေး၊ ဆရာနဲ့ကောင်မလေးကို တစ်လှည့်စီကြည့်ရင်း ဘာလုပ်လို့လုပ်ရမှန်း မသိအောင် ဗျာများနေသည်။

ထိုစဉ် ကားသံကြားရသည်။ ပေါ်တီကိုအောက် ထွက်ကြည့်တော့ အန်ကယ်ပိုင်ရဲ့မာစီဒီးကား အနက်ကလေး၊ ခြံဝင်ထဲမောင်းဝင်လာနေသည်။

ဖြူဖွေးကို ဣန္ဒြေမပျက်နေဖို့ မျက်ရိပ်ပြလိုက်သည်။ ဓာတ်ရည်မလည်သေးတဲ့ ဖြူဖွေးခမျာ ဖိုးထောင်မျက်ရိပ်ပြတဲ့အတိုင်း ခေါင်းဆတ်လျက် နှုတ်ဆိတ်ငြိမ်သက်ရှာသည်။

အန်ကယ်ပိုင် ကိုယ်တိုင်မောင်းလာတဲ့ မာစီးဒီးကား ပေါ်တီကို



www.burmeseclassic.com

www.burmeseclassic.com



အောက် ရပ်ထားတဲ့ ဆရာကားနောက်မှာ ကျွဲခနဲ့ ထိုးရပ်သည်။ ဖိုးထောင် သွက်လက်စွာ ကားတံခါးဖွင့်ပေးလျက်

'မင်း ဆရာ ခုချက်ချင်းလာခဲ့လို့ ပြောပုံထောက်ရင် ကိစ္စ အတော်အရေးကြီးလို့ဖြစ်မယ်'

အနက်ရောင်လက်ဆွဲလေးထောင့်အိတ်ဟန်ပါပါဆွဲ၍ ဦးပိုင်သ ကားပေါ်က ဆင်းရင်း ဖိုးထောင်နဲ့ ရင်းရင်းနှီးနှီးပြောသည်။ ဖိုးထောင် အလွယ်တကူပဲ ခေါင်းညိတ်လိုက်ရသည်။

'လာ အန်ကယ်ပိုင်'

ဦးပိုင်သကို ဖိုးထောင်ဦးဆောင်၍ ဧည့်ခန်းထဲခေါ်သွားသည်။ မျက်နှာချည်းတင်းကာ မျက်တောင်မခတ်ဘဲ စားပွဲတင်ပန်းအိုးကို စိုက်ကြည့်ငြိမ်သက်နေတဲ့'အမြင့်သစ်'။ ဆိုဖာပေါ် စိတ်မကြည်ပုံနဲ့ထိုင်နေတာ မြင်ရတော့ ဦးပိုင်သ အံ့ဩသွားသည်။

'ဘယ်လိုလဲ အမြင့် ဘာတွေဖြစ်လို့လဲ၊ အန်ကယ် ဘာကူညီ ပေးရမလဲ'

ဦးပိုင်သ နိဒါန်းတွေ ဘာတွေ မပျိုးတော့ပါ။ လိုရင်းကိုပဲ ရပ်ရင်း ရင်းနှီးပွင့်လင်းစွာ မေးသည်။

'အမြင့်သစ်'ကိုယ်ကို ဆိုဖာကြောမှာကပ်မှီ၍ လက်တန်းပေါ် တင်ကားတဲ့လက်နှစ်ဖက်ကို ပြန်ရုပ်ကာ လက်ပိုက်လိုက်သည်။

ဖြန့်ချထားတဲ့ ခြေနှစ်ချောင်းကို ပူးကပ်လျက် လိမ်ထားသည်။ တင်းမာမှုတွေတည်ငြိမ်အောင်ထိန်း၍ အန်ကယ်ပိုင် ကိုတစ်ချက် ကြည့်သည်။

ပြီးမှ အန်ကယ်ပိုင် ကိုကျော်ကာ လေ့ကားဆီ အကြည့်ပို့သည်။





''အမြင့်သစ်''ကြည့်တဲ့အကြည့်အတိုင်း ''ဦးပိုင်သ''ငဲ့ကြည့်၏။

ကောင်မလေးငိုနေတာမြင်လျှင် ဦးပိုင်သ မျက်မှောင်ကြုတ်သွားသည်။

ပြဿနာအကြီးကြီးဖြစ်မှန်း ဦးပိုင်သ နားလည်လိုက်သည်။ ဒါကြောင့် ဘာမှပြန်မပြောတော့။ လက်ဆွဲအိတ်ကိုစားပွဲပေါ်တင်ကာ အမြင့်သစ်နဲ့ ဘေးချင်းကပ်ဆိုဖာမှာ ဣန္ဒြေရရ ဝင်ထိုင်လိုက်သည်။ အမြင့်သစ် ပြောတဲ့အပေါ်မှာ ဦးပိုင်သ လုပ်ဆောင်သွားဖို့ အဆင်သင့်ဖြစ် ဟန်နဲ့ နားစွင့်သည်။

''မုန်းမရ နင့်စာချုပ်ကော''

ကောင်မလေးနာမည်ခေါ်၍ အမြင့်သစ် ခပ်စိမ်းစိမ်း မေးသည်။ 'မုန်းမရ'တစ်ချက်ရှိုက်ကာ လူကြီးကို အားကိုးတဲ့မျက်လုံးနဲ့ ကြည့်ပြီး မဆိုင်းမတွ ဖြေသည်။

''ခေါင်းအုံးပေါ်မှာပါ လူကြီး''

''ဖိုးထောင် သွားယူခဲ့ အလယ်ထပ် အခန်းထဲက ခေါင်းအုံးပေါ် မှာတဲ့''

အမြင့်သစ် တစ်ဆက်တည်းပြောသလို ဖိုးထောင်ခြေလှမ်း သွက် သွက်ရွေ့လျားသွားသည်။

စာချုပ်တဲ့။

ဦးပိုင်သ မျက်ဝန်းက အမြင့်သစ်နှင့် ကောင်မလေးကို အလှည့် ကျကြည့်ရင်း စာချုပ်ဆိုတဲ့ စကားလုံး နားထဲပြေးဝင်လာသဖြင့် စဉ်းစား စရာ ပိုတိုးလာသည်။

ဖိုးထောင် ပြန်ဆင်းလာတော့ လက်ထဲ အပြန့်လိုက်ကိုင်လာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စာချုပ်ကိုမြင်လျှင် ဦးပိုင်သ လှုပ်လှုပ်ရှားရှားဖြစ်ရသည်။

စာချုပ်နဲ့ အမြင်သစ်

အမြင်သစ်နဲ့ မုန်းမရ

အင်း

ဦးပိုင်သ တစ်ခုခုကို နားလည်သလို ခေါင်းတဆတ်ဆတ်ညိတ်၍ ဘေးတိုက်မြင်နေရတဲ့ အမြင်သစ် မျက်နှာကို မျက်တောင်မခတ်တမ်းကြည့်သည်။

တင်းထားသောအရှိန်နဲ့ မျက်နှာနီမြန်းနေသော အမြင်သစ်။ ဖြောင့်တန်းလျက် ကျစ်လစ်လုံးဝန်းသော နှာတံအောက်က နှုတ်ခမ်းသားနဲ့ရဲက မာနရိပ်နဲ့ ညှိမှိုင်းသယောင်ရှိသည်။

ဖိုးထောင် တရိုတသေကမ်းပေးတဲ့စာချုပ်ကို ''အမြင်သစ်'' ပိုက်ထားတဲ့လက်ဖြုတ်၍ သွက်သွက် ဆွဲယူသည်။ ဘာတစ်ခွန်းမှမပြောဘဲ ဦးပိုင်သ လက်ထဲထည့်ပေးသည်။

ဦးပိုင်သ စာချုပ်ကိုင်ကာ၊ အောက်ခံရှုပ်လည်ကတုံးအပေါ်က ထပ်ဝတ်ထားတဲ့ အပြင်ခံအနက်ရောင်တိုက်ပုံအင်္ကျီအိတ်ထဲက စာကြည့်မျက်မှန် ချက်ချင်းထုတ်တပ်၏။

စာချုပ်ထဲက စာလုံးတွေ

ဦးပိုင်သ ဖတ်နေရင် ခေါင်းတဆတ်ဆတ် ညိတ်သည်။

အမြင်သစ် သိပ်စိတ်မရှည်ချင်တော့ပေ။ ဆိုဖာ လက်တင်တန်းမှ ဘယ်လက်တစ်ဖက်ထောက်ကာ ဖြန့်ထားတဲ့ လက်ဖဝါးပေါ်တင်ထားတဲ့ မျက်နှာကိုမော့၍ အန်ကယ်ပိုင်ကို ငဲ့ကြည့်ရင်း ပြောချသည်။

''ရတနာမြိုင်နာမည်နဲ့စာချုပ်ထဲပါတဲ့ ပိုင်ဆိုင်မှုတွေက မုန်းမ



ပိုင်တယ်။ မုန်းမရဆိုတာ အဲဒီကောင်မလေး''

စာချုပ်ဖတ်နေရင်း အမြင်သစ် အသံမဆုံးခင် ဦးပိုင်သ ''မုန်းမရ'' ကို တစ်ချက်လှမ်းကြည့်သည်။

ကောင်မလေးက မျက်ရည်တွေပွတ်သုတ်ရင်း အမြင်သစ်ကိုပဲ တွယ်တာနှောင်ဖွဲ့နေတဲ့ မျက်ဝန်းနဲ့ အားကိုးတကြီး ကြည့်နေရှာသည်။

ဦးပိုင်သ စာချုပ်ပေါ်က စာလုံးတွေကို ပြန်ကြည့်လျှင်

''အဲဒီစာချုပ်ထဲက ပိုင်ဆိုင်မှုအားလုံး မုန်းမရ လက်ထဲရောက်ဖို့ ရှင်းထုတ်ရမယ့် လူတွေကို ဥပဒေနဲ့အညီ အန်ကယ်ပိုင် အမြန်ဆုံး ရှင်းပေးလိုက်ပါ'

ဦးပိုင်သ စာချုပ်ဖတ်ပြီးပြီမို့ အမြင်သစ် ပြောတဲ့အတိုင်း ခေါင်းညိတ်သည်။

''မုန်းမရ''

မုန်းမရကို တည့်တည့်ကြည့်၍ အသံမြှင့်ခေါ်သည်။ မုန်းမရ နဂိုကတည်းက စိုက်ကြည့်နေတာမို့ အကြည့်ချင်းဆုံလျှင် အမြင်သစ် နှလုံးသား ပို၍မာကျစ်သွား၏။

ရင်ထဲမှတင်းမာမှုက မပြယ်နိုင်ဖြစ်ကာ ကိုယ်တိုင်ပဲ ဦးစွာ အကြည့်လွှဲသည်။ အကြည့်လွှဲပြီးသည်နှင့် ပြောစရာရှိတာပြောချသည်။

''ညဦးကိစ္စအားလုံး ဟောဒီက ငါ့မိတ်ဆွေ ရှေ့နေကြီးရှင်းပေးလိမ့်မယ်၊ ကိစ္စပြီးတာနဲ့ ညည်းပိုင်ဆိုင်မှုကို ညည်းဘာညည်း ထိန်းတော့၊ ငါ့ကို နောက်ထပ် အလိမ်ဖာတ်ခင်းဖို့ စိတ်မကူးနဲ့''

''လူကြီး''

မုန်းမရ ငိုချတော့မယ့် အသံအက်ကြီးနဲ့ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ညည်း' ဘာတစ်ခွန်းမှ ထပ်မပြောနဲ့ 'ညည်း'အသံ 'ငါ'မကြား ချင်ဘူး၊ 'ညည်း'မျက်နှာလည်း 'ငါ'မမြင်ချင်ဘူး'

ဝုန်းခနဲ့ ထရပ်ရင်း ရန်သူတစ်ယောက်ကို ပြောသလို နာကျ ဒေါသအပြင်းစားနဲ့ ပြောချတဲ့ အမြင်သစ်။

ကောင်မလေး ပါးစပ်ကို လက်ဖဝါးလေးနဲ့ပိတ်ပြီး အသံမထွက် အောင်ငိုရှာတဲ့အဖြစ်။

ဦးပိုင်သ တကယ်ရင်မောသွားသည်။

အမြင်သစ်ကို မော့ကြည့်ရင်းလည်း တစ်ခုခုဖျောင်းဖျ ပြော ဖို့ ဦးပိုင်သ အခွင့်မသာ။ ပြောပြီးသည်နှင့်

' တောက် '

တစ်ချက်ခတ်ကာ အားလုံးရှေ့က ထွက်သွားတဲ့ အမြင်သ ခြေလှမ်း။ ညှော်ခန်းအဝမှာ နံရံနှင့်ရှိုရှိုလေးကပ်ရပ်နေတဲ့ ဖြူဖွေးပ လန့်ဖြန့်ကာ၊ ကြောပြင်က နံရံနဲ့ကပ်သွားသည်။

ဖိုးထောင်ခမျာ ဆရာလို့တောင် မခေါ်ရဲတော့။

အားလုံးခေတ္တသေဆုံးသွားသလို ခန္ဓာကိုယ်တွေ တောင့်တင် ငြိမ်သက်ကုန်သည်။

ဝူးခနဲ့မောင်းထွက်သွားတဲ့ ကားသံကြားမှ အသိဝင်ကာ လှု လှုပ်ရှားရှား ဖြစ်လာသည်။

ဖိုးထောင် ပေါ်တီကိုအောက်အထိ အပြေးတစ်ပိုင်းထွက်လာ သည်။ ဆရာကား နောက်မြီးလေးသာ ခြံဝမှာ ဖျတ်ခနဲ မြင်လိုက်ရပြီ ရိပ်ခနဲ့ ပျောက်သွားလျင် သက်မချသည်။

ဦးတည်ရာမဲ့နေတဲ့ အမြင်သစ်နှလုံးသား။





ဘာကြောင့် ဒီလိုအဖြစ်မျိုးနဲ့ ရင်ဆိုင်ရတာလဲ။

အသက်ငယ်ငယ်မိန်းကလေး

ပိုင်ဆိုင်မှုတွေ တနင့်တပိုးနဲ့ 'သူ'ဆီတည့်တည့်ရောက်လာတာ ဘယ်ကံကြမ္မာ စေစားလို့လဲ။

ပြီးတော့ ဟိုချာတိတ်သုံးယောက်နဲ့ မှန်းမရက ဘာလဲ။

မဆိုင်ဘူးလို့ ယတိပြတ် မယုံရဲတော့ပါ။

ကြီးကောင်ကြီးမားနဲ့အလိမ်ခံရတဲ့ကိုယ့်အဖြစ်၊ ရှက်သည့်ထက် ရှက်ဖို့ကောင်းသလို ခံပြင်းတဲ့စိတ်ကလည်း မာနကိုပါ ရိုက်ပုတ်လာသည်။

ပြီးတော့

အမြင်သစ်ဘဝထဲ မထင်မှတ်ဘဲ ရောက်လာတဲ့အဖြစ်။

အသက်ငယ်ငယ်မိန်းကလေး၊ ပိုင်ဆိုင်မှုများစွာနဲ့

ဒါပါဆို ဒုတိယအကြိမ်။

တိုက်ဆိုင်တာလား ဘာလား။

အဲဒီအဖြစ်ကြောင့် အဖေနဲ့အမြင်သစ် အဆက်ပြတ်ခံရတာ။

မတွေးတော့ဘူးလို့ ပိုင်းဖြတ်ထားပေမယ့် အဖြစ်အပျက်ကို အစက ပြန်မြင်သယောင်ခံစားရသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

'သား အမြင် လာဦးကွ'

အဖေခေါ်သံကြောင့် စာအုပ်စင်ရှေ့ဖတ်စရာစာအုပ်ရွေးနေတဲ့ အမြင်သစ်လက်ချောင်းလေးတန့်သွားသည်။

အဖေကအသံလည်းပျောက် လူလည်းရှေ့ရောက်မှကြိုက်သည်။ စိတ်မြန်လက်မြန်ရှိလှတဲ့ အဖေ့စိတ်ကို၊ အမြင်သစ် နောကြေနေပါပြီ။

ဒါကြောင့်

'လာပြီး အဖေ' လို့ပြောရင်း၊ ရရာဆေးစာအုပ်တစ်အုပ်ဆွဲ ပြီးစာဖတ်ခန်းထဲက ချက်ချင်းထွက်ခဲ့သည်။

စာဖတ်ခန်းနဲ့မျက်နှာချင်းဆိုင်ကဧည့်ခန်းပါ။

ဧည့်ခန်းအလယ်မှာ ခင်းထားတဲ့ အညိုရောင်ဖျော့ဖျော့ ဆိုဖာ ခုံဝိုင်းပေါ်မှာ အဖေခန့်ခန့်ထည်ထည်ထိုင်နေပါသည်။

ထိုင်နေရင်း ကိုယ်ကိုရှေ့ကိုင်းကာစားပွဲပေါ်တင်ထားသည့်

ပျူး၈၁၆၀



ဖွင့်လက်စကတ္တီဘာဘူးဝိုင်းထဲမှ စိန်ပွင့်တွေကို စိုက်ကြည့်နေသည်။

'လာ ထိုင် ငါ့သားကို အဖေ ပြောစရာရှိတယ်'

အမြင်သစ်ကိုမော့မကြည့်ပါ။ ဧည့်ခန်းထဲရောက်လာတဲ့ခြေသံ ကြားသည်နှင့် ဦးကျော်ထက်စိန်ပွင့်တွေ့ကို စူးစိုက်ကြည့်ရင်းပြော၏။

'အမြင်သစ်'အဖေနဲ့မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။ အဖေနဲ့ အမြင်သစ်ကြားမှာ ကန္တာပန်းနှင့်ဘောင်ကွပ်ထားတဲ့ ကျွန်းစားပွဲရှည်သာ ခြားသည်။

'ပြော . . . အဖေ ဘာပြောမလို့လဲ'

အမြင်သစ် စကားစသည်။ အဖေခေါင်းတစ်ချက်ညိတ်သည်။ အပြစ်အနာအဆာကင်းပြီး အရောင်အသွေးတောက်ပလင်းဖြာနေတဲ့စိန် ပွင့်တွေဆီက အကြည့်ရုပ်ကာ ကိုယ်ကို မတ်၍ အမြင်သစ်ကို အလေး အနက်စိုက်ကြည့်သည်။

ထူးခြားသလိုဖြစ်နေတဲ့အဖေ အကြည့်ကြောင့် အမြင်သစ်လည်း အဖေ့ကို ပြန်ကြည့်မိသည်။ အနက်ရောင်မျက်မှန်ဝိုင်းကြီးနောက်က အဖေ မျက်ဝန်းက မျက်ရစ်အိတ်ပြည့်မို့နေပေမယ့် အကြည့်က စိန်ပွင့်တွေလို အရောင်တစ်မျိုးတောက်ပနေပါသည်။

အဖြူနဲ့အနက်ရောနေတဲ့ နှုတ်ခမ်းမွေးကိုထူထူထဲထဲ တိတိရိရိ ပုံဖေါ်ရိတ်ထားသဖြင့် အတည်အခန့်အသွင်ဆောင်နေသည်။

ဆင်စွယ်ရောင်ရှပ်လက်ရှည် လည်ကတုံးကို လည်ပင်းအထိ ကြယ်သီးတပ်ကာ ၊ ပုဆိုးအကွက်ကြီးကြီးဖြင့် တွဲဝတ်လေ့ရှိတဲ့အဖေက ဘယ်အချိန်ကြည့်ကြည့် ဂုဏ်တစ်မျိုးနဲ့ ထင်ပေါ်လှသည်။

ဆေးပြင်းလိပ်သာခဲတတ်တဲ့ အဖေ့နှုတ်ခမ်းသား ကညိုမှိုင်းမှိုင်း

ပျူး၈၃၆၀

www.burmeseclassic.com

www.burmeseclassic.com



အရောင်ဖြစ်ပေမယ့်၊ ထိုနှုတ်ခမ်းကြားက ထွက်လာတဲ့စကားလုံးတိုင်းက အမိန့်ဆိုတာထက် ပိပြင်ပြတ်သားသော စကားလုံးတွေပဲဖြစ်သည်။

အမြင့်သစ်သိတတ်စကတည်းက အဖေနဲ့အမြင့်သစ် သားဖနှစ်ယောက်တည်းသာ အမြင့်သစ်ကိုမွေးပြီး ခြောက်လသားသာမှာ နလုံးရောဂါနဲ့အမေဆုံးရှာသည်။ အမေဆုံးပါးကတည်းက နောက်အိမ်ထောင်မပြုဘဲ သားကိုပြုစုပျိုးထောင်လာတဲ့ အဖေရယ်ပါ။

ဒါပေမဲ့ မိတဆိုးလေးဆိုပြီးအလိုလိုက်တာမရှိသလို၊ တုန်နေအောင် အသည်းပိုပို အကဲပိုပို ချစ်ပြတာမျိုးလည်းမရှိပေ။

သားကိုချစ်တဲ့အဖေ့အချစ်က အတွင်းချစ်။

သားတစ်ယောက်တည်းမို့ ဘယ်လိုချစ်ရပါသည်ဟူသောစကားလုံး ဘယ်တုန်းကမှ အဖေနှုတ်က မထွက်ခဲ့တာ ခုချိန်ထိဖြစ်သည်။

ခုဆို အမြင့်သစ်က အဖေ့ဆန္ဒအတိုင်း အမြင့်သစ်လည်း ဝါသနာပါသည့်အတိုင်း မဟာဆေးသိပ္ပံဘွဲ့ ပုပ္ပန္ဒွေးရထားကာ စဖြစ်သည်။

ရှေ့ဆက်ပြီးအမြင့်သစ် ရည်မှန်းချက်ရှိတဲ့အတိုင်း ခွဲစိတ်ပါရဂူဖြစ်အောင်လုပ်ပြီး၊ ကိုယ်ပိုင်ဆေးရုံကြီးတစ်ရုံတည်ထောင်ဖို့ အားပြည့်အင်ပြည့်နဲ့ ခြေလှမ်းစပြင်ဆင်နေချိန်လည်းဖြစ်သည်။

အဖေပြောချင်တယ်ဆိုတဲ့စကားက အမြင့်သစ်ရည်မှန်းချက်အတွက်လား။ ဒါမှမဟုတ် အမြင့်သစ် ဆက်လက်ပညာသင်ကြားဖို့နဲ့၊ ကိုယ်ပိုင်ဆေးရုံတည်ထောင်ဖို့ ငွေကြေးမလုံလောက်မယ့်အခြေအနေကို သားဖချင်း အသိပေးဖို့လား။

ဒါပဲဖြစ်နိုင်တယ်လို့အမြင့်သစ် ယူဆကာ၊ အဖေ့ကိုကြည့်မိခြင်း





ဖြစ်သည်။ အဖေကတော့ အဖေ့ရည်မှန်းချက်နဲ့ အဖေ။

သားအဖချင်း အကြည့်က မိနစ်ပေါင်းများစွာ ကြာသွားသည်။ ပြီးမှ

အဖေ့အကြည့်က အမြင့်သစ်ကိုင်ထားတဲ့ဆေးစာအုပ်ထူထူကို စိုက်ကြည့်လျက်နှုတ်ခမ်းကို လျှာဖျားနဲ့တစ်ချက်သပ်ရင်း စပြောသည်။

'အေး အဖေ ပြောစရာရှိတာပြောရမယ်၊ အဖေ ပြောသမျှ သား မငြင်းရဘူး။ ငြင်းလို့လဲမရဘူး'

အမြင့်သစ် ကိုင်ထားတဲ့စာအုပ်ကိုငုံ့ကြည့်ရင်း၊ ပုံမှန်အတိုင်း ပြောလျှင် အဖေကျေနပ်အောင် အမြင့်သစ် ခေါင်းတစ်ချက်ဆတ်သည်။

'အေး တစ်ခါမှခေါင်းမခါခဲ့သလို၊ အခုလည်းခေါင်းခါမငြင်းဖို့အဖေကြိုပြောရတာကွ။ အဖေ အခုပြောမယ့်အကြောင်းကို သေချာနားထောင်'

'ဟုတ်'

အမြင့်သစ် စောဒကမတက်တော့ပါ။ အဖေက နားထောင်ဆိုထောင်ရုံပဲ။ အဖေ ကျေနပ်သလို ခေါင်းညိတ်ပြန်သည်။

ပြီးမှ မီးမသေသေးတဲ့စားပွဲပေါ်ရှိ ဆေးလိပ်ပြာခွက်နှုတ်ခမ်းမှာ မှေးတင်ထားတဲ့ ညိုရင့်ရောင်ဆေးပြင်းလိပ်ကို အဖေဆွဲယူသည်။

နှုတ်ခမ်းမှာတော့ကာ အာသာပြေရုံ ကိုက်ငုံ၍ တစ်ရှိုက်ရှိုက်သည်။ ဆေးပြင်းလိပ်ကို အဖေနှုတ်ခမ်းမှ ချွတ်၍ ပြာခွက်ထဲထည့်သည်။

ဆေးပြင်းလိပ်ကတော့ ပြာခံခွက်ထဲမှနေ၍ အခိုးအငွေ့တွေ လွှတ်နေဆဲ၊ အဖေက အာသာပြေသွားသလို နှုတ်ခမ်းကို လက်ခုနဲ့ တစ်ချက်ပွတ်၍



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုကွ အမြင် ရ'

ဟုဆို၍တရစပ်ပြောချသည်မှာ

'အဲဒီစိန်တွေက'အဖေ့'သူငယ်ချင်းမရဲ့စိန်တွေ ကာလ တန်ဖိုး သိန်းထောင်ချီတန်တယ် ၊သူ့ဆီမှာထားဖို့ မလုံခြုံတဲ့အခြေအနေရှိလို့ အဖေ့ကိုအပ်ထားတာ ငါးနှစ်တိတိရှိပြီ'

အမြင်သစ် တအံ့တသြဖြစ်ကာ၊ စေ့ထားတဲ့နှုတ်ခမ်းဖွင့်ဟသွားသည်။

'ဟုတ်တယ် သား။ အဖေနဲ့သူတစ်ယောက်ကို တစ်ယောက်တယ် လောက်ယုံကြည်ကြသလဲဆိုတာ ဒီပစ္စည်းက သက်သေပဲ'

အမြင်သစ်မသိမသာသက်မချကာ စာအုပ်ကို ပေါင်ပေါ်တင်၍ ဖွဖွဖိကိုင်ထားလိုက်သည်။ မျက်လုံးကမယုံနိုင်စွာပဲ အဖေနဲ့စိန်တွေကိုတစ်လှည့်စီ အမြင်သစ်ကြည့်နေမိသည်။

'ရှေ့ဆက်ပြီးလဲ ဒီပစ္စည်းကို'အဖေ'သိမ်းထားရမယ်၊ တကယ်လို့ အဖေမရှိတော့ရင် သားက ဆက်ပြီးထိန်းပေးရမယ်'

ဒီလောက်တန်းဖိုးရှိတဲ့ ပစ္စည်းကို အမြင်သစ်တာဝန်မယူရဲပါ။

အမြင်သစ်ခေါင်းရမ်းဖို့လုပ်လျှင် 'အဖေ' ရိပ်မိသလို လက်ကာ ဟန့်တားပြီး ဆက်ပြောသည်။

'လောလောဆယ်အဖေရှိနေသေးတဲ့အတွက် အဖေပဲထိန်းထားဦးမယ်၊ ဒါပေမဲ့ အဖေ့သူငယ်ချင်းမက အဖေဆီမှာ ကတိတစ်ခုတောင်းတယ်။ အဖေလည်း မနေ့ကပဲ ကတိပေးလိုက်တယ်'

'ဘာ ဘာကတိလဲ အဖေ'

အဖေနဲ့ အဖေသူငယ်ချင်းမရဲ့ယုံကြည်မှု အတိုင်းအတာကို





အမြင်သစ် အံ့သြလို့ မဆုံးသေးခင် အဖေကကတိပေးပြီးတဲ့။

ထိုကတိကအမြင်သစ်နဲ့ပက်သက်လာမှာစိုး၍ အမြင်သစ်မေးလိုက်ခြင်းဖြစ်သည်။အဖေကတော့ပြောစရာရှိတာကိုပြောဖို့ပြင်ဆင်ထားသည့်အတိုင်းဝေါခနဲပြော၏။

'အဖေသူငယ်ချင်းမမှာ ၊ဆယ့်တစ်နှစ်အရွယ်မြေးမိန်းကလေးရှိတယ်၊ အဲဒီမြေးမလေးနဲ့သားကိုလက်ထက်ပေးဖို့'

'ဟာ'

အမြင်သစ်မှာ အံ့သြလွန်းလို့ အသံဆက်မထွက်နိုင်အောင်ဖြစ်သွားသည်။ မျက်လုံးပြူးကြီးနဲ့လည်း အဖေ့ကိုလန့်လန့်ဖြန့်ဖြန့်ကြည့်ကာ ခေါင်းကအလိုလိုရမ်းသွားသည်။

အဖေက မမှုသလိုပဲ ဆက်ပြောသည်။

'အဖေ့သူငယ်ချင်းမ ယုံကြည်စိတ်ချလို့တောင်းဆိုတာကို အဖေ အလေးအနက်စဉ်းစားပြီးမှ ကတိပေးလိုက်တာကွ၊ သားက သားဘဝ ရှေ့ရေးအတွက်ပါရဂူဖြစ်အောင်လုပ်ဖို့ အမေရိကမှာ ပညာသွား သင်ချိန်မှာ အဖေကဒီမှာဆေးရုံကြီးဆောက်ထားမယ်၊ အဲဒီကလေးမကို ခေါ်ပြီး စောင့်ရှောက်ထားမယ်၊ သားပါရဂူဖြစ်ပြီး ပြန်လာချိန်ဆို၊ ကလေးမလေးလည်း အရွယ်ရောက်နေပြီ၊ အဲဒီတော့ ကလေးမကိုရော ဒီပစ္စည်းကိုရော 'သား'တာဝန်ယူစောင့်ရှောက်ပေးရမယ်ကွ'

တာဝန်မယူနိုင်ဘူး။ မစောင့်ရှောက်နိုင်ဘူးဆိုတဲ့ စကားလုံးတွေ ရင်ထဲဝုန်းခနဲ ပေါက်ကွဲသွားလျှင်

'အဖေ' ဟု

အထိတ်တလန့်နှင့် လုံးလုံးထွေးထွေးခေါ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေက အေးစက်စက်ပဲပြန်ကြည့်၍ လက်ညှိုးတရမ်းရမ်းနဲ့ မာန်ပါပါဆက်ပြောသည်။

'ဒီမှာသား၊ အဖေ အဖက်ဖက်က စဉ်းစားပြီးမှ ကတိပေးခဲ့တာ၊ အခုအချိန်မှာ ကလေးမလေးက နုပ်ချေးမစင်သေးတာ အဖေသိတယ်၊ အဖေသားက အရွယ်ရောက်လို့ ဆရာဝန် လူရွယ်တစ်ယောက်ဖြစ်နေပြီး ဆိုတာလည်း အဖေသိတယ်၊ အသက်အရွယ်ချင်းဆယ်နှစ်ကျော်ဆယ့်ငါး နှစ်နီးပါကွာတာလည်း အဖေသိတယ်၊ အဖေသိတာတွေအားလုံးကို ထောက်ပြပြီး၊ မဖြစ်နိုင်ဘူး၊ မယူနိုင်ဘူး၊ မစောင့်ရှောက်နိုင်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ သား ခေါင်းခါဖို့စိတ်မကူးနဲ့၊ အဖေ ကတိပျက်အောင် သား ခေါင်းခါငြင်းလိုက်ရင် အဖေနဲ့သား ဒီတစ်သက်အပြတ်ပဲ'

တစ်ခွန်းတစ်ပါဒမှ ပြန်ပြောခွင့်မပေးဘဲ အပြတ်ကြော်ငြာလိုက်တဲ့အဖေ။ အပြတ်ပြောပြီး ထ. ထွက်သွားတဲ့အဖေ။

အမြင်သစ် မိုးတိုးမတ်တပ်ဖြစ်ကာ ဘယ်လိုအကြောင်းပြချက်တွေနဲ့ထုခြေရမလဲ ဆိုတာ စဉ်းစားလို့မရအောင်။

ဦးနှောက်နဲ့နှလုံးသား တစ်ပြိုင်နက်တည်း ပူလောင်ကာ အခိုးထွက်စေသည်။

ဘူးပိုင်းထဲကစိန်ပွင့်တွေက အမြင်သစ်နှလုံးသားထဲစူးစူးရှရှထိုး ဖေါက်ဝင်ရောက်လာသလို နာကျင်မျက်ရှစွာခံစားရသည်။

တစ်သက်လုံးခေါင်းညိတ်နာခံခဲ့တဲ့သားဘဝကို အဖေ့ကတိနဲ့တစ်ဖက်စီထည့်ချိန်တာ။ အဖေစိတ်မှန်ရဲ့လား။

■ ■ ■



## အခန်း (၂၁)

'အဖေ'

အမြင်သစ်ခေါ်သံအဖေ့ကြားပါသည်။ ကြားပေမဲ့မော့ပြီးမကြည့် သလိုတုံ့လည်းမထူးပါ။ ရုံးခန်းထဲ အကျအနထိုင်ပြီး စစ်ဆေးစရာရှိသည့် စာရင်းဇယားဖိုင်တွဲကို အာရုံစိုက်စစ်ဆေးနေဆဲဖြစ်သည်။

လုပ်စရာရှိတဲ့ အလုပ်ကို လက်တစ်ချက်မတွန့်ဘဲ လုပ်နေပါသည်။ အဖေစတိုင်က ဒီလိုပါပဲ။

လုပ်စရာရှိတာအလုပ်ဆက်လုပ်မည်။ သားရယ်ဆိုပြီး အရေးတယူခေါင်းမော့ နားထောင်တာမျိုး ဘယ်တုန်းကမှ မရှိခဲ့ပေ။

ပြောစရာရှိတာ ပြောပြီးသွား။

ဒါပေမဲ့ အမြင်သစ် ပြောသမျှဆိုသမျှ ၊ ပူဆာသမျှကို ချက်ချင်း ဖြည့်ဆည်းပေးလေ့ရှိသည်။ သားအပေါ်ချစ်တဲ့အဖေ့အချစ်က အဲသလို။

အဖေအချစ်ကိုသိနေလျက် ဒီတစ်ခါတော့ အမြင်သစ် အရဲကို နေရခြင်း ဖြစ်သည်။ အမြွတ်လို့ အဖေကြော်ငြာထားတဲ့ကိစ္စကို အမြင်



www.burmeseclassic.com

www.burmeseclassic.com



သစ်ဘက်က အကြောင်းပြချက်ခိုင်ခိုင်လုံလုံနဲ့ ဖြေရှင်းပြဖို့ဖြစ်သည်။

အဖေက ထုံးစံအတိုင်း စတိုင်မပြောင်းဘဲ လုပ်စရာရှိတာ ဆက်လုပ်နေသည်။ အမြင်သစ်ကလည်းထုံးစံအတိုင်း ပြောပြဖို့ အရင်လို နှုတ်မသွက်ရဲပေ။

အဖေက ပုံမှန်ဖြစ်နေတော့လည်းအမြင်သစ်လည်း ပုံမှန်ဖြစ်အောင် ဣန္ဒြေမပျက်ထိန်း၍ မတ်မတ်ထိုင်နေသည့်ကိုယ်ကို အဖေ အလုပ်စားပွဲရှေ့ကိုင်းကာ အမြင်သစ် ရင်ဘတ်နဲ့မှီသည်။ ခေါင်းငုံ့ကာစားရင်းစစ်နေတဲ့ အဖေ့မျက်နှာကို မမှိတ်မသုန်စိုက်ကြည့်ပြီး တစ်လုံးချင်းရှင်းပြသလို သွက်သွက်ကလေး ပြောချသည်။

'အဖေ ၊ အဖေလည်း ငယ်ရာကကြီးလာတာပဲ'

ဒီကောင် ဘာကိုပြောချင်တာလဲ ဦးကျော်ထက် နှုတ်ခမ်းတစ်ချက်တွန့်သွားပေမယ့် စားရင်းစစ်နေတဲ့မျက်လုံးက တစ်စက်မျှ မယွင်း။

စာရင်းစစ်မပျက်ပေမယ့် နားကိုတော့ပို၍စွင့်ထားမိသည်။ အဖေကလည်း ငယ်ရာကကြီးလာတာပဲတဲ့ . . . ဟွန့်၊ဘာဆက်ပြောမလဲ နားထောင်ရမယ်။

'ဟိုလေ ကျွန်တော်ရင်ထဲဘာရှိနေလဲဆိုတာ အဖေသိမှာပါ။ နှပ်ချေး မစင်သေးတဲ့ကလေးမနဲ့ အရွယ်ရောက်လို့ ခံစားတတ်နေတဲ့ ယောကျာ်းတစ်ယောက်ရဲ့ စိတ်ခံစားမှုကိုညီမျှခြင်းချလို့ရမှာမဟုတ်ဘူး။ အဲဒီ ကောင်မလေးနဲ့ ကျွန်တော်လက်ထပ်ဖို့က အဖေသူငယ်ချင်း'မ' ယုံကြည်လို့ အပ်ထားတယ်ဆိုတဲ့ အဖိုးတန်စိန်တွေကြောင့် ပိုပြီးတောင် မဖြစ်နိုင်ဘူးအဖေ'





ဦးကျော်ထက် စာရင်းရေးနေတဲ့လက်ချောင်းထဲက ဘောပင် တုန့်ခနဲရပ်သွားသည်။ ဒါပေမဲ့ သားကိုတော့ မော့မကြည့်။

အဖေ လက်ငြိမ်နေသေးတာမို့ အမြင်သစ် လက်ချောင်း အချင်းချင်းဆုပ်ကာ အားပြုပြီး ဆက်ပြောသည်။

'ကျွန်တော် လက်ထပ်ပေါင်းသင်းမယ့် မိန်းကလေးမှာ အဖိုးတန်စိန်တွေရှိဖို့ မလိုပါဘူး၊ ကျွန်တော့်နှလုံးသားက ခံစားလို့ရရင် ပိုက်ဆံတစ်ကျပ်မှ မရှိပစေ ၊နုနုဝဲဝဲဖြစ်ပလေစေ ၊ကျွန်တော် မြတ်မြတ်နိုးနိုး ပေါင်းရဲပါတယ် အဖေ၊ အဖိုးတန်တဲ့ သူ့ရဲ့စိန်တွေကြောင့် လက်ထပ်ပေါင်းသင်းတယ်ဆိုတဲ့ မျက်လုံးကြီးနဲ့ တစ်သက်လုံး အဲဒီကလေးမကြည့်နေမှာကို ကျွန်တော် မခံနိုင်ဘူး၊ ကျွန်တော့် အဖေလိုပဲ ယောကျာ်းမာန အပြည့်နဲ့ ခေါင်းမော့နေချင်တာပါ'

အဖေ မျက်လုံး ရဲခနဲဖြစ်ကာ အမြင်သစ်ကို ဖျတ်ခနဲ တည့်တည့်ကြည့်သည်။အမြင်သစ်မျက်လွှာချပစ်လိုက်သည်။

ဒီအချိန်မှာ အဖေနဲ့အပြိုင်စိုက်မကြည့်ချင်ပါ။

အဖေမျက်လုံးရဲရဲနဲ့ မော့ကြည့်သည်နှင့် တစ်ပြိုင်နက်၊ အဖေ မျက်နှာပါ တစ်ပါတည်း တင်းပြောင်သွားသည်က အဖေဒေါသဖြစ်တည် နေပြီဆိုတဲ့ ရှေ့ပြေးနိမိတ်ဖြစ်သည်။

အမြင်သစ်သိပါသည်။ဒါပေမယ့်လည်း မျက်လွှာချလျှက် ဆက်ပြောရမည်ဖြစ်သည်။

'အဖေ့ သူငယ်ချင်းမရဲ့ ယုံကြည်ပါတယ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အဖေပေးလိုက်တဲ့ ကတိအတွက် ကျွန်တော်ဘဝနဲ့ နှလုံးသား ကတာဝန်ယူပြီး တစ်သက်လုံး ပေါင်းသင်းစောင့်ရှောက်သွားဖို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူး အဖေ၊ အဲဒီအတွက် အဖေ ကျွန်တော့ကို အကြပ်မကိုင်ပါနဲ့၊ ဒီကိစ္စကြောင့် တစ်သက်လုံးအပြတ်ဆိုပြီး အဖေ မကြော်ငြာပါနဲ့ဗျာ၊ ဒီသားဖနှစ်ယောက် တည်းရှိတဲ့ဥစ္စာ။ အဖေက ကျွန်တော်ကို ဖြုတ်နိုင်ပေမယ့် ကျွန်တော်အဖေ့ကို မဖြုတ်နိုင်ဘူး။ ကျွန်တော်ဘဝက အဖေပဲ၊ အဖေ့ကို ကျွန်တော်ချစ်တယ်၊ အဖေလည်း ကျွန်တော့်ကို ဘယ်လောက်ချစ်လဲဆိုတာ ကျွန်တော်သိတယ်၊ ဒါကြောင့် အပြတ်ဆိုတဲ့ စကားလုံးနဲ့ အနားမသတ်ပါနဲ့ အဖေရယ်၊ ကျွန်တော် တောင်းပန်ပါတယ် အဖေပြောတဲ့ကိစ္စချည်းကို ခေါက်လိုက်ရအောင်နော် အဖေ၊ အဖေနဲ့ ကျွန်တော့်ကြားမှာ ဒီကိစ္စ'

'တောက်'

အမြင်သစ် စကားလုံးအဆုံးတိုင် မရောက်တော့ပေ။ ရုံးခန်းနံရံဆီ ရိုက်ခတ်သွားတဲ့အဖေ့ တောက်ခတ်သံက စက္ကန့်ပေါင်းများစွာ ပဲ့တင်ထပ်သွားသလို အမြင်သစ်ဦးနှောက်ထဲ အသော့မတတ် လှိုက်ဝင်သွားသည်။

'ဒုန်း'

တောက်ခတ်သံအဆုံးမှာ အဖေ့လက်သီးဆုပ်နဲ့ စားပွဲကို ထုချသံထပ်ထွက်လာသည်။ စင်းချထားတဲ့ 'အမြင်သစ်'မျက်ဝန်းပင် ထိုအသံတွေကြောင့် ဖျက်ခနဲမှောင်သွားသလို ဖြစ်သည်။

အဖေ ဘယ်လောက်ဒေါသဖြစ်နေမလဲဆိုတာ မော့မကြည့်ဘဲ 'အမြင်သစ်'ရင်ထဲအလိုလိုသိနေပါပြီ။

''အဖေ'

စားပွဲခုံမျက်နှာပြင်ကို ကြည့်နေတဲ့ အမြင်သစ် ခေါင်း၊



ပို၍ငုံ့လျက်သား ဖြစ်သွားသည်။ ထို့နောက် အသနားခံသလို တိုးတိုးသာသာလေး 'အဖေ'လို့ခေါ်မိသည်။

'ဟော့ကောင် မင်း ငါ့ကို ဘယ်တော့မှ အဖေလို့မခေါ်နဲ့'

အမြင်သစ်မျက်လွှာလုံးဝ မှိတ်ကျသွားသည်။ ဆုပ်ကိုင်ထားမိတဲ့လက်ချောင်းတွေကို ပို၍တင်းကျပ်အောင် ဆုပ်ထွေးလျက်၊ ကျောက်ရုပ်လို ငုတ်တုတ်ချည်းငြိမ်သက်သွားတာက အမြင်သစ် တစ်ကိုယ်လုံးဖြစ်သည်။

အမြင်သစ်ကို နာမ်စားသုံးလိုက်တာက ဟော့ကောင်တဲ့။

ရင်သီးခက်ထန်သလို ဆက်တိုက်ထွက်လာတဲ့ အဖေ့စကားလုံးတွေကလည်း ကျောက်စိုင် ကျောက်တုံးတွေလို အတုံးလိုက်မာကာတင်ပြုတ်တောက်နေလေသည်။

'ငါ့စကားနားမထောင်ရင် ငါကလည်း သားမတော်နိုင်ဘူး။ တစ်သက်လုံး ငါ့ဘဝ၊ ငါ့အသည်းနှလုံးရင်းပြီး မင်းကို ပြုစုပျိုးထောင်လာတာငါ သိပ်မိုက်ခဲ့မှန်း အခုမှသိတော့တယ် အမြင်သစ်၊ မင်းက အတောင်အလက်စုံလာပေမယ့် မင်းငါ့ရင်ဘတ်ကို ဖနောင့်နဲ့ပေါက်လို့ မရဘူးကွ၊ ငါစီမံတာကို မနာခံရင် ခုချက်ချင်း ငါ့ရှေ့ကသွားတော့။ ထွက်သွား။ နောက်ဘယ်တော့မှ ငါ့နဲ့မျက်နှာချင်းမဆိုင်နဲ့။ မင်းနဲ့ ငါနဲ့ သားအဖမဟုတ်တော့ဘူး။ မင်းကို ငါမမြင်ချင်ဘူး ဟော့ကောင်တွေ့၊ ဒုန်း ဝုန်းမောင်ဦး၊ ကိုတာ သက်လှိုင် လာကြစမ်း'

အဖေ အသံစိမ်းချည်းက နက်ပြောင်နေပါသည်။ စားပွဲကိုလက်နဲ့ထုပစ်ရင်း အဖေ တပည့်တွေကို အော်ခေါ်တဲ့အသံက အမြင်သစ်နားထဲပဲ့ဟိန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့တပည့်သုံးယောက်က အဖေ့အသံမဆုံးခင် ရုံးခန်းထဲ လေအလျင်ကဲ့သို့ပြေးဝင်လာသည်။

'ဒီကောင့်ကို ငါ့ရုံးခန်းထဲက ဆွဲထုတ်'

အဖေလက်ညှိုးထိုးအမိန့်ပေးတဲ့ အကိုင်း'အမြင်သစ်'ကို သုံးယောက်အားနဲ့ အဖေ့ရှေ့က ဆွဲထုတ်ကြသည်။

အမြင်သစ် ရုန်းကန်နေတာကြောင့် ဆွဲထုတ်လို့မရရင် 'ရိုက်နှက်ပြီး မ,ပစ်'ဟု ညွှန်ကြားတဲ့အဖေ။

'အဖေ'

အမြင်သစ် ရင်ထဲမှ လှိုက်လှိုက်လှဲလှဲခေါ်၏။ အဖေက တုတ်တုတ်မျှ မလှုပ်တဲ့ စိမ်းစိမ်းသက်သက်ကြည့်သည်။ အဖေ့တပည့်တွေက အမြင်သစ်ကို ဒရွတ်တိုက်ဆွဲထုတ်ခဲ့သည်မှာ အဖေ့ရုံးခန်းနဲ့ ဝေးရုံမက အဖေ့ကုမ္ပဏီအရိပ်နဲ့ လွတ်ကင်းရာ ပလက်ဖောင်းပေါ်အရောက်ဖြစ်၏။

သို့သော်လည်း

အမြင်သစ် အဖေ့ကို စိတ်မနာနိုင်ပါ။

အဖေ ကျေနပ်အောင် ပြောပြီး အဖေနဲ့ ငြိမ်းချမ်းရေးရယူချင်သည်။ အဖေ့ကို အမြင်သစ် နားလည်သလို အမြင်သစ်စိတ်ကိုလည်း အဖေနားလည်ပေးစေချင်ပါသည်။

သားဖချင်း နားလည်မှုရဖို့အတွက် 'အမြင်သစ်' အကြိမ်ကြိမ်ကြိုးစားပါသည်။ ခက်တာက အဖေက လုံးဝအဆိုင်မခံ။

ကုမ္ပဏီအရိပ်သာမက ၊တိုက်ရိပ်ပင် အနင်းမခံပေ။

အမြင်သစ် ပေကပ်ပြီး အဖေ့တိုက်ရှေ့ပလက်ဖောင်းပေါ်မှာ နေ့ည ငုတ်တုတ်ထိုင်ရင်း အယူခံဝင်ခွင့်ရဖို့ ကြိုးစားသည်။





အဖေက တကယ်ပြတ်တာလား ဘာလားမသိ။

မျက်နှာငယ်လေးနဲ့ မျက်နှာချိုသွေးကာ ညပေါင်း နေ့ပေါင်းများစွာ တိုက်ရှေ့ပလက်ဖောင်းမှာထိုင်၍ အမြင်သစ် ကြိုးစားပေမဲ့ အဖေမျက်လုံးက တစ်ချက်ကလေးပင် စွေကျမလာပေ။

ပြတ်သားလွန်းတဲ့ အဖေ။

အမြင်သစ်က အဖေနဲ့ အပြတ်မခံနိုင်ပါ။

အဖေ့လက်ကိုင်ဖုန်းကို မရအရ ခေါ်သည်။ အဖေက အမြင်သစ်မှန်း ချက်ချင်းတန်းသိသွားကာ အမြင်သစ် ဘာမှမပြောရသေးခင် အစိမ်းလိုက်ပြောချသည်။

'ဟေ့ကောင် အမြင်သစ် ကျော်ထက်ဆိုတဲ့ငါ၊ ဘာကောင်းစားလဲဆိုတာ မင်း သိတယ်မဟုတ်လား။ အေး ပြောရင် ပြောတဲ့အတိုင်းလုပ်တာ ငါ့ဝါဒ ။ ငါကတိကြီးပျက်ဆီးသွားအောင် မင်းငြင်းပစ်ကတည်းက မင်းကို ငါ့သားအဖြစ်ခံစားလို့ မရတော့ဘူး အမြင်။ နောက်ဘယ်တော့မှ ငါ့ကို မဆက်သွယ်နဲ့။ မင်း ဆက်သွယ်တဲ့နေ့ ငါ့ကိုယ်ငါ သတ်သေတဲ့နေ့ပဲ။ ငါသေတာမြင်ချင်ရင် နောက်တစ်ခါ မင်း ငါ့ကို ဖုန်းနဲ့ဖြစ်ဖြစ် တစ်ချက် ထပ်ဆက်ကြည့်။ ငါ့ပြောထားတဲ့စကားမယွင်းစေရဘူး။ လက်တွေ့ သိချင်ရင် စိန်လိုက်ကွ'ဟု

နာနာကြည်းကြည်း စိန်ခေါ်ပြောကာ ဖုန်းပိတ်ပစ်လိုက်တဲ့အဖေ။ အမြင်သစ် ဆက်လက်ကြိုးစားလို့မရအောင် ဖြစ်သွားခဲ့သည်။

အဖေသေတာ အမြင်သစ်မမြင်လိုပါ။ အထူးသဖြင့် သားကြောင့်အဖေ သေပစ်ရတဲ့ ရာဇဝင်အတွင်မခံနိုင်ပါ။ အဖေနဲ့ အမြင်သစ် ခုလို အဆက်ဖြတ်ခံရတာ ဘာကြောင့်လဲ။



www.burmeseclassic.com

နုပ်ချေးမစင်သေးတဲ့ကောင်မလေးနဲ့ ထိုကောင်မလေးပိုင်ဆိုင် တဲ့စိန်တွေကြောင့်ဆိုတာ ရှင်းပြစရာမလိုအောင် နိုင်လုံနေခဲ့တယ် မဟုတ် လား အဖေ။

အဖေ အဆက်ဖြတ်လိုက်တဲ့နေ့ကတည်းက အမြင်သစ် ဘဝက ကန္တာရအတိ။ နေစရာစားစရာမရှိ၊လက်ဖဝါးနဲ့ခြေဖဝါးချည်းသာ

အမြင်သစ် ရည်ရွယ်ချက်ရှိတဲ့ ပါရဂူဘွဲ့ယူဖို့၊ ကိုယ်ပိုင်ဆေးရုံ ကြီးဆောက်နိုင်ဖို့ဆိုတာ အစက်ပြောက်ပမာ မှုန်ဝါးနေခဲ့သည်။

ဒါပေမဲ့

အဖေ ဆန္ဒက အမြင်သစ်ရည်ရွယ်ချက်နဲ့ တစ်ထပ်တည်းဖြစ် သည်။ 'အဖေ့သားက ခွဲစိတ်ပါရဂူဘွဲ့ရ ဆရာဝန်ကြီးဖြစ်ရမယ်။ ကိုယ်ပိုင် ဆေးရုံကြီးတည်ထောင်ပြီး ခန်းခန်းနားနားနေနိုင်ရမယ်။ ဒါမှ အဖေ့သား ဘဝရှေ့ရေးကို အဖေ စိတ်ချလက်ချဖြစ်နိုင်မယ်။ အဖေဆန္ဒပြည့်အောင် သားအမြင် ကြိုးစားရမယ်ကွ'ဟု

သားအဖချင်း မပြတ်ခင်ကအဖေ ဒါပဲပြောခဲ့သည်။ ကြိုးစားရ မယ်လို့ အဖေပြောတဲ့အတိုင်း အမြင်သစ်လည်း တကယ် ကြိုးစားခဲ့သည်။

အဖေ အဆက်ပြတ်လိုက်တော့ အမြင်သစ်ရည်ရွယ်ချက်နဲ့ အဖေ့ဆန္ဒက ခါးလယ်က ပြတ်သလိုဖြစ်ရသည်။

ဒါပေမဲ့ အဖေ။ အဖေ ကတိကြီးပျက်အောင် အမြင်သစ် ငြင်းခဲ့ရုံက လွဲရင်၊အဖေဖြတ်တောက်ထားပေမယ့် အဖေဆန္ဒပြည့်အောင် အမြင်သစ် ရေကုန်ရေခန်း ကြိုးစားခဲ့ပါတယ်။

အမေရိကမှာရှိနေသော သူငယ်ချင်း'မင်းသံ'ကို အမြင်သစ် ဆက်သွယ်ခဲ့သည်။'မင်းသံ'ရဲ့အကူအညီနဲ့ အလုပ်တစ်ဖက်လုပ်ရင်း





ပါရဂူဘွဲ့ရအောင်ယူခဲ့သည်။

အမြင်သစ် နေ့မအား ညမနား ပညာနဲ့ငွေရှာနေချိန်မှာ မင်းသံ သူ့မိသားစုကိုခေါ်ပြီး မြန်မာပြည်ပြန်လာကာ အမြင်သစ်အတွက် ဆေးရုံ သစ်ကြီး ဆောက်ခဲ့သည်။

အစစအရာရာ အဆင်ပြေဖို့ မင်းသံက လိုအပ်တဲ့ငွေရင်းကိုပါ စိုက်ထုတ်ဖြည့်ဆည်းပေးခဲ့သည်။

ပါရမီဆေးရုံနဲ့ ပါရမီစံအိမ် အဆင်သင့်ဖြစ်ချိန်မှာ 'မင်းသံ' အပေါ် အမြင်သစ် အကြွေးသိန်းထောင်ကျော် တင်ခဲ့သွားသည်။

ဒါပေမဲ့ အမြင်သစ် စိတ်မာတ်မကျပါ။

ပါရမီဆေးရုံကို 'မင်းသံ' ဦးစီးဖွင့်လှစ်နေတဲ့အချိန်မှာ ငွေ အရှာကောင်းတဲ့ အမေရိကားမှာ 'မင်းသံ'အကြွေးကြေနိုင်ဖို့ အမြင်သစ် ကြိုးစား ငွေရှာနေခဲ့သည်။

မင်းသံ အကြွေးကြေမှ အမေရိက ကပြန်လာပြီး ပါရမီဆေးရုံ ကို အမြင်သစ်ဦးစီးအုပ်ချုပ်တာ နှစ်နှစ်နီးပါးသာရှိသေးသည်။

မင်းသံကတော့ အမြင်သစ်ဆန္ဒတွေ ဖြည့်ဆည်းပေးပြီးပြီးဖို့ မိသားစုပါခေါ်ပြီး အမေရိက ပြန်သည်။ အဖေ အဆက်ဖြတ်ထားတဲ့ဆယ်စု နှစ်တစ်စုအတွင်းမှာ'အမြင်သစ်'ဘဝရုန်းကန်မှုတွေနဲ့ ပြည့်နှက်ခဲ့သည်။

ဒီလို ရုန်းကန်ခဲ့တာက အဖေအသိအမှတ်ပြုလာပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။

ခုချိန်ထိ အဖေ အသိအမှတ်မပြုတော့ အမြင်သစ်နှလုံးသားမှာ ဝမ်းနည်းဆုံးပါပဲ။

ဝမ်းနည်းခြင်းကြီးစွာ တွယ်ရာမဲ့နေတဲ့ အမြင်သစ်နှလုံးသား

www.burmeseclassic.com



သူ့အလိုလို ကြိုးတစ်စ ငြိတွယ်ရစ်ပတ်လာတဲ့အဖြစ်။

အဲဒီကြိုးက အဖေရဲ့ ငါးရာနှစ်ဆယ့်ရှစ်ကြိုး နှောင်ကြိုးနဲ့မတူ သော ထောင့်ငါးရာမည်သော အချစ်ဖွဲ့ကြိုး။

ဒါပေမဲ့ အဖေ။

'ဟင်း မင်းက ငါစီစဉ်ပေးတုန်းကတော့ နှပ်ချေးမစင်တဲ့ ကလေးမ အဖိုးတန်စိန်တွေပိုင်တဲ့ ကောင်မလေးတဲ့၊ မဆီမဆိုင် ဆွဲချက်တွေတင်ပြီး 'ငါ့'ကတိကြိုးပျက်အောင် လုပ်တယ်၊ အေး ခုတော့ဘာထူးလဲ အမြင်သစ်၊ အသက်ငယ်ငယ်ကလေးမနဲ့ အဲဒီ ကလေးမပိုင်ဆိုင်မှုတွေမြင်လျက် ချစ်လို့ပါဆိုတဲ့အကြောင်းပြချက်နဲ့ ရင်ခွင်ထဲဆွဲသွင်းတဲ့ မင်းသတ္တိကို ဟားတိုက် ရယ်ပြီး မေးလိုက်မယ်၊ ဟား ဟား ဟား မင်းရဲ့ယောကျ်ားမာနကဘာလဲ၊ မင်းဟစ်ကြွေးနေတဲ့ ယောကျ်ားမာနကို ဘယ်မိန်းကလေး ရှေ့ခဝါချလိုက် ရတာလဲကွ၊ ထွီး ရွံစရာကောင်းတဲ့ မင်းရဲ့ယောကျ်ားမာန'လို့

အဖေ တံတွေးထွေးပြောလာမှာ မလိုလားသလို ။ ဟားတိုက် ရယ်မောမယ့် အဖေအသံကိုလည်း မကြားရဲလေ။

ဘုရားစူး ကျွန်တော် တကယ်မကြားရဲလို့ပါ အဖေ။

မုန်းမရဆိုတဲ့ကောင်မလေးကို နှလုံးသားအပြင်ဘက်ရောက် အောင် ကျွန်တော်ကိုယ်တိုင် တကယ်ထုတ်ပစ်လိုက်တာ ဘာကြောင့်ထင် လဲ အဖေ။

အဖေရှေ့မှာ လက်မထောင်ပြောခဲ့တဲ့အတိုင်း ယောကျ်ားမာန အပြည့်နဲ့ ကျွန်တော် ခေါင်းမော့ရပ်နေချင်လို့ ...။

ယောကျ်ားမာနအတွက် အဖေ့နဲ့သား သုံးနှစ်လေးကို ကြောနိုင်





နေရတဲ့ဘဝ။ခုလည်း ဘာထူးလဲ။။

ယောကျ်ားမာနအတွက်ပဲ ကျွန်တော့်နှလုံးသားနဲ့ကျွန်တော် ကလည်း သုံးနှစ်လေးဖြစ်နေပါပြီ။

ဝဋ်လည်တယ်ဆိုတာ ဒါမျိုးလား။

ပြောပါ အဖေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

'အမြင်'

'မင်းသံ'ရင်ထဲ စို့စို့နစ်နစ်ခေါ်လိုက်မိသည်။ အမြင်သစ်ကြားဟန် မတူ ၊အကြောင်းက ခေါင်းမထူနိုင်အောင် မူးရွဲနေပြီဖြစ်သည်။

သို့သော်လည်း အသောက်မရပ်သေး။

ကုန်သွားတဲ့အရက်ပုလင်းကို ထောင်ကြည့်ပြီး စိတ်ပျက်သလို မျက်နှာကို မဲ့ရွဲ့သည်။ ဆုပ်ကိုင်ထားတဲ့ ပုလင်းလွတ်ကို ခွပ်ခနဲမြည်အောင် နံရံမှာ ပစ်ပေါက်ခွဲ၏။

နံရံကပ် ဗီရိုထဲ အစီအရီထည့်ထားတဲ့ပုလင်းအသစ်ဆီမျက်စိ ရောက်သည်။

နှုတ်ခမ်းကို လျှာနဲ့ဝိုက်သပ်လျက် ထိုင်ရာမှကုန်းထသည်။

ကိုယ်ကိုမထိန်းနိုင်တော့ ဝုန်းခနဲကျ၏။ ပုလင်းကွဲတွေနဲ့အတူ အမြင်သစ်ကိုယ်က ကြမ်းပြင်ပေါ် ကိုရိုကားယား ဖြစ်နေသည်။

ဒီအခြေအနေကို 'မင်းသံ'ရပ်ကြည့် မနေရက်တော့ပါ။





နားလည်ပေးနိုင်တဲ့ခြေလှမ်းနဲ့ အမြင်သစ်အပါးရွေ့သွားကာ အမြင်သစ်ကိုယ်ကို ဖေးမကူတွဲသည်က အလျင်အမြန် . . .။

'အမြင်'

'ကျွတ် ဟော ဖိုးထောင် မင်း မင်းကို ငါ ဘာပြောထားလဲကွ၊ လာ မတွဲနဲ့။ ငါ့ဘာ ငါသောက်တယ် ငါ့ဘာ ငါ မူးတယ်၊ မင်း လာ မတွဲနဲ့၊ ဖယ်'

'မင်းသံ'လက်ကိုဖယ်ချရင်း ပြောတဲ့အမြင်သစ်။ 'မင်းသံ'ခေါင်း တစ်ချက်ရမ်းမိသွားသည်။

ဘယ်လောက်တောင်မူးနေလဲ ဆိုတာ အဲဒါပဲကြည့်၊ 'မင်းသံ' က ပြည့်ပြည့်ဖြိုးဖြိုး ဖိုးထောင်က ပိန်ပိန်ကိုင်းကိုင်း ၊အလုံးအဖန်ချင်း တစ်ခြားစီဖြစ်နေတာတောင် မှားနေတဲ့အဖြစ်။

'မင်းသံ'ကို တွန်းပစ်ရင်း ၊ဒယိမ်းဒယိုင်ရုန်းထတဲ့ကိုယ်ကချာလ ပတ်လာကာ နံရံနဲ့ဝင့်တိုက်မိပြီး ဝုန်းခနဲလဲကျပြန်သည်။

အခြေအနေဆိုးနေတဲ့ အမြင်သစ်ကို 'မင်းသံ'ဘယ်လိုမှ စိတ်မချ နိုင်တော့ပါ။အခန်းပြင်မှာ ပြူတစ်ပြူတစ် ချောင်းပြီးစောင့်ကြည့်နေတဲ့ ဖိုးထောင်ကို လက်ရပ်ခေါ်လိုက်သည်။

ဖိုးထောင်အရိပ်အကဲနားလည်ကာ ဖျတ်ခနဲအပါးရောက်လာ သည်။

အမြင်သစ်ကိုဖိုးထောင်နဲ့ 'မင်းသံ'နှစ်ယောက်နှစ်ဖက်မ ဆွဲထူ သည်။ ဒါတောင် အမြင်သစ် ကိုယ်က လူးလွန့်ကာ ရုန်းကန်ငြင်း ဆန်လျက်

'ဟော့ကောင်တွေ ငါ့ကိုမထိနဲ့။ လွှတ်စမ်း ကွာ။ ငါ တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



လောက်ချဦးမယ်။ ငါ သိပ်မမူးသေးဘူး။ ဟော့ ဖိုးထောင် ငါပြောတာ ကြားလား။ ငါသောက်ချင်သေးတယ် ကွ။'

စိတ်မထိန်းနိုင်သလို သောက်လိုအားကြီးစွာ အမြင်သစ်ပြော သည်။ ဒါတင်မက

'အဖေ၊ အဖေ့ကို ကျွန်တော်ချစ်တယ်၊ အဖေလည်း ကျွန်တော့် ကို ချစ်တာပဲ၊ ချစ်ရက်နဲ့ ကျွန်တော်ကိုဖြတ်တာ ကျွန်တော် မခံစားနိုင်ဘူး အဖေ၊ အဖေ့ဆန္ဒကို ငြင်းဆန်ခဲ့လို့ ကျွန်တော် ဝဋ်လည်နေပြီဗျ။'

'မင်းသံ'ရင်ထဲ နင့်ခနဲဖြစ်သွားသည်။

'ဟို ကောင်မလေး မုန်းမရ ကျွန်တော်ကို ညာတယ်၊ သိလား အဖေ၊ ကျွန်တော်မာနကြီးတဲ့ကောင်ပါ အဖေရဲ့ ၊ အဖေ့လိုပဲ မာနကြီး တယ်'

နှစ်ယောက်သား ချုပ်နှောင်တွဲပြီး အိပ်ခန်းထဲ ဆွဲသွင်းလာခဲ့ သည်။ အမြင်သစ် ရှုန်းရင်းကန်ရင်းပါလာသော်လည်း ဗလုံးဗထွေးစကား သံတွေ အမျှင်တန်းပါလာသည်။

'ဘာ အကြောင်းကြောင့်မှ ကျွန်တော့်မာန အထိပါးမခံဘူး အဖေ။ အဖေလက်ညှိုးငေါက်ငေါက်ထိုးမှာလည်း ကျွန်တော်မခံနိုင်ဘူး။ မုန်းမရ ညည်း ငါ့ကိုညာတယ်၊ တကယ်ဆို ညည်း ငါ့ကို မညာသင့်ဘူး ကောင်မလေး၊ မင်းညာတာ ဘာသဘောလဲ၊ အဲဒီညက ညည်းနဲ့ဟို သုံးကောင် ဘာဇယားတွေရှိနေလဲ၊ ပြောစမ်း၊ ငါက ညည်း ညာသမျှ ခံနေရတဲ့ကောင်လား။ ညည်းကို ကူကယ်ရာမဲ့လေး အခြေအနေမဲ့ လေးဆိုပြီး ငါ ဂရုစိုက်ခဲ့တာ။ လက်စသတ်တော့ ညည်းက ငါ့ဝဋ် လည်အောင် ပြုစားတဲ့ စုန်းမလေး။ အဖေ အဖေကို စိတ်သောက

ဗျူး၈၇၄၆၀



ရောက်အောင်ပြုခဲ့လို့ ကျွန်တော် နှလုံးသားဟက်တက်ကွဲနေပြီဗျ။ အဖေ ကျွန်တော်ကိုပြန်ငဲ့ကြည့်ပါ အဖေ'

အဖေ ဘယ်မှာလဲ။ ကျွန်တော်မှားခဲ့သမျှ အဖေကို ပြန်တောင်း ပန်ခွင့်ရချင်တယ်ဗျာ။ အဖေ ကျွန်တော့်ကို ခွင့်မလွှတ်နိုင်ဘူးလားဗျာ'

မှေ့ရာပေါ်တစ်ကိုယ်လုံးရောက်သွားမှန်း အမြင်သစ် သိဟန်မတူ။ ဗလုံးဗထွေးစကားသံတွေက ဝေါခနဲ ဝေါခနဲ ပြိုကျနေတာ အတန်ကြာ။

ထိုစကားလုံးတွေနောက်မှာ အမြင်သစ်အသံက တဖြည်းဖြည်း ပြတ်တောင်းကာ ငြိမ်သက်သွားသည်။ အသက်မှန်မှန် ရှူပြီး ပိုးလိုး ပက်လက် အိပ်ပျော်သွားသည့် အမြင်သစ် နှုတ်ခမ်းနှစ်လွှာဟဟပွင့်ကာ ဟောက်သံ ပုံမှန်ထွက်လာသည်။ 'မင်းသံ' စိတ်သက်သာရာရကာ သက်မချသည်။

ဖိုးထောင်က ဆရာသမားကို ခါးစောင်းအထိစောင်ခြုံပေးပြီး ခြင်ထောင်ပါချပေးကာ ပြုစုရှာသည်။

ပြီးမှ'မင်းသံ'မျက်ရိပ်ပြသည့်နှင့်ထွက်သွားရှာသည်။

'ဖိုးထောင် မင်းက တပည့်ကောင်းပီသပါပေတယ်'

ဖိုးထောင် ဖုန်းဆက်အကြောင်းကြားစဉ်က 'မင်းသံ' သိပ်မယုံ ချင်ပါ။ အမြင်သစ် အရက်ကြီးပဲသောက်နေသည်။ ဆေးရုံတာဝန် တွေလည်း ပစ်ထားပြီး နေချင်သလိုနေသတဲ့။ ဘာကြောင့်လဲမေးတော့ မုန်းမရကြောင့် တဲ့။

'မင်းသံ'တကယ်မယုံပါ။

ဦးလေး ဦးကျော်ထက် အဆက်ဖြတ်စဉ်ကတောင် 'အမြင်'

ဗျူး၃၇၄၆၀

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှထိ မလေဖူးပါ။ အင်ပြည့်အားပြည့်ကြိုးစားခဲ့သည်။

ခုမှ မုန်းမရကြောင့် ဒီလိုတွေဖြစ်နေသလား။

သိချင်စိတ်နဲ့ဇနီးကိုပင်မခေါ်ဘဲ အမေရိက က ချက်ချင်းလာခဲ့သည်။ မျက်မြင်တွေ့ရမှ ဖိုးထောင်ပြောတာထက် ပိုနေမှန်းသိသည်။

အဝတ်အစား ဖရိုဖရဲ ဆံပင်တွေဗွကာ။

မျက်နှာမှာလည်း အမွေးရိုင်းတွေ တောထနေသည်။ အရက်တန်ခိုးနဲ့ မျက်နှာပြင်ဖောင်းကြွလာကာ၊ ဘယ်သူ့ကိုမှ အလေးမထားသလို မျက်နှာချင်းလည်းမဆိုင်။

ဖြစ်ချင်ရာဖြစ်စေတော့စိတ်နဲ့ အရက်ချည်းဖိသောက်နေတဲ့ အမြင်သစ်။ သူလာခဲ့မိလို့ တော်သေးသည်။

နောက်ဆို ဘယ်လောက်တောင်ဆိုးနေမလဲ။

ဟူးခနဲသက်မချရင်း အမြင်သစ် အိပ်ခန်းထဲရှိ ဆိုဖာခုံမှာပဲထိုင်နေမိသည်။ အိပ်လို့လဲမပျော်၊ အိပ်ချင်စိတ်လဲမရှိ။

အမြင်သစ်ကို ဘယ်လိုဖျောင်းဖျစည်းရုံးရမလဲ ဆိုတာပဲတွေးရသည်။

အဖေ အဆက်ဖြတ်ထားလို့ခံစားရတာတစ်မျိုး၊ မုန်းမရကြောင့်တစ်ဖုံ။

ဒီကောင်ဒီလောက်အသည်းနုနေမှန်း 'မင်းသံ'အခုမှ၊ ရှင်းရှင်းကြီးသိတော့သည်။

လရိပ်ချို့နဲ့ဖြစ်စေချင်လို့ 'မင်းသံ 'ချိတ်ပေးတုန်းက ဒီကောင်ဘာမှ ထူးခြားမလာ။

ပုံမှန်ရင်းနှီးတာထက် မပိုသာခဲ့။





လရိပ်ချို့ အခွင့်အရေးပေးတာတောင် တစ်စက်ကလေးမှ မယိမ်းခဲ့တဲ့သူငယ်ချင်း။

ခုတော့

ဝဋ်လည်တာလား။

ဘာလား။

'မင်းသံ'တွေးရ ကြပ်လာပြီး။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၃)

သော့သော့လေးလွင့်နေသော အဝါနုရောင်လိုက်ကာစ နောက်မှ အာရုံဦးနေခြည် နီဝါဝါတို့ဖြာဝင်ကာ ၊ အမြင်သစ်မျက်နှာပေါ်ရှုရှုလေး နမ်းမွှေးသလို ကွန့်မြူးလာသည်။

ထိုအခါ

အမြင်သစ် အလိုလိုနိုးလာသည်။

နိုးလာသည်နှင့် ခေါင်းထဲကမကြည် ၊ မျက်လွှာတွေလေးကာ ကိုယ်က နာကြင်ထိုင်းမှိုင်းနေသည်။

ခေါင်းထောင်းလိုက်သော်လည်း မကြည်မလင်။ ခေါင်းက ခေါင်းအုံးပေါ် ဘေးစောင်း ပြန်ကျသွားသည်။ မှောက်လျက် အိပ်နေတဲ့ ကိုယ်ကို ပက်လက်လှန်ရင်း ဓာခြင်ထောင် အမိုးကို စိုက်ကြည့်၍

'ဖိုးထောင်' လို့

ဦးစွာခေါ်လိုက်သည်။ လည်ချောင်းထဲမှာ ခြောက်သွေ့သွေ့ချည်း





ဖြစ်နေတော့ မနေတတ် သလိုဖြစ်၏။ ထို့ကြောင့် တစ်ဆက်တည်း ပြော သည်။

'ဝီစကီ တစ်လုံးယူခဲ့ကွ' ဟု

ပြောပြီး မျက်နှာကိုလက်ချောင်းတွေနဲ့ ဖိပွတ်နေမိသည်။ မေးဖျား

နှုတ်သယ်အောက်ဖြာစင်ကာ တောထနေတဲ့ အမွေးကြမ်းတွေကို ပွတ်ဆွဲမိရင်း

ရက်ပေါင်းမည်မျှကြာအောင် လေတောပေတောဖြစ်နေခဲ့လည်း ဆိုတာ အမြင်သစ် အလိုလိုအသိဝင်သည်။

သူ့ဘဝက တွယ်ရာမဲ့။

ဟုတ်တယ်၊

တွယ်ရာမဲ့နေတဲ့ဘဝမှာ အမြင်သစ် ဘာကိုမှတွယ်ဖက်နေဖို့ မလို

အပ်တော့ပါ။ ဖြစ်ချင်ရာဖြစ်၊ နေချင်သလိုနေ၊ အဲဒါအကောင်းဆုံးပဲ။

'ဖိုးထောင် မြန်မြန်ယူခဲ့ကွာ'

အမြင်သစ် စိတ်မရှည်စွာ ဖိအော်သည်။ ခါတိုင်းဆို အမြင်သစ် အသံဆုံးသည်နှင့် ဖိုးထောင်က အရာရာအဆင့်သင့်ဖြစ်နေတတ်သည်။

ခုတော့ အဆင်သင့်ဖြစ်မနေသလို အသံလည်းမကြားရပေ။

လူက နဂိုကတည်းက မကြည်လင်ရတဲ့အထဲ လိုတာမရတော့ တင်းလာသည်။

မွေ့ရာထက်မှဒေါသနဲ့ရှန်းထသည်။ အနားတွန့်တွေပါတဲ့ အလယ်



www.burmeseclassic.com

www.burmeseclassic.com



ကွဲအခြင်ထောင်စကို စိတ်မရှာစွာဖယ်၍ ခုတင်ပေါ်မှဆင်းလျှင်၊ အိပ်ခန်း တံခါးကျွီခနဲ ပွင့်လာသည်။

အခုမှဝင်လာရကောင်းမလားဆိုတဲ့ ဒေါသနဲ့ ဖိုးထောင်ကို လှမ်း ပြောဖို့ ပါးစပ်ပြင်ရုံ ရှိသေးသည်။

အိပ်ခန်းထဲ တည်တည်ငြိမ်ငြိမ်ဝင်လာတဲ့'မင်းသံ'ကို ဘွားခနဲမြင် လျှင်

'မင်း မင်းသံ'

လို့ တအံတဩရွတ်မိသွားသည်။

'မင်းသံ' ခေါင်းတစ်ချက်ဆတ်ကာ စေ့ထားတဲ့နှုတ်ခမ်းလေးကို မသိမသာ လှုပ်ခတ်စွာပြောသည်။

'ဟုတ်တယ် အမြင်'

' မင်း မင်း ဘယ်တုန်းကရောက်လာတာလဲ။ ငါလည်း ဘာမှ မသိရပါလား'

အမြင်သစ် ခပ်လေးလေးပြောသည်။ 'မင်းသံ'ကြည်လင်တဲ့ မျက်နှာပေးနှင့် အမြင်သစ်ဘေး ခုတင်ပေါ်ဝင်ထိုင်လိုက်သည်။

'မနေ့ကရောက်တာ။ ကဲ ရေချိုးကွာ။ မနက်စာ စားရင်ပြောကြ တာပေါ့။'

အမြင်သစ်မျက်ဝန်းမှိုင်းညို့ကာ၊ ကိုယ်ခန္ဓာက ပိုချဲလေးလံသလို ဖြစ်သည်။ မင်းသံ မျက်ဝန်းနဲ့နှုတ်ခမ်းအစုံက တစ်ခုခု ကိုကြိုတင် သိနှင့်သလိုရှိကြောင်း အမြင်သစ် အကဲခတ်မိသည်။

ထို့ကြောင့် အမြင်သစ် မလုံမလဲ ဖြစ်ရသည်။

'ထ လေကွာ ရေချိုးလိုက် ၊ကိုယ် မဝေဖန်ပါဘူးကွ မင်းကို



ကိုယ်နားအလည်ဆုံးပဲ'

'အမြင်သစ်'လက်မောင်းကိုဆုပ်ကိုင်၍ စာနာအားပေးကာ 'မင်သံ'ပြောသည်။ အမြင်သစ် မျက်လွှာစင်းချကာ သက်မချသည်။

အာရုံဦးနေရောင်က တဖြည်းဖြည်းနွေးလာပေမယ့် အမြင်သစ် မျက်ဝန်းက ကြည်လင်မလာသေး။

စိတ်ညစ်ငြူးစွာ မျက်နှာကိုလက်ဖဝါးနဲ့တစ်ချက်ပွတ်သပ်သည်။ မင်းသံ မျက်ဝန်းက သူငယ်ချင်းကို စိတ်ရှည်ရှည်စိုက်ကြည့်ပြီး ။

'ဖိုးထောင်ပြောလို့ ကိုယ်သိသင့်သလောက်သိပြီးပြီး။ မင်းသိပ်ပြီး နှလုံးသားနုလွန်းတယ်ကွ။'

အမြင်သစ် မျက်မှောင်ကုတ်ကျသွားသည်။

နှလုံးသားနုလွန်းတယ်တဲ့လား။

'မင်းသံ'ပြောပြီး အပါးက ထ ကာ၊ ပြတင်းပေါက်ဆီရောက်သွား သည်၊ အဝါနုရောင်လိုက်ကာစကို တစ်ဖက်ရောက်အောင် သိမ်းဖယ်လျှင်

နေခြည်နွေးနွေးက အမြင်သစ် အိပ်ခန်းထဲ ဝေါးခနဲလင်းဖြား သွားသည်။ဖိုးထောင်က မဝံ့မရဲနဲ့အိပ်ခန်းထဲဝင်လာပြီး ရေခဲစိမ် တာဝါပိုင်း လေး ကမ်းပေးသည်။

အမြင်သစ် ချက်ချင်းမယူသေး။ လောလောဆယ် ဝီစကီ တစ်မော့လောက်သောက်ချင်နေသည်။ ဝီစကီယူခိုင်းတာ စနီးတာဝါ ယူလာရကောင်းလားဟု ဖိုးထောင်ကို စိတ်ထဲက ပစ်တင်မိသည်။

'အဆက်ဖြတ်တုန်းကတောင် ခွန်အားအပြည့်နဲ့ဦးလေး လိုချင်တဲ့ဘဝရောက်အောင် မင်းကြိုးစားနိုင်ခဲ့သေးတာပဲ။ခုမှ ဘာ မဟုတ်တဲ့ ခပ်ငယ်ငယ်မိန်းကလေးကြောင့် မင်းကိုယ်မင်း ရေစုန်မျော

www.burmeseclassic.com

www.burmeseclassic.com



ချနေတာသိပ် သဘာဝမကျဘူး အမြင့်။ မင်းရေစုန်မျှောတာက အရေး မကြီးဘူး။ ဦးလေးသိရင် မင်းကို ဘယ်လောက်ပြောချမလဲ။ စဉ်းစားဦးကွ။ ဦးလေးစိတ်လည်း သိသားရက်နဲ့ မင်းကလည်း'

မဝေဖန်ပါဘူး။ နားလည်ပါတယ်ဆိုတဲ့ မင်းသံ။

ပြောချတာလား။ ဝေဖန်တာလား။

'အမြင့်သစ်'မျက်ဝန်း မှောင်ကြုတ်သွားသည်။ ပြတင်း ပေါက်ဘေးမှ စာရေးစားပွဲရှေ့က ခုံမှာ'မင်းသံ' ဝင်ထိုင်သည်။

အမြင့်သစ်အကြည့်မလွှဲသေး။

လောလောဆယ် ရင်ထဲပူနေတာပဲသိသည်။ နေရထိုင်ရ ထိုင်းမှိုင်းလေးလံနေရာမှ စိတ်ထဲနောက်ကျိလာသည်။

မင်းသံရှိနေတဲ့အတွက် ဝီစကီမော့ချင်စိတ်ကို မျိုချသည်။ ထို့နောက်စိတ်ရှည်လက်ရှည်ကမ်းပေးနေဆဲဖြစ်သည့် ဖိုးထောင်လက်ထဲက ရေခဲစိမ်တာဝါကို ဆွဲယူသည်။

အေးစိမ့်တဲ့အတွေးက အမြင့်သစ်စိတ်ကို ရုတ်ချည်းလွှမ်းမိုး သလိုရှိ၏။ လက်ထဲကိုင်ထားတဲ့ စနိုးတာဝါနဲ့ မျက်နှာအနှံ့ပွတ်သုတ်လျှင် အာရုံကသိသိသာသာအေးစိမ့်ကြည်မြလာသည်။

'မင်းသံ'က'အမြင့်သစ်'ကို မျက်တောင်မခတ်တမ်း စိုက်ကြည့် လျက် ဆက်ပြောသည်။

'ခုချိန်မှာ ဦးလေးပြန်ဆက်သွယ်အောင်၊ မင်းမစောင့်ရင်တောင် မင်းကိုယ်မင်း၊ တွယ်ရာမဲ့လွှတ်မထားသင့်ဘူးကွ၊ မင်း အဲသလောက် စိတ်လေနေရင်ကိုယ်နဲ့ L.A ပြန်သွားစို့ကွာ'

အမြင့်သစ် အလိုလို ခေါင်းခါမိသွားသည်။





ဘာကြောင့် ခေါင်းခါးမိတာလဲ။ 'အမြင့်သစ်'ကိုယ်'အံမြင့်သစ်' အဖြေမပေးနိုင်ပါ။ 'မင်းသံ' မျက်ခုံးပင့်လျက် 'ဘာဖြစ်လို့လဲ'ဟု အံ့သံတိတ် မေးသည်။

အမြင့်သစ် မဖြေတတ်ပါ။

ဖြေနိုင်တဲ့ အင်အားလည်းမရှိပါ။

မျက်နှာအနှံ့ပဲ တာဝါနဲ့ဖိပွတ်နေမိသည်။

ထိုအခါ 'မင်းသံ' တစ်ခုခုကို နားလည်သွားဟန်နှင့်သက်မချ သည်။

အမြင့်သစ်ရင်ထဲကို 'မင်းသံ' မြင်တတ်ပါသည်။ ဒီကောင်က ဦးလေးရင်ခွင်ထဲ ပြန်ဝင်ချင်တဲ့ဆန္ဒနဲ့ ဦးလေးမြင်သာအောင် အလုပ်နဲ့ သက်သေထူနေတဲ့ကောင်။

ပြီးတော့ ဟိုကောင်မလေးကို အချစ်တွေပေးဖို့ စိတ်အား ထက် သန်နေရှာသည်။

မုန်းမရမှာ ပိုင်ဆိုင်မှုတွေရှိမှန်း ဘွားခနဲသိလိုက်ရတော့ ညာရက် လေခြင်းဆိုတဲ့ ဒေါသစိတ်ကြောင့် အသည်းနှလုံးပြောင်းဆန်ပေါက်ကွဲနေ ခြင်း ဖြစ်သည်။

'ငါကံက ဆိုးလွန်းတယ် မင်းသံ'

အံကြိတ်လျက်ဝမ်းနည်းသံအစ်အစ်နှင့်ပြောချ၏။အမြင့်သစ် အသံက လည်မျိုထဲက တောင့်တာင့်ချည်းလိုမ့်ထွက်လာသည်။

ပြောရင်းကုတင်ပေါ်ကဆင်းသွားသည်။အမြင့်သစ်ကို မင်းသံ ခပ်ငေးငေးကြည့်၏။

'ငါ့ဘဝနဲ့နှလုံးသားကို အသက်ငယ်ငယ်ကောင်းမလေးတွေခြယ်



www.burmeseclassic.com

www.burmeseclassic.com



လှယ်တာငါရင်နာဆုံးပဲကွ၊ ဘာကြောင့် ဒင်းကလေးတွေငါ့ကိုခြယ်လှယ်နိုင် တာလဲ။ ငါ့ညံ့လို့လား တစ်ဆိတ်ပြောစမ်းကွာ။ မင်းသံ'

မင်းသံ သက်မချသည်။

ထိုင်နေရာမှ ချက်ချင်းထကာအမြင့်သစ်အပါးရွှေ့ခဲ့သည်။ အမြင့်သစ် ကျောက်ရုပ်လို ငြိမ်သက်နေရာမှ လက်ထဲက မလွှတ်ချ သေးတဲ့စနိုးတာဝါကို တင်းနေအောင် ကျစ်ကျစ်ဆုပ်မိသွားသည်။

'တိုက်ဆိုင်တယ်ဆိုတဲ့ စကားလိုပေါ့ကွာ။

'တိုက်ပဲတိုက်ဆိုင်လွန်းလားကွာ၊ ငါ ယူကြုံးမရဖြစ်ဆုံးက အညာခံရတဲ့အဖြစ်၊ အဲဒီအဖြစ်နောက်မှာ ၊အဖေ လက်ညှိုးထိုး ပြောလာ မယ့် စကားလုံးတွေ ငါခံနိုင်ရည်မရှိတော့ဘူးကွ'

ပြောရင်းချစ်တဲ့စိတ်က နာကျင်လိုက်တက်လာသည်။

မျက်နှာကြောတင်းကာ အမြင့်သစ် မျက်ဝန်းအစုံ စိမ်းတောက် မှိုင်းညို့သွားပေမယ့် ရီဝေရွှန်းစိုနေသည်မှာချစ်တဲ့နှလုံးသားကြောင့်ပဲဖြစ် မည်ထင်သည်။

'ဒီကောင်မလေး ဘာကြောင့် ညာတယ်ထင်လဲ'

'ဒီလူကြီး ငတုံး ဆိုပြီး ဟားတိုက်ရယ်ပစ်ချင်လို့ ဖြစ်မှာပေါ့ကွ ဟုတ်တယ်။ ငါ့နှလုံးသားနဲ့ ငါ့အသိတရားကို လှောင်ပြောင်ချင်လို့ ညည်း ကလေးညာတာ၊ ငါဆိုတဲ့ကောင်က သူများညာမှန်းမသိ လှည့်စားမှန်းမသိ။နောက်ဆုံးတော့ အဖေလက်ညှိုးထိုးစရာဖြစ်လာမယ့် ဖာဟ်ကွက်၊ 'မှန်းမရ' ညည်းကြောင့် ငါ့ရင်ဘတ်တစ်ခုလုံး စုတ်ပြဲကုန်ပြီ ကွ တောက်'

တောက်ခတ်လိုက်တဲ့အသံ နောက်မှာ အမြင့်သစ် နှုတ်ခမ်းသား



တဆတ်ဆတ်တုန်ခါသွားရုံမက

မေးကြောများပါ တင်းကားလေပြီ။

'ဒီကောင်မလေး အဲလောက်ထိ လုပ်ရက်မလား အမြင့်'

'ဘာကွ'

အမြင့်သစ် ကိုယ်ဖျတ်ခနဲ ဝှဲစောင်း၍'မင်းသံ'ကိုပြန်ကြည့်သည်။ အကြည့်ချင်း တစ်မိနစ်နီးပါးကြာအောင် ဆုံသွားသည်။

ဆုံသွားသည့် အကြည့်ချင်း အဓိပ္ပါယ်မတူပေ။

'ဟုတ်တယ် မင်းအပေါ် .ဒီကောင်မလေး ညာရက်မှာမဟုတ် ဘူး၊ သူမသိသေးတဲ့ လို့ဝှက်ချက်မျိုးဖြစ်နိုင်သလို သိသိချည်းနဲ့ညာတာ ဆိုရင်'မင်း' ကိုညာချင်လို့မဟုတ်ဘူး၊ သူ့မှာလည်း အဲဒီလိုပိုင်ဆိုင်မှုတွေနဲ့ ပတ်သက်ပြီး နောက်ကြောင်း မအေးစရာတွေရှိလို့ပဲဖြစ်ရမယ်၊ ကိုယ် အဲသလို ထင်တယ်ကွ'

'တောက် ဘာပဲရှိရှိ၊ ငါ့ကို ပြောသင့်တယ်ကွ။ မပြောဘူးဆိုက တည်းက မယုံတာ။ မယုံကြည်တဲ့စိတ်က ငါ့မာနကို စော်ကားတာပဲ မင်းသံ' 'အမြင့်ရာ၊ မင်းစိတ်ကို တစ်ထစ်လျှော့လိုက်ကွာ'

'မင်းသံ'လက်ချောင်းတွေနဲ့ အမြင့်သစ်ပခုံးစွန်းကို ဆုပ်ကိုင် လျှက်ဖျောင်းဖျစကားဆိုသည်။

မှန်းမရမှာလည်း သူ့အကြောင်းနဲ့သူရှိမယ်လို့ မင်းသံ ထင် သည်။ မာနအထိ ခံရလို့တဆတ်ဆတ်နာကြင်နေသည့်သူငယ်ချင်းကို စိတ်ရှည် လက်ရှည်ဖျောင်းဖျနေခြင်းဖြစ်သည်။

အမြင့်သစ်ချက်ချင်းခေါင်းရမ်း၍

'မလျှော့နိုင်ဘူး မင်းသံ ငါ ကြီးကောင်ကြီးမားနဲ့ အညာခံလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတာ။ ညာရှံမက ငါ့နှလုံးသားကိုပါမြှုသွားတာ။ ငါ့မှာတော့ အဖေ ဆက်သွယ်လာရင် ရင်ကော့ပြောနိုင်လိမ့်မယ်လို့အားခဲထားတာ။အခုတော့ အဖေဆက်သွယ်လာရင် ငါ ဘယ်လိုမျက်နှာနဲ့ရင်ဆိုင်မလဲ၊ မင်းသံ ငါဘယ်လိုသတ္တိနဲ့ အဖေ့ရှေ့ရပ်ရမလဲ၊ အဲဒါတွေ တွေးရင်း ငါ့ရင်ဘတ် မီးတောက် နေတယ်ကွ'

မင်းသံ သက်မလေးလေး ချည်းချလိုက်သည်။

'အမြင်သစ်'ခံစားချက်တွေကိုလည်း နားလည်နေသည်။ ဒါကြောင့်ရှေ့ဆက်ဖျောင့်ဖျဖို့ စကားလုံးတွေ ရှားပါးသွားသည်။

အမြင်သစ် ပခုံးစွန်းကိုပဲ ဆုပ်ကိုင်ဖိညှစ်၍ အားပေးရတော့ သည်။

'ကဲပါကွာ ဒီကောင်မလေးကို ကိုယ်သွားတွေ့ပြီး မေးစမ်းပါ့မယ်'

'မမေးနဲ့'

မာထန်ပြတ်တောက်စွာ တားသည်က အမြင်သစ် မာနကို လုံးဝအထိပါး မခံနိုင်လို့ပဲ ဖြစ်သည်။

'မင်းသံ'စိတ်လျှော့ချကာ အမြင်သစ်ဆန္ဒအတိုင်း နာခံရတော့ သည်။ ဒီတော့မှ အမြင်သစ် မျက်နှာကြောတစ်ရစ် ပြယ်ကျသွားသည်။

'သွား ရေချိုးတော့ ဖိုးထောင် မင်းဆရာသမားရေချိုးဖို့ ပြင်ဆင် ပေးလိုက်'

အရိပ်အကဲနားလည်ကာ စကားပိုင်းထဲလုံးဝ ဝင်မပါဘဲ တိတ် တိတ်ဆိတ်ဆိတ်စောင့်စားနေတဲ့ ဖိုးထောင်။

'မင်းသံ' ပြောသည်နှင့် ခေါင်းလေးဆတ်ကာ ရေကျူးကန်ဆီ



ဖိုးထောင် သုတ်ခနဲ ဦးဆောင်သွားသည်။

ဖိုးထောင် နောက်က ခေါင်းငိုက်စိုက်ငိုက်စိုက်နဲ့ ရေကူးကန်ဆီ ခြေဦးလှည့်သွားတဲ့ အမြင်သစ်။

'မင်းသံ' မျက်တောင် မခတ်တမ်းကြည့်လျက် ခေါင်းတစ်ချက် ရမ်းကာ သက်မချသည်။

အမြင်

မင်းကလည်း မာနကြီး။

မင်းအဖေကလည်း မာနတံခွန်။

သားအဖချင်းမာနပြိုင်ပွဲမှာ မင်းအသည်းနှလုံးက တန်ဆာခံဖြစ် နေပါရော့လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ပူနွေးသော နေခြည်အောက်မှာ ဘောင်ခတ်ထားသော ရေကူးကန်တွင်းမှ ရေကြည်တို့လဲ့လဲ့စိမ်းစိမ်းဖြာလျက်ရှိသည်။

ရေမျက်နှာပြင်မှာ လှိုင်းရိပ်ရေးရေးလေးမျှပင် လှုပ်ခတ်ခြင်း မရှိအောင် တည်ငြိမ်လှပါသည်။

ရေကူးကန်ရေမျက်နှာပြင်နဲ့ အမြင်သစ်မျက်နှာပြင်က ဆန့်ကျင်ဘက်။

တကယ်ဆို ရေကူးကန်မျက်နှာပြင်လို စိမ်းဖြာကြည်လဲ့ကာ အမြင်သစ်နှလုံးသားတည်ငြိမ် နေဖို့လိုပါသည်။

ခုတော့ ထိုသို့မဟုတ်ပါ။

ဒီကောင်ကြီးနှလုံးသားတည်ငြိမ်လာအောင် ဘယ်လိုဖျောင်းဖျ လမ်းညွှန်ရမလဲ။

ပြတင်းပေါက်မှတဆင့် တည့်တည့်မြင်နေရတဲ့ ရေကူးကန်လေးကို ငေးကြည့်ရင်း 'မင်းသံ' တွေးနေမိသည်။





'မောင်'

'မင်းသံ'ခါးကြားချိတ်ထားသော လက်ကိုင်ဖုန်းမြည်သံ'မောင်' ဆိုတဲ့ အသံချွဲချွဲညက်ညက်ကလေး ပေါ်ထွက်လာသည်။

မင်းသံရဲ့ဖုန်းမြည်းသံတိုင်းက ချစ်ဇနီးခေါ်သံပဲဖြစ်သည်။ 'ကေသာ'ခေါ်နေကျ ချွဲနွဲ့နွဲ့ မောင်ဆိုတဲ့ တီးတိုးခေါ်သံ။

ထို့ကြောင့် မင်းသံရဲလက်ကိုင်ဖုန်းမြည်သံက ချစ်သူဇနီးခေါ်သံလေးနှင့် နှာဝင်ပီယံရှိစေသည်။

မောင် ဆိုတဲ့အသံလေးကြားသည်နှင့် မင်းသံ ရင်မှာကြည်နူးသွားသည်။ ညကပဲ ကေသာနဲ့သူ သမီးရည်စားတွေလို ချစ်စကားတွေပြောကြတာ ညနှစ်ချက်ထိုးအထိ။ ဝေးတော့လည်း ဇနီးချောကို ပိုလွမ်းသလို ခံစားရသည်။ ထို့ကြောင့် ချက်ချင်းပဲ ဖုန်းအိတ်လေးထဲက ဖုန်းကလေးကို ဆွဲထုတ်သည်။

ချစ်ဇနီးကေသာများ ခေါ်လေသလားဆိုတဲ့ ရင်ခုန်လှုပ်ရှားစိတ်နဲ့ပါ။

ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ဟာခနဲ့ဖြစ်သွားသည်၊ ကေသာ ဖုန်းနံပါတ်မဟုတ်ပါ။ ပြည်တွင်းဖုန်းဖြစ်သည်။ သူရောက်နေတာသိတဲ့ သူငယ်ချင်းတစ်ယောက်ယောက်ခေါ်တာပဲဖြစ်မည်ဟု ထင်သည်။ ထို့ကြောင့် ဖုန်းဖွင့်၍ နား နားကပ်ပြီး။

'ဟဲလို' ဟု ဖုန်းထူးလိုက်သည်။

'မင်းသံ' ငါပဲကွ'။

နားထဲ ဒိုင်းခနဲ့ဆောင့်ဝင်လာတဲ့ အသံပြတ်ကြောင့် 'မင်းသံ'တစ်ကိုယ်လုံးတုန်ခါမတတ်ဖြစ်သွား၏။ ထိုပြင် အံ့လည်းသြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအသံ ။

ဒီလိုမာတင်းတင်းနဲ့ ပြတ်တောင်းတောင်း ပြောသံက။

'ဟင်'

'မင်းသံ'မျက်လုံးအစုံပြူးသွားပါသည်။ ရင်ထဲမှာလည်း လှိုက်ခနဲဖြစ်ကာ လွှတ်ခနဲချက်ချင်း ရွတ်မိလျက်သားဖြစ်၏

' ဦးလေး'

'အေး ဟုတ်တယ် ငါပဲ'

'အမြင့်'အဖေ ဦးလေး ဦးကျော်ထက်ဖြစ်မှန်းသိရတော့ 'မင်းသံ'မျက်နှာပေါ် လှိုက်ခနဲ့ဝမ်းသာလုံး စို့တက်လာသည်။

ကြည့်စမ်း။

ဆယ်စုနှစ်တစ်ခုတိတိ အမြင်သစ်ကို အဆက်ဖြတ်ထားတဲ့ ဦးလေး။ အမြင်သစ် ဆက်သွယ်ရင် သူ့ကိုယ်သူသတ်သေပစ်မယ်လို့ ကြွေးကြော်ထားတဲ့ အဘိုးကြီး။

အခု မင်းသံဆီ ဆက်သွယ်လာပြီ။

ဦးလေး စတင်ဆက်သွယ်လာတာက အမြင်သစ် အတွက် ဖြစ်မှန်း'မင်းသံ'အားရဝမ်းသာ သဘောပေါက်သွားသည်။

'ဟာ ဦးလေး အခုဘယ်မှာလဲ၊ ဦးလေးကို ကျွန်တော်တွေ့ချင်တယ်၊ ပြီးတော့ ဦးလေးကို 'အမြင်'လည်း အရမ်းတွေ့ချင်နေတာဗျ'

'ဟေ့ကောင်း မင်းသံ ခွေးကောင် အကြောင်းမပြောနဲ့'

'ဗျာ'

အမြင်သစ်ကို ခွေးကောင်လို့ နာမ်စားသုံးလိုက်တဲ့ ဦးလေးစိတ်ကို မင်းသံ မအံ့သြဘဲ မနေနိုင်။





'အေး ခွေးကောင်ကို ငါလုံးဝခွင့်မလွှတ်ဘူး၊ ဒါပေမဲ့ ဒီကောင်ကို ငါတွေ့ချင်တယ်ကွ'

'ဗျာ'

'မင်းသံ' ပို၍ အံ့သြရသည်။

သားအရင်းခေါက်ခေါက်ကို 'ခွေး'ခေါ်ရုံမက ခွင့်မလွှတ်ဘူး လည်း ပြောသေးတယ်။ ဒါပေမဲ့ တွေ့ချင်တယ်လဲ ဆိုသေး။

ဦးလေး စိတ်မှန်သေးရဲ့လား ။

ခုဆို ဦးလေးအသက်က ခုနစ်ဆယ်ကျော်စ ရှိနေပြီး ပြောတဲ့ စကားတွေက ရှေ့နောက်မညီ။ သူငယ်ပြန်နေပြီလားဟု မင်းသံ ထင်မိပြန်သည်။

သူငယ်ပြန်တယ်လို့သတ်မှတ်ရအောင်လည်း ဦးလေးလေသံက အရင်လိုပဲ ဒေါနမောဟန်နဲ့ မာနေဆဲ။

မင်းသံ'ဗျာ'ခနဲ့ အံ့သြနေတာကို အဘိုးကြီး စိတ်ပျက်ဟန်တူသည်။

'ဟေ့ မင်းသံ တဗျာဗျာနဲ့ ဘာဖြစ်နေလဲ၊ 'ငါ'ပြောတာ ကြားလားကွ။'

'ကြား ကြားပါတယ် ဦးလေး '

'ကြားရင် ပြောလိုက်'

'ဟုတ်ကဲ့ ခုချက်ချင်း ပြောလိုက်ပါ့မယ်။ ဒါနဲ့ဦးလေး အခုဘယ်မှာလဲ'

' ဟင်။ ငါဘယ်မှာနေလဲ ဟုတ်လား'

'ဟိုလေ ဦးလေးက အဆက်အသွယ်ဖြတ်ထားတာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာရှိနေမှန်း တကယ်မသိလို့ပါ။'

မင်းသံ အံ့ဩတာတွေဘာတွေကို ဘေးချိတ်ပြီး အဘိုးကြီးကို အလိုက်သင့်ပြန်ပြောရသည်။ ပြီးတော့ သိချင်တာကို ခပ်လောလော မေးချသည်။

ထိုအခါ အဘိုးကြီး တင်းခနဲ ဖြစ်သွားဟန်တူသည်။

'တောက် ငါအိမ်မှာ ငါနေတာပေါ့ကွ'

'ဟုတ်ကဲ့'

' အေး 'ခွေးကောင်' ကို မြန်မြန်လာခိုင်း ဒါပဲ'

အဘိုးကြီးပြောပြီး ဒေါက်ခနဲ ဖုန်းချသွားသည်။

မင်းသံ မျက်လုံးဝင့်ကာ ပြုံးမိသွားသည်။ ဖုန်းကိုပိတ်ရင်း အနိုင်ကိုးသွင်းတဲ့ ဘောလုံးသမားလို ပတ်ပြေးချင်လောက်အောင် အားရ ဝမ်းသာဖြစ်ရသည်။

'သား'ကို 'ခွေးကောင်'လို့ခေါ်တဲ့အဖေမျိုး၊ ဒီအဘိုးကြီး တစ်ယောက်ပဲရှိမယ်ထင်သည်။

အင်း 'သား'ကို 'ခွေးကောင်'လို့ခေါ်တာ ဘာကြောင့်လဲ။

မချစ်လို့မှ မဟုတ်ဘဲ။

ဟုတ်တယ်။

မချစ်လို့မဟုတ်ဘူး။ ဟုတ်တယ်နော် ဦးလေး။

■ ■ ■



## အခန်း (၂၅)

ခြံဝင်းတံခါးအသင့်ဖွင့်ထားတာမြင်လျှင် အမြင်သစ် ရင်ဘတ် အပြည့်ဝမ်းသာသွားသည်။ စိမ်းပြာရောင်တောက်တောက် ဆေးသုတ် ထားတဲ့ အဖေရဲ့နှစ်ထပ်တိုက်က လွန်ခဲ့တဲ့ဆယ်နှစ်ကအတိုင်း ခန့်ခန့် ထည်ထည်ပဲဖြစ်သည်။

အဆက်ဖြတ်ထားတဲ့ဆယ်နှစ်အတွင်းမှာ အဖေဘယ်လိုများနေ ပါ့လဲ။ နေထိုင်ရောကောင်းရဲ့လား။

အဖေ ဆက်သွယ်လာပြီးဆိုတဲ့အသိနဲ့ ပြောမပြတတ်အောင် ဝမ်းသာသလို၊ အဖေ ကျန်းမာရေးအတွက် စိတ်ပူမိပြန်သည်။

ဝမ်းသာစိတ် ၊ပူပန်စိတ်နဲ့ အမြင်သစ် နှလုံးသား လှုပ်လှုပ် ရှားရှားဖြစ်နေသလောက် 'မင်းသံ'က ဝမ်းသာရိပ်နဲ့ တည်ငြိမ်နေပါသည်။

ပေါ်တီကို အောက်မှာကားလေးကိုငြိမ့်ခနဲ့ထိုးရပ်လိုက်သည်။ မင်းသံက ကားရပ်ပြီးသည်နှင့် အမြင်သစ်ကို ငဲ့ကြည့်ကာဆင်းလို့ မျက်စနဲ့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြင်သစ် မဆင်းရဲသလို ဆင်းချင်သလိုလိုနဲ့ ဝေခွဲမရဖြစ်ကာ ကားပေါ်မှာငြိမ်သက်နေသေးသည်။မင်းသံ ကားမောင်းသူနေရာမှ ဆင်းသည်။

' လာ အစ်ကို မင်းသံ'

စောင့်နေဟန်တူတဲ့'အဖေ'တပည့်ရင်း 'မောင်ဦး'။ အသင့်ဖွင့်ထားတဲ့ ဧည့်ခန်းတံခါးဝအထိ သွက်သွက်လေးပြေးထွက်လာရင်း ဖိတ်ခေါ်သည်။

မောင်ဦးနောက်မှာ အဖေ့လက်ရုံးနှစ်ဆူဖြစ်တဲ့ 'ကိုတာ' နဲ့ 'သက်နိုင်'ပါ အဆင့်သင့်ကြိုကြသည်။ မောင်ဦး၊ ကိုတာနဲ့ သက်နိုင်က အရင်လိုပဲ သွက်လက်ဖျက်လတ်နေပါသည်။

'ကိုမြင် လာလေ။'

သက်နိုင်က ပေါ်တီကိုအောက်အထိ ရောက်လာပြီး ကားတံခါး ဆွဲဖွင့်ပေးရင်း ဆိုသည်။ အမြင် ခေါင်းတစ်ချက်ဆတ်သည်။

စိတ်ကို တည်ငြိမ်အောင်ထိန်း၍ ကားပေါ်ကဆင်းရင်း

'အဖေ နေကောင်းလား သက်နိုင်'ဟု

စိတ်ပူပန်စွာ ဦးစွာမေးလိုက်သည်။

သက်နိုင် ချက်ချင်းမဖြေ။ ဖြေခွင့်မရှိလို့ ဖြေရကောင်းနိုး မကောင်းနိုးနဲ့ ဒွိဟဖြစ်နေသည်။ ကိုတာနဲ့ မောင်ဦးက သက်မချသည်။

သူတို့ဆရာသမားကြီးအကြောင်း သူတို့သိသည်။ ဆရာသမားက ဒါဆို သူတို့လည်း ဒါပဲဖြစ်ရသည်။

'ဟိုရောက်လာရင် ဘာမေးမေး မင်းတို့တစ်ယောက်မှ မဖြေနဲ့'လို့ အံတကြိတ်ကြိတ်နဲ့ တားမြစ်ထားသည်။

ဗျူး၁၇၆ပ



ဒါကြောင့် မပြောရဲပေ။ ကိုမြင် မျက်နှာပေါ်က ပူပန်မှုတွေ မြင်ရတော့လည်းပြောချင်တာ ပါးစပ်ယားနေသည်။

'မင်းသံ'က 'ကိုတာ'တို့မျက်နှာပေါ်ကစကားလုံးတွေကိုဖတ်တတ်ပါသည်။ ထို့ကြောင့် အမြင်သစ်ကို မော့မော့လေးပြောလိုက်သည်။

ဦးလေးနဲ့တွေ့ခွင့်ရတော့မှာပဲကွာ မင်းအဖေအသံက အရင်လိုပဲ ဒေါင်ဒေါင်မြည်။ ကျန်းမာနေတဲ့အသံပါကွာ။

'ဟုတ်တယ် ကိုမြင် ဆရာကြီးအကြောင်း'ကိုမြင်'သိတာပဲ ကျွန်တော်တို့ဘာမှပြောခွင့်မရှိဘူး။ လာဝင်ဗျာ။ ဆရာကြီးကိုသွားပြောလိုက်ဦးမယ် ကိုမြင်ရောက်နေပြီလို့။'

'လာ ကိုမြင်'

မောင်ဦးနဲ့သက်နိုင် ပြိုင်တူလိုလိုထပ်ဆင့်ခေါ်သည်။'မင်းသံ'က လည်းမျက်ရိပ်နဲ့ထပ်ပြောပြန်တာကြောင့် အမြင်သစ် သက်မချသည်။

ပြီးတော့ခေါင်းတစ်ချက်ဆတ်သည်။

မင်းသံဦးဆောင်ဝင်သွားတဲ့နောက်က ခြေလှမ်းလေးလေးဖြင့် ဧည့်ခန်းထဲလိုက်ဝင်သည်။ဧည့်ခန်းကတော့အရင်လိုပဲ ဆိုဖာဆက်တီတွေနဲ့ ခမ်းနားနေသည်။ဆိုဖာပေါ်မထိုင်သေးဘဲဧည့်ခန်းနံရံကိုစေ့စေ့ကြည့်သည်။ ဧည့်ခန်းနံရံတွေမှာချိတ်ထားတဲ့တောတောင်ရှုခင်းပုံပန်းချီကားတွေက အရင်ထက်ပို၍များလာသည်။

အဖေ့စိတ်က အရင်ထက်စိမ်းရင့်နေပုံရသည်။

တောတောင်ရှုခင်းပန်းချီကားတွေက အရင်လိုသဘာဝကျကျ အစိမ်းရောင်မျိုးတွေမဟုတ်။ သဘာဝထက်လွန်ကဲစွာ ပို၍စိမ်းမှောင်သော ပန်းချီကားအသစ်တွေပါ ဖြည့်စွက် ချိတ်ဆွဲထားလေသည်။

ဗျူး၁၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



အမြင်သစ်ကို အစိမ်းချည်း အဆက်ပြတ်သလို ပန်းချီကားတွေကိုလည်း အစိမ်းမှောင်အရောင်တွေနဲ့ ညှော်ခန်းကိုမွမ်းမံ လိုက်တာ၊ ဘာကြောင့်လဲ အဖေ။

'ခွေးကောင်ရောက်ရင် ငါ့ရှေ့လာခိုင်း'

ကိုတာ အကြောင်းကြားသည့်နှင့် အဖေအသံ ဟိန်းခနဲ ပေါ်ထွက်လာသည်။ အဖေ့အသံက လွန်ခဲ့တဲ့ဆယ်နှစ်က အတိုင်းမာတင်းဆဲဖြစ်သည်။

အမြင်သစ်ကို ခွေးကောင် တဲ့။

ခွေးကောင်လို့ခေါ်တာ နားနဲ့ဆတ်ဆတ်ကြားရပေမယ့် ရင်ထဲ မနာနိုင်ပါ။

အမြင်သစ်က ခွေးအလွန်ချစ်သည်။ အဖေကလည်းခွေးချစ်သည်။ အဖေနည်းတူတိရစ္ဆာန်ထဲမှာ ခွေးကိုချစ်ပုံချင်းတူနေသည့်အတွက် အမြင်သစ် ခပ်ငယ်ငယ်တုန်းကဆို အဖေက

'ခွေးကလေး'ဟု တစ်ခါတစ်ရံချစ်စနိုးခေါ်တတ်သည်။

အခုလည်းချစ်လို့ခေါ်တာဟု အမြင်သစ်နားလည်ခံစားမိသည်။

မင်းသံက အဓိပ္ပါယ်ပါပါကြည့်သည်။ မင်းသံနည်းတူ သက်နိုင်နှင့်မောင်ဦးလည်း ကြည့်သည်။ ကိုတာက ညှော်ခန်းအတွင်းဘက်ကျကျမှာရှိသောအဖေ့အိပ်ခန်းတံခါးချပ်ဖွင့်ကာ ညှော်ခန်းထဲပြန်ထွက်လာပြီး ပြောသည်။

'အိပ်ခန်းမှာဆရာကြီးစောင့်နေတယ် ကိုမြင်'ဟုဆိုသည်။

အမြင်သစ်ဘယ်သူ့မျက်လုံးကိုတွေ့ကိုမှ ရင်ဆိုင်မကြည့်တော့ပါ။ ညှော်ခန်းအလယ်တောင့်တောင့်ချည်းရပ်နေမိရာမှ မျက်တောင်တစ်ချက်



ခတ်လျက်ခေါင်းတစ်ချက်ဆတ်သည်။

အဖေနဲ့ထိပ်တိုက်ရင်ဆိုင်ရတော့မယ့်အရေးက'အမြင်သစ်'နှလုံးသားအတွက်ပန်းခင်းလမ်းလော။

ချောက်ကမ်းပါးလော။

အမြင်သစ် မှန်းစ၍မရနိုင်ပေ။

သို့သော်လည်း 'အဖေ'ရင်ခွင်ထဲဝင်ခွင့်ရပါစေဆိုတဲ့ ဆုတောင်းနဲ့စိတ်နှလုံးတည်ငြိမ်အောင်ထိန်းကာ အဖေ့အိပ်ခန်းဆီ တစ်လှမ်းချင်းရွှေ့ခဲ့သည်။

စေ့ပိတ်ထားတဲ့ အနက်ရောင်မှန်ချပ်တံခါးရှေ့မှာ အမြင်သစ် မတ်မတ်ရပ်လိုက်သည်။ ထိုမှန်တံခါးရဲ့အတွင်းဘက်မှာအဖေ ဘယ်လိုပုံစံနဲ့ရှိနေမလဲ။

သားဖကြား မှန်ချပ်တံခါးရှက်သာခြားနေတဲ့အဖြစ်။

'မင်းသံ' နဲ့အတူ 'ကိုတာ'တို့အားလုံး စိတ်လှုပ်ရှားစွာငေးခနဲ့ ကြည့်နေသည်ကငြိမ်သက်စွာပဲဖြစ်သည်။

■ ■ ■

ငွေရောင်လက်ကိုင်ဘုလေးကိုဆုပ်ကိုင်၍မှန်တံခါးချပ်ကိုအသံမမြည်အောင် အမြင်သစ် ဖြည်းဖြည်းသာသာ ဖွင့်သည်။

လေသံရှုပ်ခနဲ့ လှုပ်ရှားသွားလျှင်'အမြင်သစ်'ရင်ခုန်သံမြန်သွားသည်။ သုံးချိုးတစ်ချိုးပွင့်ဟသွားတဲ့တံခါးနောက်မှ အဖေ့အိပ်ခန်းထဲခြေလှမ်းစသွင်းလိုက်လျှင် အမြင်သစ် တစ်ကိုယ်လုံးစိမ့်ခနဲ့ အေးခဲသွားသလိုဖြစ်သည်။

အကြောင်းက အဖြူရောင်စွတ်စွတ် ခင်းကျင်းထားတဲ့ အိပ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းနှင့်တည့်တည့်ဖွင့်ထားတဲ့ ပြတင်းပေါက်ကိုကျောပေးကာ တံခါးချပ်နဲ့မျက်နှာချင်းဆိုင် ရပ်နေတဲ့အဖေ။ ရပ်လျက်နှင့် အမြင်သစ်ကို စိမ်းခက်သောမျက်ဝန်းအစုံဖြင့်ဦးစွာစိုက်ကြည့်နေသောကြောင့်ဖြစ်သည်။

'အဖေ'

အမြင်သစ်ရင်ထဲမှ တမ်းတမက်မောစွာ၊ ဝမ်းနည်းထိခိုက်စွာ လှိုက်လှိုက်တုန်တုန်ခေါ်မိ၏။ ခေါ်သံကအဖျားတုန်ခါနေမှန်း အမြင်သစ်သိနှင့်သည်။

ခေါ်သံနောက်မှာ 'အဖေ' မျက်နှာချက်ချင်းတင်းပြောင်လာသည်။ မျက်ဝန်းအကြည့်ပို၍ စူးရှစိမ်းသက်လေပြီ၊ အံတင်းတင်း ဖိကြိတ်လိုက်သည်။

အဖေ ရယ်။ အမြင်သစ် ဟန်မဆောင်နိုင်တော့ပါ။

လက်နှစ်ဖက်ခါးထောက်တော့မယ့်ယောင်ယောင်ဖြစ်လျက်၊ မတ်မတ်ဆန့်ဆန့်ကိုယ်တောင့်ကာ ခပ်မော့မော့ရပ်နေတဲ့ အဖေကို အမြင်သစ်ဝင်ဖက်မိသွားသည်။

အဖေ့ကိုယ်သည် ခွင့်မလွှတ်နိုင်တဲ့ မာနနဲ့အေးခဲနေလေသည်။

လွန်ခဲ့တဲ့ဆယ်နှစ်ကပြည့်ဖြိုးနေခဲ့တဲ့အဖေ့ ကိုယ်က ၊ထက်ဝက်နီးပါးချုံ့ကျနေသလို အသားအရည်ပျော့ဖတ်တွဲအိနေကာ အရေးအကြောင်းတို့ ပေါ်ကြွလျက်ဖြစ်သည်။

ခန့်ထည်နေသော အဖေ့နှုတ်ခမ်းမွေးနှစ်ဖက် စွတ်စွတ်ဖြူနေသည်မှာခပ်ကျဲကျဲခပ်ပါးပါးဖြစ်ကုန်သည့် အဖေ့ဆံပင်အရောင်နဲ့တစ်သားတည်းပြောင်းလဲနေသည်။

အဖေမှာ သိသိသာသာမပြောင်းလဲတာက အဖေ့အသံ၊ စိမ်း





သက်သောအဖေ့မျက်ဝန်းနဲ့ မာန်ဖီနေသော အဖေ့ကိုယ်ဟန်ပဲ ဖြစ်သည်။

အပြောင်းလဲချည်းပြောင်းလဲသွားတဲ့အဖေ့ ကိုယ်ခန္ဓာကိုပွေ့ဖက်ထားရင်း 'အမြင်သစ်' နှလုံးသားမှဝမ်းနည်းမြစ်တို့ အရှိန်ပြင်းစွာစီးဖြာလာ

သည့်အလား။

'အဖေရယ်၊ အဖေ ကျွန်တော့်အပေါ် အဲလောက်နာကြည်းသွားလား အဖေ'

ဝမ်းနည်းတုန်ခါနေသော အမြင်သစ်အသံနောက်မှာ ၊'အဖေ' ကိုယ်ကတုန့်ပြန့်ခြင်းကင်းမဲ့ကာ။

'မင်း ငါ့ကိုဘာမှထပ်မမေးနဲ့'

'အဖေ'

လှိုက်လှိုက်လှဲလှဲခေါ်၍တင်းအောင်ပွေ့ဖက်လာတဲ့အမြင်သစ်လက်နှစ်ဖက်ကို'ဦးကျော်ထက်' ဖတ်ခနဲဖြုတ်ချသည်။ ထို့နောက်အမြင်သစ်ကိုတစ်ပတ်ပတ်ကာမာမာထန်ထန်စိုက်ကြည့်လျက်

'ဒီမှာ အမြင် မင်းဝမ်းနည်းရတာက ငါအံကြိတ်သလောက်ပဲရှိသေးတယ်ကွ'

'အဖေရယ်'

မမြင်သစ်မျက်ဝန်းထောင့်မှာ ဝမ်းနည်းခြင်းတို့အရည်ပျော်စုဝေးနေသည်မှာပြိုကျလုလုဖြစ်သည်။

ထို့နောက် အမြင်သစ်ရှေ့ရင်ကော့ရပ်ပြီး အံကြိတ်လျက်အဖေဆက်ပြောပြန်၏။

'အေး။ ငါမင်းကိုပြန်ခေါ်တာ၊ မင်းမျက်ရည်တစမ်းစမ်း အပီလီ



www.burmeseclassic.com

www.burmeseclassic.com



အပလာစကားနဲ့နူးနှပ်ပြောမယ့် စကားကိုနားဆင်ဖို့မဟုတ်ဘူး။ ငါ မသေခင် မှာ မင်း ငါ့ကို ဘာတစ်ခုပေးနိုင်မလဲ၊ မင်းပြော ကြည့်စမ်း'

အမြင့်သစ် အဖေ့ကို မကြည့်ရဲတော့ပါ။

မျက်လွှာချလိုက်လျှင် ပြိုကျလုလုမျက်ရည်ကြည်က မျက်ဝန်း ထောင့်စွန်းတစ်ဖက်မှ အလုံးလိုက်အိ၍လျှောကျ၏။

အဖေဘာကိုရည်ရွယ်မှန်း အမြင့်သစ်သိနေပါသည်။

'မင်းကိုငါမချိန်းခြောက်ဘူး၊ အတင်းအကျပ်လည်းမတောင်းဆို ဘူး။ ငါ့ကိုယ်ထဲကအစိတ်အပိုင်းအသီးသီးက ရောဂါတွေနဲ့ကွ။ မင်းကို အဆက်ဖြတ်တဲ့နေ့ကတည်းက ငါ့မှာရောဂါတစ်ခုပြီးတစ်ခုဝင်နေခဲ့တယ်။ ဒီရောဂါဒဏ်ကို ငါအချိန်ဘယ်လောက်မှခံနိုင်ရည်ရှိတော့မှာ မဟုတ်ဘူး'။

'အဖေ'

'အမြင့်သစ်'ရင်ဘတ်တစ်ခုလုံး ဝမ်းနည်းလှိုင်းတွေ ရိုက်ခတ် လာလျှင်'အမြင့်သစ်'ကိုယ်ကို'အမြင့်သစ်'ထိန်းနိုင်တဲ့စွမ်းအားမရှိတော့ပါ။

အဖေ့ရှေ့ ဒူးထောက်လျက်သားပြိုကျသွားသလို ဆန့်ဆန့်ချည် အားတင်းရပ်နေတဲ့အဖေ့ ခြေသလုံးကိုပွေ့ဖက်လိုက်သည်။

'အဖေ ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ အဖေ့အပေါ် ကျွန်တော် မာနတွေတလွဲထားခဲ့မိတယ်၊ အဖေဆန္ဒကို ဆန့်ကျင်ခဲ့တဲ့ အတွက် ကျွန်တော့ နှလုံးသားလည်း မငြိမ်းချမ်းခဲ့ပါဘူးအဖေရယ်၊ ဒါပေမဲ့ အဖေ ကျွန်တော်ကို နားလည်ပေးပါ။ အဖေရင်ခွင်ထဲမှာ နေခွင့်ပေးပါ၊ အဖေကို ပြုစုခွင့်ပေးပါ အဖေ။

အသောမတတ် ယိုစီးနေတဲ့ဝမ်းနည်းခြင်းတွေကြားမှာ ၊တတွတ် တွတ်ခယပြောနေရှာတဲ့သားဖြစ်သူရဲ့ဝေဒနာအတွက် ဦးကျော်ထက် စိတ်





အာရုံခေတ္တမျောပါသွားသည်။

သားကိုငုံ့ကြည့်ရင်း၊ အေးခဲနေတဲ့ မာနမျက်ဝန်းစိမ်းကား အရောင်လျှော့လာသလိုဖြစ်၏။

'အဖေ အသိအမှတ်ပြုလာဖို့ ၊စက္ကန့်မလပ် ကျွန်တော်ကြိုးစား ရှန်းကန်ခဲ့တာပါအဖေရယ်။ အဖေအတွက် ကျွန်တော်ဘယ်တုန်းကမှ ခေါင်းခါခဲ့တာ မဟုတ်ဘူး၊ အဲဒီတစ်ခါလေးပါ အဖေ'

'တော်တော့ ပြီးခဲ့တာကို စမြုပ်ပျံမနေနဲ့၊ အခု မင်းငါ့ကို ဘာပေးနိုင်မလဲ အမြင့်'

မျက်ရည်များ ပြည့်ဝိုင်းနေတဲ့ မျက်ဝန်းနဲ့'အမြင့်သစ်' အဖေ့ကို မော့ကြည့်လိုက်ပြီး။

'အဖေခွင့်လွှတ်မယ် ဆိုရင်'

'နေဦး'

သားဖြစ်သူကို ငုံ့မကြည့်ဘဲ ဦးကျော်ထက် လက်တစ်ဖက်ခါ၊ ထောက်၍ မျက်နှာမော့ပြီးပြောသည်။

'မင်းကို ငါအရှင်းဆုံးပြောမယ်ကွာ။ မင်းငြင်းခဲ့တဲ့အဖြစ်က ငါဟာ တစ်ပါးသူကိုပေးပြီးတဲ့ကတိကြီးပျက်ခဲ့တယ်။ အဲဒီကတိပျက်တာ ချည်းက အရွယ်မရောက်သေးတဲ့ကလေးမလေးဘဝကို သိပ်ပြီးအကျည်း တန်စေခဲ့တယ်ကွ။ မင်းကြောင့် ရလာတဲ့ရောဂါတွေကြောင့် အဲဒီ ကလေးမ ကိုစောင့်ရှောက်ဖို့ ငါ့ဘက်က ပျက်ကွက်ခဲ့တယ်။ ခုဆို ဒီကလေးမဘဝ သိပ်ကို အားကိုးရာမဲ့ဖြစ်နေတယ်၊ အားကိုးရာမဲ့ရုံမက အန္တရာယ် တွေလည်းဝိုင်းနေတယ်။ ခုချိန်မှာ အရွယ်ရောက်နေပြီးဖြစ်တဲ့ ဒီကလေးမ ဟာ၊ အားကိုးရာမဲ့ရုံမက အန္တရာယ်တွေလည်း ဝိုင်းနေတယ်။ ရှေ့ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးမဘဝ ဘယ်လောက်ဆိုးနေမလဲ အမြင်၊ မင်း တစ်ဆိတ် စဉ်းစားကြည့်ကွာ။'

အဖေ့ ခြေနှစ်ဖက်ကို တင်းနေအောင်တိုးဖက်ကာ ၊အမြင်သစ် နှလုံးသား ဖြုတ်ခနဲကြွေကျတော့မတတ် ထိထိရှရှငိုကြွေးမိ၏။

'အဖေ' ပြန်ဆက်သွယ်တာ ၊ထိုကလေးမကြောင့်လား။

အဲဒါဆိုရင် အမြင်သစ်နှလုံးသားပိုပြီးကြေကွဲစေဖို့ဖြစ်မှာသေချာ သွားပြီ။ထိုစဉ်ကအမြင်သစ်နှလုံးသားက ဘယ်မိန်းကလေးကိုမှမချစ်တတ် သေးပါ။

အခု နှလုံးသားမှာ အချစ်ရှိနေပါပြီ။

မှန်းမရဆိုတဲ့ကောင်မလေးကိုချစ်တတ်နေပြီ။

ဒါတွေကို အဖေနားလည်အောင် ဘယ်လိုပြောပြရမလဲ။အဖေ့ ခြေကိုဖက်လျက်သားနဲ့မျက်နှာလေးမော့ကာ အယူခံဝင်လိုတဲ့မျက်လုံးနှင့် ကြည့်ပြီး

'အဖေ'လို့ အားကိုးတကြီးခေါ်မိသည်။

ဒီတစ်ခါ အဖေ ငုံ့ကြည့်ပါသည်။

သားအဖချင်း အကြည့်ချင်းဆုံအတွေ့မှာ 'အဖေ' မျက်ဝန်း မှာလဲ ကြည်လဲ့တဲ့မျက်ရည်စ တစ်ချို့မြင်ရသည်။

'ဒီမှာ အမြင် မင်းဟာ ငါ့လိုပဲ မာနကြီးတဲ့ကောင်လားဟင်'

အမြင်သစ်နှုတ်ခမ်းလေးစေ့ကာ ခေါင်းတစ်ချက်ဆတ်မိသွား သည်။ ထိုအခါ အဖေ့နှုတ်ခမ်း မဲ့ခနဲ တွန့်ကွေးသွားပြီး

'ဘာ မာနလဲ မင်းကြွေးကြော်တဲ့ ယောကျ်ားမာနဆိုတာ ဘာ လဲ'



'အဖေရယ်'

အမြင်သစ်တီးတိုးရွတ်၏။အဖေက တည့်တည့်ငုံ့ကြည့်နေရာမှ ဆက်ပြော၏။

'အေး။ ယောကျ်ားမာနဆိုတာ ကိုယ့်ဘဝကို ကိုယ်ခွန် ကိုယ့် အား အပြည့်နဲ့ ရှင်သန်ရပ်တည်နိုင်ဖို့ကြိုးစားခြင်းကွ။ နောက်တစ်မျိုးပြော ရရင် ကိုယ့်အိမ်ထောင်ဖက်ကို ကိုယ် ကိုယ်တိုင်ဦးဆောင်အုပ်ချုပ်နိုင်မယ့် နူးညံ့သိမ်မွေ့တဲ့နှလုံးသားစွမ်းရည်ပဲ။ မိန်းမထဘီနားခိုစားမယ့် စိတ်မရှိရင် အဲဒီယောကျ်ားဟာ ယောကျ်ားမာနအပြည့်နဲ့ ရှင်သန်တဲ့ကောင်ပဲကွ နား လည်လား။ ဟိုကလေးမမှာ အဖိုးတန်စိန်တွေရှိတာနဲ့ မင်းရဲ့ ယောကျ်ား မာနနဲ့ ဘာပတ်သက်လဲ အမြင်။'

အဖေ ဒက်ခနဲ မေးရင်း ကိုယ်ကိုကိုင်းကာ အမြင်သစ်ပခုံးနှစ် ဖက်ကို ဆုပ်ကိုင်ဆွဲထူသည်။

အဖေလက်ထဲ အမြင်သစ် အလိုက်သင့် ပါလာသည်။

အဖေကို တစ်ခုခုပြန်ပြောဖို့ သေသပ်လှပတဲ့စကားလုံးတွေ အဆင်သင့်ရှိမနေပါ။ ထို့ကြောင့် အမြင်သစ်ပြန်မချေပနိုင်။

မျက်နှာချင်းဆိုင်ယှဉ်ရပ်မိလျှင် အမြင်သစ်ခေါင်းငုံ့ချကာ ၊ဘေး မှဆန့်ချထားတဲ့လက်နှစ်ဖက်က လက်ချောင်းတွေကို တင်းနေအောင်ဆုပ် ထားမိ၏။ အဖေကတော့ ဆက်ပြောနေဆဲ။

'ကတိပေးပြီးတဲ့အတိုင်း မင်းနဲ့ကလေးမကို အဖေနေရာချဖို့ စီစဉ်တာဟာ ဒီကလေးမပိုင်တဲ့စိန်တွေနဲ့ ဘာမှမဆိုင်ဘူး။ အဖေမှာလည်း မင်းတစ်ဦးတည်းဆက်ခံခွင့်ရမယ့် အဖိုးတန်စိန်သာမက၊ အတွင်းပစ္စည်း ရတနာမျိုးစုံရှိတယ်။ အဖေ သူငယ်ချင်းမဆီမှာ အဖေကိုယ်တိုင်ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်အပြည့်နဲ့ အဲဒီကလေးမတစ်ကိုယ်လုံးကို စိန်စီပြီး၊ သားအတွက် တင်တောင်းခဲ့တာကွ'

အမြင်သစ် သက်မလေး ချမိသွားသည်။

'ဘယ်မှာလဲ သားရဲ့ ယောက်ျားမာနကို ထိပါးစေမယ့်အဖြစ်၊ ဒီမှာသား သားကို ဒီကလေးမ တစ်သက်လုံး လက်ညှိုးထိုးလို့ မရဘူး။ လက်ညှိုးထိုးဖို့လည်း ဒီကလေးရဲ့ဗီဇစိတ်က ပေါက်လွှတ်ပဲစား အတန်းစားထဲက မဟုတ်ဘူး အမြင်၊ ဆွေသန့်မျိုးသန့်ထဲက စိတ်ဓာတ် နူးညံ့သိမ်မွေ့တဲ့ မိန်းကလေး။ ဒါကြောင့် အဖေနဲ့ အမေ့ သူငယ်ချင်းမ ယုံယုံကြည်ကြည်စီစဉ်တာကွ။အမေ့အစီစဉ်ကို နားမလည်းဘဲနဲ့ မဆီမဆိုင် ယောက်ျားမာနကို ခုတုံးလုပ်ပြီး အမေ့ကို ကလန်တာ အဖေရင် အနာဆုံးပဲ အမြင်'

အမြင်သစ် ဟစ်ကြွေးခဲ့တဲ့ ယောက်ျားမာနက အမေ့အတွက် မှားနေတယ်လို့ ဆိုလိုချင်တာလား။

အမြင်သစ် အမေ့ဆီမှ အကြည့်လွှဲမိသွားသည်။အဖေက စွတ် စွတ်ဖြူနေတဲ့မွေ့ရာပေါ်ကိုယ်ကို အိခနဲ့ ထိုင်ချသည်။

ခေါင်းပါငုံ့ချထားမိတဲ့ အမြင်သစ်ကို 'အဖေ'ခပ်မော့မော့ကြည့် လျက်

'အဲဒါကြောင့် မင်းကို ငါအဆက်ဖြတ်ပစ်တာ၊ ငါအဆက်ဖြတ် ရင် မင်းငါ့ဆန္ဒကို ခေါင်းညိတ်လက်ခံမယ်လို့ ငါထင်တာ၊ တကယ်တော့ မင်းက ငါ့ဆန္ဒကို ခေါင်းမညိတ်ဘူး၊ ငြင်းပယ်ဖို့ပဲ အယူခံဝင်နေတာ'ငါ့ အမုန်းဆုံးပဲ'

'အမြင်သစ်' ရင်ဘတ်က အသက်ရှူသံမြန်ကာ ၊မို့မောက်ရှိ





ကြွလာသည်။

ခုလောလောဆယ် အဖေရင်ထဲရှိသမျှ ပြောပါစေတော့။ ဆယ်နှစ်တင်းတင်းအောင့်ထားတဲ့စကားလုံးတွေ ကုန်အောင်ပြောပါလေ။

အဖေပြောပြီးမှ အမြင်သစ် ခံစားချက်ကို ထုတ်ပြောမယ်လို့ ဆုံးဖြတ်ထားသည်။

အဖေက ထိုင်ရာမှ ဆတ်ခနဲ ပြန်ထသည်။

နောက်လှန်သိမ်းဖြီးထားသောကြောင့် ရှင်းလင်းပေါ်လွင်နေသော အမြင်သစ်မျက်နှာအစိတ်အပိုင်းအသီးသီးကို အဖေအသေးစိတ်ကြည့် သည်။

မဟာနဖူးပြေပြေ ထူထဲစိမ်းညို့ပြီး၊ ထိစပ်လုမတတ် သန်စွမ်း သော မျက်ခုံးနှစ်သွယ်။

တိုစိပ်နေသော မျက်တောင်ညိုများဝိုင်းရံထားသည့်သွယ်ဝန်း သော မျက်ဝန်းအစုံ ၊ ပြာနက်သော မျက်ဆန်ကြောင့် တောက်ပကြည်ရှင် သော အကြည့်။

တစ်ဖြောင့်တည်းဆင်းသွယ်ကာ အဖျားမှာကော့ခြင်း ၊ပွခြင်းမ ရှိပေါ်လွင်သောနှာတံအောက်မှ အထူအပါးညီညီ ထောင့်ချိုးပေါ်ကာ ပိရိသေသပ်သော နှုတ်ခမ်းအစုံ။

သွယ်သယောင်ရှိသောမေးဖျားနှင့် တည်ကြည်ခန့်ညားသော မျက်နှာထားပိုင်ရှင်။ ထိုမျှသာမကသေးပါ။

လည်တိုင်ရှည်ကာ ရင်အုံကျယ်၍ ကျစ်လစ်ပြည့်ဖြိုးသောကိုယ် က၊ တောင့်မတ်မြင့်စွင့်သောအရပ်နဲ့ လိုက်ဖက်လျက်။

အားကောင်းမောင်းသန် ဖျတ်လတ်သန်စွမ်းသော ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အသွင်အပြည့်ဆောင်သည့် အမြင်သစ်ကို ခြေဆုံးခေါင်းဖျား စုန်ဆန်ကြည့်သည်။

အဖြူခံပေါ် ၊အပြာရောင်ကန့်လန့်စင်းနှစ်ကြောင်းပါတဲ့ တီရှပ် လက်တိုနဲ့ စတိုင်ပင်နီအဖြူစွတ်စွတ်ကို စမတ်ကျကျဝတ်ထားတဲ့'အမြင် သစ်'ကိုယ်က 'အဖေ့' အကြည့်အောက်မှာ သေးကြုတ်သွားသလို ခံစားလိုက်ရသည်။

ထိုအခါမျက်လွှာချလိုက်တဲ့ 'အမြင်သစ်' ခေါင်းငုံ့ကျသလို ဖြစ်သွားသည်။ အဖေက ခေါင်းရင်းစားပွဲပေါ် လက်တစ်ဖက် ထောက်ရပ် ပြီး အမြင်သစ်ကို တည့်တည့်ကြည့်သည်။

ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်၍ ဆက်ပြော၏။

'အေး ငါ မုန်းပေမယ့် မင်းက ငါ့ကိုယ်ငါသတ်သေပစ်မှာကို မခံစားနိုင်ဘူးဆိုတော့ မင်းခေါင်းငုံ့တောင်းပန်ပြီး ငါ့ဆန္ဒကို လက်ခံမယ့် အချိန်ကို ငါစောင့်စားနေခဲ့တယ်ကွ မင်းက ငါ့ဆန္ဒကို ခုချိန်ထိ လက်ခံဖို့'

'အဖေ'

'အမြင်သစ်'မရဲတရဲ ခေါင်းမော့ခေါ်လျှင် အဖေလက်တစ်ဖက် ထောင်မကာ လက်ညှိုးတစ်ရမ်းရမ်းနဲ့ ပြောသည်။

'ငါ့စကား မဆုံးသေးဘူး အမြင်၊ မင်းက ငါ့ဆန္ဒကို ဆယ်စုနှစ် တစ်ခုလုံးလုံးဆန့်ကျင်နေခဲ့တယ်၊ ခုချိန်မှာ ငါ့ကိုယ်ငါသေပစ်ချင်တယ်ကွ ငါ့ရောဂါတွေကြောင့် ငါသေပစ်ချင်တယ်'

ပြတ်သားလှတဲ့ အဖေစကားလုံးတွေနောက်မှာ အမြင်သစ် မျက်ဝန်းမှ မျက်ရည်တို့စိမ့်ထွက်လာပြန်သည်။

ပါးပေါ် ဒေါင်လိုက်လိမ့်ဆင်းလာတဲ့ 'အမြင်သစ်'မျက်ရည်ကို





လက်မောင်းနဲ့ပွတ်သုတ်၏။

'ဒါပေမဲ့ ငါမသေခင် ငါ့ဆန္ဒကို မင်းနာခံစေချင်တယ်၊ မင်းရဲ့ တလွဲမာနကို မင်းမြင်တတ်အောင် ငါပြောပြချင်တယ်။ဒါကြောင့် မင်းကို ငါဆက်သွယ်လိုက်တာအမြင်။ မင်း ငြင်းဆန်တဲ့စကားတစ်လုံးဟာ ငါ့ရင် ဘတ်နာကြင်စေတယ်။ ငါ့သူငယ်ချင်းမ ရတက်မအေးဘဲသေသွားရရှာ တယ်။ ကလေးမလေးဘဝလည်း အညတြမိန်းမနှိပ်စက်ကလူတာခံရရှာ တယ်။ အဲဒီအတွက် မင်းလည်းစိတ်ချမ်းသာစရာနဲ့ ရင်ဆိုင်ရလို့လား ဟင် အမြင်။ အဖေ့ကို ပြန်ပြောစမ်းပါ။ အဖေတို့ စိတ်မချမ်းသာသလို သားဘဝနဲ့နှလုံးသားကော ကြည်နူးသာယာခဲ့လို့လား'

အဖေ အံတင်းတင်းကြိတ်၍ ဝမ်းနည်းအက်ကွဲသံနဲ့ ဖိမေးလာ သည်။

အမြင်သစ်ခေါင်းတစ်ချက်ရမ်းမိသွားလျှင် မျက်ရည်စတွေလွင့် ခနဲ့ ကျသွားသည်က အမှန်အတိုင်းဝန်ခံလိုက်သည့်နှယ်။

'သား'

ရင်ထဲက ချစ်ခင်လှိုက်လှဲသံအပြည့်ဖြင့် အဖေခေါ်ပြီး အမြင် သစ်လက်မောင်းကို ဆုပ်ကိုင်လာသည်။ထိုအခါ အမြင်သစ် တစ်ကိုယ် လုံးနွေးတမြမြ ခံစားရလေသည်။

'သား 'သား'ကို 'သား'တစ်ယောက်လို အဖေ ပြန်ချစ်ချင်တယ်၊ အဖေ မသေခင် သားလက်တစ်ဖက်ကို အဖေဆုပ်ကိုင်သွားချင်တယ်၊သား အပင်ပန်းခံကြိုးစားထားတဲ့ပညာနဲ့ အဖေ့ရင်ဘတ်ကို သားကိုယ်တိုင် နားကြပ်လေးထောက်စမ်းသပ်ပြီး၊ သားဆေးကုသမှုကို အဖေ မသေခင် ခံစားချင်တာ ၊အဖေရဲ့ နောက်ဆုံးဆန္ဒပါ သားရယ်။ အဖေ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးဆန္ဒကို သားဖြည့်ပေးနိုင်မလား သား ဟင်။'

အမြင်သစ်လက်မောင်းကို အားနဲ့ဖိဆုပ်ထားရုံနဲ့ အဖေအားမရနိုင်ပါ။ အမြင်သစ်ရင်ဘတ်မှာ ခေါင်းချလျက် နောက်ဆုံးဆန္ဒကို အဖေထုတ်ဖော်ပြောဏ်။

ထိုအခါ အမြင်သစ်နှလုံးသား တောင့်မခံနိုင်တော့ပါ။

ဝေါခနဲပြိုကျလာတဲ့ မျက်ရည်အနဲ့အတူ အဖေ့ တစ်ကိုယ်လုံးကို သိမ်း၍ ပွေ့ဖက်ထားမိသည်က အဖေ့နှလုံးသားသောကကို ဖြေသိမ့်ပေးလို့တဲ့ခံစားချက်နဲ့ဖြစ်သည်။

'အမြင်သစ်'သက်တမ်းတစ်လျှောက်မှာ ဘယ်တုန်းကမှ အဖေ့ရင်ထဲက အချစ်နဲ့တွယ်တာနှောင်ဖွဲ့ခြင်းတွေ အမြင်သစ်ကို ထုတ်မပြပါ။

အသနားခံတောင်းဆိုဖို့ဆိုတာ ဝေလာဝေး။

မာန်တလူလူနဲ့ ခေါင်းမော့ပြီး နေလာခဲ့တဲ့အဖေ။

ခုတော့

အဖေရဲ့နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးနိုင်သလားတဲ့။

ထိုမေးခွန်းရဲ့နောက်မှာ ထွေးဖက်ထားမိတဲ့ 'အဖေ' နှလုံးခုန်သံကအမြင်သစ်ရင်ဘတ်ထဲက တဒိတ်ဒိတ်ရင်ခုန်သံနှင့် ကပ်ငြိသလို ပူးတွဲလာသည်။

မုန်းမရကို ချစ်နေတဲ့ နှလုံးသား ခံစားချက်ကို 'အဖေ' နားလည်ပေး နိုင်ပါ့မလား။

အဖေ့ဆန္ဒကို ဖြည့်ပေးလိုက်ရင် အမြင်သစ်နှလုံးသားက မုန်းမရကို ရာသက်ပန်ဖယ်ထုတ်ပစ်ရတော့မည်။

လောလောဆယ်မှာ ညာရက်လေခြင်းဆိုတဲ့စိတ်နဲ့ 'မုန်းမရ'ကို



ရင်ခွင်ရိပ်ကဖဲ့ထုတ် ကြောခိုင်းခဲ့ရုံနဲ့ နှလုံးသားနဲ့အချစ်က မွမွကြေနေခဲ့သည်။

ရာသက်ပန်အတွက် ချစ်သူကို စွန့်လွှတ်ဖယ်ထုတ်ဖို့ဆိုတာ တစ်စက်ကလေးတွေးမိရုံနဲ့ မျက်ရည်စိမ်းက ဝေါခနဲကြွေဏ်။

"အဖေရယ်"

"သားနှလုံးသားကို အဖေ မချုပ်ကိုင်ပါဘူး၊ အဖေ့ရဲ့နောက်ဆုံးဆန္ဒကို သားပေးနိုင်မှပေးပါ၊ အဖေကတော့ သေခါနီးအရွယ်ရောက်ခါမှ အတ္တကြီးနေတယ် သားရယ်။ ရတက်မအေးဘဲ သေရှာရတဲ့အဖေ့သူငယ်ချင်းမရဲ့ဝိညာဉ် ရောက်ရာဘဝမှာ ငြိမ်းချမ်းနေစေချင်တယ်။ ကလေးမအနာဂါတ်အတွက် ဘဝတစ်ခုလုံးငြိမ်းအေးချင်တယ်။ ပျက်ခဲ့တဲ့အဖေ့ကတိကို အဖေမသေခင် ပြန်ပေးဆပ်သွားချင်တယ်။ သားပေးနိုင်မှ"

"တော်ပါတော့ အဖေရယ် ၊'သား'နှလုံးသားကိုသာ ထုတ်ပစ်လိုက်ပါတော့အဖေ"

ရင်ထဲမှာကြိတ်ပြောရင်း အသောမသတ် ငိုချင်းချမိဏ်။

အဖေက အမြင်သစ်ကို အားကိုးတကြီး ပြန်ဖက်တွယ်လျက်

"သား"

နောက်ဆုံးဆန္ဒတစ်ခုအတွက် ပြင်းပြနေရှာသည့်အဖေ့ မျက်နှာကို အမြင်သစ်မကြည့်ရက်တာအမှန်ပါ။ ဖက်ထားဆဲဖြစ်တဲ့ သားအဖနှစ်ဦးရဲ့ရင်ခွင်ကနွေးကာရင်ခုန်သံမြန်နေသလို၊ ပါးချင်းအပ်ထားမိတဲ့အခါမှာလည်း အဖေ့ပါးပြင်မှာ မျက်ရည်တွေနဲ့ နွေးစိုနေလေသည်။

ဆယ်နှစ်တာအတွင်း အမြင်သစ် ဖြည့်ဆည်းပေးမှာကို စောင့်

www.burmeseclassic.com

www.burmeseclassic.com



စားနေရတဲ့အဖေ။ ခုချိန်မှာ ရောဂါတွေ ဖိစီးနေတဲ့ခန္ဓာကိုနဲ့ တောင့်တနေရှာတဲ့ အဖေ့ မေတ္တာနှောင်ကြိုးအတွက် အမြင်သစ်နှလုံးသားနဲ့ ပြန်ချိတ်ဆက်ပေးရတော့မယ့် အနေအထား။

မုန်းမရ။

ငါ ဘယ်လိုဆုံးဖြတ်ရမလဲကွာ။

■ ■ ■



## အခန်း (၂၆)

"အဖေ့ရောဂါကြောင့် အဖေ ကမ္ဘာပတ်ပြီး ဆေးကုနေခဲ့တဲ့အတွက် ကလေးမလေးကို လုံးဝမကြည့်နိုင်ခဲ့ဘူး။ စောင့်ရှောက်ဖို့လဲ အလေးထားနိုင်ဘူး။ အဖေရောဂါနဲ့ အဖေသေရေးရှင်ရေးလုံးပန်းနေခဲ့တယ်ကွ။ အရှင်းဆုံးပြောရရင် အဖေဒီကိုပြန်ရောက်တာ ရက်ပိုင်းပဲရှိသေးတယ်။ ရောက်ရောက်ချင်း သားသတင်းကိုစုံစမ်းတယ်။ သားက အဖေဖြစ်ချင်တာကို ကြိုးစားလုပ်ဆောင်ထားတာမြင်ရတော့ အဖေဝမ်းသာတယ်၊ ဒါပေမဲ့"

အဖေ့စကားတိကနဲဖြတ်တောက်ပြီး လူချင်းခွဲသည်။ စကားတွေအများကြီးပြောတဲ့အရှိန်နဲ့ အဖေ မသိမသာမောနေပါသည်။

မွေ့ရာပေါ်အနားယူသလို ဖြည်းညှင်းစွာထိုင်ချသည်။

မျက်ဝန်းကတော့ စားပွဲဝိုင်းပေါ်ရှိဘန်းဝိုင်းလေးနဲ့ ထည့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါကင်ပိတ် ဆေးပေါ့လိပ်အစည်းပေါ်ရောက်သည်။

ရောဂါကြောင့် ဆေးလိပ်သောက်ခွင့်မရတဲ့အခါ စွဲလန်းနှစ်ခြိုက် လှသောဆေးပေါ့လိပ်ကိုသာ အာသာဖြေမျက်ဝန်းဖြင့်ကြည့်နေရင်း သောက်ချင်စိတ် ပွထလာသည်။

အမြင်သစ် ခေါင်းတစ်ချက်ရမ်းပြီးဆေးလိပ်အစည်းကို ဆွဲယူလျှင်

'' သား အမြင်''ဟု

နှုတ်ခမ်းကို လျှာဖျားနဲ့ တစ်ချက်သ,ရင်း ၊ ရင်နင့်သလိုခေါ်သည်။ ဆေးလိပ်စည်းကို စတိုင်လ်ဗောင်းဘီအိတ်ထဲ အမြင်သစ် ထည့်လိုက်ပြီး

''ဒါပေမဲ့ ဘာဖြစ်လဲ ၊အဖေ''

ဦးကျော်ထက် သက်မချသည်။ သားက သူ့ကိုဆေးပြင်းလိပ်မှာခွင့်မပေးတာ ဘာကြောင့်လဲ။ ဒီရောဂါတွေကြောင့် သူကိုယ်တိုင်လည်း ဆေးလိပ်ဖြတ်ထားတာ နှစ်တွေအတော်ကြာပါပြီ။

သို့သော်လည်း

စွဲလန်းခဲ့တဲ့စိတ်အလိုအတွက် ဖြတ်ထားနိုင်ပေမယ့် ထိုင်ကြည့်နေချင်တဲ့ဆန္ဒကို မဖြတ်နိုင်သေးပါ။

ဒါကြောင့် ပလပ်စတစ်အကြည်ရောင်နဲ့ပါကင်ပိတ်ထားတဲ့ ဆေးပေါ့လိပ် ဒါဇင်ဝက်အစည်းလိုက်ကို မြင်ရာမှာထားပြီးကြည့်ရှုရင်း စိတ်အလိုဖြေခဲ့သည်။

ခုတော့ သူ့စိတ်အလိုကို သားကသိမ်းပိုက်လိုက်ပြီး ။ထို့နောက် တစ်ဆက်တည်း ဖန်ခရောင်းထဲက ရေတစ်ခွက်ငှဲ့ထည့်လျက် ဖခင်ကို





ကမ်းပေးသည်။

ကမ်းပေးပြီး ဒါပေမဲ့နဲ့ ဖြတ်တောက်ထားတဲ့စကားကို ဆက်ပြောဖို့ စကားထောက်ပေးသည်။

''ဒါပေမဲ့ ဘာဖြစ်လဲ အဖေ''တဲ့။

ဦးကျော်ထက် သက်မတချချ ခေါင်းတညိတ်ညိတ်နဲ့ လေးလေးကြီးပြောရတော့သည်။

''အင်း ဒါပေမဲ့ ဘာဖြစ်သလဲဆိုတော့ ကလေးမဘဝက လမ်းပေါ်ရောက်လိုရောက်နဲ့ ကံဆိုးရှာတာသိရတယ်လေ၊ ကလေးမလေး ကံဆိုးတာ အဖေ့ကြောင့်ပါကွာ၊ အဖေသာ အဖေ့သူငယ်ချင်းမကို ကတိမပေးခဲ့ရင်'

အမြင်သစ်ကမ်းပေးတဲ့ ရေဖန်ခွက်ကိုစိုက်ကြည့်လျက် အဖေထိုသို့ပြော၏။ ထိုအခါ အမြင်သစ် ရင်မှာမလုံမလဲ ဖြစ်ရသည်။

''အဖေရယ် အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါတော့ဗျာ''

''ဟုတ်တယ် အတိတ်ကို အတိတ်မှာပဲထားခဲ့ရမယ် ဒါ ပေမဲ့ ဒီကလေးမလေး ဘဝကို အဖေ ဘယ်လိုလုပ်ရမလဲ''

ပြောရင်း အမြင်သစ်လက်ထဲက ရေဖန်ခွက်ကို အဖေဆွဲပြီး တစ်ငုံမော့သောက်သည်။

''အခု သူလေးက ဘယ်မှာလဲ''

ပထမဆုံးအကြိမ် ကလေးမနဲ့ပတ်သက်ပြီး အမြင်သစ်မေးခြင်း

''သူ့စံအိမ်မှာ သူရှိနေတယ်''

နှုတ်ခမ်းဖျားမှာ ခိုတွဲနေတဲ့ ရေတစ်စက်ကို လျှာနဲ့သိမ်းရင်း အဖေဖြေသည်။ ထိုအခါ အမြင်သစ် သက်မချသည်။ အဖေ့လက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ရေဖန်ခွက်ဆွဲယူပြီး စားပွဲပေါ် အမြင်သစ် အသာတင်လျှင်

'လမ်းပေါ်ရောက်နေတဲ့ ကလေးမ အဖြစ်က ကံဆိုးမလိုနဲ့၊ ကံကောင်းတယ်လို့ ပြောရမယ် သားရယ်' တဲ့။

အမြင်သစ် မျက်မှောင်ကုတ်သွားပြီး

"ဘာဖြစ်လို့လဲ အဖေ"

" ကလေးမကို တစ်စုံတစ်ယောက်က စောင့်ရှောက်ထားလို့ပေါ့ သားရယ်"

အမြင်သစ် သက်မချလျက် အဖေ့ကိုမေးကြည့်သည်။ အဖေက နှုတ်ခမ်းကို လက်ခုံနဲ့ပွတ်၍ အသက်ဝအောင်ရှူ၍ပြောသည်။

" ဒါကြောင့် အဖေ ဖြေသာသွားတယ်။ သားကို အဖေပြောချင်တာက ၊ကလေးမလေး အခုအရွယ်ရောက်နေပါပြီကွ ၊သားအရင်က ထင်မြင်ဖူးခဲ့သလို နုပ်ချေးမစင်တဲ့အရွယ် မဟုတ်တော့ဘူး ၊ဒါကြောင့် သား အဖေရဲ့ဆန္ဒကိုဖြည့်ပေးလိုက်ဖို့ စိတ်ဝင်စားသလား ။အဖေဒါပဲ သိချင်တယ်ကွ"

နောက်ဆုံးတော့ ဒီဘူတာပဲပြန်ဆိုက်သည်။

လက်ကောက်ဝတ်ကို ဆုတ်ကိုင်လျက် ၊မတ်မတ်ရပ်နေတဲ့ အမြင်သစ်မျက်နှာကို ထိုင်ရာမှ မော့ကြည့်ရင်း အဖေ အတည် အခန့် မေးသည်။

အမြင်သစ် မျက်တောင် တဖျတ်ဖျတ်ခတ်ပြီး

ခါးမှာ ခပ်ပွပွလေး ခါးပတ်ပတ်ဝတ်ထားသဖြင့် ခြေမျက်စေ့တိုက် ဖြာကျနေတဲ့ အဖေ့ပုဆိုးအပြာကွက်ကို စိုက်ကြည့်လိုက်သည်။

အမြင်သစ်အာရုံမှာ ဆံပင်တိုတို၊ မျက်နှာနုပ်ချေးပွတ်ဆွဲရာတွေ





နဲ့ညစ်ပတ်ကာ ဒူးဖုံးဂါဝန်ဝတ်ထားသည့် ကလေးမ ၊နုပ်ချေးရှူသွင်းနေတဲ့သုံးနှစ်အရွယ်ကလေးမရဲ့ ငယ်ဘဝဓါတ်ပုံကိုသာ အထပ်ထပ်မြင်ယောင်နေသည်။

ထိုစဉ်က အဖေ့ စားပွဲပေါ်မှာတွေ့ရသော ကလေးမရဲ့ ငယ်ဘဝဓါတ်ပုံ။

တကယ့်ကို နုပ်ချေးတန်းလန်းနဲ့။

အဖေ အသိပေးပြောပြစဉ်က ဓါတ်ပုံထဲက သုံးနှစ်အရွယ် နုပ်ချေးပေမလေးက ဆယ့်တစ်နှစ်တဲ့။

ဆယ့်တစ်နှစ်အရွယ် ဓာတ်ပုံတော့မမြင်ဖူးပါ။

မမြင်ရပေမယ့် ငယ်ငယ်က အတိုင်းနုပ်ချေးတန်းလန်းနဲ့ဖြစ်နေမှာပဲ။ ဆယ့်တစ်နှစ်အရွယ်နုပ်ချေးစင်နိုင်ရိုးလား။

ကောင်မလေး ဆယ့်တစ်နှစ်အရွယ်မှာ အမြင်သစ်က နှစ်ဆယ့်ငါးနှစ် တင်းတင်းပြည့်၍ သုံးလပင်လွန်နေပြီ။

ခုဆို နုပ်ချေးတန်းလန်းနဲ့ကလေးမ နှစ်ဆယ့်တစ်နှစ် အဖေပြောသလို အရွယ်ရောက်နေပြီပေါ့။

ဒါပေမဲ့ နှလုံးသားမှာ မုန်းမရဆိုတဲ့ မိန်းကလေးက ရှိနေတယ်လေ။

"ကဲ သားစဉ်းစားပေါ့"

အဖေက အမြင်သစ်လက်ကို လှုပ်ခါရင်း စစ်ပြေငြိမ်းစေဖို့ ပြောသည်။ ထို့နောက် ခေါင်းအုံးပေါ်မှာ ကြိုတင်ထားသော အဖြူရောင်စာအိတ်ကို အဖေငဲ့ကြည့်သည်။

တစ်စုံတစ်ခုထည့်ထားသောကြောင့် တောင့်တောင့်လေးဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်စာအိတ်ကို အဖေဆွဲယူသည်။

ပြီးတော့

အမြင့်သစ်လက်နှစ်ဖက်ကို ဆွဲယူပြီး ထိုစာအိတ်ဖြူလေးထည့်ပေးကာ တည်ငြိမ်စွာပြော၏။

'အရွယ်ရောက်နေပြီဖြစ်တဲ့ ကလေးမဓာတ်ပုံထည့်ထားတယ်။ စာအိတ်ထဲမှာ သားကြည့်ပြီးတော့ အဖြေပြောပေးပါကွာ၊ ဟုတ်ပလား'

အမြင့်သစ် ခေါင်းမညိတ်မိပါ။

"ကဲ အဖေလည်းမောလှပြီ သား သွားတော့၊ ဓာတ်ပုံ ကြည့်ပြီးတော့ သား ဆုံးဖြတ်တဲ့အတိုင်းပေါ့၊ ဒါပါပဲကွာ မောင်ဦး ၊သက်နိုင်ကိုတာ"

မှူလက ထုံးစံအတိုင်း မောင်ဦးတို့ကို တစ်ဆက်တည်းခေါ်သည်။ မောင်ဦးတို့ ချက်ချင်း အဖေ့အခန်းထဲ ရှေ့ဆင့်နောက်ဆင့်ဝင်လာသည်။

"ပြောပါ ဆရာကြီး"

"သား ထွက်သွားရင် ခြံတံခါး ပြန်ပိတ်"

အဖေ အမြင့်သစ်ကို နှင်နေပြီ။

ဒီတစ်ခါ နှင်နည်းက နူးညံ့သိမ်မွေ့သလို ခိုင်မာတဲ့ မေတ္တာကြီးနဲ့ နှောင်ဖွဲ့ပြီး နှင်ခြင်းဖြစ်ကြောင်း အမြင့်သစ် နားလည်သွားသည်။

အဖေမွေ့ရာပေါ်မှထကာ ၊အိပ်ခန်းခေါင်းရင်းမှာရှိသော ဘုရားခန်းဆီသို့ အဖေ လေးလေးလံလံ ဦးတည်ရွေ့လျားသွားတော့၏။

"အဖေ"လို့

အမြင့်သစ်ခေါ်ဖို့ ဆွံ့အအဖြစ်သွားပါသည်။

အဖေကိုနှုတ်ဆက်ဖို့ တစ်ခုခုပြောဖို့ သတိလစ်ချင်ချင်ဖြစ်ကာ





လက်ထဲမှာ ရောက်နေပြီးဖြစ်တဲ့ အဖြူရောင်စာအိတ်ကို ငုံ့ကြည့်မိသည်။

စာအိတ်ထဲမှာဓာတ်ပုံနှစ်ပုံရှိနေသည်။

ထိုဓာတ်ပုံနှစ်ပုံကိုကြည့်ပြီး ဆုံးဖြတ်ရမည်။

အဖေ မသေခင် အဖေ့ဆန္ဒကိုဖြည့်ဆည်းပေးနိုင်မလား။

နှပ်ချေးမစင်တဲ့ကလေးမရယ်။

မင်းဟာ ငါ့ဘဝနဲ့နှလုံးသားကို မွှေနှောက်နိုင်စွမ်းတဲ့ ကလေးမလေးလား။ ဖြေစမ်းပါကွာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဟင်"

ခေါတ်ပုံကိုကြည့်နေရင်း 'မင်းသံ' မျက်ဝန်း သိသိသာသာ ပြူးထွက်လာသည်။ အမြင်သစ်ကို ကြည့်လိုက် ဓါတ်ပုံကိုကြည့်လိုက်နဲ့ မယုံနိုင်အောင်ဖြစ်ကာ ၊နှုတ်ခမ်းနှစ်လွှာ မပိတ်နိုင်တော့ပေ။

"ဒါ ဒါ မင်းကောင်မလေး မုန်းမရ ပုံမဟုတ်လား။ ဟုတ်တယ် မုန်းမရ ကွ'

အံ့ညြလို့က်ဖြာသော 'မင်းသံ' အသံ စီခနဲ့ထွက်လာလျှင် အမြင်သစ် မျက်တောင်နှစ်ချက်ပုတ်ခတ်၏။ ဆိုဖါလက်တန်းပေါ်ဆန့်တင် ထားသော လက်ချောင်းတွေက ဆိုဖါလက်တန်းကို တင်းနေအောင် ဖိဆုပ်မိသွားသည်။

'မင်းသံ' ပင်လျှင်အံ့ညြလွန်းလို့ အသက်ရှူမှားသွားသည်။

' အမြင် နေဦးကွ'

မင်းသံ ဟန့်တားရင်း ထပ်ကြုပ်မကွာလိုက်ပါခဲ့သည်။

ဗျူး၀၁၆ပ



အမြင်သစ် ခြေလှမ်းတွေက ရပ်တန့်မသွားပါ။

ညှိခန်းထဲက လျှောက်ထွက်ခဲ့တဲ့ ခြေလှမ်းက ခြံထဲရောက် ကာရေကူးကန်ဘောင်ပေါ် မရပ်မနားလျှောက်ရင် မုန်းမရ ပုံရိပ်တွေ ပျောက်ကွယ်သွားအောင် ခေါင်းရမ်းခါထုတ်မိသည်။

"သွားစမ်းကွာ မုန်းမရ"

ရင်ထဲက မောင်းထုတ်သံ 'အမြင်သစ်'နှုတ်မှ ၊ထွက်ပေါ်မလာ သော်လည်း 'မင်းသံ' ပြောသော အသံထွက်ပေါ်လာသည်။

'မင်းဘာဖြစ်နေတာလဲ အမြင်၊ တကယ်ဆို ထခုန်မတတ် မင်း ဝမ်းသာသွားရမှာကွ"

ထခုန်မတတ် ဝမ်းသာရမလား•မင်းသံ။

လွန်ခဲ့တဲ့ ဆယ်နှစ်ကတည်းက အမြင်သစ် ငြင်းပစ်ခဲ့တဲ့ ကလေးမ။

ဒီကလေးမ အမြင်သစ်ရင်ခွင်ထဲရောက်အောင် ဘယ်လို ကံကြမ္မာက တွန်းပို့လိုက်တာလဲ။ ဒါမှမဟုတ်

"ဟွန်း ငါ့ကို ငြင်းဆန်တဲ့လူကြီး တွေ့ကြသေးတာပေါ့"ဆို တဲ့ မကျေနပ်စိတ်နဲ့ လက်စားချေဖို့ ဒင်းကလေး ဖန်တီးတာလား။

ပြောတော့ဖြင့် အခြေမဲ့အနေမဲ့ အားကိုးရာမဲ့တဲ့။

"အမြင် မင်းရင်ထဲ ဘာဖြစ်နေလဲဆိုတာ ကိုယ်ခံစားလို့ ရတယ် ကွ။ မင်းရဲ့ ယောကျ်ားမာနက ဦးလေးပြောသလိုပဲ လွဲနေတယ်ကွာ"

"ဘာလဲ မင်းက ဟိုကောင်မလေး ဘက်တော်သား"

အမြင်သစ် အံကြိတ်လျက်ပြော၏။ မင်းသံကိုလည်း ဘုကျကျ လှမ်းကြည့်သည်။ရေကူးကန်ဘောင် တစ်ဖက်တစ်ချက်မှာ မျက်နှာချင်း

ဗျူး၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အနေအထား ရုပ်မိလျှက်သားဖြစ်သွားတဲ့အခါ မင်းသံလည်း ရုပ်လိုက်၏။

ရှားညိုရောင်နုနုစတိုင်လ်ပင် ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်လျှို၍ အမြင်သစ်ကို 'မင်းသံ'တည့်တည့်ကြည့်၏။

အမြင်သစ် မျက်နှာမော့ဆတ်ကာ

'ဘာလွဲတာလဲ မင်းသံ'

'မင်းထင်သလို မင်းနဲ့ ကောင်မလေးကြုံတဲ့အဖြစ်က ၊မုန်းမရ ဖန်တီးတဲ့ ဇာတ်ကွက်မဟုတ်ဘူး။ သူ့အလိုလိုဖြစ်လာတာကွ။'

'ဆိုစမ်းပါဦး'

အမြင်သစ် ခနဲ့သလိုမေးသည်။ နားလည်ရခက်ရန်ကော ဆိုသောစိတ်နဲ့ မင်းသံ အမြင်သစ် ဆီက အကြည့်လွှဲပြီး

'အဖြစ်အပျက်ကို ကိုယ်အားလုံးသိပြီးပြီ။ ဘွားအေဆုံးကတည်းက ၊ကောင်မလေးက တကယ်အားကိုးရာမဲ့ကွ။ မိထွေးနဲ့ မိထွေးသမီး အနိုင်ကျင့်ခိုင်းသမျှ ၊နှိပ်စက်သမျှခံရရှာတာ၊ နောက်ဆုံး အကျီတစ်ထည် မီးကျွမ်းသွားလို့တဲ့ ပါးကို လျှပ်စစ်မီးပူနဲ့ကပ်ပြီး အပြစ်ပေးတယ်၊ ဒါတင်မက ရတနာမြိုင်စံအိမ်ရဲ့ ပိုင်ဆိုင်မှုတွေကို လက်ဝါးအုပ်ချင်တဲ့ မိထွေးက မုန်းမရကို ရတနာမြိုင်စံအိမ်က နှင်ထုတ်လိုက်တယ်။ အဲဒါကြောင့် နားခိုစရာမရှိလို့ လမ်းပေါ်လျှောက်သွား နေရာက ဟိုကောင်လေးသုံးယောက်နဲ့ ကြုံတာပဲဖြစ်မယ်၊ ပြီးတော့ ကရုဏာစိတ်နဲ့ ကောင်မလေးကို မင်းပဲ ဟိုကောင်လေးတွေလက်ထဲကကယ်လာပြီး စောင့်ရှောက်ခဲ့တယ် မဟုတ်လား။ အဲဒီအဖြစ်အပျက်ကြားမှာ ဘာဖန်တီးချက်မှမပါဘူး။ သူ့အလိုလို ဖြစ်လာတာချည်းပဲ'





'အဲဟွန့် ဒါဆို မုန်းမရ ဘာဖြစ်လို့ ညာရတာလဲ'

'ဘာလဲ ရတနာမြိုင်စံအိမ်က ပိုင်ဆိုင်တဲ့ စာချုပ်စာတမ်းတွေလား။'

အမြင်သစ် ခေါင်းဆတ်၏။ 'မင်းသံ'လက်နှစ်ဖက်လုံး ဘောင်းဘီအိတ်ထဲလျှိုကာ ခပ်မတ်မတ်လေး 'အမြင်သစ်' ရှေ့လျှောက်လာရင်း ပြောသည်။

'အေး၊ အဲဒီလျှို့ဝှက်ချက်က ၊ မုန်းမရတင်မကဘူး။ သူ့ မိထွေးတော်လည်းမသိဘူး။ ဘယ်သူမှလည်းမသိဘူး။ အဘွားကြီးက သူ့မြေးမနောင်ရေးအတွက် သူ့ဘာသူ စိတ်ကြိုက်လုပ်သွားတာပဲဖြစ်မယ်၊ မုန်းမရ မိဘနဲ့အဘွားကြီးကို မိထွေးတော် မုန်းနေတာသိတယ်၊ မိထွေး မုန်းနေတဲ့သူတွေရဲ့ ဓါတ်ပုံနောက်မှာ ဝှက်ထားတာက လုံခြုံမယ်လို့ အဘွားကြီး ယူဆပုံရတယ်။ တကယ်လည်း ဒီဓါတ်ပုံကို မိထွေး စိတ်မဝင်စားလို့ မုန်းမရကို နှင်ထုတ်တဲ့အချိန်က တစ်ပါတည်း ပစ်ပေးလိုက်တာပေါ့ကွ၊ နောက်ဆို မိထွေးတော်ကြီး ပစ်ပေးမတဲ့လား အမြင်၊ မင်းစဉ်းစားကြည့်။'

အမြင်သစ် ရင်ထဲမှာ မွန်းကြပ်လာသည်။ ဒီကောင်မလေး ညာနေတာကို မခံစားနိုင်တာက သူ့ရဲ့ ယောကျ်ားမာနကို ထိပါးနေလို့ပဲ။

ဘွားအေအစီအစဉ်သိနေရင် မုန်းမရကို သူ့မိထွေးတော်မေးစဉ်က မသိဘူးလို့ 'မုန်းမရ' အမှန်အတိုင်း ပြန်ပြောရဲမှာ မဟုတ်ဘူး။ ရတနာမြိုင်စံအိမ်ရဲ့ ပိုင်ဆိုင်မှု အထောက်အထားစာချုပ်တွေ ဘယ်မှာ ရှိနေလဲဆိုတာ ပြောလိုက်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မိထွေးတော်ကို



www.burmeseclassic.com

www.burmeseclassic.com



မုန်းမရ တုန်နေအောင် ကြောက်ရွံ့တာကွ '

'မင်းသံ'စကားအဆုံးမှာ အမြင်သစ် မျက်လုံးက ကြည်လဲ့ စိမ်းပြာနေသော ကန်ရေပြင်ပေါ် ထင်နေသည့် သူ့ရုပ်ကို သူငေးကြည့်နေရင်း သက်မချသည်။

''ဘွားအေ ရည်ရွယ်တဲ့အတိုင်း ရတနာမြိုင်စံအိမ်က မုန်းမရ လက်ထဲရောက်လာပေမယ့် မုန်းမရအတွက် အန္တရာယ်မကင်းဘူး အမြင်။

မင်းသံကို အမြင်သစ် ဖျတ်ခနဲ့လှမ်းကြည့်၏။ ရေကူး ကန်ဘောင်ထောင့်ချိုးမှာ မင်းသံ ခြေလှမ်းရပ်ပစ်၏။ တစ်ဆက်တည်းလည်း ခေါင်းဆတ်၍ ပြောသည်။

'မင်းကိုယ်တိုင် ရှေ့နေဦးပိုင်သကို ရတနာမြိုင်စံအိမ်ကိစ္စ ရှင်းခိုင်းလိုက်တော့၊ မုန်းမရရဲ့ မိထွေး ဒေါ်ဆွေဆွေမြင့် ယမ်းပုံ မီးကျဖြစ်သွားတယ်၊ အနှစ်နှစ်အလလ ရတနာမြိုင်စံအိမ်ကို လက်ဝါးကြီး အုပ်လာတဲ့ ဒေါ်ဆွေဆွေမြင့်၊ ဦးပိုင်သ ရှင်းထုတ်တာ ခံလိုက်ရတော့ ကြိတ်မနိုင် ခဲမရဖြစ်ပြီး ရတနာမြိုင်စံအိမ်ထဲက ထွက်သွားရတယ်၊ အဲဒီအတွက် ဒီမိန်းမကြီး ငြိမ်နေမတဲ့လား၊ မုန်းမရနဲ့ ဘွားအေ၊ အဖေ၊ အမေအပေါ် အရင်ကတည်းက မကြည်တဲ့စိတ်နဲ့ မုန်းမရအပေါ် ငြိုးမှာပဲ၊ ချက်ချင်းချည်း ရတနာမြိုင်စံအိမ်ထဲက ထွက်သွားရတော့ အသိုင်းအဝိုင်းကြားမှာ အရှက်လည်းကွဲတယ်၊ လက်ရှိ နေစရာထိုင်စရာမဲ့နေလို့ အဲဒီသားအမိ ဘယ်မှာ ခိုနေတယ်ထင်လဲ'

အမြင်သစ် မျက်မှောင်ကြုတ်ကျသွားသည်။

မင်းသံ ခေါင်းဆတ်ကာ ရေကူးကန်ဘေးရှိ ကြွေပြားကပ် ထိုင်ခုံ အလယ်ထိုင်ချပြီး လေးလေးချည်းပြောသည်။





'ဒေါ်ဆွေဆွေမြင့်နဲ့ ငြိနေတဲ့ ဦးကျော်စွာစိုးရဲ့တူတော် 'ပက်ထရစ်'ဆီမှာ သောင်တင်နေတယ်။ ပက်ထရစ်ဆိုတာ ဘယ်သူလဲ မင်းသိလား'

အမြင်သစ်အလိုလိုခေါင်းရမ်းလိုက်သည်။ တကယ်လည်း ပက်ထရစ်ဘယ်သူဆိုတာ အမြင်သစ် တကယ်မသိပါ။

'မင်းသံ' ခြေဆန့် ထိုင်နေရာမှ ၊ဒူးချိတ်လျက်ကျောပြင်ကို ကျောက်ခုံနောက်တန်းပေါ်မှီချရင်းပြောသည်။

'မုန်းမရကို မ ,သွားဖို့ ကြံစည်နေတဲ့ ၊ခပ်ပျက်ပျက် ကောင်လေးသုံးယောက်ထဲက ၊အရပ်ခပ်နိမ့်နိမ့် ကိုယ်လုံးဖိုင့်ဖိုင့်နဲ့ကောင်လေး'

အမြင်သစ် မျက်မှောင်ပို၍ ကြုတ်ကျသွားပြန်သည်။ အာရုံထဲမှာလည်း ထိုညက ဖိုက်ခဲ့တဲ့ မြင်ကွင်း ဘွားခနဲ ပေါ်လာသည်။

'မင်းလက်သီးကျွေးလိုက်လို့ ပါးစောင်ကွဲသွားပြီး သွေးထွက်သွားတဲ့ ကောင်လေး'

အမြင်သစ် မျက်လုံး မီးရောင်လို ဝင်းခနဲ ဖြစ်သွားသည်။ အမြင်သစ် လက်သီးစာခံရတဲ့ ကောင်လေးက ပက်ထရစ်တဲ့လား။

'အေး နောက်ထပ်ဆက်စပ်နေတာတစ်ခုက ပက်ထရစ်ဆိုတာ တခြားမဟုတ်ဘူး၊ မင်းရဲ့ ပါရမီ Ward ထဲက အလုပ်ထွက် သွားတဲ့ ကိုယ့်သူငယ်ချင်း 'လရိပ်ချို'ရဲ့မောင်တဲ့'

'ဟင် '

အမြင်သစ် နှုတ်ခမ်းနှစ်လွှာ ပွင့်ဟသွားသည်။

'ဟုတ်တယ် အမြင် ၊'ပက်ထရစ်'က သူ့အစ်မအတွက် ခံပြင်းနေတယ်၊ လရိပ်က မင်းကိုကြွေတယ် 'မင်း'က အလိုက်အထိုက် ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



တာကို လရိပ် တလွဲယူဆခဲ့တာယ်။ နောက်မှ မုန်းမရနဲ့ မင်းကို မျက်မြင်တွေ့ရတော့ ရှက်ပြီး အလုပ်ထွက်သွားတာ၊ လရိပ် အလုပ်ထွက်သွားတာ 'မင်း'ကြောင့်သာ သိသွားရင်''

အမြင်သစ် ခေါင်းရမ်းလျက် ဆံပင်တွေကို စိတ်ပျက်လက်ပျက် ထိုးဖွလိုက်သည်။ ဘာဆိုင်လဲ လရိပ်ရယ်။

''နောက်ပြီး မင်းနဲ့ ဖိုက်ကြတဲ့သုံးယောက်ထဲက 'ဒေတာ'ဆိုတဲ့ ကောင်လေးနဲ့ မုန်းမရ အစ်မ ရန့်သွေးက ချစ်သူတွေ။ အဲဒီတော့ မင်း စဉ်းစားကြည့်။ နောက် ချန်ချန်ဆိုတဲ့ကောင်လေးက မုန်းမရကို မျက်စိ ကျနေတယ်။ ပက်ထရစ်ကရော သွားရည်မကျဘဲနေမတဲ့လား။ ခုချိန်မှာ မုန်းမရကို ဒေါ်ဆွေဆွေမြင့်နဲ့ ရန့်သွေး လက်စားချေချင်နေတယ်။ ပက်ထရစ်တို့ သုံးယောက်ကလည်း မင်းကို ငြိုးထားတယ်။ မိထွေး နဲ့ ငြိနေတဲ့ ဦးကျော်စွာစိုးက သိုက်သမား။ မုန်းမရ လက်ထဲရောက်နေတဲ့ ပိုင်ဆိုင်မှုတွေကို မရရတဲ့နည်းနဲ့ ယူဖို့ ကြိတ်ကြံနေတယ်။ ဒီတော့ မုန်းမရ ပတ်လည်မှာ အန္တရာယ်ကြီးပဲအမြင်။''

အမြင်သစ် အသက်ရှူသံမြန်သွားကာ လက်ချောင်းတွေကို တင်းနေအောင် ဖိဆုပ်လိုက်သည်။ မင်းသံ ဘယ်ဆီ ဦးတည်ပြီး ပြောနေတာလဲ။

အမြင်သစ် စိတ်လှုပ်ရှားရှုပ်ထွေးကာ ရေကူးကန်ဘောင်ပေါ် ခေါက်တုန့် ခေါက်ပြန်လမ်းလျှောက်နေမိသည်။

''မင်းအဖေ ရောက်ရောက်ချင်း မုန်းမရ အဖြစ်ကို သိသွားလို့ မင်းကို ချက်ချင်းပြန်ဆက်သွယ်တာကွ။ ဟိုတွေး ဒီတွေးနဲ့ 'မုန်းမရ'ကို မင်း ပစ်ထားမယ်ဆိုရင် 'မုန်းမရ'ဘဝနဲ့ နှလုံးသား ၊ရှေ့ဆက် ဘာဖြစ်





လာမလဲ၊ ကိုယ်မတွေးရဲတော့ဘူး အမြင်'

'မင်းသံ'စကားအဆုံးမှာ 'အမြင်သစ်'ဘာကိုမှ မခံစားနိုင်အောင် ထူထူပူပူဖြစ်သွားသည်။

''မုန်းမရကို မင်းချစ်တယ်ဆိုရင်''

အမြင်သစ် မျက်လွှာစုံချလျက် အသက်အောင့်ထားလိုက်မိသည်။

ချစ်တယ် ဆိုရင်တဲ့လား မင်းသံ။

မင်းက ဘယ်လိုထင်လို့လဲ။

ငါ့နှလုံးသားကို ခွဲဖွင့်ကြည့်ကွ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"လူကြီး"

အားကိုးတကြီးခေါ်တဲ့အသံ၊'အမြင်သစ်' တစ်ကိုယ်လုံးတောင့်တင်း မာထန်သွားပါသည်။ ကျောနိုင်းလှည့်ထွက်ခဲ့တဲ့ ခြေလှမ်းကို အမြင်သစ် မရပ်ဘဲပြောသည်။

"ညည်းညာတာခံရကတည်းက ညဉ်းနဲ့ငါကြားမှာ ဘာအမျှင်မှ မတန်းတော့ဘူးကွ။ ညဉ်း ငါ့ရှေ့ဘယ်တော့မှမလာနဲ့။"

"ဟင့် ဟင့် လူကြီး"ဟု

တဟင့်ဟင့် ရှိုက်ငိုရင်း တတွတ်တွတ်ခေါ်၏။

နောက်ကြောမှနေ၍ အမြင်သစ်ခါးကိုလည်း မုန်းမရ သိုင်းဖက်လေသည်။ထိုအခါ 'အမြင်သစ်'တစ်ကိုယ်လုံး နွေးခနဲလှိုက်ဖိုသွားကာခြေလှမ်းက အလိုလိုတန့်သွားသည်။

အမြင်သစ် သွေးကြောမျှင်ကလေးများ ရုတ်တရက် ပူနွေးကာ ဘာလုပ်လို့ လုပ်ရမှန်းမသိအောင် ဖိုလှိုက်လေပြီး။

ဗျူး ၈၁၄၆



'လူကြီးရယ် 'မရ'နာမည်နဲ့ ၊ရတနာမြိုင်စံအိမ်ရဲ့ စည်းစိမ်တွေလွှဲ ထားမှန်း 'မရ' မသိခဲ့ဘူး၊ စာချုပ်တွေ ၊ဓါတ်ပုံ မှန်ဘောင်ထဲ ဘွားဘွား လျှို့ဝှက်ပြီးထည့်ထားတာ ပိုတောင်မသိပါဘူး လူကြီးရယ်။ ဘွားဘွားမရှိတဲ့နောက် 'မရ'ဘဝ တကယ်အားကိုးရာမဲ့ပါ။ အားကိုးရာမဲ့နေလို့ လမ်းပေါ် ရောက်ခဲ့တာလေ၊ လူကြီး ကူကယ်လို့ 'မရ'ဘဝ၊ လုံခြုံအေးချမ်းခဲ့တာပါ၊ ဟင့် ဟင့် ဟင့်'

ဝမ်းနည်းကြေကွဲစွာပြောလိုက်တော့ မုန်းမရ စကားသံတွေနောက်မှာ ငိုရှိုက်သံတွေရောပါလာသည်။

ညည်းလေး မျက်ရည်ကျပြီး ပြောတိုင်း ၊အမြင်သစ် ယုံရမတဲ့လား။

ရင်အုံရှေ့ရောက် အောက်ဖက်တွယ်ထားသည့် ဖြူနုသွယ်လျသော မုန်းမရလက်ချောင်းကလေးများကို ဖယ်ချပစ်မယ်ဆိုတဲ့စိတ်နဲ့ အမြင်သစ် ငုံ့ကြည့်သည်။

"လူကြီး ဟင့် ..ဟင့် ...'မရ'ကိုယုံပါနော် ...။'မရ' မညာ ပါဘူး ..ဟင့် ...ဟင့် ..."

အမြင်သစ်က မယုံနိုင်တဲ့အနေနဲ့ ပို၍တင်းမာလာသည်။

'မရ ကို မခနဲ့ပါနဲ့။ အထင်မသေးပါနဲ့ လူကြီးရယ်။ 'မရ' လေ လူကြီးကို ချစ်တယ်'

"ဟင်"

ဖက်တွယ်ထားတဲ့ မုန်းမရ လက်ချောင်းတွေကို မာနနှင့် ဖြုတ်ချခါနီးတွင် အမြင်သစ် နှလုံးသား ဟင်ခနဲဖြစ်ကာ၊ တုန့်ဆိုင်းသွားသည်။

ချစ်တယ်တဲ့။

ဗျူး ၈၁၄၆

www.burmeseclassic.com

www.burmeseclassic.com



အမြင်သစ် ဖျတ်ခနဲ ငဲ့ကြည့်မိ၏။ အမြင်သစ် ကြောပြင်ပေါ် ပါးပြင်လေးကပ်မှီချ၍ အငဲ့ခနဲ ငိုရှိုက်လိုက်သည့် မုန်းမရ။

တည်တံ့ခိုင်မြဲသော အမြင်သစ် မာနက၊ ရုတ်ခြည်း ပြိုကျ မတတ်ဖြစ်တော့သည်။

"လူကြီးကို 'မရ'တကယ်ချစ်တယ်။ အားလည်းကိုးတယ်။ လူကြီး ရင်ခွင်မှာ ငြိမ်းငြိမ်းချမ်းချမ်းခိုလှုံချင်တယ် လူကြီးရယ်။ လူကြီးနဲ့ ဝေးရာ ရတနာမြိုင်စံအိမ်မှာ'မရ'မနေပါရစေနဲ့၊ဟင့် ... ဟင့် ..။ ရတနာမြိုင်စံအိမ်က ' မရ 'ဘဝနဲ့ နှလုံးသားအတွက် မလုံခြုံပါဘူး လူကြီးရယ် ဟင့် ဟင့်"

"ဟင့် အင်း"

အမြင်သစ် မာနတွေ ပြိုကျမသွားအောင် ခေါင်းခါငြင်းပယ် ရင်း အလျှင်အမြန် ထိန်းလိုက်ရသည်။

ညဦးလေး ချစ်တယ်ပြောတိုင်း ယုံလိုက်ရင် နောက်တစ်ခါ အလိမ်ခံရသလိုဖြစ်တော့မယ်..။

ငါလိုချင်တာ အခြေမဲ့ အနေမဲ့ အားကိုးမဲ့ ကောင်မလေးပါ။

မင်းလေးက အရင်လိုအခြေမဲ့ ၊အနေမဲ့ ၊အားကိုးမဲ့ ကောင်မ လေး မဟုတ်တော့ဘူး။

တစ်ချိန်က အဖိုးတန်စိန်ထည်တွေရှိတဲ့ ကောင်မလေးကို ငါ့မာနနဲ့ ငါငြင်းခဲ့တယ်။ အခုလည်း ပိုင်ဆိုင်မှုစည်းစိမ်တွေရှိတဲ့ ညည်းကလေးကို ငါ့မာနနဲ့ပဲ ငါငြင်းရမယ်။

'လူကြီးကို 'မရ' ချစ်တယ်။ လူကြီး 'မရ' ကို မနှင်ထုတ် ပါနဲ့ နော်။'





ချစ်တယ် တဲ့ ။

ဒီအချစ်နဲ့ ခံစားချက်ကို နှလုံးသားနဲ့မလဲနိုင်တာ ငါ့ရဲ့ရင်ခုန် မာနပါ မုန်းမရ။

မာနနဲ့ ပြတ်သားနေတဲ့ အမြင့်သစ်။ ဖက်တွယ်ထားတဲ့ မရ ရဲ့ လက်ချောင်းတွေကို ဖြုတ်ဖယ်ဖို့ ဝန်မလေးပေ။

နွေးနေတဲ့ လက်ချောင်းနုနုလေးတွေကို ဖြုတ်ချပြီး ကျောခိုင်း လျှောက်ထွက်ခဲ့လျှင်

"ဟင့်..ဟင့်.. လူကြီး 'မရ'ကို မချစ်ဘူးလား ဟင်"

ငိုရှိုက်သံရောစွက်နေတဲ့ မုန်းမရ မေးခွန်းက အမြင်သစ် နှလုံးသားကို ဒိုင်းကနဲ့ လာရိုက်သလိုဖြစ်သည်။

သို့သော်လည်း အမြင်သစ် ခြေလှမ်း တန့်မသွားပေ။

မာနတွေလည်း ကြွေမကျပေ။

မာနကြီးစွာ ကျောခိုင်းပြီးကာမှ အချစ်နဲ့လည်ပြန်ငဲ့ကြည့်ဖို့ လိပ် ပြာမသန့်ဖြစ်ကာ

အမြင်သစ် အချစ်တွေကို အမြင်သစ် ထုတ်ဖော်ဖွင့်ပြဖို့ထက် လုံခြုံအောင်သိမ်းဆည်းရင်း ကြိတ်မှိတ်ခံနေခဲ့သည်။

ကြိတ်မှိတ်မခံစားနိုင်တဲ့အခါ အရက်တွေပဲ သောက်နေခဲ့သည်။

မူးနေရင် ညည်းကလေးနဲ့ အချစ်ကို မေ့နိုင်ပေမည်။

ဒါပေမဲ့

မမေ့နိုင်လို့ ရတနာမြိုင်စံအိမ်ကြီးဆီခြေဦးလှည့်ရင်း ညဦးမျက်နှာ လေးကိုခိုးကြည့်ဖြေသိမ့်နေခဲ့တာတွေအကြိမ်ရေများခဲ့ပြီ မုန်းမရရယ်။

မာနနဲ့အချစ်လွန်ဆွဲပွဲမှာ ငါ့နှလုံးသားအစိတ်စိတ်အမွှာမွှာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လို့နေပြီ။

'မင်းသံ' ဒါတွေကို 'မင်း'ဘာမှ မသိပါဘူးကွာ။

ဒါတင်မက

အဖေပေးခဲ့တဲ့ စာအိတ်ထဲက ဓါတ်ပုံက အရွယ်ရောက်နေပြီးတဲ့ နုပ်ချေးမစင်သေးသော ကလေးမတဲ့။

ထိုကလေးမက 'မုန်းမရ' ဖြစ်နေတဲ့အခါ 'အမြင်သစ်' နှလုံးသား ကပြောင်းကပြန် ဖြစ်သွားသည်။

အံ့ဩတာရော ဝမ်းသာတာရော ပေါင်းစပ်ကာ ၊နှလုံးအိမ်တည့်တည့်လိုက်ဖိုသွားတဲ့ ခံစားမှုက ရင်ခုန်သံကို အတိုင်းအဆမဲ့ မြန်စေခဲ့သည်။

သို့သော်လည်း

'မင်း' မရိပ်မိအောင် မျိုသိပ်ခဲ့တာပါကွ၊ နောက်ပြီး 'မုန်းမရ'နဲ့ မျက်နှာချင်းဆိုင်ဖို့ ငါ့သတ္တိတွေအလိုလို မဲ့ကျသွားတာ၊ 'မင်း'မသိနိုင်ဘူး မင်းသံ။

အမြင်သစ်ကိုယ်တိုင် မုန်းမရကို ရင်ခွင်ထဲက နှင်ထုတ်ပြီးမှ၊ ဒီကောင်မလေးဆီ ခြေဦးပြန်လှည့်ဖို့က တွေးမိရုံနဲ့ ရှက်စိတ်တွေ ပြင်းထန်တယ် မင်းသံ။

ကောင်မလေး ဖက်တွယ်ထားတာတောင် ၊မာနနဲ့ လက်ချောင်းတွေကို ဖြုတ်ချပြီး ကျောခိုင်းခဲ့တဲ့ ငါ့အဖြစ်။

အဖြစ်မှန်ပြောပြပြီး 'မင်းသံ'ဖျောင်းဖျ အသိပေးကာမှ မုန်းမရဆီ ခြေဦးလှည့်သွားရင် မုန်းမရ သူ့ကို ဘာတွေပြောမလဲး။

'လူကြီးက သိပ်အတ္တကြီးတာပဲ၊ 'မရ'အပေါ် ရက်စက်ရုံတင်





မကဘူး။ 'မရ'အချစ်ကို အထင်သေးလွန်းတယ်၊ 'မရ'ကို လူကြီး ရင်ခွင်ထဲက နှင်ထုတ်ပစ်တာ 'မရ'ကို မချစ်လို့ပေါ့။ ဟုတ်တယ်နော် လူကြီး။ 'မရ'ကို မချစ်ရင် 'မရ' ရှေ့ မလာပါနဲ့ ၊'မရ' တစ်ယောက် တည်းနေပါရစေ'လို့ 'မုန်းမရ' ပြန်ပက်လျှင် အမြင်သစ် ရှက်လွန်းလို့ ဝှန်းခနဲ သေပစ်မိမှာမလွဲဘူး။

ဟုတ်တယ်။

ကြီးကောင် ကြီးမားနဲ့ အသက်ငယ်ငယ် ကောင်မလေးရှေ့ တစ်သက်လုံး အရှက်တကွဲဖြစ်မှာကို အမြင်သစ် မခံစားနိုင်တာအမှန်။

ဒါကြောင့်

ချစ်တာတွေဘေးဖယ်ထား

ကိုယ့်အချစ်ကို ကိုယ့်နှလုံးသားထဲပြန်ထည့်ရင်း ကိုယ့်အသည်း ကိုယ်ပြန်ခွဲသလို ခံစားနေရတဲ့ အဖြစ်ပါ မင်းသံ။

ဒါတွေ မင်းသိပါလေစ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဆွေ ဘာလုပ်ရမလဲဟင် ဆွေလုံးဝ သည်းမခံနိုင်ဘူး။ ဒီလို မှန်းသိရင် ဓါတ်ပုံနောက်မှာ ထည့်ဝှက်ထားတဲ့ စာချုပ်တွေ ထုတ်ယူလိုက်မှာပေါ့။ ခုတော့ ဟိုကောင်မ မိမုန်းက ရတနာမြိုင်စံအိမ်မှာ ဘုရင်မ ဖြစ်နေပြီလေ ။ ဒါတင်မက ဟိုအဘွားကြီးသေရှာသွားတာတောင် အတွင်း ပစ္စည်းတွေကို ဦးကျော်ထက်ဆိုတဲ့ အဘိုးကြီးလက်ထဲအပ်ထားတာ နှစ်ပေါင်းများစွာကြာနေပြီတဲ့၊ ဘယ်လောက်သည်းမခံချင်စရာကောင်းသလဲ။ ဆွေ မကျေနပ်ဘူး လုံးဝမကျေနပ်ဘူး ၊ ဒီဟာမကို ဆွေ လက်နဲ့ သတ်ရမှ ကျေနပ်မယ်၊ ဒီမယ် မိမုန်း ညည်းသေမှ အေးမယ်။ ဟုတ်တယ် ညည်းသေရမယ်၊ ညည်းကို ငါသတ်မယ်'

ဒေါ်ဆွေဆွေမြင့် အသားတဆတ်ဆတ်တုန်ကာ ကြိတ်မနိုင်ခဲမရရှိရှာတော့၏။ ဦးကျော်စွာစိုး စိတ်ပင်ပန်းစွာ ခေါင်းတစ်ချက်ရမ်းသည်။

"ဆွေ စိတ်ကို အဲလောက် မောင်းတင်မနေပါနဲ့ကွာ။ ဆွေ





သတ်လို့ ဟိုဟာမလေး သေသွားရင် ဆွေ ထောင်ကျမယ်။ ဆွေ ထောင်ကျရင် 'ဆွေ'နဲ့'စိုး'ဝေးရမှာလေ ၊'ဆွေ'နဲ့'စိုး'မဝေးချင်ဘူးကွာ'

ဒေါ်ဆွေဆွေမြင့် လက်ဖဝါးကိုဖွဖွဆုပ်ကိုင်ရင်း ဦးကျော်စွာစိုး ဖျောင်းဖျသလို ပြော၏။

ထိုအခါ ဒေါ်ဆွေဆွေမြင့် တစ်ချက် တွေသွားသည်။

'စိုးစိုး'နဲ့ 'ဆွေ'မဝေးချင်ပါ။ စိုးစိုးနဲ့ ဝေးရမယ်ဆိုရင် ဆွေ အသည်းကွဲရချည်ရဲ့

'ဆွေ'လည်း'စိုး'နဲ့ မဝေးချင်ပါဘူးလို့။

စိုးစိုး ပခုံးကို အားကိုးတကြီးမှီနွဲ့ရင်း'ဆွေ'ပြော၏။

'စိုး'လည်း 'ဆွေ'နဲ့အတူတူပဲ။ ဘယ်ဝေးချင်မလဲ။ စက္ကန့်တိုင်း အတွက် ရင်ခုန်ချင်တယ် ၊ချစ်ချင်တယ်"

"ဟွန်း စိုးကလည်း"

မျက်စောင်းလှလှကလေးနဲ့ ဦးကျော်စွာစိုးကို ဒေါ်ဆွေဆွေမြင့် ကြည့်ဖြစ်သွားသည်။

"တကယ်ပြောတာ ဆွေရ"ဟု

ဆွေ ပါးမို့မို့လေးကို မထိတထိနမ်းလျက် ဦးကျော်စွာစိုး တိုးဖွဖွပြောလေသည်။ ထိုအခါ ဒေါ်ဆွေဆွေမြင့်ရင်ထဲက ဒေါသမီးပုံကြီး ဒီရေကျသလို ထိုးကျသွားသည်။

သွေးသားနဲ့တကွ မျက်လုံးနဲ့ နှုတ်ခမ်းတို့က အချစ်ကြောင့် ချိုမြိန်ရှာသကာ ၊အကြည့်ချင်းဆုံသွားသည်။

ခုချိန်ထိ သူတို့နှစ်ဦးက ဆယ်ကျော်သက် ချစ်သူလို အရှုးအမူး ချစ်နေကြဆဲ။



www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်မလေးကိုစွ 'ဆွေ့'ခေါင်းစားမနေပါနဲ့ကွာ။ အားလုံး အိုကေသွားမယ် ဆွေရဲ့ ၊ ဟင့် ဟင့် ဟင့် ပက်ထရစ်ကြဲရင်လေ"

လက်မထောင်၍ အကြဲပိုင်ပိုင်ပြောသံ အမြင်သစ်နားထဲ ဆောင့်ဝင်လာသည်။ ထိုအခါ အမြင်သစ် မျက်မှောင်ကြုတ်သွားသည်။ မင်းသံနှင့်အတူ ဘီယာသောက်နေရာမှ အလိုလို ရပ်တန့်သွားသည်။ သောက်လက်စ ဘီယာဘူးကို စားပွဲပေါ် ပြန်တင်၍

"ပက်ထရစ်"

ထိုအမည်ကို အကြိမ်ကြိမ်ရွတ်မိလျှင် နှလုံးသားမှာကျွန်းတစ်ခု ကန့်လန့်ကြီး ကာဆီးထားသလိုခံစားရ၏။

"ဟုတ်တယ်။ ပက်ထရစ်ကြဲလိုက်ရင် မိမုန်း ပိုင်ဆိုင်သမျှ အတွင်း ပစ္စည်းနဲ့ ရတနာမြိုင်စံအိမ် 'ဆွေ'တို့လက်ထဲရောက်လာပြီပေါ့ ဟင့်. . . ဟင့်. . . ဟင့်. . ."

အမြင်သစ် ငေါက်ခနဲ ထရပ်လိုက်သည်။

ရွှေဝါရောင် လိုက်ကာအရှည်ကြီးများချထားသည့် စပါယ်ရှယ် စားသောက်ခန်းမထဲမှ အမြင်သစ် ခြေလှမ်းတွေ ရွေ့လျားသွားသည်။

ရတနာမြိုင်စံအိမ်

'ပက်ထရစ်' ဆိုတဲ့အမည်နာမ။

စကားအသွားအလာတွေက 'မုန်းမရ'နဲ့ တိုက်ရိုက်ပတ်သက်နေမှန်း အမြင်သစ် သဘောပေါက်သွားသည်။

မင်းသံ ပြောသလို မုန်းမရ ဘဝနဲ့ နှလုံးသားက တကယ်ပဲ အန္တရာယ်စက်ပိုင်းထဲ ရောက်နေပြီလား . . .။

"အမြင်သစ်ကြောင့် မုန်းမရ ဘဝလေး နောက်ထပ် ကံမဆိုးစေ





ရဘူး အဖေ ကျွန်တော် ကတိပေးပါတယ်"

ထိုကတိ တည်မြဲဖို့ ရွှေဝါရောင်လိုက်ကာကို လက်နှစ်ဖက်နဲ့ သိမ်းဖယ်လိုက်လျှင် မြင်ကွင်းက ခြေလှမ်းအစုံကို ရပ်တန့်သွားစေသည်။

စားပွဲမှာ စားသောက်ဖွယ်ရာအပြည့်အစုံရွေ့ချပြီး ဆိုဖါအရှည်ကြီးပေါ် နွဲ့မှိုဖက်တွယ်ထိုင်လျက် အချစ်ပလူးနေကြတဲ့ အလှသွေးကြွယ်သော အရွယ်လွန်စုံတွဲ။

အကြဲပိုင်ပိုင်နဲ့ အကြည့်ချင်း မြူးနေကြသည်က မိုးမမြင် လေမမြင်။

ပြီးတော့ အမြင်သစ်ကိုလည်း မမြင်နိုင်သလို ဖြစ်နေ ကြသည်။

'တောက်'

အမြင်သစ်ရင်မှာ တင်းကနဲ ကျင်သွားသည်။

ဒင်းတို့ အကြံက ဘာတွေလဲ။

မုန်းမရကို အချိန်မီ အမြင်သစ် ရင်ခွင်ထဲ ထည့်ထားရမည်။ ဟုတ်တယ်။ ရင်ထဲ အသံတိတ်ဆုံးဖြတ်ချက်ချလိုက်သည်။

ထို့ကြောင့် ထိုစုံတွဲကို ရင်မဆိုင်ချင်တော့ပါ . .။

သိမ်းဖယ်ထားမိတဲ့ လိုက်ကာစကို လျှောခနဲပြန်လွှတ်ချသည်။

ခံပြင်းစိတ်ကို ဆောက်တည်ရာမရဖြစ်ကာ ၊ရိုပ်ခနဲမြင်လိုက်ရတဲ့ လူရိုပ်နဲ့ လိုက်ကာစကြီး အိနွဲ့လှုပ်ခတ် သွားသည့်အခါ ထိုစုံတွဲအသိဝင်လာသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပက်ထရစ်အကြံအစည်ကို နှောင့်ယှက်မယ့် အရိပ်ဟု ဆွေခံစားသိရှိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုအခါ အချစ်တွေနဲ့ ဖက်ကွယ်ထားတဲ့ လက်တွေ လွှတ်ချသည်။ ကိုယ်ခန္ဓာတွေလည်း ဆိုဖါပေါ်မှ ရုန်းထကာ . . ။

အဆင့်မြင့်စားသောက်ခန်းထဲမှ နှစ်ယောက်လုံးထွက်ခဲ့ကြ၏။

'မိမုန်း ငါ့လက်ထဲက လုံးဝမလွှတ်စေရဘူး။ ငါအရင်ကြမယ်' ဟု ဒေါ်ဆွေဆွေမြင့် အံတကြိတ်ကြိတ်ကြိမ်းဝါးလေတော့သည်။

■ ■ ■

'မာမီဆွေ'

'မုန်းမရ' လန့်လန့်ဖြန့်ဖြန့်ခေါ်မိ၏။

ဒေါ်ဆွေဆွေမြင့် မျက်နှာကိုမော့ကာ အံခဲမကြေအံကြိတ်၍ အနိုင် ရပြုံးနဲ့ကြည့်သည်။ မမရန့်သွေးလည်း မာမီဆွေလိုပဲကြည့်ပြီး ။

'မိမုန်း ၊ညည်းဘဝက ငါ့တို့လက်ထဲမှာ။ ငါတို့လက်ထဲက လွှတ်ချင် ရင် ညည်းပိုင်ဆိုင်တဲ့ စိန်တွေနဲ့ ၊ စာချုပ်တွေအားလုံးပေးရမယ်၊ အေး ညည်း မပေးဘူးဆိုရင် ၊ညည်းဘဝလေး ပက်ထရစ်တို့သုံးယောက် လက်ချက်နဲ့ စုတ်ပြတ်သတ်သွားစေရမယ် သိလား'

'မရ' ရင်ဘတ်ကို စောင့်တွန်းပြီး မမသွေး ပြောသည်က ညီအစ်မ အရင်းနှင့်တူသောမေတ္တာတွေနဲ့ မဟုတ်တော့ပေ။

လိုချင် လောဘယိုစီးကာ မျက်ဝန်းအစုံက အသောမသတ်နိုင်တဲ့ အတ္တဖြင့် တောက်ပနေပါသည်။

"ဟုတ်တယ် ကလေးမ။ ညည်းမိတွေးနဲ့ ညည်းအစ်ကလိုချင်တာ ပေးလိုက်။ မပေးရင် ငါ့တူပက်ထရစ် ညည်းလေးကို ချမ်းသာပေးမှာ မဟုတ်ဘူး။"

သိုက်သမား ဦးကျော်စွာစိုးကလည်း လိုချင်လောဘနှင့် ဝင်





ပြောလာသည်။

မုန်းမရ ရင်မှာ ကြောက်စိတ်တို့ဖြင့် တုန်ယင်သာသည်။

သူတို့ လောဘဇောတိုက်ပြီး တောင်းလာတိုင်းပေးလိုက်ရင် ကောင်းမလား။

မုန်းမရ စဉ်းစားမိသည်။

မုန်းမရအပေါ် ဘယ်တုန်းကမှ ညာတာ ကြင်နာခြင်းမရှိတဲ့ မိထွေးနဲ့ အစ်မကို ပိုင်ဆိုင်မှုတွေ ပေးလိုက်ရင် ၊ဘွားဘွားဘယ်လို ခံစားရမလဲ။

တမလွန်ရောက်နေတဲ့ ဘွားဘွားက 'မုန်းမရ' ကိုခွင့်လွှတ် နိုင်ပါ့မလား။

ဘွားဘွားခွင့်မလွှတ်တာကနောက်မှ

လောလောဆယ် မာမီဆွေ အတ္တကို ကြောက်လှသည်။ မာမီဆွေ တင်မက မမသွေးနဲ့ ဦးကျော်စွာစိုးကိုလည်း လန့်ရသည်။ သူတို့ ပြောနေ တာတွေက 'မုန်းမရ' ရဲ့ ပိုင်ဆိုင်မှုတွေနဲ့ မုန်းမရဘဝကို နင်းချေပစ်ဖို့ ချည်းဖြစ်နေသည်။

"ဟိတ် မိမုန်း ညည်းပေးမလား။ မပေးဘူးလား။ တစ်ခွန်း တည်းပြော"

ရန့်သွေး စိတ်မရှည်ပါ ။

မိမုန်း ပုခုံးစွန်းကို ခပ်ကြမ်းကြမ်း လှုပ်ခါ၍ ပြောသည်။

မုန်းမရ ကြောက်စိတ်နဲ့ ခေါင်းရမ်းမိသွားသည်။

"ဘာ"

သုံးယောက်လုံး ဘာခန့်ဖြစ်ကာ မုန်းမရကို စားတော့ ဝါးတော့



www.burmeseclassic.com

www.burmeseclassic.com



မတတ် စိုက်ကြည့်လာသည်။

မုန်းမရ ကြောက်စိတ်က အသားများပင် တုန်လာသည်။ ရတနာမြိုင်စံအိမ်မှာ မုန်းမရ တစ်ယောက်တည်း။

ပြီးတော့ မိုးလည်း ချုပ်လှပြီ။

ထိုသုံးယောက်လာပြီး လောဘနဲ့ တောင်းနေတာက မုန်းမရ အတွက် ပို၍ကြောက်စရာကောင်းလှသည်။

ထို့ကြောင့် ထိုသုံးယောက်နဲ့ မုန်းမရ ရင်မဆိုင်ရဲဖြစ်ကာ ထိုသုံးယောက်ရှေ့မှ ရုတ်ချည်းပြေးထွက်ခဲ့သည်က လုံခြုံတဲ့ရင်ခွင်တစ်ခုဆီသို့ ဖြစ်သည်။

"ဟာ"

"ဟာ မိမုန်း"

"တောက် နေဦး၊ ရိုးရိုးလေးမပေးချင်ရင် ညည်းဘ၀နဲ့ရင်း ပြီး ပေးပေတော့"

ဦးကျော်စွာစိုး ဟန့်တားသလို ရန့်သွေး အံကြိတ်ပြောသည်။

ဒေါ်ဆွေဆွေမြင့် အတ္တကလည်း လက်မနေးပါ။ အရိုးဆုံးနည်းနဲ့တောင်းတာ မပေးမှတော့ အဆန်းဆုံးနည်းနဲ့တောင်းရတော့မယ်။

လက်ကိုင်ဖုန်းဖြင့် ပက်ထရစ်ကို ဒေါ်ဆွေဆွေမြင့် ချက်ချင်း လှမ်း သတင်းပို့ လိုက်၏။

ညည်း လွတ်နိုင်မလား မိ မုန်း ရယ်။

ဟင့် ဟင့် ဟင့်။

■ ■ ■

## အခန်း (၃၀)

"ဟင်"

'မုန်းမရ' တစ်ကိုယ်လုံး ကားမီးရောင်တွေလင်းဖြာသွားသည်။ ကားမီးအလင်းရောင်ကြောင့် လမ်းသုံးခွအလယ်မှာ မုန်းမရ တစ်ကိုယ်လုံး တောင့်မတ်မတ်ဖြစ်သွားသလို

မျက်နှာပေါ်က ကားမီးရောင်ကို လက်ဖဝါးနဲ့ဖယ်ကာရင်း လမ်းပေါက်ရှာသည်။

ထိုအခါ

အမိုးဖွင့် ဂျစ်ကားသုံးစီးစလုံး မီးအစုံဖွင့်ကာ 'မုန်းမရ'ဆီ တိုးဝင်လာလျှင် မုန်းမရ လန့်လန့်ဖြန့်ဖြန့်ဖြစ်ရသည်။

ဒီကားသုံးစီး မုန်းမရဆီ ဘာလို့ဦးတည်လာတာလဲ။

ညကသိပ်မနက်သေးပေမယ့် ကားသွားကားလာရှင်းနေသလို ပတ်ဝန်းကျင်မှာလူရိပ်သူရိပ်မမြင်ရတော့၊ 'မုန်းမရ' ပို၍ ကြောက်လ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တြိဂံလိုသုံးထောင့်ဆိုင်ပြီး တိုးဝင်လာသည်က စက္ကန့်နဲ့အမျှ နီးကပ်လာလျှင် မုန်းမရ ဘယ်ဘက်မှ ပြေးမလွတ်နိုင်အောင်ဖြစ်ရပြီ။

"အမေ့"

မုန်းမရ လန့်ဖြန့်လျက် တစ်ကိုယ်လုံးတုန်ခါနေလေသည်။

ကားသုံးစီးလုံးက မုန်းမရနဲ့ တစ်ပေပတ်လည်သာသာမှာ တုန့်ခနဲ ထိုးရပ်သွားသလို ရယ်သံတွေလည်း ကြားရသည်။

ထိုရယ်သံတွေက လွတ်လပ်ပေါ့ပါးစွာ လွင့်ပျံ့လေ၏။

မုန်းမရ ပတ်လည်မှာ ဝေ့ဝဲလာသည့် ရယ်သံတွေနဲ့အတူ ကားမောင်းသူ နေရာမှ အသီးသီးဆင်းလာတဲ့ ခြေသံတွေ။

ကားဘေးပတ်ပတ်လည်မှာ လက်ပိုက်သူပိုက်၊ ခါးထောက်သူထောက်၊ ဆံပင်ကို စတိုင်နဲ့ သ 'သူ'သနဲ့ မုန်းမရကို ခြေဆုံးခေါင်းဆုံး ကြည့်လေသည်။

"ရှင် ရှင်တို့ "

ကားသုံးစီးနဲ့လူသုံးယောက်ပိတ်ဆို့ဝိုင်းရံထားတဲ့အလယ်မှာ မုန်းမရ ရောက်နေပါပြီ။ လန့်ဖြန့်စိတ်နဲ့အတူ ခပ်ရဲရဲကြည့်နေတဲ့မျက်ဝန်းသုံးစုံကြောင့်

တင်နဲ့ရင်ပါ ထူပူလျက် မလုံမလဲဖြစ်ကုန်သည်။

ခြေနှစ်ဖက်ကားပြီး လက်နှစ်ဖက်ခါးထောက်ရပ်နေတဲ့ ချန်ချန်၊ မျက်နှာချင်းဆိုင်မှ တည့်တည့်မြင်နေရတဲ့ မုန်းမရ အလှတရားတွေကို သရိုးသရီ စိုက်ကြည့်၍ရှေ့တိုးလာသည်။

"ရှင် နော် "

မုန်းမရခြေတစ်လှမ်းနောက်ဆုတ်လျှင်နောက်ဘက်မှာဆံပင်





သကာရပ်နေတဲ့ ပက်ထရစ်ကပြုံးမြမြနှင့် ရယ်နေသည်။

ထိုရယ်သံကြောင့် မုန်းမရ ခြေလှမ်းနောက်မဆုတ်ရဲတော့ပါ။

လွတ်လမ်းရလိုရငြား ဘေးဘက်ကြည့်တော့ ဒေတာက မေးဖျားမှ မွေးညှင်းငုတ်စိလေးများကို သကိုင်လျက် ရယ်ကျဲကျဲလှမ်းပြောသည်။

"မုန်းမရ တဲ့ ၊နာမည်လေးက မုန်းမရ ဆိုတော့ ချစ်ရမယ့်သဘော ၊မိုက်တယ်ကွ "

"တောက် ရှင်တို့ နော်"

"ဟုတ်တယ်လေ ကိုကိုတို့က ချစ်တတ်ပါတယ် ကွ"

"သေလိုက်ပါလား"

"မသေချင်ပါဘူး နှစ်ပါးသွားလေး ကချင်သေးတယ်"

"ဟား ... ဟား .. ဟား ..."

ကြောပြင်နဲ့ ရင်ဘတ်ထိသည်အထိ နောက်မှ တိုးကပ်လာတဲ့ ပက်ထရစ်၊ 'မုန်းမရ' ဆံနွယ်ကို ပိုင်စိုးပိုင်နင်း လက်ချောင်းလေးနဲ့ တယုတယလေးသရင် မှုမမှန်စွာပြော၏။

ထိုအခါ 'ချန်ချန်'နဲ့ 'ဒေတာ'၊'မုန်းမရ'ကိုကြည့်၍ ပြိုင်တူရယ်ချသည်။

'ပက်ထရစ်'က လက်ခုတ် လက်ဝါးတီး၍ ရယ်၏။

ထို့နောက် မြန်မြန်ဆန်ဆန် လက်ချောင်းကလေးများနှင့် မုန်းမရ ကိုယ်လုံးကောက်ကြောင်းအတိုင်း မထိတထိ ပိုင်စိုးပိုင်နင်းပြုတဲ့အခါ မုန်းမရ တစ်ကိုယ်လုံး ကြက်သီးထကာ မွေးညှင်းနုကလေးများပင် ထကြွကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ...ရှင်.. နော် ..မယုတ်မာနဲ့"

မုန်းမရ ကြောက်လန့်တကြားဖြစ်ကာ အသံလေးများပင် တုန်ယင်လာသည်။ ရှေ့တိုးတော့လည်း ချန်ချန်နဲ့မျက်နှာချင်းဆိုင်။

ဘေးစောင်းမှာက ဒေတာ၊ နောက်မှာ ပက်ထရစ်။

ကားသုံးစီးလုံး ခေါင်းဆိုင်ကာ တြိဂံပုံဝိုင်းပြီးသား။

မုန်းမရ ဘယ်လိုပြေးထွက်ရမလဲ။

ထွင်းဖောက်မတတ် စိုက်ကြည့်နေကြတဲ့ မူမမှန်တဲ့ မျက်ဝန်းသုံးစုံက 'မုန်းမရ' အသွေးအသားအထိ ဖောက်ဝင်မတတ်။

ကြောက်စိတ်၊ ရှက်စိတ်နဲ့ မုန်းမရ ဟီးခနဲ ငိုချလိုက်လျှင်

"ကိုကိုတို့က မယုတ်မာပါဘူး၊မုန်းမရလေးရဲ့။ မြတ်မြတ်နိုးနိုး ဝိုင်းချစ်ကြမှာပါ ဟား ..ဟား .. ဟား "

"လူယုတ်မာတွေ ... ဟီး ..ဟီး .. ဖယ်"

ဖြစ်ချင်ရာ ဖြစ်စေတော့ ။

လောင်ပိတ်ခံထားရတဲ့ အနေအထားချည်းကို သွေးသားကအစ ကြောက်လာသည်။ သုံးယောက်ထဲက တစ်ယောက်က မမသွေးချစ်သူ။ အရပ်မြင့်မြင့်နဲ့ ချန်ချန်က မုန်းမရကို လမ်းမှာပိတ်ပြီး ကိုယ့်ကို မမှတ်မိဘူးလား၊ ဘာလားနဲ့ လာရောသူ။

ကျန်တစ်ယောက်ကလည်း မုန်းမရကို စူးစူးစိုက်စိုက်ကြည့်နေတာက ဓာတ်လမ်းတွေရှိခဲ့ဘူးသလိုလို ဘာလိုလိုနဲ့။

သေချာတာက ထိုလူရွယ်သုံးယောက် စိတ်ရိုးသဘောရိုးနဲ့ မုန်းမရ ဆီ၊ချဉ်းကပ်လာတာမဟုတ်မှန်းသိသာနေသည်။

ထို့ကြောင့် မုန်းမရ ရှေ့တည့်တည့်မှာ ပိတ်ရပ်နေတဲ့ ချန်ချန်





ရင်ဘတ်ကို လက်နှစ်ဖက်နဲ့ ဆောင့်တွန်းပြီး ပြေးပေါက်ရှာလျှင်

"အမေ့ အိုး"

မုန်းမရ တစ်ကိုယ်လုံးမြောက်ခနဲ့ဖြစ်သွားတာသိသည်။ တစ်ပြိုင်နက်ထဲ ရင်ခွင်တစ်ခုထဲတင်ကြပ်စွာပါသွားလေသည်။

"ရှင်...ရှင်တို့ ..လွှတ် ..ဟီး ကယ်ကြပါ ..ဟီး"

နောက်ကနေ ဆတ်ခနဲပွေ့မလိုက်တဲ့ ပက်ထရစ် ရင်ခွင်ထဲမှာ မုန်းမရ တစ်ကိုယ်လုံးနစ်မြုပ်လေပြီ ။

ရုန်းသော်လည်း မရ ။

ကြောက်ကြောက်လန့်လန့်နှင့် ငိုချရင်း၊ ပက်ထရစ် မျက်နှာပြင်ကို လက်သည်းနဲ့ ကုတ်ဖဲ့သော်လည်း အချည်းနှီး။

"ဟား ..ဟား .. ဟား ...."

ဝါအက်သော ရယ်သံ သုံးသံကြားမှာ မုန်းမရ အဖြစ်ဆိုးလေပြီ။

ညဦးကတော့ ပုံမှန်အတိုင်းပါပဲ။

စက္ကန့်တိုင်းဟာ မိနစ်ဆီ ရောက်အောင် နှစ်ပါးသွားငြိမ့်ငြိမ့်လေးကပြီး ခရီးသွားနေဆဲဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"တီ  တီ  တီ"

ဘယ်ဘက်ခါးကြားမှာ ချိတ်ထားသည့် လက်ကိုင်ဖုန်းကလေး တတီတီမြည်လာသည်။

ဆတ်ခနဲ လက်ကိုင်ဖုန်းကို ဆွဲထုတ်၏။ ဖုန်းဖွင့်၍ နားနား ကပ်လိုက်သည်နှင့်

"သား"ဟု အဖေခေါ်သည်။

အဖေ့အသံက ဘာကို တောင့်တနေမှန်းအမြင်သစ် သိပါသည်။ ထို့ကြောင့် အဖေ့ဆန္ဒကိုဖြည့်ဆည်းပေးဖို့ အမြင်သစ် နှလုံးသားက ဆုံးဖြတ်ပြီးသားဖြစ်နေသည့်တိုင်း

"အဖေ"

"သား အမြင် ကလေးမလေးကို"

"အဖေ စိတ်မပူပါနဲ့ အဖေ့ဆန္ဒအတိုင်း ဖြစ်ရလိမ့်မယ်၊ အခု ကောင်မလေးဆီ ကျွန်တော် သွားနေတာပါ"





ဦးကျော်ထက် နားကိုပင် မယုံသလိုဖြစ်သွားသည်။

"ဩော် အေး"

ဦးကျော်ထက် အံ့သြဝမ်းသာလွန်းလို့ ထိုမျှပင်ပြောနိုင်တော့သည်။

"အဖေ 'မုန်းမရ'ကို ရတနာမြိုင်စံအိမ်က ကျွန်တော်ခေါ်ခဲ့မယ်၊ ပြီးတော့ အဖေ့သဘောအတိုင်းစီစဉ်၊ ကျွန်တော် မငြင်းဘူး၊ ဒါပဲ အဖေ"

အမြင်သစ် တည်ငြိမ်စွာပြောပြီး ဖုန်းပိတ်၏။ ဒီလောက်ဆို အဖေ စိတ်နှလုံးချမ်းမြေ့သွားမှာ အသေအချာဖြစ်သည်။

"တီ  တီ  တီ"

ညာဘက်ခါးကြားထဲက နောက်ဖုန်းတစ်လုံး မြည်လာပြန်သည်။ အမြင်သစ် ကားကို လမ်းဘေးထိုးဆွဲချ၍ ရပ်လိုက်သည်။

ကားစက်နှိုးထားဆဲနှင့်။

မြည်လာတဲ့ ဖုန်းကို ဆွဲထုတ်လျက် နားနားကပ်လိုက်လျှင်

"ဟား ... ဟား ... ဟား ..."ဆိုတဲ့

လူငယ်တစ်ယောက်၏ ခနဲ့ခနဲ့ရယ်သံအကျယ်ကြီးပြန့်ထွက်လာသည်။ အမြင်သစ် မျက်မှောင်ကုတ်သွားလေပြီး။

"ဟား ဟား ဟား ပက်ထရစ်လေ ပက်ထရစ်"

"ဘာ"

အမြင်သစ် မျက်လုံးပြူးသွားသည်။ ပက်ထရစ်ဆိုတဲ့ အသံကြောင့် မုန်းမရ အတွက်လည်း စိတ်ပူပင်သွားတာ တစ်ဆက်တည်း ဖြစ်လာ၏။

"ဟုတ်တယ်။ ကျုပ် ပက်ထရစ်ပဲ၊ ဦးအမြင်သစ်။ ဒီမှာ ခင်ဗျား ပြောတဲ့စကား ခင်ဗျားမှတ်မိလား၊ မုန်းမရကို ကျုပ်တို့ လက်ခုပ်ထဲကနေ



www.burmeseclassic.com

www.burmeseclassic.com



လုသွားတုန်းကလေ၊ ဝေစုမယူနဲ့ ဘာမဆိုလိုချင်ရင်အပြည့်ယူဆိုတာလေ။ ဟား ဟား ဟား''

အမြင်သစ် ပြောခဲ့တဲ့စကား အမြင်သစ်မှတ်မိသည်။

သို့သော်လည်း ထိုစကားကို ပက်ထရစ် ပြန်ပြောနေတာ အမြင်သစ်နှလုံးသားလေး မငြိမ်သက်နိုင်တော့ပါ။

ပက်ထရစ် ထိုစကားကိုပြောပြီး ဆက်တိုက်အော်ရယ်ချ၏။

'အမြင်သစ်' အံတစ်ချက်ကြိတ်လျက်

''ဟော့ ပက်ထရစ် မင်းဘာရည်ရွယ်ချက်နဲ့လဲ''

''ဟား ဟား ဟား ဘာရည်ရွယ်ချက်မှမရှိဘူး ခင်ဗျားစကား အတိုင်းပြောရရင် အပြည့်အဝယူဖို့ပဲ။ ဘာကိုလည်းသိလား။ မုန်းမရလေ မုန်းမရ''

''တောက် မင်း ''

''အသက်ကြီးကြီးနဲ့ ဒေါသမကြီးစမ်းပါနဲ့ ဦးအမြင်သစ်၊ ခင်ဗျားကြောင့် ကျုပ်အစ်မ အသည်းခွဲကွဲခဲ့ရတယ်လေ''

''ဟော့ ဘာမှမဆိုင်ဘူးကွ မင်းအစ်မကို ငါ''

''တော်ပြီ ခင်ဗျား ဆက်မပြောနဲ့ ''

ပက်ထရစ် အငြိုးတကြီး ပိတ်ပြောသည်။ အမြင်သစ် ခေါင်းတစ်ချက်ရမ်းပြီး၊ရှင်းပြဖို့စကားလုံးစီလို့ပင် မပြီးသေးပါ။ ပက်ထရစ် အသံဦးစွာ ထွက်ပေါ်လာသည်။

''ဒီမှာ ဦးအမြင်သစ်၊ကျုပ်က ခင်ဗျားလို စကားလုံးနဲ့ အပြည့်ယူမှာမဟုတ်ဘူး၊ လက်တွေ့အပြည့်ယူမှာကွ၊ မုန်းမရ ဘဝ၊ မုန်းမရရဲ့ ပိုင်ဆိုင်မှု၊ ပြီးတော့ ခင်ဗျားရဲ့ အသည်းနှလုံးကိုလေ ဟား ဟား





ဟား ခင်ဗျား ဘာတတ်နိုင်သေးလဲ''

''မင်းနော် ဟော့ ဒီမှာ ပက်ထရစ် မင်း ငါ့ကို မကျေနပ်တာ မဟုတ်လား။ ပြောစမ်း။ ငါ့ကို မကျေနပ်ရင် ငါနဲ့ရှင်းလို့ရတယ်။မုန်းမရနဲ့ ဘာမှမဆိုင်ဘူး။ အမြင်သစ် စိုးရိမ်လှုပ်ရှားကာ တရစပ်ပြောမိသည်။ ပက်ထရစ်က ပက်ထရစ်က အားရပါးရ အော်ရယ်သည်။ ပြီးမှ ဆက်တိုက်ပြော၏။

''ဟား . . . ဟား . . . ဆိုင်တာပေါ့ ဦးအမြင်သစ်ရ။ ခင်ဗျား လက်သတ် မွေးထားတဲ့ မုန်းမရက အစွမ်းကုန် အလှပန်းပွင့်နေတာလေ။ ဒီလောက်လှတဲ့ပန်းကလေးကို မနမ်းရင် ပက်ထရစ် ဘာကောင် ဖြစ်သွားမယ်ထင်သလဲ။ ပက်ထရစ် ဆိုတဲ့အကောင်က ဥပုသ်စောင့်ဖို့ ဝါသနာမပါဘူး။ ဒီဟာမလေးကိုရရင် ဖိမ်ပဲ။ ပြီးတော့ စည်းစိမ် တွေလည်း အပုံကြီး။ ဒါကြောင့် ခင်ဗျားပြောသလိုပဲ မုန်းမရဆီက အပြည့်အဝယူမှာ ကျုပ်တစ်ယောက်တည်းမဟုတ်ဘူး၊ ဒေတာနဲ့ ချန်ချန် လည်းပါတယ် ဟား ဟား ဟား''

မရိုးမသားအသံချည်းနဲ့ ပြောချပြီး သရိုးသရီ ပက်ထရစ် ရယ်ချသည်။

စကားလုံးတွေက အရိုင်းဆန်နေသည်။

ထိုအခါ 'အမြင်သစ်'ရင်မှာပို၍လေးသွားသည်။ဒီ ကောင်မလေး အခုဘယ်မှာလဲ အံတင်းတင်းကြိတ်ကာ တောက်ခတ်၍ ဖုန်းကို ဆောင့် ပိတ်လိုက်သည်။

''တောက် ပက်ထရစ်''

အမြင်သစ် ရေရွတ်သံကြောင့် အမြင်သစ် ဘေးမှာရှိနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



'မင်းသံ'အလိုလိုသဘောပေါက်သွားသည်။

သို့သော်

လမ်းဘေးမှာ ထိုးရပ်ထားတဲ့ ကားက စက်နှိုးထားလျက်

ရှုတ်ချည်စက်သေသွားကာ။

အရေးထဲ စက်နှိုးမရနိုင်တော့ပါ။

"တောက်"

■ ■ ■



## အခန်း (၃၂)

" အား "

ပက်ထရစ် ရင်ခေါင်းထဲမှ နာကြင်သံ အားခနဲထွက်၏။ အကြောင်းက မုန်းမရ ပက်ထရစ်လက်ကို ဖမ်းကိုက်လိုက်သည်။

ပက်ထရစ် လက်ဖျံမှာ မုန်းမရ၏ သွားကိုက်ရာအကွင်းလိုက် ပေါ်လာကာ၊ သွေးစချက်ချင်းစို့လာသည်။

ပက်ထရစ်နာကြင်သံကြောင့် 'မုန်းမရ'ကို သတိလက်လွတ်ဖြစ်သွားသည့်ကို 'မုန်းမရ' အခွင့်ကောင်းယူ၍ ၊ပြေးထွက်လျှင် ဖတ်ခနဲ ပက်ထရစ် လှမ်းအဆွဲမှာ။

'ဖြီးခနဲ'မြည်သွားကာ မုန်းမရကိုယ်ပေါ်မှ ခဲသားရောင် အင်္ကျီလေးစုတ်ပြဲပြီး ပက်ထရစ်လက်ထဲ တန်းလန်းပါသွားသည်။

"ဟင်း "

ပက်ထရစ် အံကြိတ်ကာ ပြုံးသည်။ ထိုအပြုံးက လိုချင်တဲ့အခွင့်အရေး အပြည့်အဝ ရတော့မယ်ဆိုတဲ့ သွေးသားနှိုးကြွလာတဲ့ အပြုံး။



www.burmeseclassic.com

www.burmeseclassic.com



မုန်းမရ လန့်လန့်ဖြန့်ဖြန့်ဖြစ်ကာ ကြောက်စိတ်တွေနဲ့ တုန်ယင်လာသလို ရှက်စိတ်လည်း ဖြန်းခနဲပေါ်လာသည်။

'' အဟင့် ''

ပက်ထရစ် ရယ်၍ ခဲသားရောင် အင်္ကျီအပိုင်းအစကို လွှတ်ချလိုက်သည်။ ပြီးတော့ ရှေ့ကို တစ်လှမ်းပြီးတစ်လှမ်း တိုးလာသည်။

'မုန်းမရ'ရှက်ရွံ့ကာ ခြေလှမ်းနောက်ဆုတ်သည်။ နှစ်လမ်းပင်မဆုတ်ရသေး၊ ကြောပေးထားတဲ့ အခန်းတံခါး ဖြတ်ခနဲပွင့်လာပြီး ချန်ချန် ဘွားခနဲပေါ်လာသည်။

''ဟား ... ဟား ... ဟား''

ချန်ချန်မျက်လုံးရဲရဲနဲ့ကြည့်၍ လက်ခုပ်လက်ဝါးတီးကာ တဟားဟားရယ်သည်။ မုန်းမရ မျက်ရည်တွေဝေါခနဲ ကြွေကျလာကာ နှစ်ယောက်

အလယ်မှာ ထွက်ပေါက်မဲ့နေရှာသည်။

ဒေတာကတော့ အခန်းထောင့်ရှိ ကျွန်းကုလားထိုင် တစ်လုံးမှာထိုင်၍ ပြုံးနေပါသည်။ အခန်းတစ်ခုတည်းမှာ ယောကျ်ားသုံးယောက်။

ထိုသုံးယောက်လုံးက မုန်းမရရဲ့ ခန္ဓာကိုယ်ပေါ်က အမှိုအမောက်အလှတရားများကိုရှေးကြည့်ရင်း လိုချင်တာအရယူဖို့ အဆင်သင့် ဖြစ်နေကြသည်။

အကြည့်ဝါဝါတွေက မုန်းမရ ခန္ဓာကိုယ်ပေါ်မှာ ကျက်စားနေပြီ။ မုန်းမရ ဟီးခနဲငိုချ၍

''တောင်းပန်ပါတယ် နော် ။ရှင်တို့ ဘာလိုချင်တာလဲ ဟင်''

ဟု အက်ကွဲသံနှင့်ကတုန်ကယင် မေးသည်။





''အဟင့် .. ကိုကိုတို့လိုချင်တာ ဒါပဲ''

ပက်ထရစ် နှာခေါင်းပွရှုတ်၍ပြောပြီး ခြေလှမ်းရှေ့တိုး လာကာ မုန်းမရ ခါးသိမ်သိမ်လေးကို လက်နှစ်ဖက်ဖြင့် မကိုင်လိုက်သည်။

''အိုး''

ထိုအခါ 'မုန်းမရ'ကိုယ်သေးသေးလေး လေမှာမြောက်ခနဲ ဝဲသွား၏။

''အင့်''

တစ်ဆက်တည်းသိလိုက်တာက၊ မုန်းမရ ကိုယ်လုံးလေး အိပ်ရာတစ်ခုပေါ် အရှိန်နဲ့ကျသွားသည်။

အိစက်နေတဲ့ မွေ့ယာပေါ်မှာ မုန်းမရ ကိုယ်လေးလှုပ်ခါ နစ်ဝင်မတတ်ဖြစ်၏။

'ရှင် ရှင်'မုန်းမရ အထိတ်တလန့် အော်သည်။

'လူယုတ်မာတွေ လွှတ် လွှတ်'

မုန်းမရ အစွမ်းကုန် ရုန်းကန် ငြင်းဆန်ပေမယ့် မရပေ။

ဒေတာနဲ့ ချန်ချန်က ခေတ္တရှောင်ပေးလိုက်သည်။

'ပက်ထရစ် ရှင် နော် ဟင့် ဟင့်'

ကြောက်စိတ်၊ ရှက်စိတ်တို့နှင့် ချွေးစတွေပြန်လာကာ တစ်ကိုယ်လုံး မီးခဲပေါ်ရောက်နေသလို ပူခြစ်နေသည်။

'ဟင့် ဟင့် ဟင့် လွှတ်'

ဒီလို ကြမ္မာဆိုးနဲ့ ကြုံရတာ ဘယ်ဘဝကဝဋ်ကြွေးကြောင့်လဲ။ ပြောပါ ဘွားဘွားရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



တီ . . . တီ . . . တီ . . .

ဒေတာ့ ခါးကြားမှ လက်ကိုင်ဖုန်းမြည်လာသည်။ ဖုန်းသံက နှစ်ယောက်လုံးကို ဗီလင်ပျက်စေသည်။

" ဘာ "

ဖုန်းနားထောင်နေရင် 'ဒေတာ'အသံလျှိုထွက်လာသည်။ ဒေတာ အသံကြောင့် ဗီလင်ပျက်သွားတဲ့ ချန်ချန်မျက်မှောင်ကြုတ်၍

"ဘာလဲ ဒေတာ "

ဒေတာ ဖုန်းကို နားမှ ခွာ၍ အံတစ်ချက်ကြိတ်သည်။ ဒေတာ အံကြိတ်တာ အကြောင်းမဲ့မဟုတ်မှန်း ချန်ချန် နားလည်သည်။

"တောက် ဟိုလူကြီး လိုက်မွှေနေတယ်တဲ့၊ သွေး ဆက်ဟာ"

"ဟင် ဘာ ကွ"

ချန်ချန်ခံပြင်းသွားသည်။ မကြာခင် ရောက်လာမယ့် အလှည့် အတွက် သွေးဆူနေတဲ့ ဆန္ဒကို နှောင့်အယှက်အဖြစ်မခံနိုင်ပါ။နှစ်ယောက် လုံး ဆန္ဒက တိုင်ပင်စရာမလို ။

မျက်ရိပ် ပြိုင်တူပြကာ

အားကုန် ကြိတ်နွှဲနေတဲ့ ပက်ထရစ် အခန်းဘက် တစ်ချက် ဖွဲကြည့်သည်။ ပြီးတော့ ပက်ထရက် နှောင့်ယှက်မခံရဖို့ ၊သူတို့နှစ်ယောက် ကာကွယ်ရမယ့်အသိနဲ့ ခြေလှမ်းတွေ ရွေ့လျားခဲ့သည်။

အပေါ်ထပ် လှေခါးထစ်မှ ပြိုင်တူဆင်းလာလျှင်

တိုက်ထဲဝင်လာတဲ့ အမြင်သစ် နဲ့ဘွားခနဲဆုံသည်။

"ဦးအမြင်သစ် ခင်ဗျား ရှေ့မတိုးနဲ့"

လှေကားထစ်တွေကိုအထစ်ကျော်ဆင်း၍ လက်ညှိုးထိုးပြီး

ဗျူး၀၇၆ပ



'ဒေတာ' ဟန့်တားသည်။

ဟန့်တားသံအဆုံးမှာ အသင့်မြှောက်ထားတဲ့ လက်သီးတစ်လုံး အမြင်သစ် ပစ်သွင်းလိုက်သည်။

"ခွပ်"

ခနဲမြည်သံ တစ်ဆက်တည်းပေါ်လာသည်။ မေးရိုးကို ထိချက် ပြင်းကာ ဒေတာခေါင်းက ပွဲဦးထွက်လည်ပြီး ဒိုက်ခနဲ ခွေကျသွားသည်။

"တောက် ခင်ဗျားကြီး"

ချန်ချန် တောက်ခတ်ကာ ကိုယ်ကိုမြှောက်တက်အောင် ခုန်၍ ခြေဖနောင့်နဲ့ အမြင်သစ် မျက်ခွက်ကို စုံကန်သည်။

အမြင်သစ် ကိုယ်ကိုရှို့ကာ ▪အချိန်မီ ရှောင်လျှင် ချန်ချန် ဘိုင်းခ

နဲ့မြည်အောင် ဖင်ထိုင်လဲကျသွားသည်။

ချန်ချန်နဲ့ ဒေတာကိုကျော်၍ 'အမြင်သစ်' လှေကားထစ်ပေါ်သို့ ပြေးတက်သည်။

အမြင်သစ် ဖက်ပိုးနောက်ကို အရှိန်နဲ့ ပြေးဝင်လာတဲ့ ပန်းအိုး။ အမြင်သစ် လှည့်မကြည့်ဘဲ ခေါင်းငုံ့ချလျှင်

ကြောပေါ်သို့ ဝိုးခနဲ ဖြတ်ပြေးလျက် နံရံမှာထိပြီး ခွမ်းခနဲကွဲကာ အပိုင်းအစတွေ လှေကားထစ် တစ်လျှောက် ပြန့်ကြဲသွားသည်။

ဖင်ထိုင်ကျတဲ့ ချန်ချန် နာကျင်တာ အောင်းခံသလို ၊ဒီလူကြီး ကို အလွတ်မပေးနိုင်တဲ့ မာနစိတ်ကြောင့် ချက်ချင်းပြန်ထ၍ စဉ့်ဖန်အိုးနဲ့ တွယ်လိုက်ခြင်းဖြစ်သည်။

"တောက်"

ဗျူး၀၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



အရှောင်တော်တာ မြင်ရတော့ ဒေါသ ပိုထလာသည်။ ကုန်းရုန်းထကာ အမြင်သစ် နောက်လိုက်လာသည်။

ကျွန်းလှေကားပေါ် ခြေနင်းသံ တဒုန်းဒုန်းမြည်လာသည်။

ဖန်ကွဲစတွေနင်းပြီး လှေကားထစ်အဆုံး အပေါ်ထပ် ရောက်သည်အထိ အမြင်သစ် တရှူးထိုးပြေးတက်ခဲ့သည်။

ချန်ချန်ထပ်ကြပ်မကွာ ပါလာမှန်းသိသည်။

အပေါ်ထပ် ကြမ်းခင်းပေါ်ခြေချသည်နှင့် ချန်ချန်ကိုယ်လုံးက ဂျွန်းနဲ့မြှောက်တက်လာကာ အမြင်သစ်ရှေ့မှာ တိုက်ခိုက်ဖို့အသင့်ဖြစ်နေသည်။ ချန်ချန် တွေဝေမနေပါ။

ဘယ်ဝိုက်၊ ညာဖက်လက်သီးတွေ ၊တရစပ်ပစ်သွင်းသည်။

အမြင်သစ် ဘယ်ရှောင်၊ညာရှောင်နဲ့ကိုယ်က နံရံနဲ့ ကပ်လျက်သားဖြစ်သည်။ တစ်ပတ်လည်ခွေကျကာ မိုက်ခနဲမူးသွားတဲ့ ဒေတာ ချက်ချင်း ကုန်းရုန်းထ၍ လှေကားထစ်တွေကို အဆင့်ကျော် နင်းတက်လာသည်။

အခုတော့ နှစ်ယောက် တစ်ယောက်။

ဒီကောင်လေးတွေ အရင်ကထက် ကိုယ်ခံပညာကောင်းလာမှန်း အမြင်သစ် သဘောပေါက်လိုက်သည်။ ဒေတာရဲ့ ကန်ချက်က ရင်ကိုလာမှန်သည်။

အမြင်သစ် ရင်အုံကို နောက်ဘက်သို့ ရှုပ်ဆုတ်လိုက်လို့ တော်သေးသည်။

ချန်ချန်ကျွမ်းပစ်၍ မေးဖျားကိုကန်လျှင် ရှောင်ချိန်မရလိုက်၊ လည်မျိုကို မှန်း၍ ခြေနဲ့ကန်ချတဲ့အခါ အမြင်သစ် ဘိုင်းခနဲ





ကျနေရာမှ လျှပ်တစ်ပြက်အတွင်း ကိုယ်ကို ဘေးသို့ လိမ့်ချ ရှောင်ချိန် လက်မတင်ကလေးမြန်သွားလို့သာပေါ့။

"အား ... ကျား ..."

ချန်ချန် ညာသံပေး၍ အမြင်သစ် နောက်ကျောကို တစ်တောင်နဲ့ ထောင်းချသည်။

"အွတ်ခနဲ"

အမြင်သစ် ရင်ခေါင်းထဲက မြည်သလို ဒေတာလည်း အလစ်မပေး ၊ဖနောင့်နဲ့ 'အမြင်သစ်'ခေါင်းကို ပတ်ကန်သောကြောင့် အမြင်သစ် ခေါင်းလည်သွားသည်။မျက်ဝန်းထဲ ကြယ်ရောင်တွေ လက်ဖြာပြီး ကိုယ်က လည်း ဝုန်းခနဲ ကျသည်။

နှစ်ယောက်လုံး ခြေမြန်လက်မြန်နဲ့ အမြင်သစ်ကို ဆွဲထူ၏။

ထို့နောက် လက်သီးလေးလုံး မရပ်မနား ပစ်သွင်းသည်နှင့် 'အမြင်သစ်' တစ်တောင်နှစ်ဖက်ဖြင့် ဦးစွာအားကုန် တွက်ထည့်၏။

"အွတ်" ချန်ချန်တို့ ရှောင်ချိန်မရတော့ပေ။ ရင်ညွန့်အလယ် တည့်တည့် အောင့်မျက်ကာ အသက်ရှူဖို့ ခဲယဉ်းသွားသည်။

လက်က ရင်ဘတ်ဖိ၍ ကိုယ်ရှေ့ကိုင်းကျလျှင် နှစ်ယောက်သား ခေါင်းချင်းဆိုင်သလို ဖြစ်၏။

အမြင်သစ် လက်မနှေးတော့ပါ ..။

နှစ်ယောက်လုံးရဲ့ ဖက်ပိုးကိုချုပ်ကိုင်၍ ခေါင်းချင်းဆောင့်ထည့် ပေးလိုက်သည်။

"ဒိန်း"

ခနဲမြည်သံနောက်မှာ နှစ်ယောက်စလုံးပူး၍ တွန်းပစ်လျှင်



www.burmeseclassic.com

www.burmeseclassic.com



လေှကားထစ်ပေါ်မှ အရှိန်နဲ့ကျသွားသည်။

နှစ်ယောက်စလုံး လေှကားထစ်အောက်ဆုံးဆင့် ခြေရင်းမှာ ကျတဲ့အတိုင်း ငြိမ်သွားရှာပြီ။

"ရှင် ရှင် လူယုတ်မာ"

အော်သံနက်ကြီး ပျံ့ထွက်လာသည်။ ပြာအက်နေသော်လည်း မုန်းမရ အသံမှန်းသိ၏။ ချက်ချင်း အသိဝင်လာကာ အသံလာရာဆီ ခြေဦးလှည့်၏။

ညာဘက်အခန်းက ပေါ်လာတဲ့ ထိုအသံ။

အမြင်သစ် ဘာဘာ ညာညာ မစဉ်းစားတော့ပေ။

အခန်းတံခါးကို အားနဲ့ခုန်ကန်လျှင် တံခါးက ကျွီခနဲသံရှည်မြည်ကာ တုန်ခါလျက်ပွင့်သွားသည်။

ဘွားခနဲတွေ့ရတဲ့မြင်ကွင်း၊

ဣန္ဒြေသိက္ခာမဲ့ကာ ယုတ်မာလွန်းလှသည်။

ဖောတစ်ခုဆီသို့ ဦးတည်နေတဲ့ 'ပက်ထရစ်'အခန်းပြင်မှာ တိုက်ကြ၊ ခိုက်ကြတဲ့ အသံတွေကိုလည်း ကြားဟန်မတူ။

ရုန်းကန်ငြင်းဆန်နေတဲ့ 'မုန်းမရ'ရဲ့ ဟစ်အော်သံကိုလည်း ၊ အရေးမထား။

ဖောအရှိန်မြင့်နေတဲ့ သွေးသားဆန္ဒနောက် ၊သတိလက်လွတ်ဖြစ်နေပါသည်။ ပက်ထရစ်လည်တိုင်ကို ဖိညစ်ရုန်းကန်နေတဲ့ မုန်းမရလက်နှစ်ဖက် ဖိအားကြောင့် ပက်ထရစ် လည်မျိုအစ်ဆို့လာသည်။

ထိုအခါ

"တောက်"





'ပက်ထရစ်' ဆန္ဒဖောနောက်မှာ ခံပြင်းစွာ တောက်ခတ်လေသည်။

လိုချင်တာတွေ ချောမောမလာတဲ့အခါ စိတ်ခံစားချက်က ရမ္မက် ဒေါသကိုနိုးဆွသည့်နှယ်။

ထိုအခါ

"ဖြန်း"ခနဲ

မုန်းမရ မျက်နှာကိုဖြတ်ရိုက်ချ၏။ ရိုက်ချက်ပြင်းသည့်မို့ ဆုပ်ကိုင် ဖြစ်ညှစ်ထားတဲ့ မုန်းမရလက် အားပျော့ကာ လျော့ကျ၏။

ထို့နောက် ပက်ထရစ် စိတ်ရှိတဲ့အတိုင်း အရှိန်ယူလိုက်လျှင် ဖြောင့်တန်းနေတဲ့ ပက်ထရစ် တစ်ကိုယ်လုံးဆွဲခွါခံရသည့်နှယ်။

"လူယုတ်မာ"

ရင်ထဲမှာအခဲမကြေ ရွတ်၏။ ဂုတ်ပိုးကနေ မြဲမြံစွာဆွဲကိုင်လိုက်တဲ့ အမြင်သစ် လက်ထဲမှာ ပက်ထရစ် အငိုက်မိပါလာသည်။

ချစ်သူရဲ့ငိုရှိုက်သံဟာ အမြင်သစ်အသည်းနှလုံးကိုပွက်ပွက်ဆူစေသည်။

ရိုးသား ဖြူစင်လွန်းတဲ့ချစ်သူလေးကို အရှက်တကွဲဖြစ်ပြီး ဘဝပျက်စေဖို့ ရမ္မက်ဖောကြွနေတဲ့ လူယုတ်မာ။

အမြင်သစ် နှလုံးသားမှာ ဆင်ခြင်တုံတရား ကင်းမဲ့သွားသည်။

ပက်ထရစ် မျက်နှာဆီ အမြင်သစ် လက်သီးချက်က စက်တပ်ထားသလို ပြေးဝင်သွားသည်။

'ခွပ်' 'ခွပ်'

ကန်တာတွေရော ၊တံတောင်နဲ့ ထောင်းထားတွေရော။



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်မျက်နှာတစ်ခုလုံး လက်သီးချက်တွေမင်းမူသွား၏။ နှုတ်ခမ်းလည်း ဟက်တက်ကွဲ၍ နှာခေါင်းရိုးကျိုးကာ သွေးချင်းချင်း နီရဲလေပြီ။

ဒါတောင် အမြင်သစ် မရပ်သေး။

နံရံနှင့်ကပ်လျက်ရှိနေတဲ့ ကျွန်းထိုင်ခုံကို အားနဲ့ မြှောက်ပြီး ရိုက်ချ၏။

"ဝုန်း "

'သား အမြင် '

'အမြင် အမြင် တော် တော့ ကွာ'

ခြေသံတွေနဲ့ ဟန့်တားသံတွေ။

အဖေနဲ့ မင်းသံ အသံထိုးထွက်လာသည်။ မင်းသံ အတင်းဆွဲထားမှ ပက်ထရစ်ကို အမြင်သစ် ဆော်ခွင့်မရတော့ပေ။

ဒဏ်ရာတွေနဲ့ပုံကျနေတဲ့ ပက်ထရစ်ကို 'မင်းသံ'နဲ့ နောက်ကပါလာတဲ့ တာဝန်ကျ ရဲဝန်ထမ်းနှစ်ဦး ဆွဲမ ဖမ်းခေါ်သည်။

ဒေတာနဲ့ ချန်ချန် ပါမကျန်ပေ။

အခြေအနေကို စိတ်ပူပန်ပြီး၊ လာကြည့်တဲ့ ဒေါ်ဆွေဆွေမြင့် ဦးကျော်စွာစိုးနဲ့ ရန့်သွေးတို့ သုံးယောက်စလုံး တိုက်ထဲပြေးဝင်လာသည်နှင့် အသင့်စောင့်နေတဲ့ ရဲသားတွေ ဖမ်းဆီးလိုက်သည်။

'မင်းသံ' တိုင်ချက်အတိုင်း အချိန်မီရောက်လာတဲ့ တာဝန်ရှိရဲအဖွဲ့က 'မုန်းမရ'ကိုအဓမ္မကြံစည်သူ၊ အားပေးစီစဉ်နိုင်းသူ အတ္တသမားအားလုံး သိမ်းကြုံးဖမ်းခေါ်သွားတာ မျက်မြင်ဖြစ်ပေမယ့် ၊အမြင်သစ်ရင်ထဲသောက မငြိမ်းချမ်းသေးပါ။





အဖေနဲ့ မင်းသံ ဆွဲတားနေတဲ့ကြားက ထိုသုံးယောက်ကို အမှုန့်ကြိတ်ပစ်ချင်တဲ့ ဒေါသလှိုင်းထန်နေဆဲဖြစ်သည်။

"ဟီး ဟီး ဟီး ဟင့်"

အဝတ်အစားမလုံခြုံတဲ့ ကိုယ်ကို အိပ်ရာခင်း အဝတ်ထူဖြင့် ကိုယ်မှာ ဆွဲပတ်လိုက်တဲ့ မုန်းမရ။

ခေါင်းလေးဝှက်ကာ ငိုရှိုက်နေသည်မှာ အမြင်သစ် နှလုံးသားကို တသိမ့်သိမ့် လှုပ်ခတ်သွားစေသည်။

'အမြင်သစ်' ရင်ခုန်သံငြိမ်သက်မနေနိုင်တော့ပါ။ မင်းသံလက်ကို ဖယ်ချသည်။ ရှေ့မှာပိတ်ကာနေတဲ့ အဖေ့ကို ကျော်ကာ ချစ်သူဆီသို့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

" မရ "

ရင်ခုန်သံအမှန်ဖြင့် အမြင်သစ် လှိုက်လှိုက်လှဲလှဲ ခေါ်မိသည်။

အသောမသတ်ရှိက်ဝိုနေတဲ့ မုန်းမရ ကိုယ်လုံးလေး တသိမ့်သိမ့် တုန်ခါနေပါသည်။

"အမြင်သစ်"မုန်းမရ ရှေ့ထိုင်ချကာ။

ဖရိုဖရဲနှင့်ပွဖွါ၍ ကျုံ့ကျုံ့ထိုင်နေတဲ့ ကိုယ်ပေါ်ပြန့်ကြဲနေသော 'မုန်းမရ'ဆံပင်ကို တယုတယ သ ပေးပါသည်။

မုန်းမရ ခံစားနေရတဲ့ ရှက်ကြောက် ဝေဒနာတွေကို နှစ်သိမ့်ပေးနိုင်တဲ့ နှလုံးသားနဲ့ ကောင်မလေးကို အမြင်သစ်ပွေ့ထူလျှင်

"ဖယ် ဖယ် ကြောက်တယ် ဟီး ဟီး "

အမြင်သစ် ရင်ခွင်ထဲကို မုန်းမရ ကိုယ်လေး အလိုက်သင့် ပါမလာ၊ လက်ကာငြင်းဆန်ပြောပြီး ဟီးခနဲ ငိုချသည်။





"မရရယ် ဘာမှမကြောက်ပါနဲ့နော်၊ 'မရ'ကို'လူကြီး' တစ်သက်လုံး စောင့်ရှောက်မှာပါနော် ကလေး "

'ဟင့် ဟင့် မစောင့်ရှောက်နဲ့၊ ဘယ်သူမှ မစောင့်ရှောက်နဲ့၊ 'မရ' ဘဝနဲ့ မရ ဖြစ်ချင်ရာဖြစ်ပါစေ၊ ဟင့် ဟင့်"

ထိတ်ထိတ်လန့်လန့်ဖြစ်နေရှာတဲ့ ကောင်မလေးအသံကို နားထောင်ရင်း "အမြင်သစ်"နှလုံးသားလေး တောင့်တင်းမခံနိုင်တော့ပါ။

ခမျာလေးအတွက် ဝမ်းနည်းကာ ရင်မှာဆို့နင့်လာသည်။

"ဟင့် ဟင့် 'မရ' ဘဝကတစ်သက်လုံးအနှိမ်ခံဘဝပါ၊ အခုတစ်ခါ အစော်ကားခံဘဝဖြစ်နေတယ်၊ 'မရ' ဘာကိုယုံရမှာလဲဟင်"

"မရ ဘာမှ မသိရတဲ့ကိစ္စအတွက်၊ မရ ကို အငြိုးထားပြီး လူကြီး မောင်းထုတ်ခဲ့တယ်၊ လူကြီးကြောင့် 'မရ'ဘဝ အရှက်တကွဲဖြစ်ရတာ အားလုံးအနိုင်ကျင့်ကြတယ်၊ ရှေ့ဆက်ပြီး 'မရ'ကို အနိုင်မကျင့်ကြပါနဲ့ ဟီး ဟီး "

" မရ လေး ရယ် "

စာနာစိတ်ကြောင့် အမြင်သစ် မျက်ဝန်းအိမ်မှာ ကရုဏာမျက်ရည်တွေ စိုစွတ်တွဲခိုလာလေပြီ။

အိပ်ရာခင်းထူထူနှင့် ပတ်ထားတဲ့ကိုယ်၊ ထောင်ထားတဲ့ ဒူးနှစ်ဖက်ကိုပွေ့ပိုက်ကာ 'မရ'မျက်နှာနုနုလေး ဒူးပေါ်မှောက်တင် ငိုကြွေးနေရှာတဲ့ ချစ်သူ။

'အမြင်သစ်' ဣန္ဒြေမဆည်နိုင်တော့ပါ ။

ကောင်မလေး ကျေနပ်တဲ့အထိ တောင်းပန်ပါ့မယ်။

ဖြေသိမ့်နိုင်အောင် ချော့မော့ပါမယ်ဆိုတဲ့ ရင်ခုန်နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးကြင်နာသော ရင်ခွင်ဖြင့်၊ မုန်းမရ ကိုယ်လုံးလေးကို တယုတယ ပွေ့ဖက်မိလျှင်။

"သွား သွား ထွက်သွား။ 'မရ'ကို ဒီထက်နာကျင်အောင် မရက်စက်ပါနဲ့ လူကြီးရယ်၊ ဟင့် ဟင့်'မရ'စိတ်နဲ့ 'မရ' ကံကြမ္မာ အတိုင်း နေပါရစေ၊ သွား၊ လူကြီးကိုလည်း 'မရ'ကြောက်သွားပြီ ဟင့် ဟင့် ဟင့် "

အတင်းတွန်း ဖယ်ရင်း စိတ်မထိန်းနိုင်အောင် ခိုက်ခိုက်တုန် ငိုရှိုက်တဲ့ မုန်းမရ။

အမြင်သစ် နှလုံးသားကြေကွဲမတတ်ဖြစ်ကာ။

ဝမ်းနည်း မျက်ရည် ပေါက်ခနဲ လိမ့်ကျလာသည်။

" မရ ရယ် "

ကြင်နာနွေးထွေးခွင့်၊ နှစ်သိမ့်မြတ်နိုးခွင့်နဲ့ ချစ်မြတ်နိုးခွင့်တွေ မပေးနိုင်တာ ဘာကြောင့်လဲ မုန်းမရ ရယ်။

'လူကြီး'နှလုံးသားကို မုန်းမာန်ပွားနေလို့လား ဟင်။

မုန်းမရ စိတ်ကို အမြင်သစ်နားလည်ပါသည်။ နှစ်သိမ့်မှုတွေ ပေးချင်သည်။

မုန်းမရ နာနာကျင်ကျင် ငြင်းဆိုတာ ခံရတော့ အမြင်သစ် ယူကြုံးမရ ကြေကွဲသွားသည်။

ထိုနေ့ကတည်းက အမြင်သစ်နဲ့ အတွေ့မခံတော့တဲ့ ကလေးမ။

ပို့ဆိုးတာက

"ဘာဘရယ် 'မရ' လေ၊ ပိုင်ဆိုင်မှုတွေကြောင့် ဒုက္ခ သောကနဲ့ ရင်ဆိုင်ရတယ်၊ ဒီပိုင်ဆိုင်မှုတွေရှိလို့တစ်မျိုး၊ မရှိလို့ တစ်မျိုး ခံစားရတဲ့





သောကကို ရှေ့ဆက်မခံစားနိုင်တော့ပါဘူး၊ ဒါကြောင့် ဒီပိုင်ဆိုင်မှုတွေ အားလုံး ဘွားဘွား ရေစက်ချလှူခဲ့တဲ့ ဘုရား၊ ကျောင်းကန်အတွက် လှူပါရစေ၊ ပြီးတော့ 'မရ'လည်း အဲဒီကျောင်းမှာပဲ ငြိမ်းငြိမ်း ချမ်းချမ်း နေတော့မယ်။ 'မရ' ကို မတားပါနဲ့တော့ ဘာဘတဲ့'

အမြင်သစ် မျက်လုံးစုံမှိတ်ကာ လက်သီးကျစ်ကျစ်ဆုပ်ထွေး လိုက်ပါသည်။ မရ ရယ် လူကြီးအသည်းကို တကယ်ခွဲပစ်လိုက်တာ လား ဟင်။

"သမီး ဆန္ဒအတိုင်း ကြိုက်သလို လှူလိုက်ပါ၊ ဘာဘ ခွင့်ပြု တယ်၊ ဒါပေမဲ့ သမီး ဘွားဘွား ဆန္ဒအတိုင်း အဘသားနဲ့'

အဖေ ဖျောင်းဖျပြောပေမယ့်'မုန်းမရ' အကြိမ်များစွာ ခေါင်း ရမ်းလေသည်။

"ခွင့်လွှတ်ပါ ဘာဘရယ်၊ 'မရ' ဆုံးဖြတ်ချက် မပြင်ပါရစေနဲ့၊ 'မရ'မှားတယ်ဆိုရင်လည်း ခွင့်လွှတ်ပါ၊ 'မရ'တစ်ယောက်တည်းပဲ နေ တော့မယ် "

ရုတ်ခြည်းပြောပြီး ကျောခိုင်းသွားတဲ့ ချစ်သူ။

အမြင်သစ် တကယ် အသည်းကွဲလေပြီ။

အဖေလည်း မကယ်နိုင်။ သူငယ်ချင်းလည်း မကူညီနိုင်။ နောက်ဆုံးတော့ ညည်းလေးက ငါ့အသည်းနှလုံးကိုထွဲဖြုတ်သွားတာပေါ့ ဟုတ်လား ဟင် ။

ဒီလိုတွေဖြစ်လာမှန်းသိရင်

ညည်းလေးကို ပါရမီစံအိမ်က နှင်မထုတ်ပါဘူး ကလေးရယ်။ အထင်လွဲပြီး နှင်ထုတ်ခဲ့မိတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ခုတော့
တောင်းပန်ခွင့်မရတဲ့ နှလုံးသား
ငို့အချစ်တွေ ရေစုံမျောပြီကွ။

■ ■ ■



## အခန်း (၃၄)

ည

ညက တိတ်ဆိတ်ငြိမ်သက်ခြင်းတို့ ကင်းမဲ့နေပါသည်။ ဖြတ်ခနဲ လက်ဖြာသွားတဲ့ လျှပ်ရောင်အောက်မှာ မိုးစက်မိုးပေါက်တို့ ခုန်ချသံက ကျွတ်ကျွတ်ဆူညံနေသည်။

လေပြင်းတစ်ချက် ဝှေ့အတိုက်မှာ၊ မိုးစက်မိုးပေါက်တို့ရိုက်စီးထားတဲ့ သစ်ပင်ကိုင်းလက်တို့ ယိမ်းထိုးကာ ညွတ်အိနိမ့်ဆင်းလိုက် လူပ်ကြွမြင့်တက်လိုက်နှင့်၊ ကနာမငြိမ်လှုပ်သရမ်းသွားသည်။

မရမ်းပင်ပျို့ရဲ့ ကိုင်းဖျားတစ်ခုက အိပ်ခန်းမှန်ပြတင်းတံခါးကို အဆက်မပြတ်ပုတ်ခတ်လျှက်ရှိသည်။ ရာသီဥတုက ချမ်းစိမ့်စိမ့်နဲ့ အအေးကဲနေပေမယ့်၊ 'မုန်းမရ' ရင်ခွင်မှာ မအေးချမ်းနိုင်ပေ။

ဘယ်လက်က နဖူးပေါ် ရောက်ကာ ဖွင့်ထားတဲ့ မျက်ဝန်းက အဖြူရောင်ခြင်ထောင်ကို စိုက်ကြည့်နေဆဲဖြစ်သည်။ ပတ်ဝန်းကျင်မှ မိုးသံလေသံနှင့်အတူ။ မုန်းမရ နှလုံးသားဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



မုန်သလား။

မှားသလား။

ထိုသို့ တွေးတောနေပါသည်။

'မုန်းမရ' ဆန္ဒအတိုင်း ဘွားဘွားကိုးကွယ်တဲ့ လောကနိဗ္ဗာန်စံ ကျောင်းတော်ကြီးကို ပိုင်ဆိုင်သမျှ အားလုံးလှူပစ်ခဲ့သည်။

'မရ'ကိုယ်တိုင်လည်း ထိုကျောင်းတော်မှာ ဆွမ်းကွမ်းကိစ္စတွေ လုပ်ကျွေးရင်း တည်းခိုကျောင်းဆောင်မှာပဲနေခဲ့မိသည်။

ဘဘ က ''မရ''သဘောအတိုင်း လိုက်လျောရှာသည်။

''မရ'' လုပ်ဆောင်ချက်တွေကို ဘွားဘွား ရောက်ရာဘဝက သာဓုခေါ်နိုင်မယ် ထင်တယ်။ ခုတော့ 'မရ'ဘဝငြိမ်းချမ်းနေတယ်လို့ ထင်ပါတယ်။

ဘွားဘွား ကိုးကွယ်တဲ့ ဆရာတော် ဦးစန္ဒာသာရက

'ဒကာမလေး စိတ်နှလုံးအေးငြိမ်းတဲ့အထိ တည်းခိုပါကွယ်။ ဒကာမလေးရဲ့သောကလည်းကြီးရှာပါတယ်၊ စိတ်ပြေ လက်ပျောက်ဖြစ်တဲ့အထိ နေတော်မူကွယ်'လို့ မိန့်ဆိုသည်။

ဆရာတော် ခွင့်ပြုသည့်အတိုင်း မရ ကျောင်းတိုက်နဲ့ တစ်ဝင်း ခြားသည့် ကျောင်းတိုက်ပိုင်တည်းခိုဆောင်မှာနေခဲ့ပါသည်။

နေရင်း ဆရာတော်အတွက် နေ့စဉ် ဆွမ်းကွမ်းကိစ္စ စီစဉ် ဖြည့်ဆည်းနေခဲ့ရာ စိတ်နှလုံး အတန်အသင့် ငြိမ်းချမ်းခဲ့သည်။

ထို့နောက် ဘယ်သူနဲ့မှ အတွေ့မခံ၊ အဆက်အသွယ်လည်း မလုပ်ခဲ့ပါ။

ထိုက်သင့်တဲ့ ပြစ်ဒဏ်ကျသွားတဲ့ မာမီဆွေနဲ့ မမသွေးကို

ဗျူး၈၁၇၆၆



သနားသော်လည်း ပြတ်သားတဲ့စိတ်နဲ့ ကြောခိုင်းခဲ့သည်။

ဒါတင်မက ဘဘဦးကျော်ထက်၊ မင်းသံနဲ့ လူကြီးကိုပါလေ။

'ကိုမင်းသံ'ဖျောင်းဖြပေမယ့်'မရ'လက်မခံ။ လူကြီး အရိပ် အယောင်လာပြသော်လည်း မုန်းမရ လှည့်မကြည့်ခဲ့ပါ။

ဒီလိုနဲ့ နေလာခဲ့တာ ခြောက်လတင်းတင်းပြည့်ခဲ့ပြီ။

ဒါပေမဲ့

နေ့ခင်းက ဆရာတော်ဆီ 'ဘဘ'ရောက်လာတာမြင်ရသည်။ ဘဘကလည်း ဘွားဘွားလိုပဲ ဒီကျောင်းတိုက်ရဲ့ ဒကာရင်းမို့ ဆရာတော်နဲ့ ဘဘ ကြား ဆက်ဆံရေးလည်း ရင်းနှီးပွင့်လင်းလျက်ရှိသည်။

ထိုနေ့က ဘဘနဲ့ ဆရာတော်ပြောနေတဲ့စကားတွေ မုန်းမရ နားထဲ စက္ကန့်မလပ် ပဲ့တင်ထပ်ကြားယောင်နေခဲ့သည်။

''အရှင်ဘုရား။ တပည့်တော်တော့ ဒီသား အတွက် ခံစားရတဲ့ သောက က တပည့်တော် ခန္ဓာကိုယ်ထဲက ဝေဒနာတွေထက် ဆိုးဝါး နေပါတယ်။ ဒီဝေဒနာတွေကို တပည့်တော်ရှေ့ဆက်မခံစားနိုင်တော့ဘူး ဘုရား။ တပည့်တော် ဘယ်လိုလုပ်ရမလဲ၊ အကြံပေးတော်မူပါ ဘုရား''

''အိမ်း ခက်ပေသားပဲ၊ ဒါနဲ့ ဒကာလေးအခြေအနေ ဘယ်လို ရှိလဲ''

''မထူးဘူး၊ ဘုရား''

''ဒကာလေးကြောင့်လဲ၊ ခက်ပါတယ် ဒကာကြီးရယ်''

''တင်ပါ့ဘုရား၊ တပည့်တော်လည်း ဘာလုပ်လို့လုပ်ရမှန်းမသိ တော့ဘူး။ မစားမသောက်နေရာက ဘာဖြစ်လို့ဖြစ်နေမှန်း မသိဘူး။ ရောဂါအတွက် ဆေးလည်း မှန်မှန်မစားဘူး။ ညလည်းမအိပ်ဘူး။

ဗျူး၈၁၇၆၆

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ဧးဧး ငိုင်တိုင်နဲ့ငိုင်ပြီးနေတာ။ နာတာရှည် လူမမာချည်းလိုပဲ။ သားကို မြင်တိုင်း၊ တပည့်တော် နှလုံးသား ထိခိုက်လှပါတယ် ဘုရား။ ဖြစ်နိုင်ရင် တပည့်တော် သေပစ်လိုက်ချင်တော့တယ် တကယ်မခံစားနိုင်တော့ဘူး ဘုရား ''

စိတ်နှလုံးထိခိုက်သံနောက်မှာ၊ မျက်ရည်တွေပြိုကျ လာတဲ့ ဘဘရယ် 'မုန်းမရ' ရင်မှာ နင့်ခနဲ ခံစားလိုက်ရသည်။

ဘုရားပန်းအိုးထိုးဖို့ အဖြူရောင်နှင်းဆီပန်းစည်းကြီး ဆုပ်ကိုင်ထားတဲ့ 'မုန်းမရ'လက်ချောင်းများပင် တုန်လာသည်။

ညှော်ခန်းဆောင်ထဲ လှမ်းဝင်မယ့်ခြေလှမ်းလည်း တန့်သွားကာ ဝမ်းနည်းသွားတဲ့စိတ်ကြောင့် 'မုန်းမရ'ကိုယ်ကို နံရံဖြူဖြူနဲ့ ကွယ်လိုက်မိသည်။

''တကာကြီးလည်း စိတ်နှလုံးပင်ပန်းလွန်းပြီ၊ အိန်း တကာလေးဆီ ဘုန်းဘုန်းကြွပြီး ဖျောင်းဖျပေးပါမယ့် တကာကြီး စိတ်အားမငယ်ပါနဲ့ စိတ်ထောင်းတော့ ကိုယ်ကြေတယ်၊ တကာကြီးရဲ့''။

ဘဘ မျက်ရည်တွေကို လက်ချောင်းတွေနဲ့တုန်တုန်ယင်ယင် သုတ်ရှာပြီး

''မှန်ပါ့ဘုရား။ အကြောင်းကြောင်းကြောင့် တပည့်တော်တို့ သူငယ်ချင်းနှစ်ယောက်ရဲ့ ဆန္ဒမပြည့်ဝတာကံအဆိုးဆုံးပဲ ဘုရား။ သိရိုကို ပေးခဲ့မိတဲ့ ကတိအတွက်၊ တပည့်တော် နောင်တအကြီးကြီးရတယ် ဘုရား။

သား ဒီလိုဖြစ်နေလေ ပိုပြီးနောင်တရလေပါ ဘုရား''

''အိန်း သောက၊ သောကလည်း သိပ်ပူလွန်းပါလား တကာကြီး





ဘုန်းဘုန်းလည်း တပည့်တော်မကလေးကို ဖျောင်းဖျပါဦးမယ် တကာကြီး''

ဟင့်အင်း။

'မုန်းမရ'မှ နားမဆင်ရက်တော့ပါ။

ညှော်ခန်းဆောင် ဘုရားခန်းမှာ ဘုရားပန်း အသစ်လဲဖို့လည်း သတိမရတော့ပါ။ ပန်းစည်းကြီးပိုက်ကာ မုန်းမရ တည်းခိုတဲ့ အဆောင်ဘက် ကူးလာခဲ့မိသည်။

ဘဘစိတ်နှလုံးထိခိုက်စေဖို့ မုန်းမရ ဆုံးဖြတ်ချက်ချပြီး ဒီမှာ ဖွတ်နေသလို ဖြစ်နေတာလား။

ဘဘတို့ စိတ်ထိခိုက်စေဖို့ 'မရ' ဆုံးဖြတ်ခဲ့တာမဟုတ်ပါဘူး။ 'မရ'နှလုံးသားငြိမ်းချမ်းချင်လို့ပါ။

ပြီးတော့ လူကြီးကို ရင်ဆိုင်ရမှာ ရှက်တာလည်းပါ ပါတယ်။

မုန်းမရကို ရတနာမြို့င်စံအိမ်အရောက် နှင်ထုတ်တဲ့ လူကြီးကို မုန်းမရ နာကြင်တာလည်းပါတယ်။

အခုလည်း ဘဘ စိတ်နှလုံးထိခိုက်နေတာ၊ မရ ကြောင့်မှ မဟုတ်ဘဲ ။

လူကြီးကြောင့်လေ။ နေပါဦး။

လူကြီးက ဘာဖြစ်နေလို့လဲ၊

မစားမသောက်ဘဲနေတယ်တဲ့၊ ရောဂါအတွက် ဆေးလည်း မှန်မှန်မစားဘူးတဲ့။ မစားမသောက်ဘဲနေရင် ကျန်းမာရေးထိခိုက်မှာပဲ၊ ရောဂါအတွက်ဆေးမစားရင် အသက်အန္တရာယ်ဖြစ်နိုင်မယ်လေ။

လူကြီးက ဘာရောဂါရနေလဲ ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှ ထိုမေးခွန်းက သက်ဝင်လှုပ်ခတ်နေသည်။ ထိုအခါ မုန်းမရ ထိုင်မရ၊ ထမရနဲ့ အခန်းထဲခေါက်တုန့် ခေါက်ပြန် လျှောက်၍ သောကနှင့် ဗျာများနေပါသည်။

■ ■ ■

လူကြီးရယ်။

ရေရွတ်သံနောက်မှာ လူကြီးပုံရိပ်က 'မရ' ရင်ထဲမှာ တဝဲလည်လည် ပေါ်လာသည်။

ဘယ်လိုမှ မောင်းနှင်ထုတ်ပယ်လို့မရတာ ခက်လှ၏။

အားကိုး အားထားပြုစရာကောင်းလှအောင် လက်ရုံးရည်နဲ့ပြည့်တဲ့ လူကြီး။

'မရ' ကိုကယ်တင်ခဲ့ရုံမက 'မရ' ကိုလည်း ဆေးကုပေးခဲ့တယ်။ ပြုစုစောင့်ရှောက်ခဲ့တယ်။ ကြင်နာနွေးထွေးစွာ ဂရုစိုက်ခဲ့တယ်။ တသက်လုံး တာဝန်ယူမယ်လို့ ပြောခဲ့ပြီးကာမှ၊

'မရ' ကို နှင်ထုတ်တာကို ပြန်တွေးမိတိုင်း နာကြင်ရပါတယ်။

ဒါပေမဲ့

မိတွေးနဲ့ မမသွေးရဲ့ အကြံအစည်အောက်မှာ၊ ပက်ထရစ်တို့ အပိုင်ကြံခဲ့တဲ့အဖြစ်က အရှက်သည်းစရာကောင်းလှသည်။

အဲဒီတုန်းက

'လူကြီး' သာ အချိန်မီ ရောက်မလာရင်၊ ဖူးကြွပျိုမျစ်လှပသော 'မရ' ရဲ့ အပျိုစင်ဘဝနုနုလေး လူယုတ်မာ သုံးယောက်ရဲ့ ရမ္မက်ခိုးတွေ အောက်မှာ ဘာတွေဖြစ်စေမလဲ။

အတင်း ငြင်းဆန်ရင်း၊ ပက်ထရစ် လည်မျိုကို ဖိညှစ်





ထားမိတဲ့ 'မရ' ခွန်အားက တာရှည်မှာ ခံနိုင်ဖို့ မလွယ်ပါ။

ပက်ထရစ် ဆန္ဒမပြည့်တဲ့အခါ 'မရ' ပါးနုနုကို ဖြန်းခနဲ ရိုက်ချလိုက်တော့၊ နာကျင်မှုကြောင့် 'မရ' အင်အားမဲ့ကျသွားသည်။

နှလုံးသားနဲ့ ဦးနှောက်မှာ၊ တစ်ပါတည်း သိသွားသည်က ပက်ထရစ်ရဲ့ ဆန္ဒဖောနောက်မှာ အင်အားမဲ့နေတဲ့ 'မရ' ဘဝလေးပျက်ရတော့မယ်လို့။

ထိုစဉ်

လေးလံဖိကျလာတဲ့ ပက်ထရစ်ကိုယ်က 'မရ' ကိုယ်ပေါ်မှ အခွါခံလိုက်ရတာ သိလျှင်၊ မုန်းမရ ရင်မှာ အတိုင်းမသိ ဝမ်းသာလှိုက်လှဲကာ ဟီးခနဲ ငိုချမိသည်။ လူကြီးရယ်လို့။ ရင်ထဲမှာ မြတ်မြတ်နိုးနိုး ရေရွတ်ကာ ကျေးဇူး အထပ်ထပ်တင်မိပါသည်။

'မရ' ရဲ့ အပျိုစင်ဘဝလေးကို လူယုတ်မာတွေလက်ထဲက ကယ်လိုက်တာ 'မရ' တကယ်ကျေးဇူးတင်ပါတယ်။

ဒါပေမဲ့

ရှက်တဲ့စိတ်တွေက

တွေးရင်း မျက်ရည်တွေ ပြိုကျလာစေသည်။

အပြင်မှာ မိုးတွေရွာနေသလို 'မရ' နှလုံးသားမှာလည်း မိုးတွေရွာနေပါပြီ။

မျက်ရည်တွေသုတ်ရင်း မွေ့ရာထက်က 'မရ' လူးလိမ့်ထမိသည်။

"တကာမလေး၊ ရင်ထဲမှာ အငြိုးအတေးမထားသင့်ဘူးကွယ့်၊ အငြိုးထားမိတယ်ဆိုရင် ဖြေချိန်တန်တဲ့အခါဖြေနိုင်မှ တော်ကာကျယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖြေချိန်တန်လို့ မဖြေနိုင်ရင်၊ ရှူဥသုဘဒ္ဒါလို ရင်ကွဲနာကျတတ်တယ် တကာမလေးရဲ့။ ဘုန်းဘုန်း ဘာကိုဆိုလဲဆိုတာ တကာမလေး နားလည်မှာပါကွယ်။ အိမ်း တကာလေး စိတ်နှလုံးမချမ်းမြေ့ဘဲ နေမကောင်း ဖြစ်နေရှာတယ်။ တကာမလေးရဲ့ ဒဏ်ရာကို တကာလေးပြုစုပေးတယ်။ တကာမလေးကိုလည်း စောင့်ရှောက်ပေးတယ်။ အဲဒီကျေးဇူးတွေ ထောက်ထားပြီး နေထိုင်မကောင်းဖြစ်နေတဲ့ တကာလေးကို တကာမလေး ပြန်ငဲ့ကြည့်စေချင်ပါတယ်၊ ဘုန်းဘုန်း ဒီလောက်ပဲမိန့်ပါရစေ တကာမလေး ဆုံးဖြတ်ပေါ့ကွယ်၊ အချိန်လွန်မှ နောင်တမရစေနဲ့၊ ဒါပဲကွယ်''

ဘဘ ပြန်သွားပြီးတဲ့နောက် ဘုန်းဘုန်း ခေါ်၍ 'မရ'ကို ထိုသို့ဆုံးမ၏။ မရ ကို ဆုံးဖြတ်ခိုင်းသည်။

'မရ' ဘယ်လိုဆုံးဖြတ်ရမလဲ။

ရှက်တာတွေ၊ နာကျင်ဟာတွေ ဘေးချိတ်ရမလား။

'မရ'ကိုကယ်တင်ပြီး ပြုစုစောင့်ရှောက်ခဲ့တဲ့ လူကြီးရဲ့ ကျေးဇူးတရားကို နှလုံးသားနဲ့ပြန်ဆပ်ပေးရမှာလား ဟင်။ လောလောဆယ် လူကြီးက နေမကောင်း ဖြစ်နေသတဲ့။

''ဘာ သူနာပြု၊ ဟုတ်လား၊ ညည်း ငါ့ကို ရွဲ့တာပေါ့လေ၊ ငါ သယ်လုပ်လိုက်ရ''

ဆိုပြီး မုန်းမရ ခေါင်းကို လက်ဖဝါးဖြင့် အုပ်ကိုင်၍ လှုပ်ခါသည်။

လူကြီး ဘာဖြစ်သွားပါလိမ့် ။ ငါ့ကို ရွဲ့တာလားတဲ့။

''ခစ်''





'မုန်းမရ' သဘောပေါက်စွာ 'ခစ်ခနဲ'ရယ်သံထွက်သွားသည်။ မုန်းမရ ဒဏ်ရာနဲ့တုန်းက 'လူကြီး'ဆေးထိုး ဆေးတိုက် ၊အစာစားဖို့ အစစ အရာရာ ပြုစုတာလေ။

'ဘာရယ်တာလဲ ကောင်မလေး။ ညည်း လူကြီးကို ဒီလိုပဲပြောရလား။'

'လူကြီးဟာ လူကြီး နားလည်မှုလွဲနေတာပါ။ 'မရ' တကယ် 'သူနာပြု'လုပ်ချင်တာ၊ လူကြီးကို ကူညီချင်လို့'

ဒီတော့မှ လူကြီးမျက်နှာပြုံးအိသွားသည်။ 'မုန်းမရ'ဆံပင်တွေကို ချစ်စနိုးဆွဲဖွပြီး

'ညဦးလေး စကားသိပ်တတ်နေပါလား ဟော့။ အေး ညဦး သူနာပြုလုပ်ပေးမယ်ဆိုရင် ငါနေမကောင်းဖြစ်ကြည့်လိုက်မယ်၊ ညဦးလေး လူနာကို ဘယ်လောက်စိတ်ရှည်နိုင်မလဲးလို့။'

'အောင်မယ်။ လူကြီးနော်။ 'မရ'ကို အထင်မသေးနဲ့။ မယုံရင် ခုချက်ချင်း လူနာလုပ်ကြည့် 'မရ'ပြုစုပြမယ် ဟွန်း'

'တကယ်လား'

'အင်းပေါ့'

'အေး တကယ်ဆိုရင် ပြီးရော။ ငါနေမကောင်းဖြစ်လို့ ညည်းလေးမပြုစုလို့ကတော့ တွေ့မယ်'လို့

တစ်ချိန်က ရင်ခုန်လှိုက်မောစွာ ပြောခဲ့ကြတဲ့အဖြစ်။

လူကြီးရယ်။

'လူကြီး'က 'မရ' ပြုစုတာခံချင်လို့ နေမကောင်းဖြစ်အောင် ပေပေတေတေ နေလိုက်တာလား။



www.burmeseclassic.com

www.burmeseclassic.com



ဟင့် အင်း။

'မရ' နောင်တ မရချင်ပါဘူးကွယ်။

'မရ' ပြောခဲ့တဲ့ စကားအတိုင်း'မရ' စကား သစ္စာတည်ပါရစေ လူကြီးရယ်။

ထိုစဉ် အပြင်က မိုးသားတွေ တဖြည်းဖြည်း ကွဲပါးသွားကာ မိုးသားတွေကင်းသွားတဲ့ကောင်းကင်က တဖြည်းဖြည်းပြာလဲ့ ကြည်လင်လာသည်။

ထို့အတူ 'မရ'နှလုံးသားသည်လည်း။

■ ■ ■



BURMESE CLASSIC .com

## အခန်း (၃၅)

'မရ'ကို မနှင်ပါနဲ့။ အထင်မလွဲပါနဲ့ လူကြီးရယ်။ လူကြီးကို 'မရ' ချစ်တယ်။ လူကြီးကို 'မရ'တကယ် ချစ်တယ်၊ အားလည်းကိုးတယ်၊ လူကြီးရင်ခွင်မှာ ငြိမ်းငြိမ်းချမ်းချမ်း ခိုလှုံချင်တယ် လူကြီးရယ်။ လူကြီးနဲ့ ဝေးရာ ရတနာမြိုင်စံအိမ်မှာ 'မရ'မနေပါရစေနဲ့။ ဟင့် ဟင့် ရတနာမြိုင် စံအိမ်က 'မရ'ဘဝနဲ့ နှလုံးသားအတွက် မလုံခြုံပါဘူး။ လူကြီးရယ် ဟင့် ဟင့်။

'မရ' အသံလေး ကြားမိတိုင်း အမြင်သစ် ဆန္ဒကို အမြင်သစ် မုန်းလာသည်။ တကယ်ဆို ထိုစဉ်ကတည်းက 'မရ'ကို အမြင်သစ် ရင်ခွင်ထဲ ထည့်ထားရမှာ။

အခုတော့'အမြင်သစ်'မာနက အမြင်သစ်ဘဝနဲ့ နှလုံးသားကို လက်စားချေလေပြီ။ မှားတယ် 'မရ'ရယ်။ လူကြီးအမြင် မှားခဲ့တာ ပေါ့ကွယ်၊

အဲဒီအတွက် လူကြီးကို တစ်သက်လုံး ရက်စက်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com



လားဟင်။

လူကြီး ဘယ်လိုဖြေသိမ့်ရမှာလဲ ကလေးရယ်၊

ဖြေသိမ့်မရနိုင်တဲ့ စိတ်နှလုံးသားနဲ့'အမြင်သစ်'ကိုယ်မှာ အင်အားတွေမဲ့ကျနေပါသည်။ ထိုစဉ် ကျွန်းတံခါး ဟဟလေးပွင့်လာသည်။ ထို့နောက် ခြေလှမ်းသံရှရှ ရွေ့လျားတာကို အမြင်သစ် နှလုံးသားက သိရှိခံစားရကာ။

မွှေးညက်သော ကိုယ်သင်းရနံ့လေး ပျံ့လှိုင်လာသည်။

ထိုရနံ့မွှေးကို အမြင်သစ် တရှိုက်ရှူကာ'မရ'လေးကို တောင်းပန်ချင်စိတ်နဲ့ တောင့်တမိသည်။

ထိုတောင့်တခြင်းနောက်မှာ အမြင်သစ် မဟာနဖူးပေါ် လက်ချောင်းလေး နွေးခနဲထိခတ်လာ၏။ အမြင်သစ်မျက်လွှာဖွဖွ ဖွင့်ကြည့်တော့။

'ဟင် မရ'

အမြင်သစ် အံ့ဩကာ မျက်ခုံးနှစ်ဖက်ပင့်တက်သွားလေသည်။

မျက်ဝန်းဝိုင်းနဲ့ စိုက်ကြည့်ရင်း တိုးတိုးရှရှ ရွတ်မိသွားသည်။

'မရ ရယ်'

မယုံနိုင်တဲ့မျက်ဝန်းနောက်မှာ မျက်ရည်တွေဝိုင်းတက်လာသည်။ ထို့နောက် ကြင်နာပြုံးလေးနဲ့အတူ လဲလျောင်းနေတဲ့ အမြင်သစ်ကိုယ်ကို'မရ'ပွေ့ထူလျှင် အမြင်သစ်ကိုယ်မှာ အားအင်တွေပြည့်လာလေပြီ၊

ဒါ အိပ်မက် မဟုတ်ဘူး။

စိတ်ကူးထဲကြီးစိုးနေတဲ့ ပုံရိပ်ယောင်လည်းမဟုတ်ဘူး။

ချစ်မျက်ဝန်းဝိုင်းလေး။





အကြင်နာနဲ့ ချိုမြတဲ့ နှုတ်ခမ်း

ပြုစု ယုယမယ့် လက်ချောင်းကလေးများ။

ဒါ တကယ်ပေါ့ ဟုတ်လား။

တကယ်ထိတွေ့မြင်ရတာ 'မရ' ပေါ့။

'မရ' လူကြီးဆီ တကယ် လာတယ်ပေါ့။ နှလုံးသားအသိက အူးမြူးကာ အမြင်သစ် ရင်ခွင်မှာ ချစ်ခြင်းတွေက အတားအဆီးမဲ့သွား၏။

'လူကြီးကို မရ ပြုစုပါရစေ၊ လူကြီး နေမကောင်းဖြစ်နေတယ် မဟုတ်လား၊ 'မရ' ပြုစုပေးမယ်နော်၊ တစ်သက်လုံးပြုစုပေးပါ့မယ်။ ယုံပါ၊ လူကြီးရယ်'

'မရ' စကားလုံးတွေနောက်မှာ ပြည့်အိုင်နေတဲ့ ဝမ်းသာမျက်ရည်က 'အမြင်သစ်'မျက်ဝန်းနှစ်ဖက်မှ ပြိုကျ၏။

ဒီမျက်ရည်တွေက ဘာကြောင့်ကျတယ် ထင်သလဲ။ ကောင်မလေးရယ်၊

အချစ်ကြောင့်လား။

ဟုတ်တယ်၊ အချစ်ကြောင့်ပေါ့။

အချစ်ကြောင့်ဆိုတဲ့အသိက ဣန္ဒြေလည်း မဆည်နိုင်တော့ပါ။

ချစ်ငွေ့ ရွှန်းရွှန်းဝေနေတဲ့'မရ'ကိုယ်လုံးလေးကို 'အမြင်သစ် လက်နှစ်ဖက်နဲ့ ဆွဲယူပွေ့ဖက်ဖျစ်ညှစ်လိုက်၏။

'မရ' မရုန်းသလို နွေးသောကိုယ်က အမြင်သစ် ရင်ခွင်ထဲတိုးဝင်လာသည်။

'မရ'လက်နှစ်ဖက်နှင့် အမြင်သစ် လည်ပင်းကို သိုင်းဖက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အလို"

အမြင်သစ်နှလုံးသားမှ ရင်ခုန်ရထားကြီး တဂျုံးဂျုံး ခုတ်မောင်းလေပြီ။

အမြင်သစ် နှုတ်ခမ်းအစုံက ချစ်သူ ဆံစတွေကအစ ဘာတွေမှမကျန် အနမ်းနုနု တွေပေးရင်း။

"ချစ်တယ် 'မရ'ရယ်၊ ညည်းလေးကို လူကြီး ချစ်တယ်"ဟု ရင်ခုန်သံမရပ်သရွေ့ အမြင်သစ် ဒါပဲ ဟစ်ကြွေးနေတော့သည်။

■ ■ ■

BURMESE CLASSIC .com

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ
မိန်းကလေး
အမှတ်(၄၅)(6-A)
ဦးလွန်းလမ်း
အရှိုးကုန်းရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့
၀၉၈၀၂၁၁၃၇

ဗျူး၈၇၀၆၀

www.burmeseclassic.com